http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# အာနာပါနဒီပနီ

ဒုတိယအကြိမ်

ပန်းချီ ကျော်ဖြူစံ

မိခင်ဧရာဝတီ

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# အာနာပါနဒီပနီ

ဒုတိယအကြိမ်

ပန်းချီ ကျော်ဖြူစံ

မိခင်ရာဝတီ

http://www.dhammadownload.com

1930004
KS 3000

# ဘုရားရှင်တိုင်း၏လက်စွဲ

❂ ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် အာနာပါနသတိ၌တည်၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ကြမြဲ ဓမ္မတာဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်သောအခါ၌လည်း အာနာပါနသတိကို အသက်ထက်ဆုံး မစွန့်လွှတ်ကြပေ။

❂ အာနာပါနကမ္မဋ္ဌာန်း အလုပ်ကို နေ့စဉ်ပွားများနိုင်လျှင် သတိပဋ္ဌာန်လေးပါး ပွားမှုပြည့်စုံ၏။ ဗောဇ္ဈင် ၇-ပါး ပွားမှုလည်း ပြီးစီး၏။ ဝိဇ္ဇာ၊ ဝိမုတ္တိတရား နှစ်ပါးလည်း အလိုလိုပြည့်စုံပေတော့၏။

ဤကျမ်းစာတွင် အာနာပါနကမ္မဋ္ဌာန်း လုပ်ငန်းခွင်ကို ပြည့်စုံတိကျစွာ ဖော်ပြထားသဖြင့် လူရှင်ရဟန်း ယောဂီပုဂ္ဂိုလ်တိုင်း လက်စွဲပြုသင့်သော စာအုပ်ကောင်း ဖြစ်၏။

ဖြန့်ချိရေး။ ။ မိခင်ရောဝတီစာအုပ်တိုက်၊ ☎ ၀၁-၅၀၁၄၃၁

စာအုပ်ဆိုင်ကြီးတိုင်းတွင် ရနိုင်ပါပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီး

၏

# အာနာပါနဒီပနီ

မိခင်ရောဝတီစာအုပ်တိုက်

မိခင်စာအုပ်အမှတ် (၁၈)

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.dhammadownload.com

# မိခင်သည် လောကကို သိမြင်စေသည်

မိခင်ရောဝတီ

http://www.dhammadownload.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် အမှတ် - ၄၄၄ / ၂၀၀၀(၆)

မျက်နှာဖုံးခွင့်ပြုချက် ၆၁၉ / ၂၀၀၀ (၁၀)

**ပထမအကြိမ်**

အုပ်ရေ (၁၀၀၀)

**မျက်နှာဖုံး ပုံနှိပ်သူ**

ရတနာမိုး ပုံနှိပ်တိုက်၊ ၁၂၈ / ၂၊

(၃) ရပ်ကွက်၊ သံသုမာလမ်း၊

တောင်ဥက္ကလာပ၊ မြင်သာ။

**ကွန်ပျူတာ စာစီ**

မခင်စန်းဝေ

(မိခင်ရောဝတီ)

**အတွင်းပုံနှိပ်သူ**

ရတနာမိုး ပုံနှိပ်တိုက်၊ ၁၂၈ / ၂၊

(၃) ရပ်ကွက်၊ သံသုမာလမ်း၊

တောင်ဥက္ကလာပ၊ မြင်သာ။

**စာအုပ်ချုပ်**

ကိုမောင်မောင်အုန်း၊

၃၂-လမ်း

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ် ၈ / ၆၅၊ အုပ်စု (၃)၊

အောင်သိဒ္ဓိလမ်း၊ အင်းစိန်။

**စီစဉ်သူ**

'မိခင်ရောဝတီ' ဝိုင်းတော်သားများ

စီစဉ်သည်။

**ကာလာခွဲ**

ကိုအောင်ခင်ဦး

**ဖြန့်ချိရေး**

မိခင်ရောဝတီစာအုပ်တိုက်၊ ဖုံး- ၀၁-ရ၀၁၄၃၁

တိုက် (၄) / ၄၀၂၊ ကျိုတော်အိမ်ရာ၊


ပုဇွန်တောင်။

**စာအုပ်ရောင်းဈေး**

ကျပ်။

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ခေါ် "စာပေပါရဂူ" ဘွဲ့တံဆိပ်တော်ရ



ကျေးဇူးတော်ရှင် ပဌမ လယ်တီဆရာတော်ဘုရားကြီးပုံ

http://www.dhammadownload.com

http://www.dhammadownload.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီးပုံတော်

http://www.dhammadownload.com



http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အာနာပါနဒီပနီ** | | |
| ၁။ | အဘိယာစကနှင့် ပဋိညာဉ် | – | ၁ |
| ၂။ | တိုက်တွန်းခြင်း ဥယျောဇဉ် | – | ၂ |
| ၃။ | စိတ်ကိုအစိုးမရ၍ သံသရာမျောရပုံ | – | ၅ |
| ၄။ | ကာယဂတာသတိ ဘာဝနာ | – | ၉ |
| ၅။ | အာနာပါန ကမ္မဋ္ဌာန်းပွားသင့်ပုံ | – | ၁၂ |
| ၆။ | အာနာပါနအချီး | – | ၁၄ |
| ၇။ | ကမ္မဋ္ဌာန်းအလုပ်ခွင်တည်ခန်း | – | ၁၆ |
| ၈။ | အာနာပါနသတိ ပထမ စတုက္က | – | ၁၇ |
| ၉။ | အဋ္ဌကထာနည်းအရ ပထမ စတုက္က | – | ၂၁ |
| ၁၀။ | ပါဠိတော်နှင့်အဋ္ဌကထာနီးနှောပုံ | – | ၂၉ |
| ၁၁။ | ဒုတိယစတုက္ကနည်း | – | ၃၄ |
| ၁၂။ | တတိယစတုက္ကနည်း | – | ၃၆ |
| ၁၃။ | စတုတ္ထစတုက္ကနည်း | – | ၃၈ |
| ၁၄။ | သတိပဋ္ဌာန် ပွားများမှုကိစ္စပြီးပုံ | – | ၄၀ |
| ၁၅။ | ဗောဇ္ဈင်ပွားများမှုကိစ္စပြီးပုံ | – | ၄၂ |
| ၁၆။ | ဝိဇ္ဇာဝိမုတ္တိသို့ရောက်နိုင်ပုံ | – | ၄၄ |
| ၁၇။ | ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် | – | ၅၀ |
| ၁၈။ | နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် | – | ၅၆ |

http://www.dhammadownload.com


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ကင်္ခါဝိတရဏ ဝိသုဒ္ဓိ အစီအရင် | — ၅၈ |
| ၂၀။ | ဝိပဿနာလမ်းသို့ တက်နည်း | — ၅၉ |
| ၂၁။ | မှာထားချက် | — ၆၁ |


## ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်


| | | |
|---|---|---|
| ၁။ | ဓာတ်ကမ္မဋ္ဌာန်း ပါဠိ | — ၆၂ |
| ၂။ | ဓာတ်ကမ္မဋ္ဌာန်း အနက် | — ၆၇ |
| ၃။ | တိုက်တွန်းခြင်း ဥယျောဇဉ် | — ၉၃ |
| ၄။ | ပထဝီ အာပေါ ဓာတ် ၂–ပါး တွဲစပ်နေပုံ | — ၉၅ |
| ၅။ | ဆံပင်၌ ဓာတ် ၈–ပါး ခွဲနည်း | — ၉၇ |
| ၆။ | ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ် | — ၉၈ |
| ၇။ | နိပ္ဖန္နရုပ် ၁၀–ပါး | — ၁၀၇ |
| ၈။ | ကမ္မဇကလာပ် ၉–စည်း | — ၁၀၈ |
| ၉။ | အာဟာရဇကလာပ် ၂–စည်း | — ၁၁၀ |
| ၁၀။ | အန္တရာယ်ကင်းဂါထာ ပါဠိအနက် | — ၁၁၃ |


## ရူပဒီပနီ


| | | |
|---|---|---|
| ၁။ | ရုပ်ဖြစ်ကြောင်းတရား ၄–ပါး | — ၁၁၈ |
| ၂။ | ရုပ် ၄–မျိုးဖြစ်စဉ်ပြပုံ | — ၁၂၁ |
| ၃။ | ရုပ်ကလာပ်တို့၏ တိုးပွားပုံအကြောင်း | — ၁၃၃ |
| ၄။ | သတ္တာဟအကြောင်း | — ၁၄၀ |
| ၅။ | သတ္တာဟဝိနိစ္ဆယ | — ၁၅၁ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ကလာပ်စည်းအကြောင်း | - ၁၆၀ |
| ၇။ | ရုပ်ကလာပ်တို့၏ အတိုးအဆုတ် | - ၁၇၄ |
| ၈။ | အမျိုး ၄-ပါး ဖြစ်ပေါ်လာပုံ | - ၁၈၃ |
| ၉။ | သက်တမ်းအတိုးအဆုတ်နေရခြင်းအကြောင်း | - ၁၉၂ |
| ၁၀။ | စာတ်ဆီစာတ်မီးကိုမှီ၍ သခ်ါရဥ္ဍ ရှုပုံ | - ၂၁၈ |
| ၁၁။ | စတုဇရုပ်ချုပ်ပုံအကြောင်း | - ၂၃၅ |


## နိဗ္ဗာနပဋိသံယုတ္တကထာ


| | | |
|---|---|---|
| ၁။ | ဝန်ထောက်မင်းလျှောက်ထားစာ | - ၂၅၃ |
| ၂။ | ဒုတိယပုစ္ဆာ အဖြေ | - ၂၅၇ |
| ၃။ | ပဉ္စမပုစ္ဆာ အဖြေ | - ၂၆၃ |
| ၄။ | အဋ္ဌမပုစ္ဆာ အဖြေ | - ၂၆၄ |
| ၅။ | ဒသမပုစ္ဆာ အဖြေ | - ၂၆၆ |
| ၆။ | ကောဒသမပုစ္ဆာ အဖြေ | - ၂၆၉ |
| ၇။ | စုဒ္ဒသမပုစ္ဆာ အဖြေ | - ၂၇၃ |
| ၈။ | ပန္နရသမပုစ္ဆာ အဖြေ | - ၂၇၆ |

http://www.dhammadownload.com

# လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးအဖွဲ့၏အမှာစာ

## ဗုဒ္ဓဘုရားပွင့်တော်မူရာအခါ

ဗုဒ္ဓဘုရား ပွင့်တော်မူ၍ ၄၅-ဝါ တိုင်တိုင် တရားတော်များကို ဟောကြားတော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူသွားပါသော်လည်း ဟောကြားတော်မူခဲ့သည့် **"တရားတော်များ"** ကိုပင် ဘုရားအရာ၌ ထားတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘုရား ပွင့်တော်မူရာ အခါကဲ့သို့ပင် ရှိနေပါသည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

အကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ဘုရားကိုယ်စား **"ဘုရား"** အမည်တော်ရ ဓမ္မစေတီ၊ ခက်ခဲနက်နဲလှသော ပိဋကတ်တော်မှ ထုတ်နုတ်၍ လူအများ ဓမ္မအရသာ ခံစားနိုင်ရန် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာဓာတ် အလင်းရောင် ပြန့်စေတော်မူခဲ့သည်။

## ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရား၏ ဆန္ဒတော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ရေးသားထားသော ကျမ်းစာများကို ပြည်တွင်းပြည်ပ ပြန့်နှံ့စေလိုသော ဆန္ဒရှိတော်မူခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘုရား၏ တရားတော်များကို ဘာသာအမျိုးမျိုးဖြင့် ရိုက်နှိပ်ကြကာ ကမ္ဘာသို့ဖြန့်ရန် အချိန်ရောက်ပြီဟု နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီး၌ ဩဝါဒပေးတော်မူခဲ့သည်။

## လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓာနနာယက နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ကေလာသ၊ ရန်ကုန်မြို့

နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်၏ ပဓာနနာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ကျောင်းအုပ် စမ်းချောင်း လယ်တီဝိပဿနာ ကျောင်းတိုက်၊ လှည်းကူး လယ်တီတောရ ကျောင်းတိုက်တို့၏ ပဓာနနာယက နိုင်ငံတော် သံဃာမဟာနာယက ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဓာဂရာဘိဝံသ ဆရာတော်တို့ ဦးဆောင်ပြီး လယ်တီနိကာယဝင် ဆရာတော်ကြီးများနှင့် လူပညာရှိများ စုပေါင်းလျက် လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးကို ဖွဲ့စည်းခဲ့ပါသည်။

## ဆန္ဒတော်ဖြည့်

ဖွဲ့စည်းထားသော လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကို ဖြည့်နိုင်ရန် မိခင်ရောဝတီ စာအုပ်တိုက်အား ဒီပနီကျမ်းစာများကို ရိုက်နှိပ်ရန် ခွင့်ပြုသဘော တူခဲ့ပါသတည်း။

**လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့**

http://www.dhammadownload.com

# ဆရာတော်၏ အမှာစာ

※ မြတ်စွာဘုရားရှင်တစ်ဆူ၏ အနန္တဂုဏ်ကျေးဇူးတော်နှင့် ဉာဏ်တော်ကို ဘုရားရှင်တစ်ဆူ၏ သာသနာကုန်အောင်ပင် ဟောပြောပါသော်လည်း ကုန်ဆုံးနိုင်မည်မဟုတ်ပေ။ ဤမျှ လေးနက် သိမ်မွေ့ နက်နဲ ကျယ်ပြောလှ၍ အတုမရှိ အနှိုင်းမဲ့ဖြစ်ပါ၏။

※ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ပိဋကတ်တော် (၃)ပုံ ဟူသည်မှာလည်း မကျဉ်းမကျယ်မျှသာ သင်္ဂါယနာတင်ထားခဲ့သည်ဖြစ်၍ အလုံးစုံ အကုန်မဟုတ်သေး။ ထိုအလုံးစုံ မဟုတ်သေးသည့် ပိဋကတ်တော် (၃)ပုံသည်ပင် ခက်ခဲနက်နဲ သိမ်မွေ့ ကျယ်ပြောသည်ဖြစ်၍ သာမန်လူတို့ စွမ်းဆောင်နိုင်သော အရာမဟုတ်ပေ။

※ ထို ဘုရားဟော ပိဋကတ်တော် ဒေသနာတို့ကို မွှေနှောက် ချောက်ချားစေ၍ သာမာန်လူတို့ နားလည်စေရန် အသိတရားမှ အကျင့်တရားသို့ ကူးပြောင်းတတ်စေရန် ကျမ်းအမျိုးမျိုး ဒီပနီအဖုံဖုံ ရေးသားပြုစုတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ သာသနာပြုသမိုင်းသည်ကား မြန်မာသာသနာတော် သမိုင်းတွင် ထင်ရှားသော မှတ်တိုင်ကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက် ရှိနေပါသည်။ နောင်လည်း အစွန့်ရှည် ခိုင်မာ ရပ်တည်နိုင်လေဦးမည်။

※ လယ်တီဆရာတော်ကြီး၏ ပဋိပတ္တိနိသျှတို့ကို အစဉ်အဆက် လယ်တီဆရာတော်ကြီးများ အနာဂါမ် ဆရာသက်ကြီး၊ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးသန်း၊ ဆရာကြီးဦးဂိုအင်ကာ စသည့် တပည့်ကြီးများ စဉ်ဆက် လက်ကမ်း၍ သာသနာပြုနေကြသည်မှာ မြန်မာအဝှန်း၊ ကမ္ဘာအဝှန်း ဓမ္မရနံ့များ သင်းပျံ့လျက် ရှိပေပြီ။

※ လယ်တီဆရာတော်ကြီး၏ ပရိယတ္တိသာသနာ ကျမ်းစာ အစောင်စောင် ဒီပနီအဖုံဖုံတို့သည်လည်း မုံရွာမြို့၊ လယ်တီကျောင်းတိုက်

http://www.dhammadownload.com

လယ်တီစာပေထိန်းသိမ်းရေးအဖွဲ့ ဆရာတော်ကြီးများ၏ ကြိုးပမ်းမှုဖြင့် ယနေ့တိုင် မြန်မာပြည်အနှံ့ ပြန့်ပွားလျက်ရှိပေသည်။ ထိုအစဉ်အလာ ကောင်းကို ဆက်ခံ ထိန်းသိမ်း စောင့်ရှောက်သည့်အနေဖြင့် လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ လယ်တီဘဒ္ဒန္တကေလာသ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇာဂရာ ဘိဝံသ အဂ္ဂမဟာပဏ္ဍိတတို့က ဦးဆောင်၍ လယ်တီစာပေများ မြန်မာပြည်အနှံ့ ကမ္ဘာအနှံ့ ပြန့်ပွား၍ မျိုးဆက်သစ် လူငယ်များ အသိဉာဏ် တိုးတက်ပါစေခြင်း အကျိုးငှာ ဆောင်ရွက်ရန် အာသီသ ပြင်းပြတော်မူပါသည်။

❋ ဆရာတော်ကြီး၏ ဆန္ဒနှင့်အညီ လယ်တီဆရာတော်၏ နည်းနိဿျခံ တပည့်ကြီးအဆက်ဆက်၏ ပဋိပတ္တိတပည့် ပရိယတ္တိတပည့် ဖြစ်ခဲ့သော ကျမတို့မိခင်ဇရာဝတီစာအုပ်တိုက်သည်လည်း ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ကျေးဇူးကိုဆပ်ခွင့်ကြုံလေပြီဟု ဝမ်းမြောက် ဝမ်းသာစွာဖြင့် လယ်တီဒီပနီများ၊ ကျမ်းစာများကို သာသနာတော်အကျိုးအလို့ငှာ ဦးထိပ်ရွက် ရည်သန်၍ စဉ်ဆက်မပြတ် ထုတ်ဝေ ဖြန့်ချိပေးမည်ဖြစ်ပါကြောင်း။

❋ ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင်ပမာ အစွန့်ရှည် တည်တံ့ပြန့်ပွားပါစေ။

❋ လယ်တီဆရာတော်ကြီး၏ ကျမ်းစာမြတ်များ ကမ္ဘာအနှံ့ ပြန့်ပွားတည်တံ့ပါစေ။

**မိခင်ဇရာဝတီစာအုပ်တိုက်**

http://www.dhammadownload.com

# မိခင်ရေဝတီစာအုပ်တိုက်

မှ

ဆက်လက်ထွက်ရှိမည့်

# လယ်တီဆရာတော်ကြီး၏စာအုပ်များ

- ပါရမီဒီပနီ
- ပဋိစ္စသမုပ္ပါဒဒီပနီ
- ဘာဝနာဒီပနီ
- ဥတ္တမပုရိသဒီပနီ
- အာနာပါနဒီပနီ
- ဝိပဿနာဒီပနီ
- လယ်တီနိဗ္ဗာန်
- ကမ္မဋ္ဌာနဒီပနီ
- ရောဂန္တရဒီပနီ
- ဓါတ်ကမ္မဋ္ဌာန်းကျမ်းကြီး
- ဝိဇ္ဇာမဂ္ဂဒီပနီ
- မဂ္ဂင်ဒီပနီ နှင့် စတုသစ္စဒီပနီ

ရွှေတိဂုံဘုရားဈေး စာအုပ်ဆိုင်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ
စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့၊ နဂါးစာပေ အပါအဝင်
စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

http://www.dhammadownload.com



# အာနာပါနဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

### (၁) အဘိယာစက[၁]နှင့် ပဋိညာဉ်[၂]

မြန်မာသက္ကရာဇ် ၁၂၆၅–ခု တပေါင်းလဆုတ် ၁၁–ရက်နေ့တွင် လယ်ကိုင်းမြို့စား ဝန်ရှင်တော် **ကင်းဝန်မင်းကြီး** ကတရားဓမ္မ ဩဝါဒများကို နာခံလိုပါကြောင်းနှင့် အတန်တန် ပင့်ဖိတ်တောင်းပန် လျှောက်ထားအပ်သည်ဖြစ်၍ မန္တလေးမြို့တော်သို့ ကြွရောက်၍ ၎င်းဝန်ရှင်တော်မင်းကြီး၏ အိမ်ဦး၌ ၃–ရက် ၃–ညဥ့်တည်းခိုနေထိုင်၍ ၎င်းဝန်ရှင်တော်မင်းကြီးနှင့်တကွ ၎င်းအိမ်ဦးသို့ တရားနာ လာရောက်ကြကုန်သော မှူးတော် မတ်တော် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား တရားဓမ္မ ပြသဟောပြ၍ နေစဉ်အခါ ဝန်ရှင်တော်မင်းကြီး၏ သားဖြစ်သူ **ပုသိမ်မြို့အုပ်**နှင့် မော်လမြိုင်မြို့ဇာတိ မန္တလေးအရေးပိုင်မင်းရုံးတော် **စာရေးကြီး** မောင်ခင်တို့သည် အသက်ထက်ဆုံး စွဲမြဲအားထုတ်ရန် **အာနာပါနကမ္မဋ္ဌာန်း** အလုပ်များကို ထုတ်ဖော်ရေးသား သနားချီးမြှင့်ပါမည့် အကြောင်းနှင့် တောင်းပန်လျှောက်ထားသည် ဖြစ်၍ မုံရွာမြို့ **လယ်တီတောကျောင်း**

---

၁။ အဘိယာစက = တောင်းပန်သောသူ။

၂။ ပဋိညာဉ် = ဝန်ခံခြင်း။

မိခင်ရောဝတီ

http://www.dhammadownload.com



ဆရာငါသည် ဥပရိပဏ္ဏာသ– အာနာပါနသုတ်သုတ် ပါဠိတော်မြတ်ကို အနက်အဓိပ္ပါယ်နှင့်တကွ အကျဉ်းသခေ်ပအားဖြင့် ဖော်ပြပေအံ့သတည်း။

အဘိယာစကနှင့် ပဋိညာဉ် ပြီး၏။

♣ ♣ ♣

## (၂) တိုက်တွန်းခြင်း ဥယျောဇဥ်

အကျိုးအကြောင်းတို့ကို ကောင်းစွာထင်ထင် သိမြင်နိုင်ကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။

**"တိဏ္ဏ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော"–**

ဟူသော ဓမ္မပဒပါဠိတော်မြတ်နှင့်အညီ အရွယ်သုံးပါးတို့တွင် ပထမအရွယ်တွင်းမှစ၍ ဘောဂသမ္ပတ္တိ[၁]ကို စွန့်လွှတ်ပြီးလျှင် ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြကုန်ရာ၏။ ပထမအရွယ် အတွင်းမှစ၍ မတတ်နိုင်ခဲ့လျှင် ဒုတိယအရွယ်အတွင်းမှစ၍ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီးလျှင် ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြကုန်ရာ၏။ ဒုတိယအရွယ်တွင်းမှစ၍ မတတ်နိုင်ခဲ့ပါလျှင် တတိယအရွယ်သို့ အဆိုက်တွင် အားထုတ်ကြကုန်ရာ၏။

**[ယခင်ပါဠိတော်အနက်။]**

ပဏ္ဍိတော၊ ပညာရှိသူ မှန်ပေမူကား။ တိဏ္ဏံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ၊ တစ်ပါးပါးသော အရွယ်၌။ ပဋိဇဂ္ဂေယျ၊ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်သုတ်သင်ရာ၏။

အရွယ်သုံးပါးလုံးမှာပင် ဘောဂသမ္ပတ္တိ လက်ရှိတင်းလင်းနှင့်နေ၍ ဘဝပဒေသာပင်ကြီးကို ပိုင်းပိုင်းလည် မခံအပ် ဟူလိုသည်။

ယခုအခါမူကား သေလွယ် ပျောက်လွယ်လှသော ဝိပတ္တိကာလ

---

၁။ ဘောဂသမ္ပတ္တိ = စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း။

http://www.dhammadownload.com



ဖြစ်ခဲ့၍ အသက် ၅၀-ကိုလည်းကောင်း, ၅၅-နှစ်ကိုလည်းကောင်း, ဘောဂသမ္ပတ္တိနယ် အဆုံးထားရာ၏။ ထိုမှနောက်၌ ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိစီးပွား ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ အကျိုးများကို အားထုတ်ရာ၏။

**ဘဝသမ္ပတ္တိ အားထုတ်သင့်ကြောင်း** – ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြသော နည်းလမ်းသည် အမျိုးမျိုးရှိကြ၏။

(၁) ပဌမအရွယ် ငယ်စဉ်အခါ၌ပင်လျှင် ထီးနည်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ရဟန်းအဖြစ်နှင့် တောထွက်ကြသော **တေမိမင်း, ဟတ္ထိပါလမင်း**တို့၏နည်းလမ်း တစ်မျိုး,

(၂) ပဌမအရွယ်, ဒုတိယအရွယ်၌ ထီးနည်းစည်းစိမ်ကို ခံစားစံစားပြီးမှ တတိယအရွယ်၌ ထီးနန်းစည်းစိမ်ကို သားကြီးရတနာအား လွှဲအပ်ပြီးလျှင် မင်းဥယျာဉ်၌ ချမ်းသာစွာ ကေစာရ[၁] နေထိုင်၍ ဗြဟ္မဝိဟာရ ဘာဝနာတရားကို ပွားများအားထုတ်၍ ဈာန်သမာပတ်ကို ဖြစ်စေ၍ မင်းဥယျာဉ်၌ပင် အသက်ရှည်သမျှ ကာလပတ်လုံး ဈာန်သမာပတ်ချမ်းသာကို ခံစားစံစား၍ နေကြသော **မဃဒေဝမင်း** အစ **နေမိမင်း** အဆုံးရှိသော ရှစ်သောင်း လေးထောင်သော မင်းတို့၏ နည်းလမ်း တစ်မျိုး,

(၃) မင်းဥယျာဉ်သို့ပင် မထွက်မူ၍ သိကြားမင်း ဖန်ဆင်းသော ဓမ္မပါသာဒ အမည်ရှိသော ရတနာအတိ ပြီးသော ရွှေနန်းပြသာဒ်ကြီး အတွင်း၌ ကေစာရ နေတော်မူ၍ ဗြဟ္မဝိဟာရ ဈာန်သမာပတ်ကို ပွားများ

---

၁။ ကေစာရ = တစ်ယောက်တည်း နေထိုင်ခြင်း။

http://www.dhammadownload.com



အားထုတ်၍ ဈာန်သမာပတ်ချမ်းသာကို ခံစားစံစား၍ နေတော်မူသော **မဟာသုဒဿန စကြာမင်းကြီး**၏ နည်းလမ်း တစ်မျိုး,

(၄) ရွှေပေတွင် ရေးသား၍ ရာဇဂြိုဟ် ဘုရင်က စေလွှတ်သော အာနာပါနကမ္မဋ္ဌာန်း အစီအရင်ကို တွေ့မြင်ရာ ဘုံ ရ-ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ကေစာရ နေတော်မူ၍ အာနာပါန ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်တော်မူရာ အာနာပါန စတုတ္ထဈာန်တိုင်အောင် ပေါက်ရောက် ထမြောက်တော်မူပေသော **တက္ကသိုလ်မင်း**၏ နည်းလမ်း တစ်မျိုး,

ဤသို့ အစရှိသည်ဖြင့် ရှေ့အဖို့၌ ဘောဂသမ္ပတ္တိ စီးပွားကို လိုက်စားခံစံပြီး၍ နောက်အဖို့၌ ဘောဂသမ္ပတ္တိနှင့် စပ်သောကြောင့်ကြ စိုက်မှု, သမာဓိဘာဝနာနှင့် ဆန့်ကျင်ဖက်ဖြစ်သော အပြဟ္မစရိယမှု, အပေါင်းအဖော်နှင့် ရောယှက်ဆက်ဆံခြင်း အမှုများကို လွတ်ကင်းအောင် ကြဉ်ရှောင်၍ မိမိစိတ်ကြိုက်ရာ ပွဲတော်အစာ အာဟာရကို နေ့စဉ်ပို့သ ဆက်သွင်းသောသူ လူယောကျ်ား တစ်ဦးတစ်ယောက်နှင့်သာ အတွေ့ ခံတော်မူကြ၍ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြပေကုန်သော ပြဆိုခဲ့ ပြီးသော အလောင်းလျာ ပညာရှိကြီးတို့၏ နည်းလမ်းအမျိုးမျိုးတို့တွင် ယခုအခါ ဗုဒ္ဓဘာသာဝင် လူပညာရှိတို့သည် မိမိတို့ အခြေအနေနှင့် သင့်လျော်ရာနည်းလမ်းကို ရွေးကောက်အားကျ၍ ဘဝသမ္ပတ္တိ အစီးအပွား ကို အားထုတ်ကြကုန်ရာ၏။

**တိုက်တွန်းခြင်း ဥယျောဇဉ်ပြီး၏။**

♠ ♠ ♠

http://www.dhammadownload.com



## (၃) စိတ်ကို အစိုးမရ၍ သံသရာမျှောရပုံ

ယခုအခါ ဘဝသမ္ပတ္တိ အစီးအပွား ဆိုသည်ကား – ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့်တကွ မနုဿတ္တ ဒုလ္လဘတည်းဟူသော ဘဝသမ္ပတ္တိကို ရရှိကြုံကြိုက်၍ နေကြသည့်အခါ၌ ဂဟဋ္ဌဖြစ်သူ လူတို့မှာ အာဇီဝဋ္ဌမက သီလ၌ ကောင်းစွာတည်၍ ကာယဂတာသတိ အလုပ်, သမထကမ္မဋ္ဌာန်း အလုပ်, ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို စွဲစွဲမြဲမြဲ အားထုတ်မှုကို ဘဝသမ္ပတ္တိ စီးပွားမှု ဆိုသတည်း။ သမထမှု, ဝိပဿနာမှု၏ ရှေ့အဖို့၌ ကာယဂတာသတိ အလုပ်ကို အားထုတ်ရသည်။ ကာယဂတာသတိ အလုပ် ဆိုသည်ကား – သတိပဋ္ဌာန် အလုပ်ကို ဆိုသတည်း။ ထိုသတိပဋ္ဌာန်အလုပ်ကို ရှေးဦးစွာ တည်ထောင် အားထုတ်ခြင်း၏ အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုဦးအံ့။

**စိတ်အစိုးမရသော သူရူးဥပမာ** – လောက၌ မိမိစိတ်ကို မိမိအစိုးမရသော သူရူးသူနှမ်းမည်သည် တစ်စုံတစ်ခုသော အတ္တဟိတ[၁] စီးပွားမှု, ပရဟိတ[၂] စီးပွားမှုတို့၌ အသုံးမကျသူ ဖြစ်၏။ အဘယ့်ကြောင့်နည်းဆိုသော် ထိုသူ၏စိတ်သည် မိမိထမင်းစားမှု, အလုပ်တစ်ခုမျှ၌ပင်လျှင် ပြီးစီးအောင် မနေ။ ထိုသူသည် ထမင်းစားဆဲ အခါ၌ပင် ထမင်းပွဲကိုသွန်မှောက်၍ လွတ်ရာအရပ် တစ်ပါးသို့ ထွက်သွား၏။ တစ်ခြားတစ်ပါးသော လူရေးလူရာတို့၌ ဆိုဖွယ်မရှိ။ အသုံးမကျသူ သက်သက်ဖြစ်သတည်း။ ဆေးဝါးတို့ဖြင့် ကုသ၍ ပကတိပျောက်ငြိမ်းသော အခါ၌ စိတ်၏ တည်ကြည်ခြင်းကို ရ၍ ပကတိလူကောင်း ဖြစ်လေ၏။

---

၁။ အတ္တဟိတ = မိမိအကျိုးစီးပွား။

၂။ ပရဟိတ = သူတစ်ပါး အကျိုးစီးပွား။

http://www.dhammadownload.com



ထိုအခါမှ လူစဉ်မှီ၍ ခပ်သိမ်းသော လူရေးလူရာတို့ကို အများနည်းတူ တည်ကြည်သောစိတ်ဖြင့် ပြီးစီးအောင် လုပ်ဆောင်နိုင်လေ၏။

လောက၌ ပကတိစိတ်ကောင်း, နှလုံးကောင်းနှင့် ပြည့်စုံကြသော ပကတိ လူကောင်း သူကောင်းတို့သည်လည်း သိမ်မွေ့လှစွာသော သမထ ဈာန်အလုပ်, ဝိပဿနာ ပညာအလုပ်တို့၌မူကား မိမိစိတ်ကို မိမိ အစိုး မရသော သူရူးသူနှမ်းအရာ၌ တည်ကြရပြန်ကုန်၏။ တည်ပုံကား– ဘုရားရှိခိုးရာ၌ ပကတိ လူတို့၏စိတ်သည် "**ဣတိပိသော**" တစ်ပုဒ် ဆုံးသည်တိုင်အောင် ဘုရားဂုဏ်၌ စိုက်၍မနေ။ ဘုရားဂုဏ်ကို လွှတ်၍ အာရုံတစ်ပါးသို့သာ ထွက်သွား၏။ အာရုံတစ်ပါးသို့ စိတ်ထွက်သွားတိုင်း အရွတ်အဆို ပျက်ကွက်ခဲ့ပါမူကား "**ဣတိပိသော**"တစ်ပုဒ်ကို တစ်ညဉ့် လုံး ရွတ်ဆိုသော်လည်း အဆုံးတိုင် ချောမောနိုင်ကြမည် မဟုတ်။ နဂိုက နှုတ်တက်ရပြီးဖြစ်၍သာ အရွတ်အဆို အစဉ်မပျက်ပဲ အဆုံးတိုင် ချောမောနိုင်ကြလေသတည်း။

**[ခပ်သိမ်းသောကမ္မဋ္ဌာန်းဘာဝနာ မနသိကာရ[၁]မှုတို့၌ ဤနည်းချည်းမှတ်။]**

ဤကား ပကတိ လူကောင်း သူကောင်းဆိုရသော သူတို့သည် လည်း သမာဓိဘာဝနာ, ပညာဘာဝနာမှုတို့၌ မိမိစိတ်ကို မိမိအစိုးမရ ကြသော သူရူးသူနှမ်းအရာ၌ တည်ကြရပုံတည်း။

ဤကဲ့သို့ သူရူးသူနှမ်းအရာ၌ တည်လျက်ရှိကြကုန်သေးသော သူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆိုထားဘိဦး၊ ယခုဘဝသေသည်၏ အခြားမဲ့၌ သုဂတိဘဝ[၂]ကိုမျှ ရနိုင်ရန် အရေးသည်ပင်လျှင် အလွန် ခက်သေး၏။ သတိမူကြလေကုန်။

---

၁။ မနသိကာရ = နှလုံးသွင်းခြင်း။

၂။ သုဂတိဘဝ = ကောင်းသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ။

http://www.dhammadownload.com



**စိတ်မနိုင်နင်းလျှင် အမှုမတွင်ကျယ်** – လောက၌ ခြေကို မနိုင်နင်းသော သူသည် ခြေဖြင့် ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။ လက်ကို မနိုင်နင်းသော သူသည် လက်ဖြင့်ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။ နှုတ်လျှာကို မနိုင်နင်းသော သူသည် နှုတ်လျှာဖြင့် ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။ စိတ်ကို မနိုင်နင်းသော သူသည် စိတ်ဖြင့် ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။ ဘာဝနာ မနသိကာရမှု မည်သည် စိတ်ဖြင့် ပြုအပ်သော အမှုသက်သက် ဖြစ်၏။ ထို့ကြောင့် မိမိစိတ်ကို မနိုင်နင်းကြ, အစိုးမရကြကုန်သော ပကတိလူရှင် ပုထုဇဉ်တို့သည် ဘာဝနာမနသိကာရမှုကို တွင်ကျယ်အောင် မပြုနိုင်ကြ။ အတုအပမျှသာ ပြုနိုင်ကြသည်။

**မနိုင်နင်းသော လှေသူကြီး ဥပမာ** – ဥပမာကား လှေကိုင်တက်ကိုင် မနိုင်နင်းသော လှေသူကြီးသည် ဝန်ပြည့်သော လှေကြီးဖြင့် အလွန် အယဉ်ထန်စွာစီးသော မြစ်ကြီး၌ စုန်မျော၍လာရာ ညဉ့်အခါ၌ မှောင်မိုက်သည့် အတွက်ကြောင့် ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မမြင်ရ။ နေ့အခါ၌ ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံတစ်ခုသော မြို့ရွာဆိပ်ကမ်းသို့ ကပ်ခြင်း, ဆိုက်ခြင်းငှါ မတတ်နိုင်မူ၍ ကြည့်ကာ, မျှော်ကာ, ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေ၏။

**ဥပမာ ဥပမေယျ စပ်ဟပ်ပုံ** –(က) ဤဥပမာ၌ အယဉ်ထန်စွာစီးသော မြစ်ကြီး, သမုဒ္ဒရာကြီးကဲ့သို့ ဩဃလေးဖြာ[၁] သံသရာကြီးကို

၁။ ဩဃလေးဖြာ = ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ။

http://www.dhammadownload.com



မှတ်ရာ၏။

(ခ) ဝန်ပြည့်သော လှေကြီးကဲ့သို့ ထိုထိုသတ္တဝါ၏ ခန္ဓာကိုယ်ကို မှတ်ရာ၏။

(ဂ) လှေတက်ကို မနိုင်နင်းသော လှေသူကြီးကဲ့သို့ ပုထုဇဉ် သတ္တဝါကို မှတ်ရာ၏။

(ဃ) တောတောင်စခန်း၌ ဆိပ်ကမ်း မရှိသော မြစ်ပြင်ကြီးကဲ့သို့ သုညကမ္ဘာ သံသရာခရီးကို မှတ်ရာ၏။

(င) မြို့ရွာဆိပ်ကမ်း ရှိပါသော်လည်း ညဉ့်အခါ မှောင်မိုက်နှင့် ကြုံကြိုက်၍ မြို့ရွာဆိပ်ကမ်းကို မမြင်ပဲ အတွင် စုန်မျှောရသကဲ့သို့ ဘုရားပွင့်ရာ ဗုဒ္ဓကမ္ဘာပင် ဖြစ်သော်လည်း အရပ်ပြစ်ရှစ်ဖြာ[၁] မိစ္ဆာမှောင်မိုက်နှင့် ကြုံကြိုက်၍ ဘုရားသာသနာ သိက္ခာသုံးတန်[၂] နိဗ္ဗာန်ဆိပ်ကမ်းကို သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် မမြင်ပဲ သံသရာ အယဉ်သို့ အတွင်စုန်မျှောကြသော သာသနာပ လူမျိုးတို့ကို မှတ်ရာ၏။

(စ) နေ့အခါ၌ ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံ တစ်ခုသော မြို့ရွာဆိပ်ကမ်းသို့ မကပ်နိုင် မဆိုက်နိုင်မူ၍ ကြည့်မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေသသကဲ့သို့ ဘုရားပွင့်ရာ သာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်းစင်စစ် ဖြစ်ပါသော်လည်း ဘာဝနာ အလုပ်ကို အားမထုတ်ကြပဲ ပကတိသောစိတ်နှင့်သာ နေသည့်အတွက် စိတ်ကိုအစိုးမရသော အရှုးအနှမ်းအရာ၌ တည်နေကြသည်ဖြစ်၍

---

၁။ အရပ်ပြစ်ရှစ်ဖြာ = ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အရူပဘုံ, ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်, မျက်စိနား ချွတ်ယွင်းသူ, အသညသတ်ဘုံ။

၂။ သိက္ခာသုံးတန် = အဓိသီလ, အဓိစိတ္တ, အဓိပညာ။

http://www.dhammadownload.com



သမထစျာန်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်ကြ, မဆိုက်နိုင်ကြကုန်မူ၍ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ် ဖူးမျှော်ချီးမွမ်းကာ ဘုရားတကာ, ဘုရားအမ, ကျောင်းတကာ, ကျောင်းအမ, ပစ္စည်းလေးပါးတကာ, ပစ္စည်းလေးပါး အမ, သာမညရဟန်း, ကျမ်းတတ်ဂန်တတ် အကျော်တံဆိပ်တော်ရ ဆရာတော်ဖြစ်ကာနှင့် သုညကမ္ဘာ သံသရာပြင်ကြီးသို့ လွင့်ကာလွင့်ကာ လာကြသည်ကို မှတ်ရာ၏။

[လွန်လေပြီးသောအခါ အနမတဂ္ဂ[1] သံသရာမှ ယနေ့ထက်တိုင် မျော၍ လာခဲ့ကြပုံတည်း။]

**စိတ်ကို အစိုးမရ၍ သံသရာမျောရပုံ ပြီး၏။**

◆ ◆ ◆

## (၄) ကာယဂတာသတိ ဘာဝနာ ဦးစွာအားထုတ်ရပုံ

ယခုအခါ၌လည်း ဘုရားသာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်း စင်စစ် ဖြစ်ကြကုန်လျက် ကာယဂတာသတိ ဘာဝနာများကို အားမထုတ်ကြပဲ အစိုးမရသော ပကတိစိတ်အတိုင်းနှင့်သာနေ၍ သေလွန်ကြလျှင် အတိတ်သံသရာက လာခဲ့ကြသော လမ်းမ, လမ်းရိုးကြီးအတိုင်း သံသရာ ဒလဟောသို့ မျောမြဲ, မြုပ်မြဲ တလဲလဲပင် ဖြစ်ကြကုန်ရာသည်။

ပြခဲ့ပြီးသော ဥပမာဖြင့်စိတ်ကို အစိုးမရမှုသည် သံသရာ ဒလဟော၌ မျောလမ်းကြီး စင်စစ်ဖြစ်၏။ ။ အဘယ့်ကြောင့်နည်းဟူမူ သမထအလုပ်, ဝိပဿနာအလုပ်သို့ မကပ်နိုင်သောကြောင့်တည်း။

စိတ်ကို အစိုးရမှုသည် နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီးစင်စစ်

---

၁။ အနမတဂ္ဂ = အစမထင်သော။

http://www.dhammadownload.com



ဖြစ်၏။ အဘယ့်ကြောင့်နည်း ဟူမူ အလိုရှိသောအခါ သမထအလုပ်, ဝိပဿနာအလုပ်ကို လုပ်နိုင်သောကြောင့်တည်း ဟူသော အနက်ကို ပြဆိုသည်။ ကာယဂတာသတိ ဘာဝနာသည် စိတ်ကို အစိုးရအောင် အားထုတ်မှုပေတည်း။

**ကာယဂတာသတိ ဘာဝနာ နိဗ္ဗာန်အရသာ** – အထက်ဖြစ်သော သမထအလုပ်, ဝိပဿနာအလုပ်တို့ကို မလုပ်တည့်နိုင်လျှင် ရှိစေဦး။ မိမိစိတ်ကို မိမိကိုယ်သန္တာန်အတွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြလျှင်ပင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်းကို ဤသို့ဟောတော်မူ၏။

[အင်္ဂုတ္တိုရ် ပါဠိတော်။]

**အမတံ တေသံ ဝိရဒ္ဓံ – ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။ အမတံ တေသံ အဝိရဒ္ဓံ – ယေသံ ကာယဂတာသတိ အဝိရဒ္ဓါ။ အမတံ တေသံ အပရိဘုတ္တံ – ယေသံ ကာယ–ဂတာသတိ အပရိဘုတ္တာ။ အမတံ တေသံ ပရိဘုတ္တံ – ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။**

[ငုင်းပါဠိတော် အနက်။]

ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာ သတိသည်။ ဝိရဒ္ဓါ၊ ချော်ချွတ်လေ၏။ တေသံ၊ ထိုသူတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ ဝိရဒ္ဓံ၊ ချော်ချွတ်လေ၏။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကာယဂတာ သတိသည်။ အဝိရဒ္ဓါ၊ မချော်ချွတ်။ တေသံ၊ ထိုသူတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ အဝိရဒ္ဓံ၊ မချော်ချွတ်နိုင်ပြီ။

ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကို။ အပရိ

http://www.dhammadownload.com



ဘုတ္တာ၊ မသုံးဆောင်ရ။ တေသံ၊ တို့အား။ အမတံ၊ အမြိုက်အရသာကို။ အပရိဘုတ္တံ၊ သုံးဆောင်ရသည် မမည်။ ယေသံ၊ တို့အား။ ကာယဂတာသတိ၊ ကို။ ပရိဘုတ္တာ၊ သုံးဆောင်ရ၏။ တေသံ၊ တို့အား။ အမတံ၊ အမြိုက်အရသာကို။ ပရိဘုတ္တံ၊ သုံးဆောင်ရသည် မည်၏။

လိုရင်းအဓိပ္ပါယ်ကား – ကာယဂတာ သတိဘာဝနာတည်၍ မိမိစိတ်ကို မိမိအစိုးရသော အဖြစ်၌ တည်ကြသော သူတို့အား သမထဝိပဿနာအလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်ကြတော့မည်ဖြစ်၍ ယခုဘဝဆိုက်တိုက်၍ နေသော နိဗ္ဗာန်နှင့် လွဲနိုင်ရန် မရှိပြီ။ ကာယဂတာသတိ ဘာဝနာ လက်မဲ့၍ မိမိစိတ်ကို မိမိအစိုးမရသော အရှုးအနှမ်းအရာ၌ တည်မြဲတိုင်းနှင့် နေကြကုန်မူကား သမထဝိပဿနာ အလုပ်သို့ မကပ်နိုင်သဖြင့် နိဗ္ဗာန်နှင့် လွဲကြကုန်ရာ၏ ဟူလိုသည်။

**စိတ်အစိုးရမှုအမျိုးမျိုး** – စိတ်ကို အစိုးရမှုမည်သည် အမျိုးမျိုး ရှိ၏။ အဘယ်သို့ အမျိုးမျိုးရှိသနည်းဟူမူကား လောက၌ အရှုးအနှမ်းမဟုတ်မူ၍ ပကတိ တည်ကြည်သော စိတ်နှင့် ပြည့်စုံလျက် လူရေးလူရာ၌ နေရာတကျ ရှိသည်ကိုလည်း စိတ်ကို အစိုးရမှု ခေါ်၏။ သာသနာ၌မူကား – ဣန္ဒြိယသံဝရသီလ လုံခြုံမှုသည်လည်း အစိုးရမှုတစ်ပါးပင်ဖြစ်၏။ ခိုင်ခံ့သော အစိုးရမှုကား မဟုတ်သေး။ ကာယဂတာသတိဘာဝနာ တည်မှုသည်ကား သမထဝိပဿနာ၏ ပဒဋ္ဌာန်ဖြစ်၍ ခိုင်ခံ့သော အစိုးရမှု မည်၏။ ထိုထက် ဥပစာရ သမာဓိမှုသည် ခိုင်ခံ့၏။ ထိုထက် အပ္ပနာသမာဓိမှုသည် ခိုင်ခံ့၏။ အပ္ပနာသမာပတ် ရှစ်ပါးတို့သည် တစ်ဆင့်ထက် တစ်ဆင့် ခိုင်ခံ့ကြကုန်၏။ အဘိညာဉ်မှုသည် သမထကိစ္စတွင် အထွတ်အထိပ်ဖြစ်သော အစိုးရမှုမည်၏။

http://www.dhammadownload.com



ဤကား ကာယဂတာသတိဘာဝနာမှ သမထလမ်းသို့ တက်သော သမထယာနိကလမ်းတည်း။ ကာယဂတာသတိ ဘာဝနာမှုမှ ဝိပဿနာသို့ တက်သည်ကိုကား ဝိပဿနာယာနိက လမ်းခေါ်၏။

[ဤတွင်ရှေ့ကား သမထအလုပ် ဝိပဿနာအလုပ်တို့၏ ရှေ့အဖို့၌ ကာယဂတာ သတိပဋ္ဌာန်အလုပ်ကို ရှေးဦးစွာတည်ထောင် အားထုတ်ရခြင်း၏အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုလိုက်သော အခန်းတည်း။]

ကာယဂတာသတိဘာဝနာ ဦးစွာအားထုတ်ရပုံ ပြီး၏။

✷ ✷ ✷

## (၅) အာနာပါန ကမ္မဋ္ဌာန်းပွားသင့်ပုံ

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရှင်လူ အပေါင်းတို့သည် မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြသည်ကို လွန်စွာ စက်ဆုပ်ထိတ်လန့်ကြကုန်၍ မိမိစိတ်ကို မိမိအစိုးရသောအဖြစ်၌ စောစော စီးစီး တည်ပြီးဖြစ်ကြစေခြင်းငှါ မဟာသတိပဋ္ဌာန်သုတ်၌ လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်ကြကုန်ရာ၏။

ထိုကာယဂတာသတိသည် ဥပရိပဏ္ဏာသ ပါဠိတော် ကာယဂတာ သတိသုတ်၌ကား –

အာနာပါနပိုင်း,

ဣရိယာပထ[၁]ပိုင်း,

သမ္ပဇညပိုင်း,

ပဋိက္ကူလ[၂]ပိုင်း,

---

၁။ ဣရိယာပထ = လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ် လေးပါး။

၂။ ပဋိက္ကူလ = စက်ဆုပ်ရွံရှာဖွယ်။

http://www.dhammadownload.com



ဓာတုဝဝတ္ထာန[1]ပိုင်း

သိဝထိက[2]ကိုးပါးတို့နှင့်တကွ ပထမချာန်, ဒုတိယချာန်, တတိယချာန်, စတုတ္ထချာန်ဟု ဆိုအပ်သော ကာယဂတာသတိ အပြား ၁၈–ပါး လာ၏။

ဝှင်းပါဠိတော် အာနာပါနသုတ်၌ကား –

အာနာပါနအလုပ်တစ်ခုနှင့်ပင် ကာယဂတာသတိ ဘာဝနာ ကိစ္စ,

အပ္ပနာချာန် ၄–ပါးဟူသော သမထ ဘာဝနာ ကိစ္စ,

ဝိပဿနာ ဘာဝနာ ကိစ္စ,

ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော မဂ္ဂဘာဝနာ ကိစ္စ,

ဖလသစ္ဆိကိရိယာ[3]ကိစ္စ, တို့သည် အပြီးတိုင် လာကုန်၏။

[ခပ်သိမ်းသော မြတ်စွာဘုရားတို့၏လည်း အာနာပါနသတိ၌တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်ကြကုန်ပြီးသော အခါ၌လည်း အာနာပါနသတိကို အသက်ထက်ဆုံး မစွန့်ကြကုန်ပြီ။]

သမထအရာ၌လည်း ကမ္မဋ္ဌာန်း လေးဆယ်ရှိသည်တွင် အာနာပါနကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲ ပွားများခြင်းငှါ အလွယ်ဆုံး ဖြစ်၏။ မြတ်စွာဘုရားသည်လည်း တစ်ခြားသော သမထ ကမ္မဋ္ဌာန်းတို့ထက် ထွတ်မြတ်သော လွန်သော ဂုဏ်ပုဒ်တို့နှင့် များစွာ ချီးမွမ်းတော် မူ၏။ အဋ္ဌကထာ ဆရာမြတ်ကြီးတို့သည်လည်း **မဟာပုရိသဘူမိ**[4]ဟု မိန့်တော်

---

၁။ ဓာတုဝဝတ္ထာန = ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားခြင်း။

၂။ သိဝထိက = သုသာန်သင်းချိုင်း။

၃။ ဖလသစ္ဆိကိရိယာ = ဖိုလ်ကို မျက်မှောက်ပြုခြင်း။

၄။ မဟာပုရိသ ဘူမိ = ယောက်ျားမြတ်တို့၏ တည်ရာဘုံ။

http://www.dhammadownload.com



မှုကြကုန်၏။

[လူသာမန်, ရှင်သာမန်တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်း မဟုတ်။ လူပညာရှိကြီး, ရှင်ပညာရှိကြီးတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်း ဖြစ်သည်ဟူလို။]

ထို့ကြောင့် ရှေး၌ ပြဆိုခဲ့ပြီးသော အလောင်းအလျာ ပညာရှိကြီးတို့၏ နည်းလမ်းတို့တွင် ဘုံ ရ-ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ပကတိသော မင်းကေရာဇ် အသွင်နှင့်ပင် ဆိတ်ငြိမ်စွာ စံနေတော်မူ၍ အာနာပါန အလုပ်ကို အားထုတ်တော်မူရာ ကာယဂတာသတိ ဘာဝနာကိစ္စမှစ၍ စတုတ္ထဈာန် သမာဓိ ဘာဝနာကိစ္စတိုင်အောင် ပြီးစီးထမြောက်ပေါက်ရောက်တော်မူသော ရောမနိုင်ငံ၏ အနီး တက္ကသိုလ်ပြည်ကြီးကို ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသော ပက္ကုသာတိမင်း၏ နည်းလမ်းကို လိုက်စား အားကျ၍ ဗုဒ္ဓုပ္ပါဒဒုလ္လဘ၏ အကျိုးအာနိသံသနှင့်တကွ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြလိုကုန်သော ဗုဒ္ဓဘာသာ လူပညာရှိကြီးတို့၏ အကျိုးငှါ အာနာပါနဿတိ သုတ္တန် ပါဠိတော်ကြီးကို ပါဠိအနက် အဓိပ္ပါယ်နှင့်တကွ ထုတ်ပြ၍ အကျဉ်းသခေ်ပအားဖြင့် အာနာပါန ကမ္မဋ္ဌာန်း အစီအရင်ကို ပြဆိုပေအံ့သတည်း။

အာနာပါနကမ္မဋ္ဌာန်း ပွားသင့်ပုံပြီး၏။

* * *

## (၆) အာနာပါန အချီး

[ဋင်းသုတ်ပါဠိတော်။]

(၁) အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

မိခင်ရောဝတီ

http://www.dhammadownload.com



**(၂) စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ- သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။**

**(၃) သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။**

[ငှင်းပါဠိအနက်။]

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းအလုပ်သည်။ ဘာဝိတာ၊ ပွားများစေအပ်သည် ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်သည်ရှိသော်။ စတ္တာရောသတိပဋ္ဌာနေ၊ သတိပဋ္ဌာန် လေးပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

၂။ စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန် တရားတို့သည်။ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည် ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

၃။ သတ္တဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည်။ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည် ရှိသော်။ ဗဟုလီတာ၊ နေ့ရက်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ လောကုတ္တရာ ဝိဇ္ဇာလေးပါး ဝိမုတ္တိလေးပါးကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

မဂ်ဉာဏ်လေးပါးသည် လောကုတ္တရာ ဝိဇ္ဇာလေးပါး မည်၏။ ဖိုလ်ဉာဏ်လေးပါးသည် ဝိမုတ္တိလေးပါး မည်၏။

လိုရင်း အဓိပ္ပါယ်ကား –

(၁) အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို နေ့ရက်ရှည်များ ကြီးပွားထမြောက်အောင် လုပ်ဆောင်ပါမှုကား သတိပဋ္ဌာန်လေးပါးကို ပွားများ

http://www.dhammadownload.com



မှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်။

(၂) ဇောဈ္ဈင် ရ–ပါးကို ပွားများမှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်။

(၃) ဝိဇ္ဇာ, ဝိမုတ္တိတရား နှစ်ပါးကို ပွားများမှုကိစ္စလည်း ပြီးစီးတော့သည် ဟူလိုသတည်း။

**[ဤပါဠိတော်၌ အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇–ပါးတို့ကို သတိပဋ္ဌာန်, ဗောဈ္ဈင်, ဝိဇ္ဇာ, ဝိမုတ္တိတို့ဖြင့် သိမ်းကျုံး၍ ဟောတော်မူသည်။ ဗောဓိပက္ခိယတရား ၃၇–ပါးကို ပွားများမှုအကုန် ပြီးစီး၏ ဆိုလိုသည်။]**

**အာနာပါန အချီးပြီး၏။**

✳ ✳ ✳

## (၇) ကမ္မဋ္ဌာန်းအလုပ်ခွင့်တည်ခန်း

**[ဋ္ဌင်းသုတ်ပါဠိတော်။]**

**ဣဓဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။**

**[ဋ္ဌင်းပါဠိအနက်။]**

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်တွင်း၌။ ဘိက္ခု၊ သံသရာဘေးကို မျှော်မြင်နိုင်သော သူသည်။ အရညဂတောဝါ၊ တောအရပ်၌ တည်၍သော်လည်းကောင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်း၌ တည်၍သော်လည်းကောင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာကျောင်း, အိမ်, ဘုံနန်း, တိုက်ခန်းနေရာ၌ တည်၍သော်လည်းကောင်း။

မိခင်ရောဝတီ

http://www.dhammadownload.com



ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေနေထိုင်၍။ ကာယံ၊ အထက်ကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအချက် ထွက်သက် ဝင်သက်ကို ရှေးရှု။ ဥပဋ္ဌပေတွာ၊ ခိုင်မြဲစွာ စိုက်ထား၍။ နိသီဒတိ၊ နေ၏။

[ထက်ဝယ်ဖွဲ့ခွေထိုင်နေမှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့် အထူး သင့်လျော်သောကြောင့် "ပလ္လင်္ကံ အာဘုဇိတွာ"ဟူ၍ ဟောတော်မူသည်။ စင်စစ်သော်ကား ဣရိယာပုထ်လေးပါး၌ပင် စွဲမြဲရမည် ဖြစ်၏။]

ကမ္မဋ္ဌာန်းအလုပ်ခွင် တည်ခန်းပြီး၏။

* * *

## (၈) အာနာပါနဿတိ ပထမစတုက္ကပါဠိတော်နည်း

[၎င်းသုတ်ပါဠိတော် ပထမ စတုက္က]

(၁) ပထမခန်း။ ။သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

(၂) ဒုတိယခန်း။ ။ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမီတိ ပဇာနာတိ၊ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

(၃) တတိယခန်း။ ။ သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(၄) စတုတ္ထခန်း။ ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ-

http://www.dhammadownload.com



## တိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

[၄င်း ပထမ စတုက္က အနက်]

(၁) သော၊ ထိုထက်ဝယ် ဖွဲ့ဝေထိုင်နေပြီးသော ယောဂီသည်။ သတော၀၊ မလစ်စေမူ သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်လွှတ်၏။ သတော၀၊ မလစ်စေမူ သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ရှူ၏။

(၂) ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက်ငါလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှူသည် ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ငါရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။ (ရှေ့အတိုင်း အနက်ဆိုလေ)

(၃) သဗ္ဗကာယပဋိသံဝေဒီ၊ ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတ္វာ၊ ဖြစ်၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၄) ကာယသင်္ခါရံ၊ ထွက်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ကာယသင်္ခါရံ၊ ဝင်သက်ဟူသော ကာယသင်္ခါရကို။ ။ တူပြီ။

မိခင်ရောဝတီ

http://www.dhammadownload.com



**အကျဉ်းဆောင်ပုဒ်။** ။ သတိမြဲရာ။ ပထမာ၊ ဒု–မှာရှည်–တိုသိ။
လုံးစုံလင်းရာ၊ တ–၌သာ၊ စ–မှာငြိမ်းစေဘိ။

(၁) ပထမခန်းမှာ ထွက်သက်ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

(၂) ဒုတိယခန်းမှာ ထွက်သက်ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်ဟု, တိုလျှင် တိုသည်ဟုသိအောင် အားထုတ်ရသည်။

(၃) တတိယခန်းမှာ ထွက်သက်ဝင်သက်တို့ကို အစ, အလယ်, အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

(၄) စတုတ္ထခန်းမှာ ရုန့်ရင်းသော ထွက်သက်ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

**စတုတ္ထလေးခု အဓိပ္ပါယ် ကျဉ်းပြီး၏။**

## ပါဠ်လျှောက်အဓိပ္ပါယ်

**(၁) ပထမခန်းမှာ** – အရှည်, အတိုစသည်တို့ကို နှလုံးမသွင်းနိုင်သေး။ နှာသီးဖျား၌သော်လည်းကောင်း, အထက်နှုတ်ခမ်းဖျား၌သော်လည်းကောင်း ထွက်သက်ဝင်သက်တို့၏ ထိမှုခိုက်ရာ ထင်ရှားရာ တစ်ခုခုသော ဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ်ရသည်။ ။ တစ်နာရီ, နှစ်နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်ထားဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှ ဝင်သမျှကို တစ်ခုမလွတ် သိမှုပိုင်နိုင်သည် တိုင်အောင် အားထုတ်ရသည်။

[ပထမခန်း ပြီး၏။]

http://www.dhammadownload.com



**(၂) ဒုတိယခန်းမှာ** – ထိုသို့ သိမှုပိုင်နိုင်ပြီးနောက် မိမိရှူသော ထွက်သက်ဝင်သက်ကို ရှည်လျှင် ရှည်မှန်း သိစေရမည်။ တိုလျှင် တိုမှန်း သိစေရမည်။ တစ်ယောက်သော သူ၏ တစ်ထိုင်အတွင်းမှာပင် ရှည်သည့် အလှည့်, တိုသည့်အလှည့် ရှိ၏။ ရှည်မှု, တိုမှုကို တစ်ခုမလွတ် သိအောင် အားထုတ်ရသည်။ ထွက်သက် ဝင်သက် အထွက်အဝင် နှေးသည်ကို အရှည် ဆိုသည်။ လျင်မြန်သည်ကို အတိုဆိုသည်။ နှေးလျှင် နှေးမှု, မြန်မှုကို သိစေရမည် ဆိုလိုသည်။

[ဒုတိယခန်း ပြီး၏။]

**(၃) တတိယခန်းမှာ** – ထိုသို့ အရှည်, အတို သိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ မြင်ရအောင် အားထုတ်ရသည်။

[တတိယခန်း ပြီး၏။]

**(၄) စတုတ္ထခန်းမှာ** – ထိုသို့ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှန့်ရင်းစွာသော ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်။ ငါ၌ ထွက်သက် ဝင်သက်ပျောက်၍ သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။

[ဤကား ပထမ စတုက္က ပါဠိတော်မြတ်၏ ပါဌ်လျှောက် အဓိပ္ပါယ်။]

* * *

http://www.dhammadownload.com



## (၉) အဋ္ဌကထာနည်း

ယခုအခါ ဤပထမ စတုက္ကအရာမှာ အဋ္ဌကထာတို့၌ လာသော နည်းလမ်းကို ပြဆိုပေအံ့။

(၁) ဂဏနာ။ ။ အနေးအမြန်၊ အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း။

(၂) အနုဗန္ဓနာ။ ။ အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန်ဖွဲ့ထားနည်း။

(၃) ဌပနာ။ ။ ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်ရိုက်ရှူး၊ အထူးစိတ်ထားနည်း။

**အဓိပ္ပါယ် အကျဉ်းကား။** ။ ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာ ဌာနသည် နှာသီးဖျား, အထက် နှုတ်သီးဖျားဟူ၍ ၂-ပါးရှိ၏။ အချို့သော သူတို့အား အထက်နှုတ်ဖျား၌ ထိခိုက်မှု ထင်ရှား၏။ မိမိ၌ ထင်ရှားရာ တစ်ခုခုကို အစွဲပြုရာ -

အစ၌ ရေတွက်နည်းဖြင့် အားထုတ်ရာ၏။

အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။

အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်း ဖြင့် အားထုတ်ရာ၏။

**ဂဏနာနည်းအကျယ်။** ။ ထိုသုံးပါးတို့တွင် ရေတွက်နည်းသည် -

(၁) နှေးနှေးရေတွက်နည်း,

(၂) မြန်မြန်ရေတွက်နည်း, ဟူ၍ ၂-ပါး ရှိ၏။ ထိုတွင် -

၁။ နှေးနှေးရေတွက်နည်း ဆိုသည်ကား - နှာသီးဖျား, အထက် နှုတ်ခမ်းဖျား ဌာနနှစ်ပါးတွင် တစ်ပါးပါး၌ စိတ်ကို စိုက်ထား၍ ထွက်သက် ဝင်သက် ၂-ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ် သက်သေးသည့် အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက် တိုင်း, အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်။ မထင်ရှား

http://www.dhammadownload.com



သော အချက်စုလည်း ပါရှိကုန်သေး၏။ ထို့ကြောင့် မထင်ရှားသော အချက်စုကို မရေမတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နေးသော ရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ရာ၌လည်း –

(၁) တစ်မှစ၍ ငါးတွင် တစ်ဝါရ,

(၂) တစ်မှစ၍ ခြောက်တွင် တစ်ဝါရ,

(၃) တစ်မှစ၍ ခုနစ်တွင် တစ်ဝါရ,

(၄) တစ်မှစ၍ ရှစ်တွင် တစ်ဝါရ,

(၅) တစ်မှစ၍ ကိုးတွင် တစ်ဝါရ,

(၆) တစ်မှစ၍ ဆယ်တွင် တစ်ဝါရ,

ဤသို့ ၆–ဝါရတို့ဖြင့် ရေတွက်ရာ၏။

**[ပထမဝါရ, ဒုတိယဝါရ, တတိယဝါရ, စတုတ္ထဝါရ, ပဉ္စမဝါရ, ဆဋ္ဌဝါရဟူ၍လည်း အစဉ်အတိုင်းခေါ်ရ၏။ ဆဋ္ဌဝါရပြီးလျှင် ပထမဝါရသို့ ပြန်လေ။ ၎င်း ၆–ဝါရလုံးကိုမှ တစ်ဝါရဟူ၍လည်း ခေါ်ကြ၏။]**

ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌ စိုက်ထား၍ ထွက်သက် ဝင်သက် ၂–ပါးတွင် ထင်ရှားရာ တစ်ခုခုကို တစ်– ဟု ရေတွက်ရာ၏။ ၎င်းနောက် ထွက်သက် ဝင်သက် ၂–ပါးပင် ထင်ရှားသည်ချည်း ဖြစ်၍လာခဲ့လျှင် အစဉ်အတိုင်း နှစ်, သုံး, လေး, ငါး– ဟု ရေတွက်ရာ၏။ မထင်မရှား ပါရှိခဲ့လျှင် ထိုမထင်ရှားသော အချက်ကို မရေတွက်မူ၍ ထင်ရှားသည့် အချက် မတွေ့သေးသမျှ ကာလပတ်လုံး တန့်ရပ်၍ တစ်, တစ်စသည် ဖြင့် ရေတွက်ဆဲအတိုင်းသာ ထပ်၍ နေရာ၏။ ထင်ရှားသော အချက် ပေါ်လာမှ နှစ်-စသည်ဖြင့် အထက်ဂဏန်းသို့တက်၍ ရေတွက်ရာ၏။ ငါးသို့ကျလျှင် တစ်က ပြန်ရာ၏။

http://www.dhammadownload.com



ဤနည်းတူ ဒသဝါရတိုင်အောင် ၆-ဝါရတို့၌ မထင်ရှားသော ထွက်သက် ဝင်သက် အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက် ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

၂။ မြန်မြန် ရေတွက်နည်း ဆိုသည်ကား - ရေဟွက်ဖန်များ လတ်သော် ထင်ရှားသော အချက်များ၍ လာလတ္တံ့။ တစ်, နှစ်စသော ဂဏန်းချက်လည်း စိပ်၍ စိပ်၍ လာလတ္တံ့။ ထွက်သက်အချက် ဝင်သက် အချက် ထင်ရှားသည်ချည်း ဖြစ်သောအခါ၌ တစ်, နှစ်စသော ဂဏန်း ချက်သည်လည်း မပြတ်မစဲ မြန်ရ၏။ တစ်ခုကိုမျှ သတိမလွတ်စေရ။ ထွက်သက် ဝင်သက်အစဉ်နှင့် ဂဏန်းအစဉ်သည် အခုန်အကျော် အလစ် အလပ်မရှိ အစဉ်မှန်စေရမည်။ ။

တစ်-နှစ်စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့် ရွတ်ဆိုဖွယ် မရှိ။ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့သည်။ အချို့သူတို့ကား နှုတ်ဖြင့် ရွတ်ဆိုကြကုန်၏။ အချို့သူတို့ကား ၆-ဝါရ အဆုံး အဆုံးတွင် ပုတီးစေ့ တစ်လုံး, တစ်လုံးချ၍ တစ်နေ့, တစ်နေ့ လျှင် ပုတီးပတ်ပေါင်း မည်မျှ စိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏။ အာရုံမြန်မြန် ထင်နိုင်သည်သာ ပမာဏတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်တူ ထွက်သက် ဝင်သက်တို့၏ ထိုင္ဌာန၌ ထိတိုင်း-ထိတိုင်း အသိမြဲစွဲ၏။ အလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းနေသမျှ ကာလပတ်လုံး တစ်ခုသော ထွက်သက် တစ်ခုသော ဝင်သက်မျှ အမှတ်မဲ့လွတ်၍ သွားသည် မရှိပြီ။ ထိုအခါ၌ ရေတွက်မှုကို ရုပ်သိမ်း၍ အနုဗန္ဓနာနည်းဖြင့် ရှုရာ၏။

[အနှေးအမြန်၊ အစဉ်မှန်၊ နှစ်တန် ရေတွက်နည်း ပြီး၏။]

မိခင်ရောဝတီ

http://www.dhammadownload.com



**အနုဗန္ဓနည်းအကျယ်။** ။ အနုဗန္ဓနည်း ဆိုသည်ကား – ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့သည့်အတိုင်း ထိရာဌာန၌ စိတ်ကိုစိုက်ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တစ်ကြိမ်တည်းမျှ မလွတ်စေရပဲ ထွက်မှု, ဝင်မှု, အစဉ်နလုံးသွင်းမှု, အစဉ်ဖွဲ့တွယ်၍နေအောင် အားထုတ်မှုသည် အနုဗန္ဓနာ မည်၏။ ရေတွက်မှု မရှိပဲလျက် ရေတွက်နည်းမှာ သိမှု အစဉ်မှန်သည့်အတိုင်း သိမှုအစဉ်မှန်၍ နေအောင် တစ်ဖန်လိုက်စား အားထုတ်မှု ဆိုလိုသည်။ အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်း ဟူမူကား – ပဋိဘာဂနိမိတ် ဖြစ်ပေါ်၍ လာသည်တိုင်အောင် အားထုတ်ရာ၏။

**ပဋိဘာဂနိမိတ်အကျယ်။** ။ ပဋိဘာဂနိမိတ် ဆိုသည်ကား – ပကတိသော ထွက်သက် ဝင်သက် လေအတိုင်းကို လွန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်း အစုကဲ့သို့, လေအယဉ်ကဲ့သို့, မိုးကြယ်ကဲ့သို့, ပတ္တမြားလုံးကဲ့သို့, ပုလဲလုံးကဲ့သို့, ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခု ထင်ပေါ်ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂနိမိတ် ဆိုသည်။ ။

ထိုပဋိဘာဂနိမိတ် ပညတ်အာရုံ အထူးအထင်အရှား စိတ်အမြင်မှာ နလုံးသွင်းတိုင်း ဖြစ်ပေါ် ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။ ။ ဂဏနာနည်း အနုဗန္ဓနာနည်း နှစ်ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

[အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန်ဖွဲ့ထားနည်း ပြီး၏။]

**ထပနာနည်းအကျယ်။** ။ ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ထပနာနည်းဖြင့် အားထုတ်ရာ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ထပနာ ဆိုသည်ကား – ပဋိဘာဂနိမိတ် မည်သည် ပညတ်အာရုံ အထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန် ထင်မြင်ရန်အမှုလည်း ခက်ခဲ၏။ ထို့ကြောင့် ထင်မြင်လာသော ထိုပဋိဘာဂနိမိတ်ကို မကွယ်ပျောက်စေမူ၍ တစ်နေ့တစ်ခြား ထင်ရှားပွင့်လင်း၍သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကို ထားခြင်းသည် ထပနာမည်၏။ ထပနာနည်းသို့ ရောက်သောအခါ၌မူကား– အသပ္ပါယ ရ–ပါးကို ကြဉ်ရှောင်၍ သပ္ပါယ[၁] ရ–ပါးကို မှီဝဲရာ၏။ အပ္ပနာကောသလ္လ[၂] ဆယ်ပါးကို ပြည့်စုံစေရာ၏။

အသပ္ပါယ[၃] ရ–ပါး ဆိုသည်ကား –

(၁) ဘာဝနာမှု၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန,

(၂) ဆွမ်းခံရွာ,

(၃) စကားများမှု,

(၄) အပေါင်းအဖော်,

(၅) ဘောဇဉ်,

(၆) ဥတု,

(၇) ဣရိယာပုထ်, ဤ ရ–ပါးတည်း။ ။

သပ္ပါယ ရ–ပါး ဆိုသည်ကား – ဘာဝနာမှု၏ တိုးပွားကြောင်းဖြစ်သော ထို ရ–ပါးပေတည်း။

အပ္ပနာကောသလ္လ ဆယ်ပါး ဆိုသည်ကား –

---

၁။ သပ္ပါယ = လျောက်ပတ် လျော်ကန်မှု။

၂။ အပ္ပနာကောသလ္လ = အပ္ပနာ၌ လိမ္မာကျွမ်းကျင်ကြောင်း။

၃။ အသပ္ပါယ = မလျောက်ပတ် မလျော်ကန်မှု။

http://www.dhammadownload.com



၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင် ဝတ္ထုမျိုး သန့်ရှင်းမှု,

၂။ ဣန္ဒြေငါးပါးကို ညီညွတ်အောင် ပြုမှု,

၃။ ထွက်သက် ဝင်သက်ဟူသော အာရုံနိမိတ်၌ လိမ္မာမှု,

၄။ တက်ကြွလွန်းသော စိတ်ကို နှိပ်မှု,

၅။ ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု,

၆။ ခြောက်သွေ့လွန်းသော စိတ်ကို ရွှင်စေမှု,

၇။ ညီညွတ်သော စိတ်ကို လျစ်လျူရှုမှု,

၈။ သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု,

၉။ သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု,

၁၀။ အပ္ပနာဈာန်ကို ရခြင်းငှါ အမြဲညွတ်သော စိတ်ရှိမှု,

ဤ ၁၀-ပါးတည်း။ ။

ဤသို့သော အမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီးမြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများစေရာ၏။ ။ အဘယ်မျှလောက် ကြာမြင့်အောင် ဤထပနာနည်းအားဖြင့် ပွားများအားထုတ်ရာသနည်း ဟူမူကား ရူပါဝစရ စတုတ္ထဈာန်တိုင်အောင်သည် ထပနာခေတ်ပေတည်း။

[ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း ပြီး၏။]

## နိမိတ် ၃-ပါး, သမာဓိ ၃-ပါး ခွဲနည်း

**နိမိတ် ၃-ပါး။** ။ ဂဏနာနည်း, အနုဗန္ဓနာနည်း, ထပနာနည်း ဟူသော နည်း ၃-ပါးတို့ဖြင့် အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍ သွားရာ၌ နိမိတ် ၃-ပါး, ဘာဝနာ သမာဓိ ၃-ပါးတို့ဖြင့် ခွဲရာ၏။

နိမိတ် ၃-ပါး ခွဲနည်းကား -

http://www.dhammadownload.com



(၁) ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ် မည်၏။

(၂) အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည်ပင်လျှင် ဥဂ္ဂဟနိမိတ် မည်၏။

(၃) ထပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

ဤကား နိမိတ် သုံးပါး ခြားနားနည်းတည်း။

**သမာဓိ ၃-ပါး။** ။ ဘာဝနာ သမာဓိ ၃-ပါးခွဲနည်းကား - ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌-

(၁) ပွားများသော ဘာဝနာသမာဓိသည် ပရိကမ္မဘာဝနာ သမာဓိ မည်၏။

(၂) ထပနာခေတ်တွင် အပ္ပနာဈာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရ ဘာဝနာ သမာဓိ မည်၏။

(၃) စတုက္ကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ဟု ဆိုအပ်သော ရူပါဝစရဈာန် လေးပါးသည် အပ္ပနာ ဘာဝနာ သမာဓိ မည်၏။

**ဥပစာရဈာန်။** ။ အာနာပါန အလုပ်ကို အားထုတ်ရာ၌ ဂဏနာ အနုဗန္ဓနာတို့ အခန်းတွင် ထွက်သက် ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်း အာရုံသည် အဆင့်ဆင့် သိမ်မွေ့၍သွားသဖြင့် ပျောက်ကွယ်၍ သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကို ထိရာဌာန၌ ထားမြဲထား၍ အလွန်

http://www.dhammadownload.com



သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင်ရအောင်ယူရာ၏။ ရအောင်ယူနိုင်၍ ထိုအာရုံ ထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ်လာလတ္တံ့။ ဥပစာရစျာန်သို့ ဆိုက်လတ္တံ့။ နီဝရဏတရားငါးပါးကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရစျာန် ဆိုသည်။

**သတိပေးချက်။** ။ ဤကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့် သိမ်မွေ့၍ ပျောက်ကွယ်မှုမှာ အဋ္ဌကထာ နည်းလမ်း၌ သိမ်မွေ့၍သွားအောင် တမင်အားထုတ်မှုကို မဆို။ သူ့အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍ သွားသည်ကို ဆို၏။ လောက၌လည်း ဤကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ထွက်သက် ဝင်သက် ပျောက်ကွယ်၍သွားသူများကို တွေ့မြင်ရဖူး၏။ ရှေ၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော် နောက်ဆုံး ဝါကျ၌ကား –

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ–** ဟု ဟောတော်မူ၏။

ဤပါဠိတော်မြတ် အလိုကား – အနုပဗ္ဗနာအခန်းသို့ ရောက်သောအခါ၌ ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သွားလေအောင် တမင် အားထုတ်ရမည်ပင် ဖြစ်၏။ ဤအာရုံ ပျောက်ကွယ်ခန်းမှာ ကမ္မဋ္ဌာန်းအစီအရင်၌ မလိမ်မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားခဲ့ပြီဟု ထင်၏။ ကမ္မဋ္ဌာန်းအလုပ်ကို လွှတ်၍ ပစ်တတ်၏။ သတိမူကြလေ။

* * *

http://www.dhammadownload.com



## (၁၀) ပါဠိတော်နှင့် အဋ္ဌကထာ နှီးနှောပုံ

ထုတ်ပြခဲ့ပြီးသော ပါဠိတော် လေးဝါရ၏ အရဖြစ်သော–

၁။ သတိမြဲရာ၊ ပထမာ၊ ဒု–မှာ ရှည်တိုသိ။

၂။ လုံးစုံလင်းရာ၊ တ–၌သာ၊ စ–မှာ ငြိမ်းစေဘိ။

ဟူသော လေးချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ အစရှိသော အဋ္ဌကထာနည်းလမ်းနှင့် နှီးနှောရာ၏။

**နှီးနှောချက်။** ။ နှီးနှောပုံကား – ထိုရာ ဌာန၌စိတ်ကို စိုက်ထား၍ ဂဏနာနည်းအားဖြင့် အစဉ်မှန်စွာ ရေတွက်မှုသည် သတိမြဲရာ ပထမာ ဖြစ်၏။ နာရီအပိုင်းအခြားနှင့် ကမ္မဋ္ဌာန်း အလုပ်ခွင်သို့ ဝင်၍ နလုံးသွင်းရာအပသို့ ခဏခဏ ထွက်ပြေးသော စိတ်ဝိတက်ကို ချုံးဖျက်ခြင်းငှါ ဂဏနာနည်းကို ပြုလုပ်သည်ဖြစ်၍ ဂဏနာခန်း၌ အရှည်အတိုသိမှုကို တမင် အားထုတ်ဖွယ် မရှိသေး။

**"သတောဝ အဿသတိ သတောဝ ပဿသတိ"**–

ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက် ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏထွက်သော စိတ်ဝိတက် ငြိမ်းမှုကိုသာ ကောင်းစွာ ငြိမ်းအောင် အားထုတ်ရာ၏။ ။ ထို့ကြောင့် အဋ္ဌကထာ၌–

**ဗဟိ ဝိသဋဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာ–**

**ရမ္မဏေ သတိသံထပနတ္ထံယေဝ ဟိ ဂဏနာ–** ဟူ၍ မိန့်ပြီ။

ဂဏနာ၊ ရေတွက်ခန်း မည်သည်။ ဗဟိ၊ မိမိကိုယ်အင်္ဂါမှအပ အလွတ်၌။ ဝိသဋဝိတက္ကဝိစ္ဆေဒံ၊ ဘဝအဆက်ဆက် ပျံ့နှံ့ပြေးသွား၍ နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ အဿာသ ပဿာသာရမ္မဏေ၊ မိမိကိုယ်အင်္ဂါမှဖြစ်သော ထွက်သက်ဝင်သက်

http://www.dhammadownload.com



အာရုံ၌။ သတိသံထပနတ္ထံယေဝ၊ သတိကို ခိုင်မြဲစွာ ထားခြင်းငါသာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ အဓိပ္ပါယ်ပေါ်ပြီ။

ဂဏနာခန်းပြီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌-

**"ဒီဃံဝါအဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ"**-

အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမှုနှင့်တကွ အရှည်အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။ အရှည်အတို သိမှုကိုလည်း သတိပြုရာ၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အစဉ်လိုက်၍ တမင် အာရုံပြုရသည် မဟုတ်။ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာသိအောင် ငါသတိပြုမည်ဟု ဥဿာဟ တစ်ခု တိုး၍ ပြုရုံမျှသာတည်း။ ရှည်သော အကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏။ တိုသောအကြိမ်မှာ ထိခိုက်ရာဌာန၌ ထိခိုက်မှု တာတို၏။ ထိခိုက်ချက်တာရှည်မှု, တာတိုမှုကိုသိ၍ အရှည် အတိုကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိ ရှိသောကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသော အလား, ဝင်၍သွားသော အလားများသည် လည်း အလိုလို ထင်မြင်လာလတ္တံ့။ အရှည်အတိုသိမှု စွဲမြဲသောအခါ၌-

**"သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗ ကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ"**-

ဟူသော တတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ အရှည်အတိုသိမှုနှင့်တကွ ထွက်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှု။ ဝင်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။

http://www.dhammadownload.com



ထွက်သက် လွှတ်မည်ရှိခဲ့လျှင် အမှတ်မဲ့မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ် သော အစမှစ၍ ထိရာဌာနတိုင်အောင် ထွက်သက်သဏ္ဌာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ထွက်သက် လွှတ်မည်ဟု ဥဿာဟပြု၍ ပြု၍ လွှတ်ရမည်။ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာဌာန တိုင်အောင် ဝင်သက် သဏ္ဌာန်ကို စိတ်၌ ထင်ရှားအောင် ပြု၍ ဝင်သက်ရှုရမည်ဟု ဥဿာဟပြု၍ ရှုရမည်။

ထိုသို့ ပြုရာ၌လည်း နှာသီးဖျားဟု ဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍သာ ဥဿာဟပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကိုလွှတ်၍ မလိုက်ရ။ ထိရာဌာနကို လွှတ်၍ မလိုက်သော် လည်း အစ, အလယ်, အဆုံး အကုန်လုံး ထင်ရှားစေရမည်ဟူသော ဥဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ ထားလျှင်ပင် တစ်စ တစ်စအားဖြင့် ထွက်သက်တို့သည် အစ, အလယ်, အဆုံး အကုန်လုံး လိုလို ထင်ရှားလာကုန်လတ္တံ့။ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌ –

**"ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ"–**

ဟူသော စတုတ္ထပါဠိတော်မြတ်နှင့်အညီ အဆင့်ဆင့် ရုန့်ရင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း ကွယ်ပျောက်၍ သွားပြီး ထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည်ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်ဟူသော ဥဿာဟ ကို ပြု၍ ပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်။ အမှတ်တမဲ့ မဖြစ်စေရာ။

http://www.dhammadownload.com



**အထူးဖြစ်လာပုံ။** ။ အဋ္ဌကထာနည်း၌ကား – ဂဏနာခန်းမှစ၍ပင် အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍ သွားမှု၊ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်မှုကို ပြဆိုပေ၏။ အလိုအလျောက် ကွယ်ပျောက်သူများကိုလည်း ငါတို့ တွေ့မြင်ဖူးရ၏။

**ဂဏနာဝသေနေဝ ပနမနသိကာရ ကာလတော ပဘုတိ အနုက္ကမတော ဩဠာရိကအဿာသပဿာသနိရောဓဝသေန– ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံပိ လဟုကံ – ဟောတိ သရီရံ အာကာသေ လင်္ဃနာကာရပတ္တံဝိယ ဟောတိ။** [အဋ္ဌကထာ။]

ပန၊ အထူးဖြစ်တတ်ပုံကို ပြဆိုပေအံ့။ ဂဏနာ ဝသေနေဝ၊ ဂဏနာနည်း၏ အစွမ်းဖြင့်သာလျှင်။ မနသိကာရ ကာလတော၊ နှလုံးသွင်းသော ကာလမှ။ ပဘုတိ၊ အစပြု၍။ အနုက္ကမတော၊ အစဉ်အားဖြင့်။ ဩဠာရိကအဿာသပဿာသနိရောဓဝသေန၊ ရုန့်ရင်း ရုန့်ရင်းသော ထွက်သက် ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့်။ ကာယဒရထေ၊ ကိုယ်တွင်း သန္တာန် ပူပန်ချောက်ချားမှုသည်။ ဝူပသန္တေ၊ ငြိမ်းလတ်သော်။ ကာယောပိ၊ ရူပကာယ တစ်ခုလုံးသည် လည်းကောင်း။ စိတ္တံပိ၊ စိတ်သည်လည်းကောင်း။ လဟုကံ၊ ပေါ့ပါးသည်၊ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်ကောင်သည်။ အာကာသေ၊ ကောင်း ကင်၌။ လင်္ဃနာကာရပတ္တံဝိယ၊ ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာ ကဲ့သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ လက်လေးသစ်ခန့် ကွာအောင် ကောင်းကင်သို့ တက်ကြွ၍ နေသူများကို ကြားဖူးရ၏။ ။ ဤသို့ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်သောအခါ ထိရာဌာနၣ်

http://www.dhammadownload.com



စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တစ်ဖန် ပေါ်လွင်ထင်ရှား၍ လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ကြောက်ခြင်း, လန့်ခြင်း, အိပ်ခြင်း, ပျင်းရိခြင်းစသော နီဝရဏ[၁], တရားတို့ ကျွတ်ကွာသဖြင့် ဥပစာရဈာန်ကို ရ၏။

ဤတွင် ရှေ့ကား – ပထမ စတုက္ကပါဠိတော်နည်းနှင့် အဋ္ဌကထာ နည်း နှီးနှောခန်း ပြီး၏။

အဋ္ဌကထာ၌ ဂဏနာ[၂], အနုဗန္ဓနာ[၃], ဖုသနာ[၄], ထပနာ[၅], သလ္လက္ခဏာ[၆], ဝိဝဋ္ဋနာ[၇], ပါရိသုဒ္ဓိ[၈] ဟူ၍ လာသော အာနာပါန ကမ္မဋ္ဌာန်း ၈–ခန်းတို့တွင် ဖုသနာဟူသော ထိရာဌာနနှင့်တကွ ဂဏနာ အခန်း, အနုဗန္ဓနာအခန်း, ဥပစာရဈာန်ဟု ဆိုအပ်သော ထပနာအခန်း များကို ပြဆိုမှုပြီး၏။

ဤပထမ စတုက္ကသည် လိုရင်းပဓာနတည်း။ ယခုအခါ၌ ဤပထမ စတုက္က အလုပ်ပြီးစီးလျှင်ပင် သမထဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

**ပထမ စတုက္ကနည်း ပြီး၏။**

☆ ☆ ☆

---

၁။ နီဝရဏ = ကုသိုလ်ကို တားမြစ်ပိတ်ပင်တတ်သော တရား။

၂။ ဂဏနာ = ရေတွက်ခြင်း။ (အရေအတွက်)

၃။ အနုဗန္ဓနာ = အစဉ်လိုက်ခြင်း, အစဉ်ဖွဲ့ခြင်း။

၄။ ဖုသနာ = တွေ့ထိခြင်း။

၅။ ထပနာ = ထားခြင်း။

၆။ သလ္လက္ခဏာ = ကောင်းစွာ မှတ်သားခြင်း။

၇။ ဝိဝဋ္ဋနာ = ဝဋ်ကင်းငြိမ်းခြင်း။

၈။ ပါရိသုဒ္ဓိ = ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း။

http://www.dhammadownload.com



## (၁၁) ဒုတိယ စတုက္ကနည်း

[ဒုတိယ စတုက္က ပါဠိတော်။]

ယခုအခါ အပ္ပနာစျာန်ဟု ဆိုအပ်သော ထပနာအခန်း၌ ကျင့်ရာသော ဒုတိယ စတုက္ကနည်းကို ပြဆိုပေအံ့။

**(၁) ပထမခန်း။ ။ ပီတိပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ ပီတိပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

**(၂) ဒုတိယခန်း။ ။ သုခပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သုခပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

**(၃) တတိယခန်း။ ။ စိတ္တသင်္ခါရပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

**(၄) စတုတ္ထခန်း။ ။ ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

[ဒုင်းဒုတိယ စတုက္ကအနက်။]

(၁) ပီတိပ္ပဋိသံဝေဒီ၊ စိတ်နှစ်သက် ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ပီတိပ္ပဋိသံဝေဒီ၊ စိတ်နှစ်သက် ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၂) သုခပ္ပဋိသံဝေဒီ၊ စိတ်၏ ချမ်းအေးခြင်း သုခကို ထင်ရှားစေ၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ သုခပ္ပဋိသံဝေဒီ၊ စိတ်၏ချမ်းအေးခြင်း သုခကို ထင်ရှား

http://www.dhammadownload.com



စေ၍။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၃) စိတ္တသင်္ခါရံ၊ ဝေဒနာ, သညာဟူသော စိတ္တသင်္ခါရကို။ ပဋိသံဝေဒီ၊ ထင်ရှားစေ၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တသင်္ခါရံ၊ ဝေဒနာ, သညာဟူသော စိတ္တသင်္ခါရကို။ ပဋိသံဝေဒီ၊ ထင်ရှားစေ၍။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၄) စိတ္တသင်္ခါရံ၊ ရုန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တသင်္ခါရံ၊ ရုန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တသင်္ခါရံ၊ ရုန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

အဓိပ္ပါယ်ကား -

**၁။ ပထမအခန်းမှာ-** ထိုပဋိဘာဂ နိမိတ်အာရုံ၌ ပီတိလွှမ်းကဲသော ရူပါဝစရ ပထမဈာန်, ဒုတိယဈာန် ဖြစ်စေမှုသည် ပီတိကို ထင်ရှားစေမှု မည်၏။

**၂။ ဒုတိယအခန်းမှာ -** ထိုပဋိဘာဂ နိမိတ်အာရုံ၌ သုခလွှမ်းကဲသော တတိယဈာန်ကို ဖြစ်စေမှုသည်သုခကို ထင်ရှားစေမှု မည်၏။

**၃။ တတိယအခန်းမှာ -** ထိုပဋိဘာဂ နိမိတ်အာရုံ၌ ဥပေက္ခာ ဝေဒနာ မိခင်ရောဝတီ

http://www.dhammadownload.com



ဟူသော စိတ္တသင်္ခါရ ထင်ရှားသော စတုတ္ထဈာန်ကို ဖြစ်စေမှုသည် စိတ္တသင်္ခါရကို ထင်ရှားစေမှု မည်၏။

၄။ **စတုတ္ထအခန်းမှာ** – ရုန့်ရင်းသော ဝေဒနာ, သညာတို့ကို အဆင့်ဆင့် ချုပ်ငြိမ်းစေအံ့ဟု အားထုတ်မှုသည် စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေမှု မည်၏။

ဤစတုက္ကကို အဋ္ဌကထာတို့၌ အပ္ပနာဈာန်အရာ၌ထား၍ ဖွင့်ကြကုန်၏။ ပဋိဘာဂနိမိတ် ခိုင်မြဲစွာ ရပြီးသောအခါမှစ၍ ဥပစာရဈာန်အရာ၌လည်း စိတ်နှစ်ခြိုက်မှု ထင်ရှားအောင် အားထုတ်မည်။ စိတ်၏အေးချမ်းမှု ထင်ရှားအောင် အားထုတ်မည် အစရှိသော အစီအရင်သည် ဖြစ်သင့်ရာပါ၏။

ဒုတိယ စတုက္ကနည်း ပြီး၏။

☆ ☆ ☆

## (၁၂) တတိယ စတုက္ကနည်း

[တတိယ စတုက္က ပါဠိတော်။]

ယခုအခါ၌ ထိုအပ္ပနာဈာန်တို့ကို ဝင်စားမှု၌ ကျင့်ရာသော တတိယ စတုက္ကကို ထုတ်ပြပေအံ့။

၁။ **ပဌမခန်း။** ။ **စိတ္တပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

၂။ **ဒုတိယခန်း။** ။ **အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ– သိက္ခတိ၊ အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာ- မီတိ သိက္ခတိ။**

မိခင်ရောဝတီ

http://www.dhammadownload.com



၃။ **တတိယခန်း။** ။ သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

၄။ **စတုတ္ထခန်း။** ။ ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

[ဌင်းတတိယ စတုက္ကအနက်။]

၁။ စိတ္တပ္ပဋိသံဝေဒီ၊ စိတ်ကို ထင်ရှားစေ၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တ–ပ္ပဋိသံဝေဒီ၊ စိတ်ကို ထင်ရှားစေ၍။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၂။ စိတ္တံ၊ စိတ်ကို။ အဘိပ္ပမောဒယံ၊ အလွန်ရွှင်လန်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ အဘိပ္ပမောဒယံ၊ အလွန်ရွှင်လန်းစေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၃။ စိတ္တံ၊ စိတ်ကို။ သမာဒဟံ၊ ကောင်းစွာ တည်ကြည်စေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ သမာဒဟံ၊ ကောင်းစွာတည်ကြည်စေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၄။ စိတ္တံ၊ စိတ်ကို။ ဝိမောစယံ၊ နီဝရဏစသော ရန့်ရင်းသော တရားတို့မှ ကျွတ်လွတ်စေလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ဝိမောစယံ၊ နီဝရဏစသော ရန့်ရင်းသော တရားတို့မှ ကျွတ်လွတ်စေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

http://www.dhammadownload.com



၁။ **ပထမအခန်းမှာ** – စိတ်၏ အထူးထင်ရှားခြင်းကို ဖြစ်စေခြင်းငှါ ထိုအာရုံ၌ ဈာန်လေးပါးကို အဖန်ဖန် ဝင်စားမှုသည် "**စိတ္တပ္ပဋိသံဝေဒီ**" မည်၏။

၂။ **ဒုတိယအခန်းမှာ** – စိတ်အထူး ထင်ရှားပြီးနောက် စိတ်ကို အထူး ရွှင်လန်းစေခြင်း, ပီတိနှင့်ယှဉ်သော ပထမဈာန်, ဒုတိယဈာန်ကို ဝင်စားမှုသည် "**အဘိပ္ပမောဒယံ စိတ္တံ**" မည်၏။

၃။ **တတိယအခန်းမှာ**– စိတ်အထူး ရွှင်လန်းပြီးနောက် အထူးတည်ကြည်စေခြင်းငှါ တတိယဈာန်, စတုတ္ထဈာန်ကို ဝင်စားမှုသည် "**သမာဒဟံ စိတ္တံ**" မည်၏။

၄။ **စတုတ္ထအခန်းမှာ**– စိတ်ကို ပဋိပက္ခတရားတို့မှ အထူးလွတ်ကင်းစေခြင်းငှါ ဈာန်လေးပါးကို အဖန်ဖန် ဝင်စားမှုသည် "**ဝိမောစယံ စိတ္တံ**" မည်၏။

ဤစတုက္ကကိုလည်း အဋ္ဌကထာတို့၌ အပ္ပနာဈာန်တို့ကို ဝင်စားမှုမှာ ထား၍ ဖွင့်ကြကုန်၏။ ။ ဥပစာရဈာန်မှာလည်း ရသင့်ရာပါ၏။

တတိယ စတုက္ကနည်း ပြီး၏။

* * *

## (၁၃) စတုတ္ထ စတုက္ကနည်း

ယခုအခါ အာနာပါနမှဆက်၍ ဝိပဿနာတက်နည်း ဖြစ်သော စတုတ္ထ စတုက္ကကို ထုတ်ပြပေအံ့။

[စတုတ္ထ စတုက္က ပါဠိတော်။]

၁။ **ပထမခန်း။ ။ အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊**

မိခင်ရောဝတီ

http://www.dhammadownload.com



အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

၂။ ဒုတိယခန်း။ ။ ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

၃။ တတိယခန်း။ ။ နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

၄။ စတုတ္ထခန်း။ ။ ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

[ငါးစတုတ္ထ စတုက္က အနက်။]

၁။ အနိစ္စာနုပဿီ၊ အနိစ္စကို အဖန်ဖန် ရှုလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ အနိစ္စာနုပဿီ၊ အနိစ္စကို အဖန်ဖန် ရှုလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၂။ ဝိရာဂါနုပဿီ၊ ပျောက်ကင်းမှုကို အဖန်ဖန် ရှုလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ဝိရာဂါနုပဿီ၊ ပျောက်ကင်းမှုကို အဖန်ဖန် ရှုလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၃။ နိရောဓာနုပဿီ၊ ချုပ်ကွယ်မှုကို အဖန်ဖန် ရှုလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ နိရောဓာနုပဿီ၊ ချုပ်ကွယ်မှုကို အဖန်ဖန် ရှုလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၄။ ပဋိနိဿဂါနုပဿီ၊ တစ်ဖန် စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ပဋိနိဿဂ္ဂါနုပဿီ၊ တစ်ဖန် စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်။

http://www.dhammadownload.com



ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

ဤစတုတ္ထ စတုက္ကကား ဝိပဿနာ တက်နည်းတည်း။ ၎င်း အစီအရင်ကို နောက်မှဆိုအံ့။

**စတုတ္ထ စတုက္ကနည်း ပြီး၏။**

✦ ✦ ✦

## (၁၄) သတိပဋ္ဌာန် ပွားများမှုကိစ္စ ပြီးပုံ

ယခုအခါ အာနာပါန အလုပ်ကို အားထုတ်စွဲမြဲ သူတို့အား သတိပဋ္ဌာန်လေးပါး ပွားများမှု ကိစ္စပြီးစီးပုံကို ဟောတော်မူ၏။ လိုရင်း အဓိပ္ပါယ်ကို ပြဆိုပေအံ့။

၁။ ထုတ်ပြခဲ့ပြီးသော စတုက္ကလေးပါးတို့တွင် ဂဏနာ, အနုဗန္ဓနာ ၂-နည်း အစီအရင်ဖြင့် ပြဆိုခဲ့ပြီးသော ပဌမစတုက္က အလုပ်သည်ကား - ကာယာနုပဿနာ သတိပဋ္ဌာန် အလုပ်သက်သက်ပေတည်း။ ထွက်သက် ဝင်သက်သည် ရူပကာယ တစ်စိတ်ဖြစ်၍ ကာယ မည်၏။

[၎င်းအာနာပါနဿတိ သုတ်ပါဠိတော်။]

**ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဝေါ ဝဒါမိ-ယဒိဒံ အဿာသပဿာသာ။**

[၎င်းပါဠိ၏အနက်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ-ယေဣမေ အဿာသပဿာသာ၊ အကြင်ထွက်သက် ဝင်သက်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဝေါ၊ ဤ ထွက်သက် ဝင်သက် နှစ်ပါးအပေါင်းကို။ ကာယေသု၊ ပထဝီကာယ, အာပေါကာယ အစရှိသော ကာယအများတို့တွင်။ ကာယညတရံ၊ ဝါယောကာယ တစ်ပါးဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



၂။ ဒုတိယစတုက္က အလုပ်သည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေတည်း။

[ဧင်းသုတ်ပါဠိတော်။]

**ဝေဒနာသု ဝေဒနာညတရာဟံ ဘိက္ခဝေ ဧတံ ဝဒါမိ–ယဒိဒံ အဿာသပဿာသာနံ သာဓုကံ မနသိကာရော။**

[ဧင်းပါဠိ၏အနက်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အဿာသ ပဿာသာနံ၊ ထွက်သက် ဝင်သက်တို့ကို။ သာဓုကံ၊ ကောင်းစွာ။ ယဒိဒံ–ယောအယံ မနသိကာရော၊ အကြင် နှလုံးသွင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤကောင်းစွာ နှလုံးသွင်းမှုကို။ ဝေဒနာသု၊ ဝေဒနာအများတို့တွင်။ ဝါ၊ ခံစားခြင်း အများတို့တွင်။ ဝေဒနာညတရံ၊ ဝေဒနာတစ်ပါးဟူ၍။ ဝါ၊ ခံစားခြင်း တစ်ပါးဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

[သာဓုကံ ဆိုသည်ကား – ပီတိပ္ပဋိသံဝေဒီ အစရှိသော ဉဿာဟ အထူးဖြစ်ပွားမှုတည်း။]

ဤ၌ ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ ဝေဒနာ တရားလည်း အထူးထင်ရှားလျက် ရှိသောကြောင့် ဤစတုက္ကအလုပ်ကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

၃။ တတိယစတုက္က အလုပ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် အလုပ်တည်း။ ဤ၌လည်း ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ် ၌ စိတ်ဟူရားလည်း အထူးထင်ရှားလျက် ရှိသောကြောင့် ဤစတုက္က အလုပ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

၄။ အနိစ္စာနုပဿီ အစရှိသော စတုတ္ထစတုက္က အလုပ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်တည်း။ ဤ၌လည်း ထွက်သက်

http://www.dhammadownload.com



ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ မိမိစိတ်မှာ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်ခြင်းဟူသော ပဟာနဓမ္မသည်လည်း ထင်ရှားလျက် ရှိသောကြောင့် ဤစတုက္ကအလုပ်ကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

[ဒုင်းသုတ် ပါဠိတော်။]

**သော ယံ တံ အဘိဇ္ဈာ ဒေါမနဿာနံ ပဟာနံ၊ တံ ပညာယ ဒိသွာ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။**

**[ဒုင်းပါဠိ၏အနက်။]**

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အဘိဇ္ဈာဒေါမနဿာနံ၊ အဘိဇ္ဈာ ဒေါမနဿတို့ကို။ ယံတံပဟာနံ၊ အကြင်ပယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပယ်ခြင်းကို။ ပညာယ၊ ပညာဖြင့်။ ဒိသွာ၊ မြင်၍။ သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏။

ထွက်သက် ဝင်သက်နှင့်တကွ ဖက်တွဲလျက် အနိစ္စဓမ္မကိုလည်း ရှုသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သေည်ဟူ၍လည်း ဆိုသင့်၏။

**သတိပဋ္ဌာန် ပွားများမှုကိစ္စ ပြီးပုံပြီး၏။**

## (၁၅) ဗောဇ္ဈင်ပွားများမှု ကိစ္စပြီးစီးပုံ

ယခုအခါ အာနာပါန အလုပ်ကို အားထုတ်စွဲမြဲသော သူတို့အား ဗောဇ္ဈင် ရ–ပါး ပွားများမှုကိစ္စ ပြီးစီးပုံကို ပြဆိုပေအံ့။

၁။ သတိပဋ္ဌာန် အလုပ်မျိုးဖြစ်ခဲ့၍ တစ်နေ့တစ်ခြား ထိုအာရုံ၌ သတိစွဲမြဲမှု, တိုးပွား၍သွားမှုသည် သတိသမ္ဗောဇ္ဈင် တရားပွားများမှု မည်၏။

http://www.dhammadownload.com



[ငင်းသုတ် ပါဠိတော်။]

ယသ္မိံသမယေ ဘိက္ခုနော ဥပဋ္ဌိတာ သတိ ဟောတိ အသမ္မုဋ္ဌာ၊ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံသမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။

[နောက်၌ကား ပါဠိတော်ကို မထုတ်ပြီ။ အဓိပ္ပါယ်မျှကိုသာ ပြဆိုအံ့။]

ယသ္မိံသမယေ၊ အကြင်အခါ၌။ ဘိက္ခုနော၊ အာနာပါန အလုပ်ကို အားထုတ်သော ယောဂီရဟန်းအား။ သတိ၊ အာနာပါနဿတိသည်။ ဥပဋ္ဌိတာ၊ စွဲမြဲစွာတည်သည်။ ဟောတိ၊ ဖြစ်၏။ အသမ္မုဋ္ဌာ၊ သတိလွတ်သည် မရှိပြီ။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဘိက္ခုနော၊ ရဟန်းအား။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင် တရားသည်။ အာရဒ္ဓေါ၊ ပြီးစီးသည်။ ဟောတိ၊ ဖြစ်၏။

၂။ ထိုအာနာပါန အလုပ်ကို အားထုတ်သော သူတို့အား ထိုအလုပ်တွင် ပါဝင်သောဓမ္မတို့၌ တစ်နေ့တစ်ခြား အဆင်ခြင် အစဉ်းစား အလိမ်မာပွားများသွားမှုသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်တရား ပွားများမှု မည်၏။

၃။ ထိုအလုပ်၌ တစ်နေ့တစ်ခြား ဝီရိယတရား တိုးပွား၍ သွားမှုသည် ဝီရိယ သမ္ဗောဇ္ဈင်တရား ပွားများမှု မည်၏။

၄။ ပီတိပ္ပဋိသံဝေဒီ အဖြစ်သို့ရောက်သဖြင့် ထိုအာရုံ ထိုအမှု၌ တစ်နေ့တစ်ခြား စိတ်ပျောက်မွေ့ခြင်း ပွားစီး၍သွားမှုသည် ပီတိသမ္ဗောဇ္ဈင် တရား ဖြစ်ပွားမှု မည်၏။

၅။ ထိုအာရုံ ထိုအမှု၌ စိတ်ပျော်မွေ့ခြင်းပီတိတရား ဖြစ်ပွားသော အခါမှစ၍ ထိုအလုပ်၌ပျင်းရိခြင်း, ငိုက်မျဉ်းခြင်းအစရှိသော ပူလောင်မှု တို့သည် အစဉ်အတိုင်းငြိမ်းကုန်၏။ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်တရား

http://www.dhammadownload.com



ပွားများရာ၏။

၆။ ပဿဒ္ဓိတရား ပွားများသည်ရှိသော် ထိုအာရုံ၌ စိတ်၏ ကောင်းစွာ တည်ကြည်ခြင်း ဟူသော သမာဓိ သမ္ဗောဇ္ဈင်တရားလည်း ဖြစ်ပွားတော့သည်။

ရ။ သမာဓိ သမ္ဗောဇ္ဈင်တရား ဖြစ်ပွားသည်ရှိသော် စိတ်မငြိမ် သက်မှု အတွက်နှင့် ကြောင့်ကြစိုက်ဖွယ်မရှိ။ လျစ်လျူရှုသောအားဖြင့် ထိုအာရုံ၌ စိတ်ကိုလွှတ်၍ ထားရတော့သည်။ ထိုအခါ ဥပေက္ခာ သမ္ဗောဇ္ဈင်တရား ပွားများရာ၏။

[ပါဠိတော်၌ကား – ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်တရား လေးပါးတို့တွင် တစ်ပါးပါး၌ သမ္ဗောဇ္ဈင်ခုနစ်ပါး ခုနစ်ပါးစီရပုံကို အကျယ် ဟောတော်မူ၏။]

ဗောဇ္ဈင်ပွားများမှုကိစ္စ ပြီးပုံ ပြီး၏။

❋ ❋ ❋

## (၁၆) ဝိဇ္ဇာဝိမုတ္တိသို့ ရောက်နိုင်ပုံ

ယခုအခါ အာနာပါန အလုပ်မှဆက်၍ ဝိပဿနာ ဝိဇ္ဇာလမ်း, မဂ္ဂဝိဇ္ဇာလမ်း, ဖိုလ်ဟူသော ဝိမုတ္တိလမ်းဖွင့်နည်း, တက်နည်းကို ပြတော် မူခြင်းငှါ–

[ဒုင်းသုတ် ပါဠိတော်။]

(၁) ကထံ ဘာဝိတာ စ ဘိက္ခဝေ သတ္တဗောဇ္ဈင်္ဂါ ကထံ ဗဟုလီ– ကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သတိ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

မိခင်ရောဝတီ

http://www.dhammadownload.com



(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

(၃) ဝီရိယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

(၄) ပီတိ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

(၆) သမာဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

(၇) ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဧဝံ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တီတိ။

[ငှင်းပါဠိတော်အနက်။]

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဗောဇ္ဈင်္ဂါ၊ ၇-ပါးသော ဗောဇ္ဈင် တရားတို့သည်။ ကထံ ဘာဝိတာ၊ အဘယ်သို့ အထူးရည်ရွယ်၍ ပွားစေ အပ်ကုန်သည်ရှိသော်။ ကထံ ဗဟုလီကတာ၊ အဘယ်သို့ အထူးရည်ရွယ် ၍ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ ဝိဇ္ဇာတရား ဝိမုတ္တိတရားကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်သနည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ သတိ သမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝိရာဂနိဿိတံ၊

http://www.dhammadownload.com



ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၂) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၃) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဝီရိယ သမ္ဗောဇ္ဈင်္ဂံ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂ ပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၄) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ပီတိသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။

http://www.dhammadownload.com



ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၅) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၆) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ သမာဓိ သမ္ဗောဇ္ဈင်္ဂံ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

(၇) ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို။ ကတွာ၊ ပြု၍။ ဘာဝေတိ၊ ပွားများစေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ဘာဝိတာ၊ ပွားစေအပ်ကုန်

http://www.dhammadownload.com



သော။ စေ၊ ဤသို့။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်သော။ သတ္တဗောဇ္ဈင်္ဂါ၊ ရ-ပါးသော ဗောဇ္ဈင်တရားတို့သည်။ ဝိဇ္ဇာဝိမုတ္တိ၊ ဝိဇ္ဇာတရား ဝိမုတ္တိတရားကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေကုန်၏။

ဝိဝေက, ဝိရာဂ, နိရောဓ, ဝေါဿဂ္ဂဟူသော အမည်လေးပါးသည် နိဗ္ဗာန်၏ အမည်ချည်းတည်း။ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ပေါက်ရောက်ဖို့ ရည်စူး၍ ပွားများသည်ကို ဝိဝေက နိဿိတ ဆိုသတည်း။ (ဝိဝဋ္ဋနိဿိတ ဆိုလိုသည်)။ ။ ကုသိုလ်ရရုံမျှ ပွားများလျှင် ဝဋ္ဋနိဿိတ မည်၏။

ဂဏနာနည်း, အနုဗန္ဓနာနည်း, ဥပစာရစျာန်, အပ္ပနာစျာန်ဟူသော ထပနာနည်းတို့ဖြင့် အစဉ်အတိုင်း အားထုတ်ဖြစ်ပွား၍ လာသည်ရှိသော် သတိပဋ္ဌာန် လေးပါးနှင့်တကွ ဗောဇ္ဈင် ရ-ပါး ထူထောင်မိပြီ။

ထိုသို့ ထူထောင်မိသော်လည်း သေသည်၏ အခြားမဲ့၌ နတ်အဖြစ်, ဗြဟ္မာအဖြစ်ဟူသော ဝဋ်သက်သို့ ကိုင်းရှိုင်း၍ ပေးပြန်လျှင် ဗောဇ္ဈင် ရ-ပါးတို့သည် ဝဋ္ဋနိဿိတမျိုးဖြစ်၍ သွားပြန်ကုန်၏။ ဥပစာရစျာန်, အပ္ပနာစျာန်, အနိစ္စာနုပဿနာ ဖြစ်ကာမျှနှင့် အပြီးသတ်၍ ထားခဲ့သည်ရှိသော် ဝဋ်ဖက်သို့လဲ၍ သွားကုန်လတ္တံ့။

ထို့ကြောင့် ထိုမျှလောက်တွင်အပြီးသတ်၍မထားပဲ ယခုဘဝ၌ပင် ဝိဝဋ္ဋစခန်းသို့ဆိုက်ရောက်သည်တိုင်အောင် ငါအားထုတ်မည်ဟု အကြံပြု၍ အားထုတ်သည်ကို ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ ဟူ၍ ဆိုသတည်း။

ထိုသို့ တိုးတက်၍ သွားမှသာ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်နိုင်သည်။ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်မှသာ ဝိဝေက, ဝိရာဂ, နိရောဓ, ဝေါဿဂ္ဂ ဟူသော ဝိဝဋ္ဋဓမ္မသို့ ယခုဘဝပေါက်ရောက်နိုင်သည်။

မိခင်ရောဝတီ

http://www.dhammadownload.com



**ဗောဓိပက္ခိယ ပြီးစီးပုံ။** ။ ဝိဝဋ္ဋ ဆိုသည်ကား – နိဗ္ဗာန်ကို ဆိုသတည်း။ ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြသူ လူရှင် အပေါင်းတို့မှာလည်း ယခုဘဝ၌ ဤဝိဝဋ္ဋဓမ္မ တစ်ခုကိုသာ ကိုယ်ကျိုး ကိုယ်စီးပွားဟု ဂရုကြီးစိုက်ခွင့် ရှိချေသည်။

ဤဝိဝဋ္ဋဓမ္မကို ရလိုသောကြောင့် ဝိဇ္ဇာဝိမုတ္တိနှစ်ပါးကို ရအောင် အားထုတ်ရပြန်သည်။

ဝိဇ္ဇာ ဝိမုတ္တိနှစ်ပါးကို ရခြင်းငှါ ဗောဇ္ဈင်ခုနစ်ပါးကို ထူထောင် ရပြန်သည်။

ဗောဇ္ဈင်ခုနစ်ပါးကို ထူထောင်ခြင်းငှါ သတိပဋ္ဌာန်လေးပါးကို ထူထောင် ရပြန်သည်။

သတိပဋ္ဌာန်လေးပါးကို ထူထောင်ခြင်းငှါ ဤအာနာပါနကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ရလေသည်။

ဤအာနာပါန အလုပ်ဖြင့် သတိပဋ္ဌာန်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး, ဝိဇ္ဇာဝိမုတ္တိနှစ်ပါး ပြီးစီးခဲ့သည်ရှိသော် အလုံးစုံသော ဗောဓိပက္ခိယ တရား ၃၇–ပါးတို့သည် ပြီးစီးကြကုန်တော့သည်။

[ဤကား ဤအာနာပါနသုတ် ပါဠိတော်မြတ်၏ ပိဏ္ဍတ္ထအဓိပ္ပါယ်။]

ဤဝိဇ္ဇာဝိမုတ္တိနှစ်ပါးသို့ အမြန်ပေါက်ရောက်စေနိုင်သော နည်းလမ်းဟူသည်လည်း အခြားတစ်ပါး မဟုတ်ပြီ။ "**အနိစ္စာ နုပဿီ အဿသိဿာမီတိ သိက္ခတိ**" အစရှိသည်ဖြင့် ထုတ်ပြခဲ့ပြီးသော စတုတ္ထ စတုက္ကအစီအရင်ပေတည်း။ ဗောဇ္ဈင်ခုနစ်ပါးကို ထမြောက်အောင် ထူထောင်၍ ထိုစတုက္က၏ အရဖြစ်သော အနိစ္စာနုပဿနာမှုကို ဝိဝေက နိဿိတပြု၍ အားထုတ်သည်ရှိသော် ရှေးဦးစွာ သောတာပတ္တိ မဂ်ဖိုလ်တည်းဟူသော ဝိဇ္ဇာဝိမုတ္တိသို့ရောက်၍ ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစရိုက်

မိခင်ရောဝတီ

http://www.dhammadownload.com



ခပ်သိမ်း, ဒုရာဇိဝ ခပ်သိမ်း, အပါယ်ဒုက္ခခပ်သိမ်းတို့၏ အပြီး လွတ်ငြိမ်းခြင်းဟူသော သဉပါဒိသေနိဗ္ဗာန်ဟု ဆိုအပ်သော ဝိဝဋ္ဋ[1]ဓမ္မကို ယခုဘဝတွင်ပင် ရနိုင်လေသတည်း။

ဝိဇ္ဇာ-ဝိမုတ္တိသို့ရောက်နိုင်ပုံ ပြီး၏။

❖ ❖ ❖

## (၁၇) ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်

ယခုအခါ ထို **"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"** အစရှိသော စတုတ္ထစတုက္က အစီအရင်ကို အမြွက်မျှ ပြဆိုပေအံ့။

ဤသုတ္တန်ပါဠိတော် အဋ္ဌကထာတို့၌ကား အာနာပါန အပ္ပနာ ဈာန်လေးပါးကို ရပြီးမှ ဤစတုက္က အစီအရင်သို့တက်၍ အားထုတ်မှုကို ပြဆိုကုန်၏။ ဤကဲ့သို့ တက်နိုင်ပါမူ အထွတ်အထိပ်ဖြစ်ပေ၏။ ဤကဲ့သို့ မတက်နိုင်ရှိခဲ့မူကား -

၁။ တတိယဈာန်မှလည်း ဝိပဿနာလမ်းသို့ တက်ရပါ၏။

၂။ ဒုတိယဈာန်မှလည်း တက်ရပါ၏။

၃။ ပဌမဈာန်မှလည်း တက်ရပါ၏။

၄။ အပ္ပနာဈာန်သို့ပင် မဆိုက်မူ၍ ဥပစာရဈာန်မှလည်း တက်ရပါ၏။

၅။ အနုဗန္ဓနာအခန်းမှလည်း တက်ရပါ၏။

၆။ ထိုထို ဤဤ လှုပ်ရှားပြေးသွားသော စိတ်ဝိတက်၏ ငြိမ်းခြင်းသို့ ရောက်ပြီးသော ဂဏနာအခန်းမှာလည်း ဝိပဿနာလည်းသို့ တက်ရပါ၏။

---

[1]။ ဝိဝဋ္ဋ = ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်။

http://www.dhammadownload.com



**တက်နည်း။** ။ ဝိပဿနာလမ်းသို့ တက်သောအခါ၌လည်း –

(၁) ဤအာနာပါန အာရုံနှင့် ဖက်တွဲ၍ တက်နည်း။

(၂) အာနာပါနရှုမှုကို ဥပစာရ ကိစ္စမျှပြုလုပ်၍ ခန္ဓာငါးပါး စသည်တို့တွင် အလိုရှိရာ သင်္ခါရဓမ္မကိုယူ၍ တက်နည်း ဟူ၍ နှစ်ပါးရှိ၏။

ထိုတွင် ဤသုတ္တန် ပါဠိတော်၌ –

**"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ"**– ဟူ၍ အာနာပါန အာရုံနှင့် ဖက်တွဲ၍ တက်နည်းသည်လာ၏။ ထိုပါဠိတော်၏ အဓိပ္ပါယ်ကား –

ထွက်သက်လွှတ်မည် ပြုသည်ရှိသော် အမှတ်တမဲ့ မလွှတ်မူ၍ အနိစ္စထင်အောင် ရှု၍ လွှတ်မည်ဟု လွှတ်တိုင်း လွှတ်တိုင်း အနိစ္စမနသိကာရ ရှေ့သွားမြဲစေရာ၏ ဟူလိုသည်။ ဝင်သက်၌လည်း ထိုနည်းတူသိလေ။

[**ဤကား ထိုပါဠိတော်၏ တိုက်ရိုက် အဓိပ္ပါယ်တည်း။**]

ဝိပဿနာအလုပ် တည်ထောင်မှုသည် –

(၁) ရုပ်ကိုအစပြု၍ တည်ထောင်မှု,

(၂) နာမ်ကိုအစပြု၍ တည်ထောင်မှု ဟူ၍ နှစ်ပါးရှိ၏။

**ဂဏနာအခန်းမှ** ဝိပဿနာလမ်းသို့ တက်လိုမူကား – ထွက်သက် ဝင်သက်ဟူသော ရုပ်ကို အစပြု၍ တည်ထောင်ရာ၏။ အဘယ့်ကြောင့် နည်းဆိုသော် ထိုအခန်း၌ ထွက်သက် ဝင်သက်ဟူသော ရုပ်သည်သာလျှင် ဉာဏ်၌ ထင်ရှားသေးသောကြောင့်တည်း။

**အနုဗန္ဓနာအခန်းမှ** တက်ရာ၌လည်း ထို့အတူပင်တည်း။

**ထပနာနှစ်ခန်းတွင်** ဥပစာရသမာဓိ အခန်းသည် –

(၁) ဝေဒနာနုပဿနာခန်း,

http://www.dhammadownload.com



(၂) စိတ္တာနုပဿနာခန်း ဟူ၍ ၂–ပါးရှိ၏။

(၁) **"ပီတိပ္ပဋိသံဝေဒီ, သုခပ္ပဋိသံဝေဒီ"**ချီသော ဒုတိယစတုက္ကသည် ဝေဒနာနုပဿနာခန်း မည်၏။

(၂) **"စိတ္တပ္ပဋိသံဝေဒီ"**ချီသော တတိယစတုက္ကသည် စိတ္တာနုပဿနာခန်း မည်၏။ ထို ၂–ခန်းတို့တွင် –

ဝေဒနာနုပဿနာခန်းမှ ဝိပဿနာလမ်းသို့ တက်လိုသော် ဝေဒနာဟူသော နာမ်ကို အစပြု၍ တက်ရမည်။

စိတ္တာနုပဿနာခန်းမှ တက်လိုသော် စိတ်ဟူသော နာမ်ကို အစပြု၍ တက်ရမည်။

အပ္ပနာသမာဓိမှ တက်ရာ၌ကား ဝေဒနာ, စိတ္တတို့ကိုသော်လည်းကောင်း, မိမိရအပ်ပြီးသော ဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကိုသော်လည်းကောင်း အစပြု၍ တက်ရမည်။

**ဝိပဿနာလမ်းဖွင့်နည်း။** ။ ယခုအခါ၌ အစဆုံးသော ဂဏနာခန်းမှ ရုပ်ကို အစပြု၍ ဝိပဿနာလမ်း ဖွင့်နည်းကို အကျဉ်းမျှ ပြဆိုအံ့။

ရှေ့၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဂဏနာခန်း ပြီးစီးသည့်နောက် အနုဗန္ဓနာခန်းသို့ တက်ခွင့်ဆိုက်နေသောအခါ ထိုအနုဗန္ဓနာခန်းသို့ မလိုက်မူ၍ **"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"**ဟူသော စတုတ္ထစတုက္ကအရ အနိစ္စဝိပဿနာခန်းသို့ တက်ရာ၏။

ဂဏနာခန်း၌ ပြီးစီးသော ခဏိကသမာဓိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။ ထားပုံကား –

ဝိပဿနာအလုပ်ကို လုပ်သော သူသည် လူဖြစ်ခဲ့၍ တစ်နေ့လုံး, တစ်ညဥ့်လုံး မလုပ်နိုင်ရှိသဖြင့် တစ်နေ့, တစ်ညဥ့်အဖို့ ၂၄–နာရီရှိသည်တွင် ၄–နာရီတန်သည် ၃–နာရီတန်သည် အချိန်အမှန်ထား၍

http://www.dhammadownload.com



အားထုတ်ရမည်။

အလုပ်ခွင်သို့ ဝင်တိုင်း ဝင်တိုင်း စိတ်ဝိတက်ကို သုတ်သင်ခြင်းငှါ ရှေးဦးစွာ အာနာပါနဿတိ ဝင်စားရမည်။

စိတ်ဝိတက် ငြိမ်သက်သော အခါမှ ဝိပဿနာ မနသိကာရကို အားထုတ်ရမည်။

ဝိပဿနာ မနသိကာရ ထမြောက်၍ မဂ်ဖိုလ်သို့ ရောက်ပြီးသည့်တိုင်အောင် ထိုအာနာပါနဿတိကို မလွှတ်ရပြီ။ ဖိုလ်ကို ဝင်စားသောအခါ၌ပင် ထိုသတိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။

ဝိပဿနာလမ်း၌ –

၁။ ဒိဋ္ဌိဝိသုဒ္ဓိ,

၂။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ,

၃။ မဂ္ဂါ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ,

၄။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ,

၅။ ဉာဏဒဿန ဝိသုဒ္ဓိ– ဟူ၍ ဝိသုဒ္ဓိအစဉ် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အပြားငါးပါးရှိ၏။ ထိုငါးပါးတို့တွင် ထွက်သင်ဝင်သက်၌ ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကို ပြဆိုအံ့။

**ဓာတ်ကြီး ၄–ပါး ထင်ရှားပုံ။** ။ ထိုထွက်သက် ဝင်သက်၌ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အနံ့ဓာတ်, ရသဓာတ်, ဩဇာဓာတ် ဟူ၍ အမြဲအားဖြင့် ရုပ်ဓာတ် ရှစ်ပါးရှိ၏။ အသံဖြစ်သောအခါ သဒ္ဒဓာတ်နှင့်တကွ ရုပ်ဓာတ်ကိုးပါး ဖြစ်၏။ ထိုတွင် မြေ, ရေ, လေ, မီးဟူသော ဓာတ်ကြီးလေးပါးသည်သာ လိုရင်းပဓာနတည်း။

မြေဓာတ် ဆိုသည်ကား – ခက်မာမှု ကြိယာတည်း။ ခက်မာမှုဆိုသည်ကား – ခပ်သိမ်းသော ရုပ်အဆောက်အဦး ဟူသမျှတို့၌ အမာခံမှု

http://www.dhammadownload.com



ဆိုလိုသည်။ ထိုအမာခံမှုသည် လွန်ကဲ၍ ခက်မာသော အဖြစ်သို့ ရောက်သော ဝတ္ထုမျိုးတို့၌ လက်နှင့်စမ်းသပ် ထိပါးလျှင် မာသည်ဟု သိသာထင်ရှား၏။ နေရောင် လရောင် စသည်တို့၌ကဲ့သို့ အမာခံအနေမျှ၌ တည်မှုကား စမ်းသပ်၍မရ သိမ်မွေ့လှ၏။

ယုတ္တိအားဖြင့်မူကား – ဉာဏ်၌ထင်ရှားပါ၏။

ဖွဲ့စေးမှုဟူသော ရေဓာတ်သည် အမာခံဝတ္ထု မရှိခဲ့သော် အဘယ်ကို ဖွဲ့မည်နည်း။

ပူလောင်မှုဟူသော မီးဓာတ်သည် အမာခံမီးစာ မရှိခဲ့သော် အဘယ်ကို စွဲလောင်မည်နည်း။

မီးဓာတ်၏ အရှိန်အဝှန်ဖြစ်သော ကြွ, ရွ, ထောက်ကန်မှုဟူသော လေဓာတ်သည် အမာခံထောက်ရာကန်ရာ မရှိခဲ့သော် အဘယ်သို့ကြွနိုင် ရွနိုင်ပါမည်နည်း။

ဤကား ယုတ္တိအားဖြင့် ဉာဏ်၌ထင်ရှားပုံတည်း။

"**အဿာသ ပဿာသကာယ**"ဟု ကာယသဒ္ဒါနှင့် ဆိုရအောင် အစုအရုံး တစ်ခုဖြစ်မှုသည် ရေဓာတ်ဖွဲ့စေးမှုတည်း။ ထွက်သက် ဝင်သက်၌ ပါရှိသောပူမှုအေးမှုသည် မီးဓာတ်တည်း။ လှုပ်မှုရှားမှုသည် လေဓာတ်တည်း။

ထွက်သက် ဝင်သက်၌ကား လေဓာတ် လွန်ကဲ၏။ ဤထွက်သက် ဝင်သက်၌ ဓာတ်လေးပါးရှိမှု ယုတ္တိကို သဘောကျနိုင်ပါလျှင် တစ်ကိုယ်လုံး၌ သဘောကျနိုင်တော့သည်။ သဘောကျသည့်အတိုင်း ထွက်သက် ဝင်သက်၌ ဓာတ်လေးပါးကို အသီးအသီး မြင်နိုင်ပါလျှင် တစ်ကိုယ်လုံး၌ မြင်နိုင်တော့သည်။

ထွက်သက် ဝင်သက်၌ ခက်မာမှု, ဖွဲ့စေးမှု, ပူနွေးမှု, လှုပ်ရှားမှု ဟူသော ကြိယာလေးချက်သည်သာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

http://www.dhammadownload.com



အသီးအသီး ထိုလေးချက်တို့ကို ထိအောင် အာရုံပြုသော ဉာဏ်သည်သာ ပရမတ္ထသို့ ဆိုက်သော ဉာဏ်မည်၏။

**သဏ္ဌာနဒိဋ္ဌိ ဖြစ်ပုံ။** ။ ထိုလေးချက်ကို မသိမူ၍ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက် ဝင်သက်ဟု သိမြင်မှတ်သားမှုသည် သဏ္ဌာနဒိဋ္ဌိလမ်းတည်း။ ဤဒိဋ္ဌိလမ်း၌ကား ထွက်သက် ဝင်သက်၏ အစသည် ချက်တိုင်တည်း။ အဆုံးသည် နှာသီးဖျားတည်း။ အစ၌ တစ်ကြိမ်သာ ဖြစ်မှုရှိ၏။ အဆုံး၌ တစ်ကြိမ်သာ ပျက်မှုရှိ၏။ အလယ်၌မူကား အခါခါဖြစ်မှု, အခါခါ ပျက်မှု ဟူ၍ မရှိပြီ။ ဝင်သက်၌လည်း ထိုနည်းတူ ဝင်သက်၏ အစသည် နှာသီးဖျားတည်း။ အဆုံးသည် ချက်တိုင်ရင်းတည်းဟူ၍ ဆိုလေ။ ဤကား ပုထုဇဉ်တို့စိတ်၌ အရိုးစိုက်၍နေသော ဒိဋ္ဌိမှုတည်း။

**[ခပ်သိမ်းသော ကိုယ်အစုတို့၌ ဤကဲ့သို့သော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိနေသည်ကို အကုန်မျှော်မြင်မိစေ။]**

ထွက်သက် ဝင်သက်၌ ဤဒိဋ္ဌိအရိုးစိုက်ကြီး ပျောက်ကွယ်လေအောင် ထိုထွက်သက် ဝင်သက်၌ပင် သုတ်သင်ရာ၏။

**သဏ္ဌာနဒိဋ္ဌိ သုတ်သင်ပုံ။** ။ အဘယ်သို့ သုတ်သင်ရာသနည်းဟူမူကား – အသီးအသီး ဓာတ်အမှုကြီး လေးပါးကို ဉာဏ်စိုက်မိ၍ ပရမတ္ထဓမ္မအမြင် ပေါက်သောအခါ၌ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက် ဝင်သက်ဟု သိမြင်ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ကွယ်ပျောက်လေ၏။ အရှည်အတို သဏ္ဌာန်ဟူ၍ မရှိ။ ထွက်သက် ဝင်သက်ဟူ၍ပင် မရှိ။ ဓာတ်အမှုကြီးလေးပါးသည်သာ ရှိ၏ဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

ထွက်သက် ဝင်သက်မှ ကြွင်းသော ဆံပင်, မွေးညှင်း အစရှိသော

http://www.dhammadownload.com



တစ်ကိုယ်လုံးမှာလည်း အတိုအရှည် အစရှိသော ဒြပ်သဏ္ဍာန် အနေနှင့် ဤကား ဆံပင်တည်း, ဤကား မွေးညှင်းတည်း အစရှိသည်ဖြင့် သိမြင်ထင်မှတ်၍ နေကြသော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိကြ၏။ဓာတ်အမှုကြီးလေးပါးသည် အသီးအသီး ရှိကြ၏။ ထိုဆံပင်, မွေးညှင်း အစရှိသော တစ်ကိုယ်လုံးမှာလည်း ဓာတ်အမှုကြီးလေးပါး ဉာဏ်အမြင်ပေါက်သည်ရှိသော် သဏ္ဍာန်အသီးအသီးနှင့် ဆံပင်, ဆံပင်ဟု သိမြင်ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍ နေသမျှကာလပတ်လုံး ကွယ်ပျောက်လတ္တံ့။ ဆံပင်ဟူ၍ မရှိမူ ထင်ရှားလတ္တံ့။ ထိုသို့ ထင်ရှားသောအခါ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။ မွေးညှင်းစသော တစ်ကိုယ်လုံး၌လည်း ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိကြပုံ, ဓာတ်အမှုကြီးလေးပါး အသီးအသီး အမြင်ပေါက်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိ အသီးအသီးဖြစ်ပုံကို ဆံပင်နည်းတူ သိလေ။

**ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် ပြီး၏။**

## (၁၈) နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိအစီအရင်

ထွက်သက် ဝင်သက်ကို အာရုံပြုသောစိတ်, ဓာတ်အမှုကြီးလေးပါးကို အာရုံပြုသောစိတ်, ထိုစိတ်တို့၌ ပါရှိသော သတိ, ဝီရိယ, ဉာဏ်ပညာတို့သည် နာမ်မည်ကုန်၏။ အာရုံကို သိခြင်းအမှုသည် စိတ်တည်း။ အာရုံသည် အထပ်ထပ် အမှတ်ရခြင်းအမှုသည် သတိတည်း။ ထိုအလုပ်၌ အားထုတ်ခြင်း အမှုသည် ဝီရိယတည်း။ ထိုအာရုံ ထိုအလုပ်တို့၌ လိမ်မာရန် အခွင့်ကို သိခြင်းအမှုသည် ဉာဏ်ပညာတည်း။ ထွက်သက် ဝင်သက်ကို ငါအာရုံပြုမည်ဟု သိမြင်ထင်မှတ်မှုသည် စိတ်၌

http://www.dhammadownload.com



ဒိဋ္ဌိအရိုးစိုက်ကြီးတည်း။ ဤဒိဋ္ဌိအရိုးစိုက်ကြီးကို ဉာဏ်၌ ပျောက်ကွယ်လေအောင် စိတ်၌ သုတ်သင်ရာ၏။

**သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ။** ။ အဘယ်သို့ သုတ်သင်ရာသနည်းဟူမူကား – ထွက်သက် ဝင်သက်ကို အာရုံပြုမှုကြိယာသည် စိတ်ဓာတ်တစ်ခုတည်း။ နလုံး၌ ထိုဓာတ်ဖြစ်ပေါ်၍ နေဆဲအခါ ထွက်သက်ဝင်သက်ကို အာရုံပြုမှု ကြိယာပေါ်၍ နေ၏။

ထိုအမှု, ထိုကြိယာသည် နာမ်၏ ကြိယာမတ္တသာတည်း။
ရုပ်ခန္ဓာလည်း မဟုတ်, ရုပ်ခန္ဓာ၏ အမှုလည်း မဟုတ်။
ပုဂ္ဂိုလ်လည်း မဟုတ်, ပုဂ္ဂိုလ်၏အမှုလည်း မဟုတ်။
သတ္တဝါလည်း မဟုတ်, သတ္တဝါ၏အမှုလည်း မဟုတ်။
ငါလည်း မဟုတ်, ငါ၏အမှုလည်း မဟုတ်။

စိတ်ဟူ၍လည်းကောင်း, ဝိညာဏ်ဟူ၍လည်းကောင်း, နာမ်ဟူ၍လည်းကောင်း, အဘိဓမ္မာ၌ ဟောတော်မူသော ဓာတ်အမှုတစ်ခု အသီးအခြားသာတည်းဟု အမြင်ရှုရာ၏။

ရုပ်ခန္ဓာနှင့်လည်းကောင်း, ပုဂ္ဂိုလ် သတ္တဝါ ငါတို့နှင့်လည်းကောင်း ရောယှက်ထွေးလုံး၍ မနေစေလင့်။ ရောယှက်ထွေးလုံးခြင်းမရှိပဲ ထိုအာရုံပြုမှုကို ဉာဏ်စိုက်မိသောအခါ စိတ်ဟူသော နာမ်ဓာတ်တစ်ခု၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ပေါက်၏။ စိတ်ဓာတ်တစ်ခု၌ ဉာဏ်အမြင်ပေါက်ခဲ့လျှင် သတိ, ဝီရိယ, ဉာဏ်ပညာဟူသော နာမ်ဓာတ်တို့၌လည်းဉာဏ်အမြင် ပေါက်နိုင်တော့သည်။ စိတ်ဓာတ်တစ်ခု၌သာ လိုရင်းတည်း။

**နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် ပြီး၏။**

**ဒိဋ္ဌိဝိသုဒ္ဓိအမြွက် ပြီး၏။**

❋ ❋ ❋

မိခင်ရောဝတီ

http://www.dhammadownload.com



## (၁၉) ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင်

တစ်ကိုယ်လုံးမှာ ရုပ်ခတ်အမှုကြီးလေးပါး, စိတ်ခတ်အမှုကြီး တစ်ပါးဟူ၍ ခတ်အမှုကြီး ငါးခုကို အသီးအသီး ဉာဏ်အမြင် ပေါက်အောင် အားထုတ်ပြီးနောက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ကို ဖြစ်စေရာ၏။ အဘယ်သို့ ဖြစ်စေရာသနည်း ဟူမူကား ပဋိစ္စသမုပ္ပါဒ်မှုကို ဉာဏ်အမြင်ပေါက်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်တော့သည်။

**ကင်္ခါဆိုသည်ကား** – ဝိစိကိစ္ဆာတည်း။ အနမတဂ္ဂ သံသရာ၌ ခတ်အမှုကြီး ငါးခုတို့၏ ဖြစ်နိုင်ရန်အကြောင်းကို လောက၌ အထွေထွေ အလာလာ ကြံဖန်စွဲယူကြသော မိစ္ဆာဝါဒအများရှိ၏။ ရုပ်တရား, နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ်မှုကို နေရာတကျ မသိသည့်အတွက်ကြောင့် ထိုမိစ္ဆာဝါဒများသို့လည်းကောင်း, နိစ္စအယူ, အတ္တအယူများသို့လည်းကောင်း စိတ်သဘော ကိုင်းရှိုင်းလျက် ရှိကြ၏။ ဤကား သာမည ဝိစိကိစ္ဆာ[၁]တည်း။ "**အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ**" စသည်ကား ဝိသေသ ဝိစိကိစ္ဆာတည်း။

တစ်ကိုယ်လုံး၌ ရုပ်ခတ်မှုကြီး လေးပါးသည် –

(၁) ကံကြောင့်ဖြစ်သော လေးပါး,

(၂) စိတ်ကြောင့်ဖြစ်သော လေးပါး,

(၃) ဥတုကြောင့်ဖြစ်သော လေးပါး,

(၄) အာဟာရကြောင့်ဖြစ်သော လေးပါး,

ဟူ၍ အကြောင်းလေးပါးကို သိရာ၏။

၁။ ရှေးရှေး၌ ပြခဲ့ပြီးသော ကံဟောင်းကို အစွဲပြု၍ တစ်ကိုယ်လုံး၌ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ခဏမစဲ တဖွားဖွား ဖြစ်ပေါ်

---

၁။ ဝိစိကိစ္ဆာ = ယုံမှားခြင်း။

http://www.dhammadownload.com



နေသောဓာတ်အမှုကြီးလေးပါးသည် ကံကြောင့်ဖြစ်သည့် လေးပါးမည်၏။

၂။ ထိုထိုခဏ၌ ဖြစ်ဆဲဖြစ်ဆဲသော ထိုထိုစိတ်ကို အစွဲပြု၍ သူ့စိတ်နှင့်သူ တဖွားဖွား ဖြစ်ပေါ်၍နေသော ဓာတ်အမှုကြီး လေးပါးသည် စိတ်ကြောင့်ဖြစ်သည့် လေးပါး မည်၏။

၃-၄။ ဥတု, အာဟာရတို့၌လည်း ဤနည်းတူ တစ်နေ့ တစ်နေ့ အဖို့တွင် ကိုယ်အင်္ဂါတို့၌ အေးမှု, ပူမှုဟူသော ထိုထိုဥတုအခိုက် အလှည့်ကို စွဲ၍ သူ့ဥတုနှင့် သူ့ဓာတ် အမှုကြီးလေးပါ တဖွားဖွားဖြစ်၍ နေမှုကိုလည်းကောင်း, သူ့အာဟာရ ဓာတ်ပွားခိုက်ကို အစွဲပြု၍ သူ့ဓာတ် ကြီးလေးပါး တဖွားဖွားဖြစ်၍ နေမှုကိုလည်းကောင်း ဝေဖန်၍ သိလေ။

**[စိတ်ဓာတ်၌ကား ထွက်သက် ဝင်သက်ဟူသော အာရုံကိုလည်းကောင်း, မှီရာဝတ္ထု ရုပ်ကိုလည်းကောင်း အစွဲပြု၍ သူ့ထွက်သက်နှင့် သူ့စိတ်, သူ့ဝင်သက်နှင့် သူ့စိတ် နေခြည်မျှင် တံလျှပ်မျှင်တို့ကဲ့သို့ အစဉ်ဖြစ်ပွား၍ နေသည်ကို သိလေ။]**

ဤကား ဓာတ်အမှုကြီးငါးပါးတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်တည်း။ ဤပဋိစ္စသမုပ္ပါဒ် အချက်ကို ဉာဏ်အမြင်ပေါက်ခဲ့လျှင် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ပြီးစီးလေတော့သည်။ နိစ္စ, အတ္တ အထင်ကို လွှန်နိုင်တော့သည်။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင် ပြီး၏။**

* * *

## (၂၀) ဝိပဿနာလမ်းသို့ တက်နည်း

မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်, စိတ်ဓာတ်ဟူ၍ ပဓာနဓာတ်ကြီး ငါးပါး။

ကံ, စိတ်, ဥတု, အာဟာရဟူ၍ ရုပ်၏ဖြစ်ကြောင်းတရားလေးပါး။

မိခင်ရောဝတီ

http://www.dhammadownload.com



ဝတ္ထု၊ အာရုံဟူ၍ နာမ်၏ဖြစ်ကြောင်းကို တရားနှစ်ပါး။

ဤတရားအစုကို ရုပ်နာမ်နှစ်ပါးပြု၍ ထားပြီးလျှင် ထိုတရားတို့ကိုလည်းကောင်း, ထိုတရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း ဉာဏ်ဖြင့် စေ့စေ့ရှု၍ –

**"ရူပံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန"**– ဟူ၍ လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန် သုံးသပ်ခြင်းဟူသော ဝိပဿနာတရားကို အားထုတ်ရာ၏။ ။ ဤကား **"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"**– ဟူသော ဤပါဠိတော်နည်းအားဖြင့် ထွက်သက် ဝင်သက်နှင့် ဖက်တွဲ၍ ဝိပဿနာလမ်းသို့ တက်ပုံအမြွက်တည်း။ **တစ်နည်းမှုကား။** ။ ထွက်သက် ဝင်သက်ရှုမှုကို ဥပစာရကိစ္စပြု၍ မိမိ၌ သိရင်းရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ထို့အတူ ဉာဏ်ဖြင့် စေ့စေ့ရှု၍လည်း သုံးသပ်ရာ၏။ ။ ဥပစာရကိစ္စမှု ဆိုသည်ကား အချိန်နာရီထား၍ အားထုတ်သူတို့မှာ အလုပ်ခွင်သို့ ဝင်သောအခါ ဝင်တိုင်း ဝင်တိုင်း စိတ်ကိုချုပ်တည်းခြင်းငှါ, တည်ငြိမ်စေခြင်းငှါ ရှေးဦးစွာ ထွက်သက် ဝင်သကို ရှုမှုတည်း။ စိတ်တည်ငြိမ်သောအခါမှ အလိုရှိရာ ခန္ဓာကို ရှုရာ၏။

[ဤကား ဂဏနာအခန်းမှာ ဝိပဿနာလမ်းသို့ တက်ရာ၌ အမြွက်မျှ ပြဆိုချက်တည်း။ အပြည့်အစုံဖြစ်သော ဝိပဿနာလုပ်နည်း အစီအရင်ကိုမူကား အာဟာရဒီပနီ, အနတ္တဒီပနီ စာအုပ်တို့မှာ ကြည့်ရှု၍ယူလေ။]

ဂဏနာ၊ ခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း အမြွက်ပြီး၏။

❄ ❄ ❄

http://www.dhammadownload.com



## (၂၁) မှာထားချက်

၁။ အနုဗန္ဓနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၂။ ဉပစာရသမာဓိဟူသော ဌပနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၃။ အပ္ပနာသမာဓိဟူသော ဌပနာလေးရပ်တို့တွင် ပဌမဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၄။ ဒုတိယဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၅။ တတိယဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၆။ စတုတ္ထဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

ဟူ၍ ဂဏနာအခန်းမှ အထက်၌ ခြောက်ဆင့် ခြောက်လမ်း ရှိသည် မှာလည်း ဂဏနာခန်းမှာ ပြဆိုခဲ့ပြီးသော နည်းလမ်းကို အစဉ်မှီး၍ သိကြလေ။

၁။ ကျန်ရှိသော ဝိသုဒ္ဓိသုံးပါးတို့၏ ဖြစ်ပုံအစီအရင်။

၂။ ဝိပဿနာဉာဏ် ဆယ်ပါးတို့၏ ဖြစ်ပုံအစီအရင်။

၃။ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဝိဇ္ဇာဝိမုတ္တိတို့၏ ဖြစ်ပုံအစီအရင်ကို သံပေါက်လင်္ကာဖြင့် ငါတို့စီရင်သော သင်္ဂြိုဟ် ၉-ပိုင်း အချုပ် ပရမတ္ထသံခိပ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ ယူကြလေ။

ဤတွင်ရှေ့ကား အဋ္ဌကထာတို့၌လာသော သုတ္တာနုလောမနည်းနှင့်တကွ အာနာပါနဿတိ သုတ်ပါဠိတော်ကို အစဉ်မှီး၍ အကျဉ်းမျှ ပြဆိုလိုက်သော အာနာပါန ကမ္မဋ္ဌာန်းအစီအရင် ပြီး၏။

❊ ❊ ❊

http://www.dhammadownload.com



# ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဓာတုကမ္မဋ္ဌာန

ဥဒ္ဒေသ

အတ္ထိ ဣမသ္မိံ ကာယေ ပထဝီကာယာ, အာပေါကာယာ, တေဇောကာယာ, ဝါယောကာယာ, ဝိညာဏကာယာ။

ပထဝီကာယ နိဒ္ဒေသ

၁။ တတ္ထ ကတမေ ပထဝီကာယာ။

(က) ကေသာ, လောမာ, နခါ, ဒန္တာ, တစော။

(ခ) မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ။

(ဂ) ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ။

(ဃ) အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂ-
ဣမေ ဝီသတိ ပထဝီကာယော။

http://www.dhammadownload.com



## အာပေါကာယ နိဒ္ဒေသ

**၂။ တတ္ထ ကတမေ အာပေါကာယာ။**

(က) ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ။

(ခ) အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ-

**ဣမေ ဝုစ္စန္တိ အာပေါကာယာ။**

## တေဇောကာယ နိဒ္ဒေသ

**၃။ တတ္ထ ကတမေ တေဇောကာယာ။**

သန္တာပေါ, ဒါဟော, ပါစကော, ဇီရဏာ-

**ဣမေ ဝုစ္စန္တိ တေဇောကာယာ။**

## ဝါယောကာယ နိဒ္ဒေသ

**၄။ တတ္ထ ကတမေ ဝါယောကာယာ။**

ဥဒ္ဓင်္ဂမာ ဝါတာ, အဓောဂမာ ဝါတာ, ကုစ္ဆိသယာ ဝါတာ, ကောဋ္ဌာသယာ ဝါတာ, အင်္ဂမင်္ဂါနုသာရိနော ဝါတာ, အဿာသပဿာသာ ဝါတာ-

**ဣမေ ဝုစ္စန္တိ ဝါယောကာယာ။**

## ဝိညာဏကာယ နိဒ္ဒေသ

**၅။ တတ္ထ ကတမေ ဝိညာဏကာယာ။**

စက္ခုဝိညာဏံ, သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ကာယဝိညာဏံ, မနောဝိညာဏံ-

**ဣမေ ဝုစ္စန္တိ ဝိညာဏကာယာ။**

မိခင်ရောဝတီ

http://www.dhammadownload.com



## ပထဝီကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၁-က။ ကေသကာယေ ကက္ခဠကိရိယာ ပထဝီ နာမ၊ အာဗန္ဓန ကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ တဒုပါဒါ၊ သဗ္ဗေတေ ဓမ္မာ သစ်တာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ခ။ တထာ လောမကာယေ, နခကာယေ, ဒန္တကာယေ, တစကာယေ, မံသကာယေ, နှာရုကာယေ, အဋ္ဌိကာယေ, အဋ္ဌိမိဉ္ဇကာယေ, ဝက္ကကာယေ, ဟဒယကာယေ, ယကနကာယေ, ကိလောမကကာယေ, ပိဟကကာယေ,ပပ္ဖါသကာယေ, အန္တကာယေ, အန္တဂုဏကာယေ, ဥဒရိယကာယေ, ကရီသကာယေ, မတ္ထလုင်္ဂကာယေတိ။

## အာပေါကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၂-က။ ပိတ္တကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓန ကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘန ကိရိယာ ဝါယောနာမ၊ ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေဓမ္မာ သစ်တာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ခ။ တထာ သေမှကာယေ, ပုဗ္ဗကာယေ, လောဟိတကာယေ, သေဒကာယေ, မေဒကာယေ, အဿုကာယေ, ဝသာကာယေ, ခေဠကာယေ, သိင်္ဃာဏိကာကာယေ, လသိကာကာယေ, မုတ္တကာယေတိ။

http://www.dhammadownload.com



## တေဇောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၃–က။ သန္တာပကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ခ။ တထာ ဒါဟကာယေ၊ ပါစကကာယေ၊ ဇီရဏကာယေတိ။

## ဝါယောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၄–က။ ဥဒ္ဓင်္ဂမကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေတေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ခ။ တထာ အဓောဂမကာယေ၊ ကုစ္ဆိသယကာယေ၊ ကောဋ္ဌာသယကာယေ၊ အင်္ဂမင်္ဂါနုသာရီကာယေ၊ အဿာသပဿာသကာယေတိ။

http://www.dhammadownload.com



## ဝိညာဏကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၅-က။ စက္ခုဝိညာဏကာယေ စတ္တာရောခန္ဓာ လဗ္ဘန္တိ၊ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ စေတနာသင်္ခါရ-က္ခန္ဓော၊ ဝိညာဏံ ဝိညာဏက္ခန္ဓော၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ခ။ တထာ သောတဝိညာဏကာယေ, ဃာနဝိညာဏကာယေ, ဇိဝှါဝိညာဏကာယေ, ကာယဝိညာဏကာယေ, မနောဝိညာဏကာယေတိ။

## နိဂမ

တ္တတိ တ္တမသ္မိံ မေ ကာယေ အဋ္ဌစတ္တာလီသပဘေဒါ ဓာတုကာယာ၊ ဓမ္မကာယာ၊ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ဓာတုကမ္မဋ္ဌာနံ နိဋ္ဌိတံ

## ဥယျောဇဉ်

ဝတ်ကျောင်း၌ လူအများပေါင်း၍ ရွတ်ကြသောအခါ ဖော်ပြခဲ့ပြီးသော ပါဠိရှိတိုင်းသာ ရွတ်၊ ဆိတ်ငြိမ်ရာ၌နေ၍ ပွားများသောအခါ ၄၈-ပါးသော ကာယတို့၌ အသီးအသီး အကျယ်ထုတ်ဖော်၍ ပွားများကြရမည်။

မိခင်ရောဝတီ

http://www.dhammadownload.com



## ဓာတ်ကမ္မဋ္ဌာန်းအနက်

### ဥဒ္ဒေသ

မေ၊ ငါ၏။ ဣမသ္မိံ ကာယေ၊ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌။ ပထဝီကာယာ၊ မြေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း။ အာပေါကာယာ၊ ရေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း။ တေဇောကာယာ၊ မီးဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း။ ဝါယောကာယာ၊ လေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း။ ဝိညာဏကာယာ၊ ကြံတတ် သိတတ်သော ကိုယ်အစုတို့သည်လည်းကောင်း။ အတ္ထိ–သန္တိ၊ ရှိကုန်၏။

### ပထဝီကာယ နိဒ္ဒေသ

၁။ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်။ ပထဝီကာယာ၊ မြေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား –

(က) ကေသာ၊ ၂–ကုဋေ ၄–သန်းမျှသော ဆံပင်ဟူသော မြေအစုတို့လည်းကောင်း။ ၉–သောင်း ၉–ထောင်မျှသော မွေးညှင်းဟူသော မြေအစုတို့လည်းကောင်း။ နခါ၊ ၂၀–အရေအတွက်ရှိသော ခြေသည်း လက်သည်းဟူသော မြေအစုတို့လည်းကောင်း။ ဒန္တာ၊ ၃၂–ချောင်း အရေအတွက်ရှိသော သွားဟူသော မြေအစုတို့လည်းကောင်း။ တစော၊ အရေထူ အရေပါး ၂–မျိုးပြားသော အရေဟူသော မြေအစုလည်းကောင်း။

(ခ) မံသံ၊ ကိုးရာမျှ အရေအတွက်ရှိသော အသားစိုင် အသားခဲဟူသော မြေအစုလည်းကောင်း။ နှာရု၊ ကိုးရာမျှ အရေအတွက်ရှိသော

http://www.dhammadownload.com



အကြောဟူသော မြေအစုလည်းကောင်း။ အဋ္ဌိ၊ သုံးရာမျှ အရေအတွက်ရှိသော အရိုးဟူသော မြေအစုလည်းကောင်း။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီဟူသော မြေအစုလည်းကောင်း။ ဝက္ကံ၊ ကျောက်ကပ်ခေါ်သော အညှိုဟူသော မြေအစုလည်းကောင်း။

(ဂ) ဟဒယံ၊ နှလုံးသားဟူသော မြေအစုလည်းကောင်း။ ယကနံ၊ အသည်းဟူသော မြေအစုလည်းကောင်း၊ ကိလောမကံ၊ အမြှေးလွှာဟူသော မြေအစုလည်းကောင်း။ ပိဟကံ၊ သရက်ရွက်ခေါ်သော အဖျင်းဟူသော မြေအစုလည်းကောင်း။ ပပ္ဖါသံ၊ အဆုတ်ဟူသော မြေအစုလည်းကောင်း။

(ဃ) အန္တံ၊ အူမကြီးဟူသော မြေအစုလည်းကောင်း။ အန္တဂုဏံ၊ အူသိမ် အူသေးဟူသော မြေအစုလည်းကောင်း။ ဥဒရိယံ၊ အစာသစ်ဟူသော မြေအစုလည်းကောင်း။ ကရီသံ၊ အစာဟောင်းဟူသော မြေအစုလည်းကောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်ဟူသော မြေအစုလည်းကောင်း။

ဣမေ၊ ဤနှစ်ဆယ်သော မြေအစုတို့ကို။ ပထဝီကာယာ၊ မြေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

## အာပေါကာယ နိဒ္ဒေသ

၂။ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်။ အာပေါကာယာ၊ ရေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား –

(က) ပိတ္တံ၊ သည်းခြေဟူသော ရေအစုလည်းကောင်း။ သေမှံ၊ သလိပ်ဟူသော ရေအစုလည်းကောင်း။ ပုဗ္ဗော၊ ပြည်ဟူသော ရေအစုလည်းကောင်း။ လောဟိတံ သွေးဟူသော ရေအစုလည်းကောင်း။

http://www.dhammadownload.com



သေဒေါ၊ ချွေးဟူသော ရေအစုလည်းကောင်း။ မေဒေါ၊ အဆီပြင် အဆီခဲ ဟူသော ရေအစုလည်းကောင်း။

(ခ) အဿု၊ မျက်ရည်ဟူသော ရေအစုလည်းကောင်း။ ဝသာ၊ ဆီကြည်ဟူသော ရေအစုလည်းကောင်း။ ခေဠော၊ လျှာရည်တံတွေး ဟူသော ရေအစုလည်းကောင်း။ သိင်္ဃာဏိကာ၊ နှပ်ရည် နှပ်ခေးဟူသော ရေအစုလည်းကောင်း။ လသိကာ၊ အစေးပုပ်ဟူသော ရေအစုလည်း ကောင်း။ မုတ္တံ၊ ကျင်ငယ်ဟူသော ရေအစုလည်းကောင်း။

တ္တမေ၊ ဤတစ်ဆယ့်နှစ်ပါးသော ရေအစုတို့ကို။ အာပေါ ကာယာ၊ ရေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

## တေဇောကာယ နိဒ္ဒေသ

၃။ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်။ တေဇောကာယာ၊ မီးဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့ နည်း ဟူမူကား -

သန္တာပေါ၊ ရက်ဆက် ရက်ချန် ဖျားခြင်းစသော အလွန်ပူသော မီးအစုလည်းကောင်း။ ဒါဟော၊ ပေါက်နာ ကျောက်နာစသော အသွေး အသားကို အကျက်လောင်သော မီးအစုလည်းကောင်း။ ပါစကော၊ အစာကို ကြေစေတတ်သော မီးအစုလည်းကောင်း။ ဇီရဏံ၊ ရင့်ရော် မှည့်ရွှမ်းဟောင်းနွမ်း ဆွေးမြေ့စေတတ်သော မီးအစုလည်းကောင်း။

တ္တမေ၊ ဤလေးပါးသော မီးအစုတို့ကို။ တေဇောကာယာ၊ မီးဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



## ဝါယောကာယ နိဒ္ဒေသ

၄။ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်။ ဝါယောကာယာ၊ လေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား –

ဥဒ္ဓင်္ဂမာ ဝါတာ၊ အထက်သို့ ဆန်တက်သော လေအစုတို့လည်းကောင်း။ အဓောဂမာ ဝါတာ၊ အောက်သို့ စုန်ဆင်းသော လေအစုတို့လည်းကောင်း။ ကုစ္ဆိသယာ ဝါတာ၊ ဝမ်းခေါင်းတွင်း၌ ကိန်းသော လေအစုတို့လည်းကောင်း။ ကောဋ္ဌာသယာ ဝါတာ၊ အူမ, အူသိမ်တွင်း၌ ကိန်းသော လေအစုတို့လည်းကောင်း။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော လေအစုတို့လည်းကောင်း။ အဿာသပဿာသာ ဝါတာ၊ ထွက်သက် ဝင်သက်ဟူသော လေအစုတို့လည်းကောင်း။

ဣမေ၊ ဤခြောက်ပါးသော လေအစုတို့ကို။ ဝါယောကာယာ၊ လေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

## ဝိညာဏကာယ နိဒ္ဒေသ

၅။ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်။ ဝိညာဏကာယာ၊ ကြံတတ် သိတတ်သော ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား –

စက္ခုဝိညာဏံ၊ မျက်လုံးတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။ သောတဝိညာဏံ၊ နားတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။ ဃာနဝိညာဏံ၊ နှာခေါင်းတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။ ဇိဝှါဝိညာဏံ၊ လျှာအပြင်၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။ ကာယဝိညာဏံ၊

http://www.dhammadownload.com



တစ်ကိုယ်လုံးမှာ ထိုထိုအင်္ဂါ၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။ မနောဝိညာဏ်၊ နှလုံးတွင်း၌ ဖြစ်ပေါ်သော ထွေထွေလာလာ ကြံမှုသိမှုလည်းကောင်း။

တ္တမေ၊ ဤခြောက်ပါးသော ကြံမှုသိမှုတို့ကို။ ဝိညာဏကာယာ၊ ကြံတတ် သိတတ်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

**တစ်ယောက်, တစ်ယောက်သော သူ၏ ကိုယ်ခန္ဓာ၌ အစိတ်အစိတ် ဖြစ်ကုန်သော ၄၈-ပါးကုန်သော ကိုယ်ခန္ဓာတို့ကို ထုတ်ဆိုရာ နိဒ္ဒေသခန်း ပြီး၏။**

## ပထဝီကာယ ဘာဝနာ ပဋ္ဌနိဒ္ဒေသ

၁-က။ ကေသကာယေ၊ ဆံပင်ဟူသော ကိုယ်အစု၌။ ဝါ၊ ဆံပင်ဟူသော မြေအစု၌ -

ယာ ကက္ခဠ ကိရိယာ၊ အကြင်ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓနကိရိယာ၊ အကြင်ဖွဲ့စေး ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဖွဲ့စေးကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယော ဥဏှတ္တကိရိယာ၊ အကြင်နွေးသည် ပူသည်၏အဖြစ်တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှုကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် ဓာတ်မီးစစ် မည်၏။

ယာ ဝိတ္ထမ္ဘန ကိရိယာ၊ အကြင်ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုထောက်ကန်မှု ကြိယာသည်။ ဝါယော

http://www.dhammadownload.com



နာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊ ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ်ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေဓမ္မာ၊ ထို ဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သင်္ခတာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ**၊ တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ**၊ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

**သုညာ**၊ နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ**၊ ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ**၊ ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ**၊ ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



**နိရောဓဓမ္မာ**၊ ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရမဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

ခ။ တထာ၊ ထိုကေသကာယနှင့်အတူ။ လောမကာယေ၊ မွေးညှင်းဟူသော ကိုယ်အစုဌ်လည်းကောင်း။ နခကာယေ၊ ခြေသည်း လက်သည်းဟူသော ကိုယ်အစုဌ်လည်းကောင်း။ ဒန္တကာယေ၊ သွားဟူသော ကိုယ်အစုဌ်လည်းကောင်း။ တစကာယေ၊ အရေဟူသော ကိုယ်အစုဌ်လည်းကောင်း။ မံသကာယေ၊ အသားဟူသော ကိုယ်အစုဌ်လည်းကောင်း။ နှာရုကာယေ၊ အကြောဟူသော ကိုယ်အစုဌ်လည်းကောင်း။ အဋ္ဌိကာယေ၊ အရိုးဟူသော ကိုယ်အစုဌ်လည်းကောင်း။ အဋ္ဌိမိဉ္ဇကာယေ၊ ရိုးတွင်းခြင်ဆီဟူသော ကိုယ်အစုဌ်လည်းကောင်း။ ဝက္ကကာယေ၊ အညှိုဟူသော ကိုယ်အစုဌ်လည်းကောင်း။ ဟဒယကာယေ၊ နှလုံးဟူသော ကိုယ်အစုဌ်လည်းကောင်း။ ယကနကာယေ၊ အသည်းဟူသော ကိုယ်အစုဌ်လည်းကောင်း။ ကိလောမကကာယေ၊ အမြှေးဟူသော ကိုယ်အစုဌ်လည်းကောင်း။ ပိဟကကာယေ၊ အဖျဉ်းဟူသော ကိုယ်အစုဌ်လည်းကောင်း။ ပပ္ဖါသကာယေ၊ အဆုတ်ဟူသော ကိုယ်အစုဌ်လည်းကောင်း။ အန္တကာယေ၊ အူမဟူသော ကိုယ်အစုဌ်လည်းကောင်း။ အန္တဂုဏကာယေ၊ အူသိမ်ဟူသော ကိုယ်အစုဌ်လည်းကောင်း။ ဥဒရိယကာယေ၊ အစာသစ်

http://www.dhammadownload.com



ဟူသော ကိုယ်အစု၌လည်းကောင်း။ ကရီသကာယေ၊ အစာဟောင်း ဟူသော ကိုယ်အစု၌လည်းကောင်း။ မတ္ထလုင်္ဂကာယေ၊ ဦးနှောက်ဟူသော ကိုယ်အစု၌လည်းကောင်း–

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေ ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဖွဲ့စေးကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင်နွေးသည် ပူသည်၏အဖြစ်တည်း ဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှုကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာဝိတ္ထမ္ဘနကိရိယာ၊ အကြင်ထောက်ကန်မှုဟူသော ကြိယာ သည်။ အတ္ထိ၊ ရှိ၏။ ထိုထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ် သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊ ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါး သော ဓာတ်တို့သည်။ တဒုပါဒါ၊ ထိုမြေ, ရေ, မီး, လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေဓမ္မာ၊ ထိုဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သခ်ီတာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



**ပဋိစ္စသမုပ္ပန္နာ၊** အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ၊** ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါအင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့် ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက် ကြောင့်၊ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**ဣတိ၊** ဤတွင် ပထဝီကာယ ၂၀–ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## အာပေါကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၂-က။ ပိတ္တကာယေ၊ သည်းခြေဟူသော ကိုယ်အစု၌ -

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာအာဗန္ဓနကိရိယာ၊ အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဖွဲ့စေး ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာ ဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏ အဖြစ် တည်းဟူသောကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာဝိတ္ထမ္ဘနကြိယာ၊ အကြင် ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုထောက်ကန်မှု ကြိယာသည်။ ဝါယော နာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ် သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊ ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါး သော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓေတဗ္ဗာ၊ ထိုဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် -

**သဓီတာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း-

မိခင်ရောဝတီ

http://www.dhammadownload.com



ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ၊** ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပ ပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဆေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက် ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

ခ။ တထာ၊ ထိုပိတ္တကာယနှင့်အတူ။ သေမှကာယေ၊ သလိပ် ဟူသော ကိုယ်အစုဌ်လည်းကောင်း။ ပုဗ္ဗကာယေ၊ ပြည်ဟူသော ကိုယ်အစု

http://www.dhammadownload.com



ဒ္ဒိလည်းကောင်း။ လောဟိတကာယေ၊ သွေးဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ သေဒကာယေ၊ ချွေးဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ မေဒကာယေ၊ အဆီပြင်ခဲဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ အဿုကာယေ၊ မျက်ရည်ဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း၊ ဝသာကာယေ၊ ဆီကြည်ဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ ခေဠကာယေ၊ လျှာရည်တံတွေးဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ သိင်္ဃာဏိကာကာယေ၊ နှာရည် နှပ်စေးဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ လသိကာ ကာယေ၊ အစေးအပုပ်ဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း။ မုတ္တကာယေ၊ ကျင်ငယ်ဟူသော ကိုယ်အစုဒ္ဒိလည်းကောင်း–

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေးမှု ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ဖွဲ့စေးမှု ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာဝိတ္ထမ္ဘနကိရိယာ၊ အကြင် ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊

http://www.dhammadownload.com



ဩဇာဓာတ်ဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေဟူသော ဓာတ်ကြီးလေးပါးတို့ဖြင့် မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓောဓမ္မာ၊ ထိုဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သင်္ခတာ၊** အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ၊** အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ၊** ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြဗ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊

မိခင်ရောဝတီ

http://www.dhammadownload.com



အနိစ္စာမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။

ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**တ္တတိ၊ ဤတွင် အာပေါကာယ ၁၂-ပါး ပြီး၏။**

## တေဇောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၃-က။ သန္တာပကာယေ၊ သန္တာပ တေဇောဟူသော ကိုယ်အစု၌-

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ်မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေး ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ဖွဲ့စေး ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာဝိတ္ထမ္ဘနကိရိယာ၊ အကြင် ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊

http://www.dhammadownload.com



သြဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓာတေဓမ္မာ၊ ထို ဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သင်္ခတာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်သောတရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ**၊ တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ**၊ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာတွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ**၊ နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ**၊ ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ**၊ ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ**၊ ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ**၊ ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊

http://www.dhammadownload.com



အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

ခ။ တထာ၊ ထိုသန္တပကာယနှင့်အတူ။ ဒါဟကာယော၊ ဒါဟတေဇောဟူသော ကိုယ်အစုဒ္ဓလည်းကောင်း။ ပါစကကာယော၊ ပါစကဓာတ်မီးဟူသော ကိုယ်အစုဒ္ဓလည်းကောင်း။ ဇီရဏကာယော၊ ဇီရဏတေဇောဟူသော ကိုယ်အစုဒ္ဓလည်းကောင်း။

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေး ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ဖွဲ့စေး ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏အဖြစ် တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာ ဝိတ္ထမ္ဘန ကိရိယာ၊ အကြင် ထောက်ကန်မှု ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊

မိခင်ရောဝတီ

http://www.dhammadownload.com



ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေဓမ္မာ၊ ထိုဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သခ်တာ၊** အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ၊** အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ၊** ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊

မိခင်ရောဝတီ

http://www.dhammadownload.com



အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**ဣတိ၊ ဤတွင် တေဇောကာယ ၄-ပါး ပြီး၏။**

## ဝါယောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၄-က။ ဥဒ္ဓင်္ဂမကာယေ၊ ဥဒ္ဓင်္ဂမလေအစု၌ -

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေး ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ဖွဲ့စေး ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာဝိတ္ထမ္ဘနကိရိယာ၊ အကြင် ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊

မိခင်ရောဝတီ

http://www.dhammadownload.com



ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓာတဝေါ၊ ထို ဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သခ်တာ၊** အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ၊** အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်သောတရားတို့သာတည်း။

**နိဿတ္တာ၊** ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာတွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ မိခင်ရောဝတီ

http://www.dhammadownload.com



အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

ခ။ တထာ၊ ထိုဥဒ္ဒေါ်မကာယနှင့်အတူ။ အဓောဂမကာယေ၊ အဓောဂမ လေအစုဉ်လည်းကောင်း။ ကုစ္ဆိသယကာယေ၊ ကုစ္ဆိသယ လေအစုဉ်လည်းကောင်း။ ကောဋ္ဌာသယကာယေ၊ ကောဋ္ဌာသယ လေအစုဉ်လည်းကောင်း။ အင်္ဂမင်္ဂါနုသာရီကာယေ၊ အင်္ဂမင်္ဂါနုသာရီ လေအစုဉ်လည်းကောင်း။ အဿာသပဿာသကာယေ၊ ထွက်သက် ဝင်သက် လေအစုဉ်လည်းကောင်း–

ယာ ကက္ခဠ ကိရိယာ၊ အကြင် ခက်မာမှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုခက်မာမှု ကြိယာသည်။ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏။

ယာ အာဗန္ဓန ကိရိယာ၊ အကြင် ဖွဲ့စေး ကပ်တွယ်မှုဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ဖွဲ့စေး ကပ်တွယ်မှု ကြိယာသည်။ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာဥဏှတ္တကိရိယာ၊ အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို နွေးမှု ပူမှု ကြိယာသည်။ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ် မည်၏။

ယာ ဝိတ္ထမ္ဘန ကိရိယာ၊ အကြင် ထောက်ကန်မှု ကြိယာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ထောက်ကန်မှု ကြိယာသည်။ ဝါယောနာမ၊ ပရမတ်နှစ် လေဓာတ်စစ် မည်၏။

http://www.dhammadownload.com



ဝဏ္ဏော၊ အဆင်းဓာတ်သည်လည်းကောင်း။ ဂန္ဓော၊ အနံ့ဓာတ်သည်လည်းကောင်း။ ရသော၊ အရသာဓာတ်သည်လည်းကောင်း။ ဩဇာ၊ ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း။ ဣမေ၊ ဤလေးပါးသော ဓာတ်တို့သည်။ တဒုပါဒါ၊ ထို မြေ, ရေ, မီး, လေဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေဓမ္မာ၊ ထိုဓာတ်ကြီးလေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

**သစ်တာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ**၊ တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ**၊ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ**၊ နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ**၊ ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ**၊ ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ**၊ ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ**၊ ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော

http://www.dhammadownload.com



အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**ဣတိ၊ ဤတွင် ဝါယောကာယ ၆–ပါး ပြီး၏။**

## ဝိညာဏကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၅–က။ စက္ခုဝိညာဏကာယေ၊ စက္ခုဝိညာဏ်တည်းဟူသော နာမကာယ၌။ စတ္တာရောခန္ဓာ၊ လေးပါးသော ခန္ဓာတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားမှုသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။

သညာ၊ အာရုံကို မှတ်သားမှုသည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာ မည်၏။

စေတနာ၊ စိတ်၏စေ့ဆော်မှုသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။

ဝိညာဏံ၊ အာရုံကို သိမှုသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ မည်၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ မျက်လုံးတွင်းမှာ ရံခါရံခါ ဖြစ်ပေါ်ကြကုန်သော ခန္ဓာလေးပါး ဤနာမ်တရားတို့သည်–

မိခင်ရောဝတီ

http://www.dhammadownload.com



**သစ်္စာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ**၊ တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ**၊ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ**၊ နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ**၊ ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ**၊ ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ**၊ ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ**၊ ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက် ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



ခ။ တထာ၊ ထိုစက္ခုဝိညာဏ်တည်းဟူသော နာမကာယနှင့် အတူ။ သောတဝိညာဏကာယေ၊ သောတဝိညာဏ် တည်းဟူသော နာမကာယ၌လည်းကောင်း။ ဃာနဝိညာဏကာယေ၊ ဃာနဝိညာဏ် တည်းဟူသော နာမကာယ၌လည်းကောင်း။ ဇိဝှါဝိညာဏကာယေ၊ ဇိဝှါ ဝိညာဏ် တည်းဟူသော နာမကာယ၌လည်းကောင်း။ ကာယဝိညာဏ ကာယေ၊ ကာယဝိညာဏ် တည်းဟူသော နာမကာယ၌လည်းကောင်း။ မနောဝိညာဏကာယေ၊ မနောဝိညာဏ် တည်းဟူသော နာမကာယ၌ လည်းကောင်း။ စတ္တာရောခန္ဓာ၊ လေးပါးသော ခန္ဓာတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားမှုသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။

သညာ၊ အာရုံကို မှတ်သားမှုသည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာ မည်၏။

စေတနာ၊ စိတ်၏စေ့ဆော်မှုသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရ-က္ခန္ဓာ မည်၏။

ဝိညာဏံ၊ အာရုံကို သိမှုသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ မည်၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ နားစသည်တို့၏အတွင်းမှာ ရံခါရံခါ ဖြစ်ပေါ်ကြကုန်သော ခန္ဓာလေးပါး ဤနာမ်တရားတို့သည်-

**သင်္ခတာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

မိခင်ရောဝတီ

http://www.dhammadownload.com



**နိဇ္ဇီဝါ၊** တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝ ရှိသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ၊** ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြဗ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့ သာတည်း။

**သုညာ၊** နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရ ဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ၊** ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ၊** ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝိရာဂဓမ္မာ၊** ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ၊** ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘော အလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက် ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**ဣတိ၊** ဤတွင် ဝိညာဏကာယ ၆–ပါး ပြီး၏။

http://www.dhammadownload.com



## နိဂုံး

တ္ထတိ၊ ဤသို့။ မေ၊ ငါ၏။ တ္ထမသိ်ကာယေ၊ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌။ အဋ္ဌစတ္တာလီသ ပဘေဒါ၊ လေးဆယ့်ရှစ်ပါးအပြား ရှိကုန်သော။ ဓာတုကာယာ၊ ဓာတ်အပေါင်းအစုတို့သည်။ ဓမ္မကာယာ၊ ဓမ္မအပေါင်းအစုတို့သည် –

**သန်္တာ**၊ အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

**ပဋိစ္စသမုပ္ပန္နာ**၊ အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်းဖြစ်ပေါ်သော တရားတို့သာတည်း။

**နိဿတ္တာ**၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

**နိဇ္ဇီဝါ**၊ တစ်မိနစ်, တစ်နာရီ စသည်ရှည်သော အသက်ဇီဝရှိသော တရားမျိုး မဟုတ်ကုန်။

**တုစ္ဆာ**၊ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြဗ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

**သုညာ**၊ နိစ္စဂုဏ်, သုခဂုဏ်, သုဘဂုဏ်, အတ္တဂုဏ်, သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

**ခယဓမ္မာ**၊ ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

**ဝယဓမ္မာ**၊ ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

**ဝိရာဂဓမ္မာ**၊ ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ ရှိကုန်၏။

**နိရောဓဓမ္မာ**၊ ခဏခဏ ချုပ်, ရုပ်, ပျက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

ခယဋ္ဌေန၊ ခဏခဏ ကုန်ဆုံးခြင်း အနက်ကြောင့်။ အနိစ္စာ၊ မိခင်ရောဝတီ

http://www.dhammadownload.com



အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန၊ အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမျိုးတို့သာလျှင်တည်း။

**ဣတိ၊ ဤတွင်ရွေ ဓာတ်ကမ္မဋ္ဌာန်း ကျမ်းသစ် နိဿယ ပြီး၏။**

## တိုက်တွန်းခြင်း ဥယျောဇဉ်

ဤအနက်ကိုမူကား - မိမိတို့အိမ်တွင် နေ့စဉ်သရဇ္ဈာယ်ကြရမည်။ ဆံပင်မတစ်ခု၌ ခက်မာမှုဟူသော ပရမတ်စစ် ဓာတ်မြေနှစ်ကို သဘောမိအောင် စွဲစွဲမြဲမြဲ ကြံကြရမည်။ ပညာရှိကြီးများထံ အဖန်ဖန် နာယူကြရမည်။ ဆံပင်တစ်ခု၌ ဖွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်၊ ပူမှု, နွေးမှု, အေးမှုဟူသော ပရမတ်မီးဓာတ်၊ ထောက်ကန်မှုဟူသော ပရမတ်လေဓာတ်တို့ကိုလည်း သဘောမိအောင် အားထုတ်ကြရမည်။ ဆံပင်တစ်ခု၌ သဘောပေါက်ခဲ့လျှင် အလုံးစုံတို့၌ ပေါက်တော့သည်။

**သဘောပေါက်နိုင်ရန် အကျယ်ဖော်ပြသော အခန်းကိုမူကား– ငါတို့စီရင်သော လက္ခဏဒီပနီကျမ်း, ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း, အာဟာရဒီပနီကျမ်း, အနတ္တဒီပနီကျမ်း, ကမ္မဋ္ဌာနဒီပနီကျမ်း, ဘာဝနာဒီပနီကျမ်းတို့မှာ ယူကြလေ။ ဓာတ်ကို သဘောမမိပဲနှင့် သဓ်တာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ– စသည်ဖြင့် သုံးသပ်သော်လည်း ဝိပဿနာဉာဏ် အောင်အောင်မြင်မြင် မဖြစ်။ ကုသိုလ်ရကာမျှသာ ဖြစ်ကြမည်။**

တိုက်တွန်းခြင်း ဥယျောဇဉ် ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ဆောင်ပုဒ်

၁။ နူးညံ့, ခက်မာ၊ ဤနှစ်ဖြာ၊ မှတ်ပါ မြေဓာတ်စစ်။

၂။ ဖွဲ့စေး, စီးယို၊ နှစ်ပါးကို။ ခေါ်ဆို ရေဓာတ်စစ်။

၃။ အေးမှု, ပူမှု၊ ဤနှစ်ခု၊ ခေါ်မူ မီးဓာတ်စစ်။

၄။ ထောက်ကန်, လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ပြား လေဓာတ်စစ်။

၅။ ဆင်း, နံ့, ရသာ၊ ဆီဩဇာ၊ လေးဖြာ မှီရုပ်သေး။

## ဆောင်ပုဒ်အဓိပ္ပါယ်

၁။ ထိုထို သက်ရှိ, သက်မဲ့ဝတ္ထုမျိုးတို့၌ နူးညံ့မှု မည်သည် ရှိ၏။ ခက်မာ ကြမ်းတမ်းမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရှိ၍ နေကြသော အမှုပင်တည်း။ ထိုနူးညံ့မှု, ခက်မာမှု ၂-ပါးသည် အဘိဓမ္မာ၌ လာသော ပထဝီဓာတ် အစစ်ပေတည်း။

[ကျမ်းဂန်တို့၌ ကက္ခဠလက္ခဏာဟု ခက်မာမှုတစ်ခုသာ လာလျက် နူးညံ့မှု, ခက်မာမှု ၂-မျိုး ဆိုသည်မှာ လောကဝေါဟာရသို့ လိုက်၍ ဆိုသည်။ နောက်ဓာတ်ကြီး ၃-ပါးတို့၌လည်း ဤနည်းတူ သိလေ။]

၂။ ထိုထို သက်ရှိ, သက်မဲ့ဝတ္ထုမျိုးတို့၌ ဖွဲ့စေးကပ်တွယ်မှု မည်သည် ရှိ၏။ အရည်ဝတ္ထုမျိုးတို့၌ ယိုစီးမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရှိ၍ နေကြသော အမှုပင်တည်း။ ထိုဖွဲ့စေးမှု, ယိုစီးမှု ၂-ပါးသည် အဘိဓမ္မာ၌ လာသော အာပေါဓာတ် အစစ်ပေတည်း။

၃။ ထိုထို သက်ရှိ, သက်မဲ့ဝတ္ထုမျိုးတို့၌ အေးမှုမည်သည် ရှိ၏။ ပူမှု, နွေးမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရှိ၍ နေကြသော အမှုပင်တည်း။ ထိုအေးမှု, ပူမှု ၂-ပါးသည် အဘိဓမ္မာ၌ လာသော တေဇောဓာတ် အစစ်ပေတည်း။

http://www.dhammadownload.com



၄။ ထိုထို သက်ရှိ, သက်မဲ့ဝတ္ထုမျိုးတို့၌ ထောက်ကန်မှုဟူသော အားရှိန်, ပူရှိန်မည်သည် ရှိ၏။ လှုပ်ရှားမှု မည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း။ ထိုထောက်ကန်မှု, လှုပ်ရှားမှု ၂-ပါးသည် အဘိဓမ္မာ၌လာသော ဝါယောဓာတ် အစစ်ပေတည်း။

၅။ ထိုထို သက်ရှိ, သက်မဲ့ဝတ္ထုမျိုးတို့၌ အဆင်းဓာတ် ၁-ပါး, အနံ့ဓာတ် ၁-ပါး, အရသာဓာတ် ၁-ပါး, အဆီအစေးဟူသော ဩဇာဓာတ် ၁-ပါး ဤဓာတ်လေးပါးသည် ရှိ၏။ အဆင်းဓာတ်ကို မျက်စိဖြင့် မြင်ကြ၏။ အနံ့ဓာတ်ကို နှာခေါင်းဖြင့် နံကြ၏။ အရသာဓာတ်ကို လျှာဖြင့် သိကြ၏။ ဩဇာဓာတ်သည်ကား ထိုထို အစာအာဟာရတို့ကို စားသောက်၍ ဝမ်းတွင်းသို့ ရောက်သည်ရှိသော် ရူပကာယခန္ဓာကိုယ်ကို စောင့်ရှောက်ထောက်ပံ့သော ဓာတ်အထူးပေတည်း။

[ဤရုပ်ဓာတ် ၄-ပါးသည်ကား မြေ, ရေ, မီး, လေဟူသောဓာတ်ကြီး ၄-ပါးကို မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးမျိုးပေတည်း။]

ဆောင်ပုဒ် အစီပွါယ် ပြီး၏။

## ပထဝီအာပေါဓာတ် ၂-ပါး တွဲစပ်နေပုံ

အလွန်ညက်သော လုစွာသော ထုံးမှုန်မျိုး, ပြာမှုန့်မျိုးသည် ရေနှင့်မရောမီ အစေးအဖွဲ့ မရှိ၊ တစ်မှုန့်စီနေ၏။ လေသုတ်ခဲ့လျှင် လွင့်၏။ ရေထည့်၍ ကြိတ်နယ်၍ အလုံးအခဲဖြစ်ခဲ့သော် ခွက်တောင်းခန့်, ပြည်တောင်းခန့်, စိတ်တောင်းခန့် ရှိသော်လည်း အဖွဲ့အစေး ရှိ၏။ တစ်လုံးတည်း, တစ်ခဲတည်း ဖြစ်၏။ ထုနှက်၍ပင် ကွဲသည်ကြေသည် မရှိ။ ခက်မာ၏။

အဘိဓမ္မာ ပထဝီမြေဓာတ်သည် ဤဝတ္ထု၌ ထုံးမှုန့်ညက်,

မိခင်ရောဝတီ

http://www.dhammadownload.com



ပြာမှုန့်ညက်နှင့် အလားတူ၏။ အဘိဓမ္မာ အာပေါရေဓာတ်သည် ဤဝတ္ထု၌ ထည့်သောရေနှင့် အလားတူ၏။ ထိုရေဖွဲ့စေးမှုကြောင့် ထုံးမှုန့်, ပြာမှုန့် ကြကုန်၏။ ဤသည်ကား ပထဝီဓာတ်နှင့် အာပေါဓာတ်ကို သိသာခြားနားအောင် ပြဆိုသော ယုတ္တိတည်း။

ဆင်ကောင်သဏ္ဌာန်, မြင်းကောင်သဏ္ဌာန်, နွား, ကျွဲ, ခွေး, ဝက်, ကြက်, ငှက်, လူကောင်သဏ္ဌာန် စသည်တို့၌လည်း ပထဝီအမှုန့်နှင့် အာပေါအစေး လုံးထွေးမှုကြောင့် သဏ္ဌာန်ကြီးငယ် အထည်ဒြပ် တစ်လုံးတစ်ခဲတည်း ဖြစ်၍နေကြပုံကို အကုန်မြင်လေ။

**[သစ်ပင်, သစ်တုံး, ကျောက်လုံး, ကျောက်ပြား, သံတုံး, သံခဲ စသည်တို့၌လည်း ထိုနည်းတူ မြင်လေ။]**

ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အရိုး အစရှိသော ကောဋ္ဌာသကာယတို့၌လည်း ပထဝီအမှုန့်နှင့် အာပေါအစေး လုံးထွေးမှုကြောင့်ပင်လျှင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ် အမျိုးမျိုးဖြစ်၍ နေကြကုန်သည့်အတွက် အချို့ကို ဆံပင်ဟူ၍ ခေါ်ကြရသည်။ အချို့ကို မွေးညှင်းဟူ၍, အချို့ကို ခြေသည်းဟူ၍, လက်သည်းဟူ၍, သွားဟူ၍, အရေဟူ၍, အသားဟူ၍, အရိုးဟူ၍ ခေါ်ကြရသည်။

အဘိဓမ္မာ အလိုအားဖြင့်မူကား ဆံပင်ဟူ၍ မရှိ၊ ဓာတ်ကြီး ၄-ပါးနှင့် အမှွမ်းတင် ရုပ်ငယ်, ရုပ်သေး ၄-ပါးသာ အမှန်ရှိသည်။ မွေးညှင်းဟူ၍ မရှိ။ အရိုးဟူ၍ မရှိ။ ဓာတ်ကြီး ၄-ပါးနှင့် အမှွမ်းတင် ရုပ်ငယ်, ရုပ်သေး ၄-ပါးသာ အမှန်ရှိသည်။

**[ရိုးတွင်းခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး စသသည်တို့၌လည်း ထိုနည်းအတူ မြင်လေ။]**

**ဓာတ် ၂-ပါး တွဲစပ်နေပုံ ပြီး၏။**

မိခင်ရောဝတီ

http://www.dhammadownload.com



## ဆံပင်၌ ဓာတ် ၈–ပါး ခွဲနည်း

ဆံပင်၌ ဓာတ် ၈–ပါး ခွဲနည်းကား –

(၁) ဆံပင်ကို စမ်းသပ်လျှင် မာသည်ဟု တွေ့ရှိ၏။ ထိုမာမှုသည် ပထဝီဓာတ်တည်း။

(၂) လုံးပတ်သဏ္ဍာန် ဖြစ်နေသည်ကို မြင်၍ ဖွဲ့စေးမှုကို သိရ၏။ ထိုဖွဲ့စေးမှုသည် အာပေါဓာတ်တည်း။

(၃) ပူသောအခါ ပူမှု, နွေးသောအခါ နွေးမှု, အေးသောအခါ အေးမှုကို တွေ့ရှိ၏။ ထိုပူမှု, နွေးမှု, အေးမှုသည် တေဇောဓာတ်တည်း။

(၄) ပူရှိန်, နွေးရှိန်, အေးရှိန်ကို တွေ့ရှိ၏။ ထိုအရှိန်စုသည် ဝါယောဓာတ်တည်း။

(၅) မျက်စိဖြင့် ကြည့်ရှုလျှင် ဆံပင်၌ အဆင်းကို မြင်၏။ ထိုအဆင်းသည် ဝဏ္ဏဓာတ်တည်း။

(၆) နှာခေါင်းဖြင့် နမ်းလျှင် ဆံပင်၌ အနံ့ကိုနံ၏။ ထိုအနံ့သည် ဂန္ဓဓာတ်တည်း။

(၇) လျှာဖြင့်မြီးလျှင် အရသာကို သိရ၏။ ထိုအရသာသည် ရသဓာတ်တည်း။

(၈) ဆံပင်ကို စားသော သတ္တဝါတို့မှာ ရုပကာယကို စောင့်ရှောက်ထောက်ပံ့ခြင်း သဘောရှိသော အဆီအစေး မည်သည် ဆံပင်၌ ရှိ၏။ ထိုအဆီအစေးသည် ဩဇာခေါ်သော အာဟာရဓာတ်တည်း။

ဆံပင်၌ ဓာတ် ၈–ပါး ခွဲနည်း ပြီး၏။

http://www.dhammadownload.com



## ကြွင်းကောဋ္ဌာသတို့၌ ဓာတ် ၈–ပါးခွဲနည်း

မွေးညှင်း၌ ဓာတ် ၈–ပါး၊ ခြေသည်း, လက်သည်း၌ ဓာတ် ၈–ပါး၊ သွားတို့၌ ဓာတ် ၈–ပါး၊ အရေ၌ ဓာတ် ၈–ပါး၊ အသား၌ ဓာတ် ၈–ပါး၊ အရိုး၌ ဓာတ် ၈–ပါး၊ ခြင်ဆီ၌ ဓာတ် ၈–ပါး၊ အညှို့၌ ဓာတ် ၈–ပါး၊ နှလုံး၌ ဓာတ် ၈–ပါး၊ အသည်း၌ ဓာတ် ၈–ပါး၊ အမြှေး၌ ဓာတ် ၈–ပါး၊ အဖျဉ်း၌ ဓာတ် ၈–ပါး၊ အဆုတ်၌ ဓာတ် ၈–ပါး၊ အူမ၌ ဓာတ် ၈–ပါး၊ အူသိမ်၌ ဓာတ် ၈–ပါး ဤသို့ စသည်ဖြင့် ကျင်ငယ်၌ ဓာတ် ၈–ပါးတိုင်အောင် ခွဲခြမ်း၍ သိလေ, မြင်လေ။ ကြွင်းသော တေဇောကာယ ၄–ပါး, ဝါယောကာယ ၆–ပါးတို့၌လည်း ဓာတ် ၈–ပါးစီ ရှိကြ၏။

ဤဓာတ် ၈–ပါးကား အဝိနိဗ္ဘောဂ ရုပ်စုဖြစ်၍ ခပ်သိမ်းသော ရုပ်အစုတို့မှာ အရင်းခံ ဖြစ်ကြ၏။ ဤဓာတ် ၈–ပါးကို ခွဲခြမ်း၍ မြင်နိုင်လျှင်ပင် ဉာဏ်၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, မိန်းမ, ယောကျ်ား, ဦးခေါင်း, ခြေလက်စသည်၊ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အရိုး စသည် ဉာဏ်မျက်စိ၌ အကုန်ကွယ်ပျောက်လတ္တံ့။ ဓာတ်စု ဓာတ်ခဲကြီးငယ်မျှသာ ရှိသည်ဟု ဉာဏ်မျက်စိ၌ မြင်ရလတ္တံ့။

၄၂–ပါးသော ကောဋ္ဌာသကာယတို့၌
ဓာတ် ၈–ပါး ခွဲနည်း ပြီး၏။

## ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ်

**သန္တတ**။ ။ ထိုဓာတ် ၈–ပါးတို့သည် သန္တတတရားတို့သာတည်း။

သန္တတ ဆိုသည်ကား – လောက၌ နှစ်စဉ်ဖြစ်ပွားသော ကောက်

ပိခင်ရောဝတီ

http://www.dhammadownload.com



စပါးတို့သည် အသစ် အသစ် ပြုလုပ်မှုဒုက္ခနှင့် နှစ်စဉ် ပြုပြင်နိုင်မှ နှစ်စဉ် ဖြစ်ပွားကြကုန်၏။ မပြုပြင်နိုင်သောအခါ၌ မဖြစ်ပေါ်လာကြကုန်ပြီ။ ထို့အတူ လူ့ခန္ဓာဖြစ်သော လူ့ပြည်၌ ဖြစ်ပေါ်လာကြကုန်၏။ မပြုပြင်သောအခါ၌ လူ့ပြည်မှာ မဖြစ်ပေါ်လာကြကုန်ပြီ။ အပါယ်ငရဲ၌သာ ဖြစ်ပွား၍ နေကြကုန်တော့သည်။ တောင်သူအလုပ်မည်သည် မိုးရေရှိမှ လုပ်နိုင်၏။ မိုးရေမရှိလျှင် မလုပ်နိုင်။ ထို့အတူ ကုသိုလ်မှုမည်သည် သပ္ပုရိသူပနိဿယကို တွေ့ကြုံမှ ပြုလုပ်နိုင်၏။ သပ္ပုရိသူပနိဿယ မည်သည် ဘဝတစ်ထောင်မှာ တစ်ခါကြုံခဲ၏။

**လူ့ခန္ဓာ၌ သစ္စာဒုက္ခအကြမ်းပြချက် ပြီး၏။**

**ပဋိရူပဒေသ** ။ ထိုဓာတ် ၈-ပါးတို့သည် ပဋိရူပဒေသ သဘောတို့သာတည်း။

ပဋိရူပဒေသ ဆိုသည်ကား - မျိုးစေ့, လယ်, မြေ, မိုး, ရေ, တောသူယောကျ်ားတို့၏ လုပ်ဆောင်မှုတို့ကို အစွဲပြု၍သာ ဖြစ်ပွားနိုင်ကုန်၏။ ထို ၄-ပါးတို့တွင် တစ်ပါးပါးချို့တဲ့လျှင်ပင် မဖြစ်နိုင်ကြကုန်ပြီ။ ထို့အတူ ထိုလူ့ခန္ဓာဖြစ်သော ဓာတ် ၈-ပါးတို့သည် -

(၁) ပုဗ္ဗေကတပုညတာစက်,

(၂) ပတိရူပဒေသဝါသစက်,

(၃) သပ္ပုရိသူပနိဿယစက်,

(၄) အတ္တသမ္မာပဏိဓိစက်,

ဤစက်လေး တည်းဟူသော ဥပနိဿယပစ္စည်းကို အစွဲအမှီ ပြု၍မှ လူ့ပြည်၌ အသစ်အသစ် ဖြစ်ပေါ်နိုင်ကြကုန်၏။ ထိုအကြောင်း လေးပါးသည်လည်း ဘဝတစ်ထောင်မှာ တစ်ခါကြုံခဲ၏။ ။ သိသာပြီ။

မိခင်ရောဝတီ

http://www.dhammadownload.com



[နိဿတ္တာ, နိဇ္ဇီဝါဟူသော ပုဒ်တို့၏ အဓိပ္ပါယ်သည် ခ-တတ် ၈–ပါးခွဲခန်းနှင့်ပင် ထင်ရှားပြီ။]

ခယဓမ္မာ, ဝယဓမ္မာ, ဝိရာဂဓမ္မာ, နိရောဓဓမ္မာ ဟူသော ပုဒ်တို့တွင် –

**ခယပုဒ်၏ အဓိပ္ပါယ်ကား** – ရဲရဲညီသော သံပူပြားကြီး အပြင်၌ ကျရောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထိုဣရိယာပုထ် အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ် ကြကုန်သော ခက်မာမှု အမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏခြင်း ခဏခြင်း ကုန်ဆုံးကြကုန်၏။ ထို့အတူ ဖွဲ့စေးမှု အမျိုးမျိုး, ပူမှု အေးမှု အမျိုးမျိုး, လှုပ်မှု ရှားမှု အမျိုးမျိုးတို့သည် လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်း အမျိုးမျိုး, အနံ့အမျိုးမျိုး, အရသာအမျိုးမျိုး, ဩဇာအမျိုးမျိုးတို့သည် လည်းကောင်း မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏခြင်း ခဏခြင်း ကုန်ဆုံးကြကုန်၏။

[ဤကား ကုန်ခန်းခြင်း အနက်ရှိသော ခယပုဒ်၏ အဓိပ္ပါယ်တည်း။]

**ဝယပုဒ်၏ အဓိပ္ပါယ်ကား** – တောင်လေ ထသောအခါ ဧရာဝတီမြစ်ပြင်၌ လှိုင်းဂယက်ငယ်တို့သည် မစဲ မစဲ ဖြစ်ပေါ်ကုန်၏။ ခဏခြင်း ခဏခြင်းကျ၍ ကွယ်ပျောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထို ဣရိယာပုထ် အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှု အမျိုးမျိုးတို့သည် မစဲမစဲ အသစ် အသစ် ဖြစ်ပေါ်၍ ခဏခြင်း ခဏခြင်း ကွယ်ပျောက်ကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး, ပူမှု အေးမှုအမျိုးမျိုး, လှုပ်ရှားမှု အမျိုးမျိုး

http://www.dhammadownload.com



တို့သည်လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်းအမျိုးမျိုး, အနံ့အမျိုးမျိုး, အရသာအမျိုးမျိုး, ဩဇာအမျိုးမျိုး တို့သည် လည်းကောင်း၊ မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏခြင်း ခဏခြင်း ကွယ်ပျောက်ကုန်၏။

[ဤကား ပျက်စီးခြင်း အနက်ရှိသော ဝယပုဒ်၏ အဓိပ္ပါယ် တည်း။ လျှပ်ရောင်တို့၏ ခဏခြင်း ခဏခြင်း ကွယ်ပျောက်မှုနှင့်လည်း ပြဆိုသင့်၏။]

**ဝိရာဂပုဒ်၏ အဓိပ္ပါယ်ကား** – ရေဒွဲရေးအပ်သော အရေး အကြောင်းတို့သည် ခဏခြင်း ခဏခြင်း ပြယ်ပျောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထိုဣရိယာပုထ် အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှုအမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏခြင်း ခဏခြင်း ပြယ်ပျောက်ကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး, ပူမှု အေးမှုအမျိုးမျိုး, လှုပ်ရှားမှု အမျိုးမျိုးတို့သည်လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန် သော အဆင်းအမျိုးမျိုး, အနံ့အမျိုးမျိုး, အရသာအမျိုးမျိုး, ဩဇာ အမျိုးမျိုးတို့သည်လည်းကောင်း၊ မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန် ၍ ခဏခြင်း ခဏခြင်း ပြယ်ပျောက်ကုကန်၏။

[ဤကား ပြယ်ပျောက်ခြင်း အနက်ရှိသော ဝိရာဂပုဒ်၏အဓိပ္ပါယ်တည်း။]

**နိရောဓပုဒ်၏ အဓိပ္ပါယ်ကား** – မိုးတိမ်ဝမှ ထွက်မြူးသော လျှပ်ပန်းနွယ်တို့သည် ခဏခြင်း ခဏခြင်း ချုပ်ပျက်ရုပ်သိမ်းသကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထိုဣရိယာပုထ် အားလျော်စွာ အခိုက်အတန့်အားဖြင့်

http://www.dhammadownload.com



အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှုအမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏခြင်း ခဏခြင်း ချုပ်ပျက် ရုပ်သိမ်းကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး, ပူမှု အေးမှုအမျိုးမျိုး, လှုပ်ရှားမှု အမျိုးမျိုးတို့သည်လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်းအမျိုးမျိုး, အနံ့အမျိုးမျိုး, အရသာအမျိုးမျိုး, ဩဇာ အမျိုးမျိုးတို့သည်လည်းကောင်း၊ မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏခြင်း ခဏခြင်း ချုပ်ပျက် ရုပ်သိမ်းကုန်၏။

[ဤကား ချုပ်ခြင်းအနက်ရှိသော နိရောဓပုဒ်၏ အဓိပ္ပါယ်တည်း။]

**ခယဋ္ဌေန အနိစ္စာ**– ပုဒ်၏အဓိပ္ပါယ်သည် ခယပုဒ်, ဝယပုဒ်, ဝိရာဂပုဒ်, နိရောဓပုဒ်၏ အဓိပ္ပါယ်နှင့် အလုံးစုံတူ၏။

**အသာရကဋ္ဌေန အနတ္တာ** – ပုဒ်၏ အဓိပ္ပါယ်သည်လည်း ခယဋ္ဌေန အနိစ္စာပုဒ်၏ အဓိပ္ပါယ်နှင့် တူ၏။ တူပုံကား – ခယဋ္ဌေန၊ ခဏခြင်း ခဏခြင်း ကုန်ခန်းမှု ဆိုသည်နှင့် အသာရကဋ္ဌေန၊ အနှစ်သာရ မရှိမှု ဆိုသည်ကား အတူတူပင် ဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါမည်သည် တစ်သက်လုံးမှာ ပဋိသန္ဓေအခါ၌ တစ်ခါသာဖြစ်မြဲ, ဘဝအဆုံး၌ တစ်ခါသာသေမြဲဟု သတ္တဝါအများတို့ ထင်မြင်စွဲလမ်းကြ၏။ ပြဆိုခဲ့ပြီးသော ဓာတ် ၈–ပါးတို့သည်မူကား တစ်နာရီ အတွင်းမှာပင် အခါတစ်ရာမက အသစ်, အဟောင်း ပြောင်းလဲ ကုန်ခန်းမြဲဓမ္မတာ ဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါ၏ ဖြစ်မှုပျက်မှုကား– တစ်လမ်း၊ ဓာတ် ၈–ပါး တို့၏ ဖြစ်မှုပျက်မှုကား တစ်လမ်း၊ ထို့ကြောင့် ဓာတ် ၈–ပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါ၏ အနှစ်သာရ အတ္တမဟုတ်ကုန်။ ပုဂ္ဂိုလ် သတ္တဝါ၏

http://www.dhammadownload.com



အမာခံ အထည်ခံ မဟုတ်ကုန်။

အမာခံ အထည်ခံ ဆိုသည်ကား - သံသပိတ်၏ အမာခံ အထည်ခံကား သံတည်း။ မြေသပိတ်၏ အမာခံ အထည်ခံကား မြေတည်း။ ဝါချည်ပုဆိုး၏ အမာခံ အထည်ခံကား ဝါချည်တည်း။ ပိုးချည်ပုဆိုး၏ အမာခံ အထည်ခံကား ပိုးချည်တည်း။

ဓာတ် ၈-ပါးတို့သည် ထိုကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ၏ အမာခံ အထည်ခံ ဖြစ်သော အတ္တသာရ မဟုတ်ကုန် ဆိုလိုသည်။ အကယ်၍ ဓာတ် ၈-ပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါ၏ အမာခံ အထည်ခံ အတ္တသာရ ဟုတ်ကုန်ငြားအံ့။ ပုဂ္ဂိုလ် သတ္တဝါမှာ တစ်သက်တွင် ပဋိသန္ဓေအခါ၌ တစ်ခါသာ ဖြစ်မြဲ, ဘဝအဆုံး၌ တစ်ခါသာ ပျက်ဆုံးမြဲ ဖြစ်သကဲ့သို့ ဓာတ် ၈-ပါးတို့သည်လည်း တစ်သက်တွင် တစ်ခါသာ ဖြစ်မြဲ, တစ်ခါသာ ပျက်ဆုံးမြဲ ဖြစ်ကြကုန်ရာ၏။ ထိုသို့ကား မဟုတ်ကုန်။

ဓာတ် ၈-ပါးတို့သည် တစ်နာရီမှာပင် အခါတစ်ရာမက အသစ် အသစ် ဖြစ်ကြကုန်၏။ အခါတစ်ရာမက အဟောင်း အဟောင်း ချုပ်ပျက် သေဆုံးကြကုန်၏။

ထို့ကြောင့် ဓာတ် ၈-ပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တ သာရ မဟုတ်ကုန်။ အမာခံ အထည်ခံ မဟုတ်ကုန်။ ဓာတ် ၈-ပါးတို့ သည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကုန်။ ဓာတ် ၈-ပါးတို့ကို လွှတ်၍လည်း ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိကုန်ဟူလိုသည်။

**[ဤကား အသာရကဋ္ဌေန အနတ္တာပုဒ် အဓိပ္ပါယ်တည်း၊ ဘယ ဋ္ဌေန ဒုက္ခာပုဒ်၏ အဓိပ္ပါယ်ကိုမူကား ကမ္မဋ္ဌာနဒီပနီ၊ ဘာဝနာဒီပနီ စာအုပ်တို့မှာ ယူလေ။]**

ဝိညာဏကာယ ၆-ပါးတို့သည် ရုပ်ကာယတို့ကိုမှီ၍ ဖြစ်ပေါ်

http://www.dhammadownload.com



ကြကုန်၏။ ထိုထို ဝိညာဏ်၏ မှီရာဖြစ်သော ထိုထို ရုပ်ကာယ ပျက်ဆုံးသည်ရှိသော် ထိုထို ဝိညာဏ်သည်လည်း ပျက်ဆုံးတော့သည်။

**ဥပမာကား** – မြစ်ပြင်၌ လှိုင်းဂယက်ငယ်တို့၏ အညွန့်၌မှီ၍ တလက်လက် တောက်ပကုန်သော နေရောင်တို့သည် သူ့လှိုင်းဂယက်ငယ်နှင့်သူ ပျောက်ကွယ်ကြကုန်သကဲ့သို့တည်း။

**[အကျယ်ကိုမူကား –ကမ္မဋ္ဌာနဒီပနီ ဝိညာဏကဏ္ဍာ အခန်းမှာယူလေ။]**

**ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ် ပြီး၏။**

## ကောဋ္ဌာသတို့၌ ရုပ်ကလာပ်ခွဲနည်း
## မဟာဘုတ် ၄–ပါး

ပထဝီ – ၂၀။

အာပေါ – ၁၂။

တေဇော – ၄။

ဝါယော – ၆။

ဤ ၄၂–ကောဋ္ဌာသတို့၌ ရအပ်သော ရုပ်ပေါင်း ကလာပ်ပေါင်းတို့ကို ပြဆိုပေအံ့။

**(က) ပ, အာ, ဝါ, တေ၊ မြေ, ရေ, လေ, မီး၊ လွန်ပွားစီး၊ ဘုတ်ကြီး စတုက္က။**

**(ခ) ခက်မာ, ဖွဲ့စေး၊ ပူအေး, ထောက်ကုန်၊ ဤလေးတန်၊ မှတ်ရန်လက္ခဏာ။**

(က) ပရမတ္ထ သံခိပ်ကျမ်း လင်္ကာဖြစ်၍ ဝါ, တေ, လေ, မီးတို့ ရှေ့နောက်ပြန်သည်။ ပထဝီ, အာပေါ, တေဇော, ဝါယောကား

http://www.dhammadownload.com



ပါဠိုခေါ်၊ မြေ, ရေ, မီး, လေကား မြန်မာခေါ်။ လွန်ပွားစီးကား ဘူတသဒ္ဒါ၏ အနက်တည်း။ ဘုတ်ကြီး စတုက္ကကား မဟာဘုတ် ၄-ပါး ဆိုလိုသည်။

(ခ) ခက်မာကား ပထဝီ၏ လက္ခဏာတည်း။ ဖွဲ့စေးကား အာပေါ၏ လက္ခဏာတည်း။ ပူအေးကား တေဇော၏ လက္ခဏာတည်း။ ထောက်ကန်ကား ဝါယော၏ လက္ခဏာတည်း။

## ပသာဒရုပ် ၅-ပါး

**စက်, သော, ဃာ, ဇိ၊ ကာငါးလီ၊ အကြည်ပသာဒ။**

**(ဋ္ဌင်းကျမ်း။)**

စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါ ပသာဒရုပ်, ကာယပသာဒရုပ်,

အကြည်ကား ပသာဒသဒ္ဒါ၏အနက်တည်း။ နေရိပ်, လရိပ်, လူရိပ်စသည် ထင်ကောင်းသော ဆီကြည်, ရေကြည်, ဖန်ကြည်, မှန်ကြည်များကဲ့သို့ အဆင်း, သဏ္ဍာန်, အသံ စသည်ထင်ကောင်းသော အကြည်ဓာတ် ၅-ပါး ဟူလိုသည်။

## ဂေါစရရုပ် ၅-ပါး

**ရူ, သဒ်, ဂန်, ရံ၊ ဖောဋ္ဌဗ္ဗံ၊ ငါးတန် ဂေါစရ။ (ဋ္ဌင်းကျမ်း။)**

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ= ဂေါစရရုပ် ၅-ပါး တည်း။ ကျက်စားရာ အာရုံကို ဂေါစရဆိုသည်။

ရူပါရုံသည် စက္ခု၏ ကျက်စားရာတည်း။

သဒ္ဒါရုံသည် သောတ၏ ကျက်စားရာတည်း။

http://www.dhammadownload.com



ဂန္ဓာရုံသည် ဃာန၏ ကျက်စားရာတည်း။

ရသာရုံသည် ဇိဝှါ၏ ကျက်စားရာတည်း။

ပထဝီ ဖောဋ္ဌဗ္ဗ, တေဇော ဖောဋ္ဌဗ္ဗ, ဝါယော ဖောဋ္ဌဗ္ဗဟူသော ဖောဋ္ဌဗ္ဗ ၃-ပါးသည် ကာယ၏ ကျက်စားရာတည်း။

**ဘာဝ, ဟဒယ, ဇီဝ, သြဇာ,**

**(က) ဣတ္ထိ, ပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တစ်ဖန်ဇီဝိတ။**

**(ခ) ကဗဠီကာ၊ ရုပ်သြဇာ၊ သချိုဆယ့်ရှစ်ရ။ (ငင်းကျမ်း။)**

(က) ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်, ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ်, သြဇာခေါ်သော ကဗဠီကာရာဟာရရုပ်။

(ခ) မဟာဘုတ် ၄-ပါး၌ ပါဝင်ပြီးဖြစ်သော ဖောဋ္ဌဗ္ဗ ၃-ပါးကို ချန်လှပ်၍ -

မဟာဘုတ် ၄-ပါး,

ပသာဒရုပ် ၅-ပါး,

ဂေါစရရုပ် ၄-ပါး,

ဘာဝရုပ် ၂-ပါး,

ဟဒယဝတ္ထုရုပ်,

ဇီဝိတရုပ်,

အာဟာရရုပ်,

သချို ၁၈-ဖြစ်၏။ နိပ္ဖန္နရုပ် ၁၈-ခေါ်သည်။

ဤသည်လျှင် နိပ္ဖန္နရုပ် ၁၈-ပါး ပြီး၏။

http://www.dhammadownload.com



## အနိပ္ဖန္နရုပ် ၁၀–ပါး

(က) ကလာပ်ခြားမှု၊ အာကာသ၊ ပရိစ္ဆေဒရုပ်။

(ခ) ကာယ, ဝါစာ၊ မှုအရာ၊ နှစ်ဖြာဝိညတ်ရုပ်။

(ဂ) ပေါ့ပါး လဟု၊ မုဒု နူးညံ့၊ ကျန်းခန့် ကမ္မည၊ တာသုံးဝ၊ ရုပ်ဝိကာရတည်း။

(ဃ) ဖြစ်ပေါ်ပွားမှု ဥပစယ၊ တည်ထသန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာ အနိစ္စ၊ မှတ်ကြောင်းမျှ၊ လက္ခဏာရုပ် ခေါ်သတည်း။ (ငုင်းကျမ်း။)

(က) ကလာပ်တို့၏ အခြားမျှသာဖြစ်သော အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။

(ခ) ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှားမှု အမူအရာသည် ကာယဝိညတ် မည်၏။ စကား အက္ခရာ ပြုပြင်မှု အမူအရာသည် ဝစီဝိညတ် မည်၏။ (ဝိညတ်ရုပ် ၂–ပါး။)

(ဂ) ရူပကာယ၏ ပေါ့ပါးမှုသည် လဟုတာမည်၏။ ရူပကာယ၏ နူးညံ့မှုသည် မုဒုတာ မည်၏။ ရူပကာယ၏ အမှုတိုင်း၌ ခန့်ကျန်းမှုသည် ကမ္မညတာ မည်၏။ (ဝိကာရရုပ် ၃–ပါး)

(ဃ) ရုပ်သဏ္ဌာန်ကြီးငယ်တို့၏ ပေါ်ပေါက်မှု, ပွားစီးမှုသည် ဥပစယ မည်၏။ အစဉ်အားဖြင့် ဖြစ်တည်မှုသည် သန္တတိ မည်၏။ ရင့်ရော်ဆွေးမြေ့မှုသည် ဇရာမည်၏။ ချုပ်ပျက်မှုသည် အနိစ္စတာ မည်၏။ ဤတရားကား သင်္ခတ တရားတည်းဟု မှတ်ကြောင်း, သိကြောင်း လက္ခဏာမျှဖြစ်၍ ဤရုပ်တရား ၄–ပါးကို လက္ခဏာရုပ် ခေါ်သတည်း။

ပရိစ္ဆေဒရုပ် ၁၊

ဝိညတ်ရုပ် ၂၊

http://www.dhammadownload.com



ဝိကာရရုပ် ၃၊

လက္ခဏာရုပ် ၄၊

အနိပ္ဖန္နရုပ် ၁၀၊ ဖြစ်၏။

နိပ္ဖန္နရုပ် ၁၈, အနိပ္ဖန္နရုပ် ၁၀၊ ပေါင်းသော် ရုပ် ၂၈–ခု ဖြစ်၏။

ဤသည်လျှင် ရုပ် ၂၈–ပါး ပြီး၏။

## ကမ္ဗဇ ကလာပ် ၉–စည်း

**(က) မဟာဘူတ၊ ဝဏ္ဏ, ဂန္ဓ၊ ရသ, ဩဇာ၊ ရုပ်ရှစ်ဖြာ၊ မကွာ ဝိနိဗ္ဘော။**

**(ခ) ဝိနိဗ်အဋ္ဌ၊ ဇီဝိတ၊ ဇီဝနဝကာ။**

**(ဂ) ပ, ဘာ, ဟာဒယ၊ လောင်းပြန်က၊ အဋ္ဌဒသကာ။**

**(ဃ) ကံကြောင့်ဖြစ်ရိုး၊ ကလာပ်ကိုး။ အကျိုးကမ္ဗဇာ။**

(က) မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဥပါဒါရုပ်သေး ၄–ပါး၊ ဤ ၈–ပါးသည် အချင်းချင်း ကွင်းကွာကြသည် ဟူ၍ မရှိသောကြောင့် အဝိနိဗ္ဘောဂရုပ် ၈–ခု မည်၏။ အဋ္ဌကလာပ် ခေါ်၏။

(ခ) ၎င်းအဋ္ဌကလာပ်တွင် ဇီဝိတထည့်–ဇီဝိတနဝကကလာပ် ၁။

(ဂ) ၎င်းဇီဝိတနဝက ကလာပ်တွင် ပသာဒရုပ် ၅–ခု၊ ဘာဝရုပ် ၂–ခု၊ ဟာဒယဝတ္ထုရုပ် ၁–ခု၊ ဤ ၈–ခုကို အစဉ်အတိုင်းထည့်–

စက္ခုဒသက ကလာပ် ၁၊

သောတဒသက ကလာပ် ၁၊

ဃာနဒသက ကလာပ် ၁၊

ဇိဝှါဒသက ကလာပ် ၁၊

ကာယဒသက ကလာပ် ၁၊

http://www.dhammadownload.com



ဥတုတ္ထိဘာဝဒသက ကလာပ် ၁၊

ပုမ္ဘာဝဒသက ကလာပ် ၁၊

ဝတ္ထုဒသက ကလာပ် ၁–ဟူ၍ ကမ္မဇကလာပ် ၉–စည်း ဖြစ်၏။

## စိတ္တဇကလာပ် ၈–စည်း

**(က) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုးသုဒ္ဓဋ္ဌာ။**

**(ခ) ထိုတွင်သဒ္ဒ၊ ဝိညတ်ဒွ၊ လောင်းက ရင်းလေးဖြာ။**

**(ဂ) ရင်းလေးခုဝယ်၊ တာသုံးချယ်၊ ရှစ်သွယ် စိတ္တဇာ။**

(က) အဝိနိဗ္ဘောဂရုပ် ၈–ခုသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

ဎင်း သုဒ္ဓဋ္ဌက ကလာပ် ၁။

(ခ) ဎင်းတွင် သဒ္ဒထည့် – သဒ္ဒနဝက ကလာပ် ၁။

ကာယဝိညတ်ထည့် –ကာယဝိညတ္တိနဝက ကလာပ် ၁။

သဒ္ဒနှင့် ဝစီဝိညတ်ထည့် –သဒ္ဒဝစီဝိညတ္တိဒသက ကလာပ် ၁။

ကလာပ်ရင်း ၄–စည်း ဖြစ်၏။

(ဂ) ဎင်းကလာပ်ရင်း ၄–ခုတွင် လဟုတာ, မုဒုတာ, ကမ္မညတာဟူသော တာ ၃–ခုကို အစဉ်အတိုင်း လောင်းပြန်သော် ကလာပ်ပွား ၄–ခု ဖြစ်ပြန်၏။

သုဒ္ဓလဟုတာဒိဧကာဒသက ကလာပ် ၁။

သဒ္ဒကဟုတာဒိ ဒွါဒသက ကလာပ် ၁။

ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ် ၁။

သဒ္ဒဝစီဝိညတ္တိလဟုတာဒိ တေရသက ကလာပ် ၁။

ဤကား ကလာပ်ပွား ၄–စည်းတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



ကလာပ်ရင်း ၄-စည်း, ကလာပ်ပွား ၄-စည်း စိတ္တဇကလာပ် ၈-စည်း ဖြစ်၏။

## ဥတုဇကလာပ် ၄-စည်း

**(က) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုးသုဒ္ဓဋ္ဌာ။**

**(ခ) ထိုတွင်သဒ္ဒ၊ လောင်းပြန်က၊ သဒ္ဒနဝကာ။**

**(ဂ) အရင်းနှစ်ဝယ်၊ တာသုံးချယ်၊ လေးသွယ် ဥတုဇာ။**

(က) အဝိနိဗ္ဘောဂရုပ် ၈-ခုသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။
ငင်းသုဒ္ဓဋ္ဌက ကလာပ် ၁။

(ခ) ထိုတွင် သဒ္ဒထည့် - သဒ္ဒနဝက ကလာပ် ၁။
ကလာပ်ရင်း ၂-စည်း ဖြစ်၏။

(ဂ) ငင်းကလာပ်ရင်း ၂-ခုတွင် တာ ၃-ခုကို လောင်းပြန်သော်
ကလာပ်ပွား ၂-ခု ဖြစ်ပြန်၏။

သုဒ္ဓလဟုတာဒိဧကာဒသက ကလာပ် ၁။

သဒ္ဒကဟုတာဒိ ဒွါဒသက ကလာပ် ၁။

ဤကား ကလာပ်ပွား ၂-စည်းတည်း။ ။ ကလာပ်ရင်း ၂-စည်း, ကလာပ်ပွား ၂-စည်း၊ ဥတုဇကလာပ် ၄-စည်း ဖြစ်၏။

[အအေး အပူဟူသော တေဇောဓာတ်နှစ်ပါးကို ဥတု ဆိုသည်။]

## အာဟာရဇကလာပ် ၂-စည်း

**သုဒ္ဓဋ္ဌတစ်၊ အပွားတစ်၊ နှစ်ခု အာဟာရဇာ။**

သုဒ္ဓဋ္ဌက ကလာပ် ၁-စည်း။

ထိုတွင် တာ ၃-ခု လောင်း၍ သုဒ္ဓလဟုတာဒိဧကာဒသက ကလာပ်

http://www.dhammadownload.com



ပွား ၁–စည်း၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇကလာပ် ၂–စည်း။

ကမ္မဇ ကလာပ် ၉–စည်း။

စိတ္တဇ ကလာပ် ၈–စည်း။

ဥတုဇ ကလာပ် ၄–စည်း။

အာဟာရဇ ကလာပ် ၂–စည်း– ပေါင်း ရုပ်ကလာပ် ၂၃–စည်း။

ဥတုဇကလာပ် ၄–စည်းတွင် သဒ္ဒနဝက ကလာပ်နှင့် သဒ္ဒနဝက ကလာပ်၊ ဤကလာပ် ၂–စည်းကို သက်ရှိသက်မဲ့ အလုံးစုံတို့၌ ရအပ်၏။ ကြွင်းသော ကလာပ် ၂၁–စည်းကို သက်ရှိသန္တာန်၌သာ ရအပ်၏။

ထိုတွင် စက္ခုဒသက ကလာပ်သည် မျက်စိအင်္ဂါ၌ ဖြစ်၏။

သောတဒသက ကလာပ်သည် နားတွင်း၌ ဖြစ်၏။

ဃာနဒသက ကလာပ်သည် နှာခေါင်းတွင်း၌ ဖြစ်၏။

ဇိဝှါဒသက ကလာပ်သည် လျှာပေါ်၌ ဖြစ်၏။

ကာယဒသက ကလာပ်သည် အတွင်းအပ တစ်ကိုယ်လုံး၌ ဖြစ်၏။

ဝတ္ထုဒသက ကလာပ်သည် ရင်တွင်း နှလုံးအိမ်တွင်း၌ ဖြစ်၏။

ဣတ္ထိဘာဝဒသက ကလာပ်သည် မိန်းမတို့၏ ကိုယ်သန္တာန်၌ ဖြစ်၏။

ပုမ္ဘာဝဒသက ကလာပ်သည် ယောကျ်ားတို့၏ ကိုယ်သန္တာန်၌ ဖြစ်၏။

ဇီဝိတနဝက ကလာပ်သည် မိန်းမ, ယောကျ်ားတို့၏ ကိုယ်သန္တာန်၌ ဖြစ်၏။

စိတ္တဇကလာပ် ၈–စည်းတို့တွင် ကာယဝိညတ်ပါရှိသော ကလာပ်စုကို ကိုယ်အင်္ဂါ လှုပ်ရှားမှု၌ ရအပ်၏။

[illegible] ကလာပ်စုကို [illegible]

http://www.dhammadownload.com



တာ သုံးခု ပါရှိသော ကလာပ်စုကို အနာကင်းရှင်း ကျန်းမာခြင်း၌ ရအပ်၏။

**ရုပ်ကလာပ်ခွဲနည်း အကျဉ်း ပြီး၏။**

## ကောဋ္ဌာသတို့၌ သမုဋ္ဌာန်ခွဲနည်း

၄၂-ပါးသော ရုပ်ကာယတို့တွင် -

**(က) အစာနှစ်မယ်၊ ပြည်, ကျင်ငယ်၊ လေးသွယ် ဥတုဇ။**

**(ခ) မီးပါစကာ၊ ကမ္မဇာ၊ သာသာ စိတ္တဇ။**

**(ဂ) မျက်ရည်နှင့်ချွေး၊ နှပ်, တံတွေး၊ လေးခုစိတ် ဥဇ။**

**(ဃ) ၃၂-ခု၊ အကြွင်းစု၊ စတုအကြောင်းရ။**

(က) အစာသစ်, အစာဟောင်း, ပြည်, ကျင်ငယ် ဤကောဋ္ဌာသ ၄-ပါးသည် ဥတုကြောင့် ဖြစ်၏။

(ခ) ပါစကဝမ်းမီးသည် ကံကြောင့်ဖြစ်၏။ အဿာသ, ပဿာသလေသည် စိတ်ကြောင့် ဖြစ်၏။ ကေဇကာယ ၆-ခုတည်း။

(ဂ) ချွေး, နှပ်, တံတွေး, မျက်ရည် ဤ ၄-ပါးသည် ရံခါ စိတ်ကြောင့် ဖြစ်၏။ ဒွိဇကာယ ၄-ခုတည်း။

(ဃ) ကြွင်းသော ကာယပေါင်း ၃၂-ခုသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်း ၄-ပါးရ၏။ စတုဇကာယ ၃၂-ခုတည်း။

**ကောဋ္ဌာသတို့၌ သမုဋ္ဌာန် ခွဲနည်း ပြီး၏။**

http://www.dhammadownload.com



## ရောဂါဆိုး အနာဆိုး ကပ်ဥပဒ်ဆိုး ဘေးဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော အန္တရာယ်ကင်းဂါထာပါဠိအနက် အသက်ထက်ဆုံး စွဲမြဲရန်

၁။ ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊ ဒေဝဗ္ရဟ္မနြပ်ဟ္ဂိသရော။
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။
၂။ ဓမ္မော စ မင်္ဂလော လောကေ၊ သဗ္ဗပါပဝိနာသကော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။
၃။ သံဃော စ မင်္ဂလော လောကေ၊ ဘယဝေရဝိနောဒနော။
သံဃံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။
၄။ တေ ခေါ မင်္ဂလံ ခေမံ၊ တေ မင်္ဂလမုတ္တမံ။
တေ မင်္ဂလမာဂမ္မ၊ သဗ္ဗပါပါ ပမုစ္စရေ။ ။
၅။ တေ ခေါ သရဏံ ခေမံ၊ တေ သရဏမုတ္တမံ။
တေ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။
၆။ တေ ခေါ ရတနံ ခေမံ၊ တေ ရတနမုတ္တမံ။
တေ ရတနမာဂမ္မ၊ သဗ္ဗဒေါသာ ပမုစ္စရေ။ ။

[အိပ်ရာဝင်လျှင် နေ့စဉ်သက်စေ့ရွတ်။ သားငယ်သမီးငယ်ရှိသော မိဘများမှာ သားငယ် သမီးငယ်အတွက် ပိုမို၍ရွတ်။]

### အနက်ကား

၁။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်သာလျှင်။ မင်္ဂလော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်း

http://www.dhammadownload.com



တို့တွင် အတုမရ အဖက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဒေဝမနုဿပြဟ္မီသဒရော၊ ဘုန်းတန်ခိုးဣဒ္ဓိပါဒ် အလွန်ကြီးမြတ်သော နတ်မင်းအပေါင်း, သိကြားမင်းအပေါင်း, ဗြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံသရဏံ၊ ဘုရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ – သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ – ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၂။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မော၀၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တရားတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းတို့တွင် အတုမရ အဖက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာ ကြီးအစစ် ဖြစ်တော်မူပေ၏။ သဗ္ဗပါပဝိနာသကော၊ ဆိုးဝါးညစ်ညမ်း ကြမ်းတမ်းယုတ်မာ မကောင်းစွာသော မိစ္ဆာဓမ္မဟူသမျှတို့ကို မြူမျှမကျန် ပယ်လှန်ဖျက်ဆီးတော် မူနိုင်ပေ၏။ ဓမ္မံသရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ – သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၃။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သံဃော၀၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ အပေါင်းအများ တပည့်သားအစုတွင် အတုမရ အဖက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဘယဝေရဝိနောဒနော၊ ခပ်သိမ်းသောဘေး, ခပ်သိမ်းသောရန်တို့ကို

http://www.dhammadownload.com



ပယ်လှန်ဖြေဖျောက်တော်မူနိုင်ပေ၏။ သံဃံသရဏံ၊ သံဃာတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗာဒုက္ခာ – သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ – ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၄။ ခေါ၊ စင်စစ်။ တော်မင်္ဂလံ၊ ဤဘုရား, တရား, သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ မင်္ဂလာအစစ်ဖြစ်ကြီး ဖြစ်တော်မူပေ၏။ တော်မင်္ဂလံ၊ ဤဘုရား, တရား, သံဃာမင်္ဂလာ သုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီး ဖြစ်တော်မူပေ၏။ တော်မင်္ဂလံ၊ ဤဘုရား, တရား, သံဃာ မင်္ဂလာကြီးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗပါပါ – သဗ္ဗပါပေဟိ၊ ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာဓမ္မဟူသမျှတို့မှ။ ပမုစ္စရေ – ပမုစ္စန္တိ၊ ကင်းလွတ် ကြရကုန်၏။

၅။ ခေါ၊ စင်စစ်။ တော်သရဏံ၊ ဤဘုရား, တရား, သံဃာ ကိုးကွယ်ရာ သုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ကိုးကွယ်ရာ၊ အစစ်ဖြစ်ကြီး ဖြစ်တော်မူပေ၏။ တော်မင်္ဂလံ၊ ဤဘုရား, တရား, သံဃာမင်္ဂလာ သုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီး ဖြစ်တော်မူပေ၏။ တော်သရဏံ၊ ဤဘုရား, တရား, သံဃာ ကိုးကွယ်ရာ သုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ – သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ – ပမုစ္စန္တိ၊ ကင်းလွတ် ကြရကုန်၏။

၆။ ခေါ၊ စင်စစ်။ တော်သရဏံ၊ ဤဘုရား, တရား, သံဃာ

http://www.dhammadownload.com



ကိုးကွယ်ရာ သုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ကိုးကွယ်ရာ၊ အစစ်ဖြစ်ကြီး ဖြစ်တော်မူပေ၏။ ဝေါ်ရတနံ၊ ဤဘုရား, တရား, သံဃာမင်္ဂလာ သုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လူ့ရပ်, နတ်ရွာ ရတနာ အားလုံးတို့ထက် အမြတ်ဆုံးသော ရတနာ ဖြစ်တော်မူပေ၏။ ဝေါ်ရတနံ၊ ဤဘုရား, တရား, သံဃာ ရတနာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒေါသာ- သဗ္ဗဒေါသေဟိ၊ ခပ်သိမ်းသော အပြစ်ဒေါသ ဟူသမျှတို့မှ။ ပမုစ္စရေ- ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

**အန္တရာယ်ကင်း ၆-ဂါထာပါဠိအနက် ပြီး၏။**

[ဤ ၆-ဂါထာတို့ကို အနုဿတိဘာဝနာ ကိစ္စနှင့် ကုသိုလ်ဖြစ် ရွတ်ဆိုသောအခါ၌ သာယာစွာ ရွတ်ဆိုရသည်။ အန္တရာယ်ရှိ၍ အန္တရာယ် ကင်းရန် ရွတ်ဆိုသောအခါ၌ စိတ်မာန်တင်းတင်းနှင့် ပြင်းထန်စွာ ရွတ်ဆိုရသည်။]

**ဤတွင် ခေတ်ကမ္ဘဋ္ဌာန်းကျမ်းသစ် ပြီးပြီ။**

❀ ❀ ❀

http://www.dhammadownload.com



# ရူပဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## (၁) ပဋိညာဉ်

သင်္ဂြိုဟ်ရူပပဝတ္တိက္ကမ၌ ကမ္မဇရုပ် စိတ္တဇရုပ်တို့၏ ချုပ်စဉ်ဝယ် ဆရာတို့အဆို အယူမတူ ကွဲလွဲရှိကြပါသည်။ ဘယ်အယူသည်သာ အာဂုံ ယုတ္တိ အားအင် ရှိသည်ဟု စီစစ်ရွေးချယ်ပြီးလျှင် စတုဇရုပ်တို့၏ ချုပ်ရပ်ပြတ်စဲရာ ခဏများကို သိမှတ်လိုကြောင်းနှင့် ၁၂၅၄–ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀–ရက်နေ့တွင် မင်းခင်းမြို့ယွန်းကျောင်း ဂိုဏ်းထောက်ဆရာက စာလွှာစေလွှတ် လျှောက်ထားတောင်းပန်အပ်သည် ဖြစ်၍၊ လေ့ကူးမြို့ လယ်တီတောကျောင်းဆရာ ငါသည် အာဂုံယုတ္တိနှင့် တကွ ရူပဒီပနီကို ရေးသားပြဆိုပေအံ့သတည်း။ ဖြစ်စဉ်ကစ၍ ဆိုမှ သာလျှင် ချုပ်စဉ်သည်လည်း ထင်ရှားရာသောကြောင့် ဖြစ်စဉ်ကပင် အဦးတင်၍ ဆိုအပ်၏။

http://www.dhammadownload.com



## (၂) ရုပ်တို့၏ဖြစ်စဉ်

### ၁။ ရုပ်ဖြစ်ကြောင်းတရား ၄–ပါး

### ၁–ကမ္မသမုဋ္ဌာန်

ရုပ်ကို ဖြစ်စေနိုင်သော အကြောင်းတရားသည် –

ကံဟူ၍, စိတ်ဟူ၍ နာမ်၌ ၂–ပါး။

ဥတုဟူ၍, အာဟာရဟူ၍ ရုပ်၌ ၂–ပါး။

ကံဟူသည်ကား – အတိတ်ဖြစ်သော ကာမရူပ ကုသိုလ်စေတနာ ၁၃၊ အကုသိုလ်စေတနာ ၁၂၊ ပေါင်းစေတနာ ၂၅–သည် ဤအရာ၌ ကံမည်၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ အစဗွာ ဥပါဒ်သော ရုပ်ကို ဥဒ္ဓစ္စစေတနာ, အဘိညာဉ် စေတနာတို့သည် မဖြစ်စေနိုင်။

[အဋ္ဌကထာ။]

ပုထုဇဉ်သန္တာန်၌ ဖြစ်သော ဥဒ္ဓစ္စစေတနာသည်ကား ကိလေသာ သဟဲကောင်းသောကြောင့် ဖြစ်စေနိုင်ပါ၏။ အရိယာသန္တာန်၌ ဖြစ်သော ဥဒ္ဓစ္စစေတနာသည်သာ ကိလေသာ သဟဲနည်း၍ မဖြစ်စေနိုင်သည်။

[မေ္မသင်္ဂဟဋီကာ]

ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ပဝတ္တိရုပ်မှာ ဆရာ နှစ်ပါးမကွဲကြ။ အဋ္ဌကထာကိုပင် ဆရာတို့ နှစ်မြို့ကြကုန်သည်။ ကျယ်မည်စိုး၍ မကိုးပြီ။

ကံပြီး၏။

### ၂–စိတ္တသမုဋ္ဌာန်

စိတ်ဟူသော စကားသည်ကား – "ရာဇာအာဂစ္ဆတိ" ကဲ့သို့ ပဋ္ဌာနစကားသာတည်း။ စေတသိက်သည်လည်း ရုပ်ကို ဖြစ်စေပါ၏။

[သမ္မောဝိသုဒ္ဓိမဂ်။]

http://www.dhammadownload.com



[သဗ္ဗေပိ စိတ္တစေတသိကာ ကေတောဝ ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ။ ပဋ္ဌာန်း အဋ္ဌကထာ။ ။ ကမ္မန္တိ စေဝ အဓိပ္ပေတာ၊ န သမ္ပယုတ္တကာ၊ စိတ္တန္တိ သသမ္ပယုတ္တကံ အဓိပ္ပေတံ။ သစ္စသံခိပ်ဋီကာဟောင်း၊ ၎င်းဋီကာသစ်၊ သခေံပဋီကာ၊ သင်္ဂြိုဟ်ဒီပနီ။ ။ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပနံ . . . စသည် ပဋ္ဌာန်း။]

(၁) ခပ်သိမ်းသော ပဋိသန္ဓေစိတ်၊ ပဉ္စဝိညာဉ် ၁၀၊ အရူပဘုံ၌ ဖြစ်သော စိတ်ပေါင်း ၄၆၊ ရဟန္တာ၏ ပရိနိဗ္ဗာနစိတ်၊ ဤစိတ်များသည် ရုပ်ကို မပြုတတ်။ ကြွင်းသော ၇၅–ခုသော စိတ်သည် ပြုတတ်၏။ [အဋ္ဌကထာ။]

(၂) စုတိစိတ်ဟူသမျှသည်ပင် မပြုတတ်။ မူလဋီကာ။ [အညေသမ္ပိစုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ။ ၎င်း။]

(၃) စုတိစိတ်မ ပြန်၍ရေသော် ၁၇–ချက်မြောက်သော ဘဝင်စိတ်မှသည်စုတိစိတ်တိုင်အောင် ဤအတွင်း၌ ဖြစ်ကြသော မရဏာသန္နစိတ်စုသည် ရုပ်ကိုမပြုတတ်။ အနုဋီကာ။ [မစ္ဆိမစိတ္တဿ ပုရတော သောဠသမေန စိတ္တေန, တတော ဩရိမေန ဝါ သဒ္ဓိံ အဿာသ ပဿာသာ န ဥပ္ပဇ္ဇန္တီတိ သိဒ္ဓံ။ ၎င်း။]

ရုပ်သက်သည် အရှင်ဗုဒ္ဓဃောသအလို စိတ္တလက္ခဏာ ၁၇–ချက်ခန့်၊ မဟာအဋ္ဌကထာ အလို ၁၆–ချက်နှင့် ခဏငယ် ၁–ခုခန့်၊ မူလဋီကာ အလို ၁၆–ချက်ခန့်၊ ထို့ကြောင့် အနုဋီကာပါဠ်၌ ၁၇–ချက်ကို ရည်၍ "သောဠသမေန" ဆိုသည်။ ၁၆–ချက်ကိုရည်၍ "တတောဩရိမေန ဝါ" ဆိုသည်။

(၄) စုတိစိတ်မှပြန်၍ရေသော် ၁၈–ချက်မြောက်သော ဘဝင်စိတ်မှသည် စုတိစိတ်တိုင်အောင် ဤအတွင်း၌ဖြစ်ကြသော မရဏာသန္န

http://www.dhammadownload.com



စိတ်စုသည် ရုပ်ကို မပြုတတ်။ (အပရေဆရာ။) [စုတိဘော ဒုတိယ စိတ္တေနာပိ သဟ နိရုဇ္ဈတီတိ အပရေ။ ။ အဘိဓမ္မာဝတာရဋီကာ၊ မဏိမဉ္ဇူသာ ဋီကာ။]

(၅) ၁၉–ချက်မြောက်သော ဘဝင်စိတ်မှစ၍ ရုပ်ကို မပြုနိုင်။ (ကေဆရာ။) [ဟေဋ္ဌိမကောဋိယာ စုတိတော တတိယစိတ္တေနေဝ သဟ နိရုဇ္ဈတိ၊ ဒုတိယစိတ္တံ န ပါပုဏာတီတိ ကေ။ ။ အဘိဓမ္မာဝတာရ ဋီကာ၊ မဏိမဉ္ဇူသာ ဋီကာ။]

(၆) ၃၂–ချက်မြောက်သော ဘဝင်စိတ်ကစ၍ပင် ရုပ်ကို မပြုနိုင်။ (ဆရာတို့။) [စုတိတော ပုဗ္ဗေ ဒွတ္တိံသမစိတ္တက္ခဏတော ပဋ္ဌာယ နုပ္ပဇ္ဇတိ၊ တေတ္တိံသမစိတ္တက္ခဏေ ဥပ္ပန္နံ ပစ္ဆိမသောဠသကတော ပုရေတရမေဝ နိရုဇ္ဈတီတိ ဝဒန္တိ။ ။ အဘိဓမ္မာဝတာရဋီကာ၊ မဏိမဉ္ဇူသာဋီကာ။]

ဤသို့ အဆိုခြောက်ထွေပြား၍ နေသည်ကို နောက်မှရွေးချယ်အံ့။

စိတ်ပြီး၏။

## ၃–ဥတု သမုဋ္ဌာန်

သီတတေဇော, ဥဏှတေဇောဟူသော ဓာတ်မီး ၂–ပါးသည် ဥတုမည်၏။ ထိုဥတုဟူသော ဓာတ်မီးသည် အဇ္ဈတ္တဓာတ်မီး, ဗဟိဒ္ဓ ဓာတ်မီးဟူ၍ ၂–ပါး၊ ထို ၂–ပါးသည်ပင် ရုပ်ကို ပြုနိုင်၏။ ဝါဒအကွဲ အပြား မရှိ။ ။

ဥတုပြီး၏။

http://www.dhammadownload.com



## ၄–အာဟာရသမုဋ္ဌာန်

အဇ္ဈတ္တဓာတ်ဆီ, ဗဟိဒ္ဓဓာတ်ဆီဟူသော ဩဇာ ၂–ပါးသည် အာဟာရ မည်၏။ ထိုအာဟာရ ၂–ပါးသည်ပင် ရုပ်ကို ပြုတတ်၏။ [သမ္မော၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းအဋ္ဌကထာ၊ ပဏ္ဏာသအဋ္ဌကထာ။]

ဗဟိဒ္ဓဩဇာသည် ရုပ်ကို မပြုတတ်။ အဇ္ဈတ္တဩဇာသည်သာ ရုပ်ကို ပြုတတ်သည်။ ဗဟိဒ္ဓဩဇာသည်မူကား အဇ္ဈတ္တဩဇာအား ထောက်ပံ့ခြင်းကိုသာ ပြုပြင်နိုင်သည်။ [မဟာဋီကာ၊ အနုဋီကာ၊ ပဏ္ဏာသဋီကာ၊ သံယုတ်ဋီကာ။]

အရိယဝံသ ဆရာတော်စသော ဆရာကြီးတို့ကား အဋ္ဌကထာဖက်ပါ ဖြစ်ကြပေကုန်သည်။ ။

အာဟာရ ပြီး၏။

ဤတွင်ရုပ်ဖြစ်ကြောင်းတရား ၄–ပါးအကျဉ်း ပြီး၏။

## ၂။ ရုပ် ၄–မျိုး ဖြစ်စဉ်ပြပုံ

### ၁–ကမ္မဇရုပ်

ယခုအခါ ရုပ်တို့၏ ဖြစ်စဉ်ကို ဆိုအံ့။ ကမ္မဇရုပ်တို့သည် ပုဂ္ဂိုလ်အားလျော်စွာ ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်မှသည် ၁၇–ချက်မြောက်သော ဘဝင်စိတ်၏ ဥပါဒ်တိုင်အောင် တစ်ခုတစ်ခုသော စိတ်၏ ၃–ပါး ၃–ပါးသော ခဏတို့၌ အခြားမလပ် အစဉ်စပ်အောင် ဥပါဒ်ကြကုန်သည်။ [အဋ္ဌကထာ။]

စိတ်မှာ ဌီခဏဟူ၍ မရှိ၊ ဥပါဒ်ခဏ, ဘင်ခဏ ၂–ခုသာ ရှိသည်။ ထို ၂–ခုတို့တွင် ဘင်ခဏ၌ ရုပ်တို့၏ ဥပါဒ်ခြင်းမည်သည် မရှိ။ အလုံးစုံသော စတုသမုဋ္ဌာနိက အဇ္ဈတ္တရုပ်တို့သည် စိတ်၏ဥပါဒ်

http://www.dhammadownload.com



၌သာ ဖြစ်ကုန်သည်။ (မူလဋီကာ။) [ယော စေတ္ထ စိတ္တဿ ဌိတိကၡဏော ဝုတ္တော၊ သောစအတ္ထိ, နတ္ထိတိ ဝိစာရေတွာ ဂဟေတဗ္ဗော။ ၎င်း။]

[ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ။ ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနံ- စသော ယမိုက် ပါဠိသည် အထောက်။]

ဤ၌ စိတ်မှာ ဌီဟူ၍ မရှိ။ ဥပါဒ်နှင့် ဘင်သာ ရှိသည်ဟူသော ဝါဒသည် မူလဋီကာအရှင်တွင်မှ ဖြစ်ပေသည် မဟုတ်။ အရှင် မဟာဗုဒ္ဓဃောသဆရာ အဋ္ဌကထာသစ်ကို မစီရင်မီကပင် မဟာအဋ္ဌကထာတွင် လာသော အာစရိယ ဝါဒပေတည်း။ ထို့ကြောင့် သာရတ္ထပကာသနီမည်သော သံယုတ်အဋ္ဌကထာ ခန္ဓဝဂ္ဂအဖွင့်၌ -

အပရေ ပန ဝဒန္တိ၊ အရူပဓမ္မာနံ ဇရာ ခဏော နာမ နသက္ကာ ပညာပေတုံ၊ သမ္မာသမ္ဗုဒ္ဓေါ စ ဝေဒနာယ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတာယ အညထတ္တံ- ပညာယတိတိ ဝဒန္တော အရူပဓမ္မာနမ္ပိ တီဏိ လက္ခဏာနိ ပညာပေတိ၊ တာနိ အတ္ထိက္ခဏံ ဥပါဒါယ လဘတီတိ ဝတွာ -

အတ္ထိတာ သဗ္ဗဓမ္မာနံ၊ ဌိတံ နာမ ပဝုစ္စတိ။
တဿေဝ ဘေဒေါ မရဏံ၊ သဗ္ဗဒါ သဗ္ဗပါဏိနန္တိ။
ဋ္ဌမာယ အာစရိယဂါထာယ တမတ္ထံ သာဓေန္တိ။ အထဝါ။
သန္တတိဝသေန ဌာနံ ဝေဒိတဗ္ဗန္တိ စ ဝဒန္တိ- ဟူ၍ လာသည်။

ဤသံယုတ်အဋ္ဌကထာလာ နှစ်ဝါဒတို့၏ အထူးကား - "ဝေဒနာယ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတာယ အညထတ္တံ ပညာယတိ"ဟူ၍ ဟောတော်မူရာမှ ဥပ္ပါဒေါဖြင့် ဝေဒနာ၏ ဥပါဒ်ကို ရသည်။ ဝယောဖြင့် ဝေဒနာ၏ ဘင်ကိုရသည်။ နာမ်တရားတို့

http://www.dhammadownload.com



၌ ဋ္ဌီဟူ၍ မရှိလေရကား ဋ္ဌီတာယဖြင့် ဋ္ဌီကိုယူ၍ မရ။ အတ္ထိခဏကိုသာ ယူလေ ဟူလိုသည်။ အတ္ထိခဏဟူသည်ကား - ဥပါဒ်နှင့် ဘင်ကိုယူ။ [ဋီကာ။]- နောက်ဝါဒ၌ သန္တတိဋ္ဌီကို ယူသည်။ ဤဝါဒကိုပင် ဆရာ ဗုဒ္ဓဃောသ ပယ်တော်မူလေသည်။

**ယသ္မာ ပန သုတ္တေ အယံသေသော နတ္ထိ၊ တသ္မာ အာစရိယမတိယာ သုတ္တံ အပ္ပဋိဗာဟေတွာ သုတ္တမေဝ ပမာဏံ ကာတဗ္ဗံ။ ပယ်ပါဠ်။**

မူလဋီကာကိုလည်း အနုဋီကာစသော နောက်ဋီကာတို့ ပယ်တော်မူကုန်သည်။

စိတ်, စေတသိက်တို့၏ အသက်သည် ခဏငယ် ၃-ခုမျှသာ ရှိသည်။ အလွန်တိုလှသည်ဖြစ်၍လည်း ၃-ဖို့ မဝေလိုပဲ ၂-ဖို့သာ ဝေလိုလျှင် ၂-ဖို့နှင့်ပင် ပြီးကောင်းတော့သည်။ [တစ်ချက်။]

ဋ္ဌီဟူသော ဝေါဟာရသည် အနိစ္စ၏ ဆန့်ကျင်ဖက် ဖြစ်သည်။ အဘိဓမ္မာ ဒေသနာသည် အနတ္တဒေသနာသာ ဖြစ်သည်။ အနိစ္စ၏ ဆန့်ကျင်ဖက်ဖြစ်သော ဝေါဟာရသည် အနတ္တ၏လည်း ဆန့်ကျင်ဖက် ဖြစ်လေတော့သည်။ ထို့ကြောင့် ယမိုက်ဒေသနာ၌ ဋ္ဌီခဏကို မဟော လေသည်။ ဓာတုကထာ ဒေသနာ၌ကား ဇရာသဒ္ဒါနှင့် လာသည်ဖြစ်၍-

**ဇာတိ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတာ၊ ဇရာ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတာ၊ မရဏံ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတံ-**

ဟူ၍ နာမ်တရားတို့၏လည်း ခဏ ၃-ပါးကိုစဉ်၍ ဟောတော်မူသည်။ ထို့ကြောင့် ဆိုလိုလျှင် စိတ်တစ်ခုကို ၃-ဖို့ခွဲ၍ ဇာတိခဏ, ဇရာခဏ, မရဏခဏ ဟူ၍လည်းကောင်း၊ ဥပါဒ်ခဏ, ဋ္ဌီခဏ, ဘင်ခဏဟူ၍ လည်းကောင်း ဆိုထိုက်သော အခွင့်ရှိ၏။ [ကြံပုံ။]

မိခင်ရောဝတီ

http://www.dhammadownload.com



ဋီကာဆရာ ကြီးငယ်တို့ကား ယမိုက်ပါဠိကို မိဂပဒဝဠဥ္စနနည်းယူကြကုန်၏။ ဤကား ဋီ–မရှိဟူရာ၌ အကျဉ်းလိုရင်း မှတ်ပုံတည်း။

စိတ်၏ ဘင်ခဏ၌ ရုပ်ဖြစ်ခြင်း မရှိဟူသည်မှာ –

**ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ၊ နော–** စသော ယမိုက်ပါဠိသည် အထောက်။

စိတ်၏ ဥပါဒ်ခဏ၌လည်း ရုပ်ချုပ်ခြင်း မရှိဟုယူ၏။

**ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာ ဓမ္မာ နိရုဇ္ဈန္တိ တိ၊ နော–** စသော ယမိုက်ပါဠိသည် အထောက်။

ယင်းနှစ်ချက်ကိုပင် အနုဋီကာ ဆရာတော် ပယ်လေသည်။ သူ့စိတ်နှင့် သူ့စိတ္တဇရုပ်ကို ရည်၍ "နော"ဟု ဟောတော်မူသည်။ ။ တစ်နည်း အရူပဘုံကိုရည်၍ ဖြေတော်မူသည်။ သူ့စိတ်ပြုသော စိတ္တဇရုပ်သည် သူ့စိတ်၏ ဘင်၌ မဖြစ်။ ဥပါဒ်၌သာ ဖြစ်သည်။ သူ့စိတ်၏ ဥပါဒ်၌လည်း မချုပ်။ ထို့ကြောင့် "နော"ဟု ဖြေတော်မူသည်။ [အနုဋီကာ]။ ။ ဝါဒကွဲပြသည် ပြီး၏။

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်စုသည် –

၁။ ဋီကာအလို ပန္နရသမ ဘဝင်၏ ဘင်၌ချုပ်သည်။

၂။ မဟာအဋ္ဌကထာအလို သောဠသမဘဝင်၏ ဥပါဒ်၌ ချုပ်သည်။

၃။ ဆရာဗုဒ္ဓဃောသအလို သောဠသမဘဝင်၏ ဘင်၌ချုပ်သည်။

ဤသုံးဝါဒတွင် ဋီကာဝါဒကို အနုဋီကာပယ်သည်။ မဟာအဋ္ဌကထာဝါဒကို ဆရာဗုဒ္ဓဃောသ ပယ်သည်။

ရုပ်သက်သည် ဋီကာဆိုတိုင်း စိတ္တက္ခဏ ၁၆–ချက်သာ ဖြစ်ခဲ့အံ့။ အတိမဟန္တာရုံဝီထိ၌ ပဉ္စာရုံသည် ဥပါဒ်သည်နှင့် တစ်ပြိုင်နက် ပဉ္စဒွါရ၌ ထင်ခြင်းသို့ ရောက်ရာသည်။ ရုပ်တို့မည်သည် ဥပါဒ်ခဏ၌ အလွန်

မိခင်ရောဝတီ

http://www.dhammadownload.com



အားနည်းလေသောကြောင့် ထိုသို့လည်း ထင်နိုင်ခွင့် မရှိ။ ထို့ကြောင့် ဋီကာဝါဒသည် မသင့်ဟု အနုဆရာ ပယ်သည်။

မဟာအဋ္ဌကထာ ဆိုတိုင်း ၁၆–ချက်နှင့် ခဏငယ် ၁–ခုလွန် ဖြစ်ခဲ့အံ့။ စိတ်၏ ဥပါဒ်၌သာ ဖြစ်သော စိတ္တဇရုပ်သည် သတ္တရသမ စိတ်၏ ဥပါဒ်၌သာ အမြဲချုပ်ရမည်။ ထိုသို့ ချုပ်သည်ဟူ၍ ပါဠိတော် မရှိ။ ဘင်၌ ချုပ်ကြောင်းသာ ရှိသည်။ ထို့ကြောင့် မဟာအဋ္ဌကထာ ဝါဒမသင့်ဟု ဆရာဗုဒ္ဓဃောသ ပယ်သည်။ ။

ဘင်၌ ချုပ်သည့် အထောက်အထားကား–

**အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါ ရောစ နိရုဇ္ဈတိ၊ ဝစီသင်္ခါရော စ နိရုဇ္ဈတိ**– စသော ယမိုက်ပါဠိများပေတည်း။

ပဋိသန္ဓေစိတ်၏ ဋီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် သတ္တရသမ ဘဝင်၏ ဥပါဒ်၌ ချုပ်ကုန်သည်။ ပဋိသန္ဓေစိတ်၏ ဘင်၌ဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် သတ္တရသမ ဘဝင်၏ ဋီ၌ချုပ်ကုန်သည်။ [အဋ္ဌကထာ။]

ဋီကာအလိုကား စိတ်၌ ဋီခဏဟူ၍ မရှိ။ စိတ်၏ ဘင်၌လည်း ရုပ်ဖြစ်ခြင်း မရှိ။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌သာ ရုပ်ဖြစ်သည် ဆိုလိုသည်။ ပဌမဘဝင် စသည်တို့မှာ သိနိုင်ရာပြီ။

**ကမ္မဇရုပ် ပြီး၏။**

## ၂–စိတ္တဇရုပ်

ပဋိသန္ဓေစိတ်၏ ဥပါဒ်၌ ဖြစ်ခဲ့ကုန်သော ကလာပ်တိုင်း ပါကုန်သော ကမ္မဇဓာတ်မီးတို့သည် ပဋိသန္ဓေစိတ် ဋီသို့ရောက်သောအခါ မိမိတို့လည်း ဋီသို့ ရောက်ကြကုန်သည်ဖြစ်၍ အမိဝမ်းတည်းဟူသော

http://www.dhammadownload.com



ဗဟိဒ္ဓ၌ ရှိနေသော ကိုယ်ငွေ့တည်းဟူသော ဓာတ်မီးတို့၏ အထောက်အပံ့ကို ခံနိုင်ကြသဖြင့် အားအင်ရှိကြကုန်သည်နှင့် ပဋိသန္ဓေ၏ ဌီခဏ၌ပင် ဥတုဇအဋ္ဌကလာပ်တို့ကို ပြုကြကုန်သည်။ [အဋ္ဌကထာ။]

ဋီကာအလိုကား – ထိုပဋိသန္ဓေစိတ်နှင့် ဥပါဒ် ပြိုင်ကြသော ကမ္မဇဓာတ်မီးတို့သည် ပဋိသန္ဓေစိတ်ခဏ၌ ဥပါဒ်အဖို့၌ပင် တည်လျက် ရှိကြကုန်သေးသည်နှင့် ရုပ်ကို မပြုနိုင်ကြကုန်သေး။ ပဌမဘဝင်၏ ဥပါဒ်သို့ရောက်မှ ဌီအဖို့သို့ ရောက်ကြကုန်သည်ဖြစ်၍ ရုပ်ကို ပြုကြကုန်သည်ဟု ဆိုပေ၏။

**ပဋိသန္ဓိစိတ္တေန သဟုပ္ပန္နော ဥတု တဒနန္တရဿ စိတ္တဿ ဥပ္ပါဒက္ခဏေ ရူပံ သမုဋ္ဌာပေယျ။ (ဋီကာ။)**

ငင်းဋီကာ ဆရာကား ရုပ်တို့၏ဥပါဒ်ခဏသည် ခဏငယ် ၂–ခုခန့် ရှိသည်ဟု ယူ၏။

**ယေန သဟုပ္ပန္နတိ၊ တံစိတ္တက္ခဏေ ရူပံ ဥပ္ပန္နမာနမေဝ။ ငင်း။**

ယင်းသို့သော စိတ်၏ဘင်နှင့် ရုပ်၏ဥပါဒ်သည် ထင်ပြိုင်မိပြန်သည်ဖြစ်၍ စိတ်၏ ဘင်ခဏ၌ ရုပ်ဥပါဒ်ခြင်း မရှိဟူသော ရှေးစကား မပျက်ပြီလော မေးရန်။ ။ ဥပါဒ်နောက်စွန်းနှင့်သာ ပြိုင်မိသည်။ ဥပါဒ်အစ အထနှင့် ပြိုင်မိသည် မဟုတ်။ အစ, အထ သည်သာ ဖြစ်ဆဲ အရင်းဖြစ်ပေ၍ ရှေးကားမပျက်လေဟု ဖြေ။ [ဋီကာ။]

ကောင်းကင်သို့ မြှောက်လိုက်သော ကျောက်ခဲသည် တက်သည်၏ အဆုံး၌ ကျတော့သည်။ တည်နေသော အခိုက်ဟူ၍ မရှိ။ ထို့အတူ နာမ်တရား တို့သည်လည်း ပေါ်တက်သော ဥဒယစွန်းကုန်လျှင် ဆုတ်ကျကွယ်ပျောက်သော ခယဝယ ဖြစ်ကုန်တော့သည်။ တည်နေသော ဌီဟူ၍ မရှိကုန်ပြီ။ ။ ဋီကာအလို။ [ဥပ္ပါဒါနန္တရံ စိတ္တဿ ဘိဇ္ဇမာနတ္တာ။ ငင်း။]

http://www.dhammadownload.com



ရုပ်တရားတို့မှာမူကား ခဏငယ် ၂-ချက်စာခန့် ဖြစ်ပေါ် တိုးတက်ပြီးလျှင် မဆုတ်မကျပဲ ရင့်မာတောင့်တင်း၍ ခဏငယ် ၂၅-ခန့် တိုင်အောင် သွားပြီးမှ တဖြည်းဖြည်း ကျလေသည်။ [ဋီကာအလို။]

ဤဋီကာဆရာ ဝိနိစ္ဆယသည် ယမိုက်ပါဠိတော် အရပ်ရပ်တို့နှင့် သင့်မြတ်လှပေသည်။ အနုဋီကာစသော ဋီကာကြီးငယ် စသည်တို့သည်ကား အဋ္ဌကထာကို ပမာဏပြုပြီးလျှင် ယမိုက်ပါဠိတော် တစ်လျှောက်ကို ကွေ့ကွေ့ကောက်ကောက် ကြံဖန်၍ ယူကြလေကုန်သည်။ [ခဲရပ်။]

ဆိုခဲ့ပြီးသော ကျောက်ခဲဥပမာနှင့်အညီ စိတ်, စေတသိက်တို့မှာ ဥဒယအဖို့၌သာ အားရှိကုန်သည်။ ဥဒယအဖို့ ကုန်လျှင် အားကုန်တော့သည်။ ထို့ကြောင့် မိမိဥပါဒ်ခဏ၌သာ စိတ္တဇရုပ်ကို ပြုနိုင်ကုန်သည်။

**စိတ္တဇရုပ် ပြီး၏။**

## ၃-ဥတုဇရုပ်

ဥတု, အာဟာရဟူသော ရုပ်တို့မှာမူကား မိမိတို့ဥပါဒ်ခဏ၌ အားမရှိကြကုန်။ မိမိတို့၏ဌီခဏသို့ရောက်မှသာ အားပြည့်ကြကုန်သည်။ ထို့ကြောင့် သင်္ဂြိုဟ်၌ **"ဌိတိပ္ပတ္တော၀"**- ဟူ၍လည်းကောင်း၊ **"ဌာနပ္ပတ္တော၀"**- ဟူ၍လည်းကောင်း ဆိုပေသည်။ ။ ဌိတိနှင့်ဌာန အတူတူ။ ဥတု, အာဟာရတို့၏ ဌီကိုသာယူ။

**တေဇောဓာတု ဌိတိပ္ပတ္တာ၊ အာဟာရဇ္ဇောဟဇ္ဇော တထာ။**

**(နာမရူပပရိစ္ဆေဒ။)**

**သီတုဏှောတု သမညာတာ၊ တေဇောဓာတု ဌိတိက္ခဏေ။**

**ဘုတ္တာဟာရော ဌိတိပ္ပတ္တော၊ မာတရာ စ သယမ္ပိ စ။**

**(ပရမတ္ထဝိနိစ္ဆယ။)**

http://www.dhammadownload.com



သီတုဏှောတုသမညာတာ၊ ဋ္ဌိတိပ္ပတ္တာ တေဇောဓာတု။
ဩဇာသင်္ခါတော အာဟာရော၊ ဋ္ဌိတိပ္ပတ္တော၀ အဇ္ဈတ္တေ။
(နာမစာရဒီပက။)

စိတ္တဿ ဋ္ဌိတိက္ခဏေကမ္ပိ၊ ဥတုဩဇာ ဋ္ဌိတိက္ခဏေ။ (ခေမာ။)

ဤကျမ်းတို့၌လည်း ထို့အတူ။ ။ အထောက်ကား –

ပစ္ဆာဇာတာဒိပစ္စယုပတ္ထမ္ဘကလာဘေန ဋ္ဌိတိက္ခဏေယေ၀–
ဥတုဩဇာနံ ဗလ၀ဘာဝေါ။ (ဋီကာကျော်။)

ဥတုအာဟာရ ရူပါနညွှ ဋ္ဌိတိက္ခဏေ ဗလ၀တာ ပစ္ဆာဇာတာ–
ဒိပစ္စယလာဘတော။ (သစ္စသံခိပ်ဋီကာဟောင်း။)

ဥတုဩဇာတိ တေဇောဓာတု သင်္ခါတော ဥတု စေ၀
ကဗဠီကာရာဟာရ သင်္ခါတာဩဇာ စာတိ ဒ္ဓမေဒ္ဒေ့ပစ္စယာ
အတ္တနော ဋ္ဌိတိက္ခဏေယေ၀ ပစ္ဆာဇာတအတ္ထိ အဝိဂတပစ္စယ–
လာဘေန အတ္တနာ ဇနေတဗ္ဗ ဥတုအာဟာရဇရူပါနံ အတ္တနော
အတ္တနော ဋ္ဌိတိက္ခဏေယေ၀ ရူပဟေတူ ဘ၀န္တိ၊ ရူပဇနက
ပစ္စယာ ဟောန္တီတိ အတ္ထော။ (သစ္စသံခိပ်ဋီကာသစ်။)

ဒီပနီ၌ သင်္ဂြိုဟ်မှာ ဋ္ဌိတိသဒ္ဒါဖြင့် ပဋိသန္ဓေစိတ်၏ ဋ္ဌီကို၊ ဌာနသဒ္ဒါဖြင့် ဒုတိယသတ္တာဟကာလကို ဖွင့်သည်ကား မသင့်လေ။

ဤအရာ၀ယ် ဋီကာကျော်စသော လက်သန်းဋီကာတို့၌ ပဋိသန္ဓေ စသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဥတု, အာဟာရတို့သည် အပြိုင်ဥပါဒ်သော စိတ်၏ ဋ္ဌီသို့ရောက်လျှင်ပင် နောက်စိတ်မှ ပစ္ဆာဇာတ ပစ္စည်းကိုရ၍ အားရှိကြသဖြင့် ဥတုဇရုပ်, အာဟာရဇရုပ်များကို ပြုနိုင်ကုန်သည်ဟု တစ်သံတည်း ဆိုကြကုန်၏။

ပစ္ဆာဇာတပစ္စည်းသည် အတ္ထိပစ္စည်း၏ အစိတ်ပေတည်း။

http://www.dhammadownload.com



ပစ္စည်း, ပစ္စယုပ္ပန် ၂–ပါး ခဏပစ္စုပ္ပန်အားဖြင့် ထင်ရှားရှိနေသည်ကား အတ္ထိပစ္စည်း၏ လက္ခဏာပေတည်း။

**ပစ္စုပ္ပန္န လက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကတ္တေန ဥပကာရကော ဓမ္မော အတ္ထိပစ္စယော။**

**(ပဋ္ဌာန်းအဋ္ဌကထာ။)**

ဝိသုဒ္ဓိမဂ် ပဋိစ္စသမုပ္ပါဒ်အဖွင့်၌ ရှေးစိတ်နှင့် ဥပါဒ်ပြိုင်သော ရုပ်သည် ထိုစိတ်၏ ဌီခဏသို့ရောက်လျှင် နောက်စိတ်မရှိသေးလေရကား နောက်စိတ်မှ ပစ္ဆာဇာတပစ္စည်းကို ရပြီဟု မဆိုထိုက်သေး။ နောက်စိတ်၏ ဥပါဒ်သို့ရောက်မှ ဆိုရပေမည်။ ထို့ကြောင့် ထိုဋီကာတို့စကားကို ဆင်ခြင်အပ်၏။ မူလဋီကာ၌ကား နောက်စိတ်၏ ဥပါဒ်သို့ရောက်မှ ပစ္ဆာဇာတ ပစ္စည်းကိုရသည်ဟု ဆိုပေ၏။ သင့်မြတ်လှပေသည်။

**တဒနန္တရံ စိတ္တံ တဿ ပစ္ဆာဇာတပစ္စယော ဟောတိ။**

**(ဝိဘင်းဋီကာ။)**

၃–ချက်စု၊ ပစ္စည်းပြိုင်၊ ရာသီစု၊ ပဋ္ဌာန်းကောက်တို့၌လည်း ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ဟုဆိုရာ၌ ကေဇကာယ ဟူသော စကားကိုလည်း ဆင်ခြင်အပ်၏။

ဥတုဇရုပ် ပြီး၏။

## ၄–အာဟာရဇရုပ်

အာဟာရအကြောင်းမှာ အဋ္ဌကထာအလို ဗဟိဒ္ဓသြဇာသည် လည်း ရုပ်ကို ဖြစ်စေနိုင်၏။

**ကဗဠီကာရော အာဟာရော တာဝ မုခေ ဌပိတမတ္တောဝ**

မိခင်ရော၀တီ

http://www.dhammadownload.com



**အဠ ရူပါနိ သမုဋ္ဌာပေတိ၊ ဒန္တဝိစုဏ္ဏိတံ ပန အဇ္ဈောဟရိယ-
မာနံ ကောက်ံ သိတ္ထံ အဋ္ဌအဋ္ဌ ရူပါနိ သမုဋ္ဌာပေတိယေဝ။
(မဇ္ဈိမနိကာယ်အဋ္ဌကထာ သမ္မာဒိဋ္ဌိ သုတ်အဖွင့်။)**

တာဝ၊ ရှေးဦးစွာ။ ကဗဠီကာရော အာဟာရော၊သည်။ မုခေ၊ ၌။ ဌပိတမတ္တောဝ၊ ထားအပ်ကာမျှသည်သာလျှင်။ အဋ္ဌရူပါနိ၊ တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဒန္တဝိစုဏ္ဏိတံပန၊ သွားဖြင့်ချေ၍ ကြေညက် လေပြီးသည်ဖြစ်၍။ အဇ္ဈောဟရိယမာနံ၊ မျိုအပ်သော။ ကောက်ံသိတ္ထံ၊ တစ်ခု တစ်ခုသော အစာမှုန့်ထမင်းလုံးသည်၊ အဋ္ဌအဋ္ဌရူပါနိ၊ တို့ကို။ သမုဋ္ဌာပေတိယေဝ၊ ဖြစ်စေသည်သာလျှင်တည်း။

မဇ္ဈိမနိကာယ်ဋီကာဆရာကား အဇ္ဈတ္တသြဇာသည်သာ ရုပ်ကို ဖြစ်စေသည်။ ဗဟိဒ္ဓသြဇာမူကား အထောက်အပံ့မျှသာ ဖြစ်သည်။ ဤအထောက်အပံ့မျှ ကိစ္စကို ရည်၍ "**မုခေ ဌပိတမတ္တောဝ အဋ္ဌရူပါနိ သမုဋ္ဌာပေတိ**"စသော စကားကို အဋ္ဌကထာဆိုသည် မိန့်၏။

"**မာတရာ ပရိဘုတ္တာဟာရောပိ ဒါရကဿ သရီရံ ဖရိတွာ ရူပံ သမုဋ္ဌာပေတိ**"ဟူ၍လာသော ဝိသုဒ္ဓိမဂ်၌လည်း အထောက်အပံ့ကို ရည်၍ ဆိုသည်ဟု မဟာဋီကာ မိန့်၏။

မာတရာ၊ အမိသည်။ ပရိဘုတ္တာဟာရော၊ သုံးဆောင်အပ်သော အာဟာရသည်။ ဒါရကဿ၊ သူငယ်၏။ သရီရံ၊ ကိုယ်ကို။ ဖရိတွာ၊ ပျံ့နှံ့၍။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ သရီရေ၊ လူတို့ကိုယ်၌။ မက္ခိတာဟာရောပိ၊ ပြင်ကလိမ်းကျံအပ်သော အာဟာရသည်လည်း။ ရူပံ၊ ကို၊ သမုဋ္ဌာပေတိ၊ ၏။

**ဝတ္ထုဝသေန ကဗဠီကာတဗ္ဗတ္တာ ကဗဠီကာရေ၊ အဇ္ဈောဟရိ-
တဗ္ဗတ္တာ အာဟာရော၊ သြဒနာကုမ္မာသာဒိဝတ္ထုဂတာယ
မိခင်ရောဝတီ**

http://www.dhammadownload.com



**သြဇာယေတံနာမံ။ သာ ဟိ သြဇာဋ္ဌမကရူပါနိ အာဟရတိ၊**

**(သဒ္ဒမ္မပကာသနီမည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။)**

ဤသို့လျှင် အဋ္ဌကထာတို့အလို သြဇာနှစ်ပါးပင် ရုပ်ကို ပြုသည်။ ဋီကာဆရာ အရှင်ဓမ္မပါလအလို အဇ္ဈတ္တသြဇာသည်သာ ရုပ်ကို ပြုသည်ဟု အဆိုကွဲပြားလျက် ရှိသည်ကို နောက်နောက် ဋီကာတို့သည် ဆရာဓမ္မပါလဖက်သို့ မလိုက်ကြကုန်။

## သြဇာပျံ့နှံ့ပုံ

ဤသြဇာသည် ဂဗ္ဘသေယျကဌ် ၁–သတ္တာဟလွန်မှ ရုပ်ကိုပြုနိုင်သည်။ သမ္မော။ [**ကေဿ ဝါ ဒ္ဒိန္နံ ဝါ သတ္တာဟာနံ ဂတကာလေ။ ၎င်း။**]

ဂတသဒ္ဒါသည် အတိက္ကန္တ–ဟော၊ ကဗျာများ၌ **တိသတ္တာဟ၊ ချက်မှာဝင်ထွေ၊ မျှတုံပေ၏**–ဟု ဖွဲ့၏။ သူငယ်၏ ကံလည်း ကောင်း၏။ ဆူဖြိုးသော အမိလည်း ဖြစ်မည်ဆိုလျှင် ၂–သတ္တာဟနှင့်ပင် သြဇာနှံ့၍ ကောင်းအောင် ကြီးပွားရာ၏။ သို့မဟုတ်လျှင် ၃–သတ္တာဟမှ သြဇာအနှံ့ခံနိုင်ရာသည်ဟု နှစ်ချက်သင့်ယူ၊ ကဗျာစကား၌ ၃–သတ္တာဟ တွင် ချက်ဟူ၍ မရှိတန်သေးဟု ယူကြကုန်၏။ ကဗျာကို ဆိုခွင့်မရှိ။ အဋ္ဌကထာ၌ပင် လာပေသည်။

**တေန သော တတ္ထ ယာပေတိတိ တဿ ဟိ နာဘိတော ဥဋ္ဌိတော နာဠော မာတု ဥဒရပဋလေန ဧကာဗဒ္ဓေါ ဟောတိ၊ သော ဥပ္ပလဒဏ္ဍကော ဝိယ ဆိဒ္ဒေါ၊ တေန အာဟာရရသော သံသရိတွာ အာဟာရသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ။**

(သံယုတ်အဋ္ဌကထာ။)

http://www.dhammadownload.com



ဟိ၊ ထိုစကားကို ဖွင့်ပြဆိုအံ့။ တေန သော တတ္ထ ယာပေတိ တိ၊ ဟူသည်ကား၊ တဿ၊ ထိုသူငယ်၏။ နာဘိတော၊ ချက်မှ။ ဥဋ္ဌိတော၊ ပေါက်သော။ နာဠော၊ ချက်ရိုးချက်ညှာသည်။ မာတု၊ အမိ၏။ ဥဒရ ပဋလေန၊ ဝမ်းပျဉ်းနှင့်။ ဧကာဗဒ္ဓေါ၊ တစ်စပ်တည်းစပ်၏။ သော၊ ထိုချက်ရိုးချက်ညှာသည်။ ဥပ္ပလဒဏ္ဍကောဝိယ၊ ကြာညိုရိုးကဲ့သို့။ ဆိဒ္ဒေါ၊ အပေါက်ဗလဗွာ ရှိ၏။ တေန၊ ထိုအပေါက်ဖြင့်။ အာဟာရရသော၊ အစာရည်သည်။ သံသရိတွာ၊ စိမ့်ဝင်၍။ အာဟာရသမုဋ္ဌာနရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။

ချက်ညှာနှင့် အစာအိမ်လွှာဝမ်းပျဉ်းသည် တစ်စပ်တည်း စပ်သည် ဟူရာမှာ ဝမ်းလွှာနှင့် အောက်အကြောဆုံ၊ အောက်အကြောဆုံမှ ချက်ရိုး၊ ဤသို့ စပ်သည်ကိုယူ။

**ဒါရကဿ သရီရံ ဖရိတွာ တိ နာဘိမူလာနုဂတာ ဟိ ရသဟရဏီ ဖရိတွာ။** [**မဟာဋီကာ။**] သံယုတ်ဋီကာလည်း ဖွင့်၏။ စာပျက်လှ၍ မရေးလိုက်သည်။

ပိန္နဲသီးဖြစ်လိုသော် အပင်မှချက်ရိုးချက်ညှာအလျင် ဖြစ်၏။ ချက်ရိုးချက်ညှာမှ ပွင့်ချပ်ပွင့်လွှာ ဖြစ်၏။ ထိုပွင့်ချပ် ပွင့်လွှာဖုံးအုပ်လျက် အသီးဖြစ်၏။ မြေမှတက်သော သစ်ရည်သည် အမြစ်မှအပင်၊ အပင်မှသည် ချက်ရိုးချက်ညှာ၊ ချက်ရိုးချက်ညှာမှ အသီးသို့ရောက်၍ အသီးကို ကြီးပွားစေသည်။ ဤအတူ အမိ၏အစာသစ်အိတ် အောက်စအကြောဆုံမှ ချက်ညှာပေါက်သည်။ ထိုချက်ညှာမှ သားအိမ်လွှာ၊ ထိုသားအိမ်လွှာ ဟူသော အိမ်တွင်း၌ သူငယ်ဖြစ်သည်ဟု ကြံကုန်၏။ ကိုယ်ဝန်နှင့် သေသူကိုခွဲရာ မြင်ဖူးသူလည်း များကြ၏။

**ယဋ္ဌ တတ္ထ ကလလံ၊ ယဋ္ဌ အဗ္ဗုဒံ၊ ဥဘော ပေတေ**

**မိခင်ရောဝတီ**

http://www.dhammadownload.com



အညမညျပနိဿိတာ၊ ကေတော ဝ နေသံ ဥပ္ပတ္တိ ဟောတိ-ဟူသော မိလိန္ဒပဥှာနှင့်လည်း ညီပေ၏။

၂-သတ္တာဟ, ၃-သတ္တာဟ အတွင်းမှာလည်း ထိုအခါ အားလျော်စွာ အခြင်းအရာ ရှိရာပေသည်။ ထို့ကြောင့် ကဗျာဆရာ စကားလည်း အသင့်ပင်။ ဗူး, ဖရုံ, ဖရဲစသော သစ်သီးများဖြစ်ပုံနှင့်လည်း တူပါ၏။

အာဟာရဇရုပ် ပြီး၏။

ဤတွင် ရုပ် ၄-မျိုးဖြစ်စဉ်ပြပုံ ပြီး၏။

## ၃။ ရုပ်ကလာပ်တို့၏ တိုးပွားပုံအကြောင်း

## ကလလရေကြည် ပမာဏ

ယခုအခါ ကလလရေကြည်မှစ၍ သတ္တာဟအစဉ်ဖြစ်ပုံကို ဆိုပေအံ့။ ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ အစစွာဥပါဒ်သော ကလာပ် ၃-စည်း၏ ပမာဏကား -

၁။ ယင်ငယ်တစ်ကောင် တစ်ကြိမ်သောက် ပမာဏ ရှိသည်။ [အဆိုတစ်ရပ်။]

၂။ သိမ်မွေ့လှစွာသော အပ်ကို ဆီကြည်၌ချ၍ ဆယ်လေရာ အပ်ဖျား၌ပါသော ဆီပေါက်ငယ် ပမာဏရှိသည်။ [အဆိုတစ်ရပ်။]

၃။ ဇမ္ဗူဒိပ်ကျွန်းသား၏ ဆံပင်ကို ဆီကြည်တွင် နှစ်၍ ဆယ်လေရာ ဆံပင်ဖျား၌ပါသော ဆီကြည်ပေါက် ပမာဏ ရှိသည်။ [အဆိုတစ်ရပ်။]

၄။ မြောက်ကျွန်းသူ၏ ဆံပင်သည် တောင်သူကျွန်းသူ၏ ဆံပင်ကို ရှစ်ဖြာစိတ်၍ တစ်စိတ်စာမျှသာ ရှိသည်၊ ထိုမြောက်ကျွန်းသူ

http://www.dhammadownload.com



ဆံပင်ကို ဆီကြည်၌ နှစ်၍ ဆယ်လေရာ ဆံပင်ဖျား၌ပါသော ဆီပေါက်ငယ် ပမာဏရှိသည်။ **[အဆိုတစ်ရပ်။]**

၅။ ဓာတိဥဏ္ဏာသိုးမွေးကို ဆီကြည်၌နှစ်၍ ဆယ်လေရာ အဖျား၌ပါသော ဆီပေါက်ငယ် ပမာဏရှိသည်။ **[အဆိုတစ်ရပ်။]**

ဤငါးရပ်တွင် နောက်ဆုံးဝါဒသည် အတည်တကျ ဖြစ်၏။

က။ ဓာတိဥဏ္ဏာဟူသည်ကား – ထိုနေ့ဖွားသော သိုးငယ်၏ အမွေးသည် ဓာတိဥဏ္ဏာမည်၏။ **[ကေစိ။]**

ခ။ ဟိမဝန္တာ၌ ဓာတ်တစ်ပါးနှင့် မရောသော သိုးမျိုး၏ အမွေးသည် ဓာတိဥဏ္ဏာ မည်၏။ **[အပရေ။]**

ဂ။ သိမ်မွေ့သော အမွေးရှိသော ဟိမဝန္တာရှိ သိုးမျိုးတွင်မှ ဝမ်းကိုခွဲ၍ယူသော သိုးငယ်၏အမွေးသည် ဓာတိဥဏ္ဏာ မည်၏။ **[အညေ။]**

သံယုတ်အဋ္ဌကထာ၌ကား – သိုးမွေးသုံးမျှင်ကို ကျစ်သော ကြိုးငယ်၏ အဖျားမှာပါသော ဆီပေါက်ပမာဏ ရှိသည်ဟူ၏။ ။ ဤကား မှတ်ရိုးမှတ်စဉ် ထင်ရှားသော စကားပေတည်း။

တစ်နည်းကား – တစ်ခုသော ကလာပ်၏ ပမာဏကို ပရမာဏုမြူတစ်ခု ပမာဏထား၍ ကလာပ် ၃–ခု အပေါင်းဖြစ်သော ထို ကလလရေကြည်သည် ပရမာဏုမြူသုံးခု ပမာဏရှိသည်ဟု ဆိုသင့်၏။ "ပရမာဏု ဘေဒသဉ္ဆုဏ္ဏာ သုခုမရဇဘူတာ"ဟူသော ဝိသုဒ္ဓိမဂ်၌ မြေဓာတ်မှုန့်၏ ပမာဏကို ဆိုသဖြင့် မကင်းရာသော အဋ္ဌကလာပ်မှုန့်ကို ပင် သိအပ်သည်။

http://www.dhammadownload.com



## ပရမဏုမြူ ပမာဏ

ပရမာဏုမြူသုံးခု၏ ပမာဏကိုကား – စပါးတစ်လုံး၏ ရှစ်ဖို့တစ်ဖို့သည် သန်းတစ်ခု၊ သန်း၏ ရှစ်ဖို့တစ်ဖို့သည် ကညစ်စာတစ်ခု၊ ၎င်း၏ ရှစ်ဖို့တစ်ဖို့သည် ရထရေဏုမြူ၊ ၎င်း၏ ရှစ်ဖို့တစ်ဖို့သည် တဇ္ဇာရီမြူ၊ ၎င်း၏ ရှစ်ဖို့တစ်ဖို့သည် အဏုမြူ၊ ၎င်း၏ ရှစ်ဖို့တစ်ဖို့သည် ပရမာဏူမြူတစ်ခု။ [ကေစိ။]

လက်သစ်၏ ခုနစ်ဖို့တစ်ဖို့သည် စပါး၊ စပါး၏ ခုနစ်ဖို့တစ်ဖို့သည် သန်း၊ သန်း၏ ခုနစ်ဖို့တစ်ဖို့သည် ကညစ်စာ၊ ကညစ်စာ၏ ၃၂–ဖို့တွင် တစ်ဖို့သည် ရထရေဏုမြူ၊ ရထရေဏုမြူ၏ ၃၂–တို့တွင် တစ်ဖို့သည် တဇ္ဇာရီမြူ၊ တဇ္ဇာရီမြူ၏ ၃၂–ဖို့တွင် တစ်ဖို့သည် အဏုမြူ၊ အဏုမြူ၏ ၃၂–ဖို့တွင် တစ်ဖို့သည် ပရမာဏုမြူတစ်ခု ဖြစ်၏။

[အဋ္ဌကထာ၊ အဘိဓာန်။]

ယင်းပရမာဏုမြူသည် မံသစက္ခုဖြင့် မထင်ကောင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်သာ မြင်ကောင်းသောကြောင့် ကောင်းကင်ဟူသော အရေအတွက်သို့သာ ရောက်လေတော့သည်။

**ပရမာဏု နာမ အာကာသကောဋ္ဌာသိကော၊ မံသစက္ခုဿ အဂေါစရော၊ ဒိဗ္ဗစက္ခုဿေဝ ဂေါစရဘူတော။**

**(ဈာနဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ။)**

ဤစကား၌ ဒိဗ္ဗစက္ခုအရကို နတ်တို့မျက်စိကို ယူကြကုန်၏။ **“မနုဿစက္ခုဿ အာပါတံ၊ န ဂစ္ဆတိ၊ ဒိဗ္ဗစက္ခုဿေဝ ဂစ္ဆတိ”**ဟု အဋ္ဌကထာ၌ မဆိုပဲ **“မံသစက္ခုဿ အာပါတံ န ဂစ္ဆတိ၊ ဒိဗ္ဗစက္ခုဿေဝ ဂစ္ဆတိ”**ဟု ဆိုသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုသာ ယူတော့ သည်။ နတ်တို့၏ မျက်စိသည်လည်း မံသစက္ခုသာ ဖြစ်သည်။

မိခင်ရောဝတီ

http://www.dhammadownload.com



စပါးတစ်ခုသည် သန်းအားဖြင့် (၇) ကညစ်စာအားဖြင့် (၄၉) ရထရေဏုမြူအားဖြင့် (၁၅၆၄) တစ်ထောင် ခုနစ်ရာ ခြောက်ဆယ့်လေး ဟူလိုသည်။ ။ တဇ္ဇာရီမြူအားဖြင့် (၆၃၅၀၄) ခြောက်သောင်း သုံးထောင် ငါးရာလေး ဟူလိုသည်။ ။ အဏုမြူအားဖြင့် (၂၂၈၆၁၄၄) နှစ်သန်း နှစ်သိန်း ရှစ်သောင်း ခြောက်ထောင် တစ်ရာ လေးဆယ့်လေး ဟူလိုသည်။ ပရမာဏုမြူအားဖြင့် (၈၂၃၀၁၁၈၄) ရှစ်ကုဋေ နှစ်သန်း သုံးသိန်း တစ်ထောင် တစ်ရာ ရှစ်ဆယ့်လေး ဟူလိုသည်။ ။ **စပါး ပြီး၏။**

သန်းတစ်ခုသည် ကညစ်စာအားဖြင့် (၇)၊ ရထရေဏုမြူအားဖြင့် (၂၅၂) နှစ်ရာငါးဆယ့်နှစ် ဆိုလိုသည်။ ။ တဇ္ဇာရီမြူအားဖြင့် (၉၀၇၂) ကိုးထောင် ခုနစ်ဆယ့်နှစ် ဆိုလိုသည်။ ။ အဏုမြူအားဖြင့် (၃၂၆၅၉၂) သုံးသိန်း နှစ်သောင်း ခြောက်ထောင် ငါးရာ ကိုးဆယ့်နှစ် ဆိုလိုသည်။ ။ ပရမာဏုမြူအားဖြင့် (၁၁၇၅၇၃၁၂) တစ်ကုဋေ တစ်သန်း ခုနစ်သိန်း ငါးသောင်း ခုနစ်ထောင် သုံးရာ တစ်ဆယ့်နှစ် ဆိုလိုသည်။ **သန်းပြီး၏။**

ကညစ်စာတစ်ခုသည် ရထရေဏုမြူအားဖြင့် (၃၆)၊ တဇ္ဇာရီမြူအားဖြင့် (၁၂၉၆) တစ်ထောင် နှစ်ရာကိုးဆယ့်ခြောက် ဆိုလိုသည်။ ။ အဏုမြူအားဖြင့် (၃၆၆၅၆) သုံးသောင်း ခြောက်ထောင် ခြောက်ရာ ငါးဆယ့်ခြောက် ဆိုလိုသည်။ ။ ပရမာဏုမြူအားဖြင့် (၁၆၇၉၆၁၆) တစ်သန်း ခြောက်သိန်း ခုနစ်သောင်း ကိုးထောင် ခြောက်ရာ တစ်ဆယ့် ခြောက် ဆိုလိုသည်။ ။ **ကညစ်စာ ပြီး၏။**

ရထရေဏုမြူတစ်ခုသည် တဇ္ဇာရီအားဖြင့် (၃၆)၊ အဏုမြူအားဖြင့် (၁၂၉၆) တစ်ထောင် နှစ်ရာ ကိုးဆယ့်ခြောက် ဆိုလိုသည်။ ပရမာဏုမြူအားဖြင့် (၄၆၆၅၆) လေးသောင်း ခြောက်ထောင် ခြောက်ရာ ငါးဆယ့်ခြောက် ဆိုလိုသည်။ ။ **ရထရေဏုမြူ ပြီး၏။**

http://www.dhammadownload.com



တဇ္ဇာရီမြူတစ်ခုသည် အဏုမြူအားဖြင့် (၃၆)၊ ပရမာဏုမြူ အားဖြင့် (၁၂၉၆) တစ်ထောင် နှစ်ရာ ကိုးဆယ့်ခြောက် ဆိုလိုသည်။

**တဇ္ဇာရီမြူ ပြီး၏။**

အဏုမြူတစ်ခုသည် ပရမာဏုမြူအားဖြင့် (၃၆)။

**အဏုမြူပြီး၏။**

## ပဋိသန္ဓေဥပါဒ်ခဏကလာပ်စည်း ပမာဏ

ကလလရေကြည်ဟု ဆိုအပ်သော ကလာပ် ၃–ခု၏ ပမာဏ သည်ကား အဏုမြူကို အစိတ်ပေါင်း ၃၆–စိတ် စိတ်သော် ၃–စိတ် ပမာဏရှိ၏။ တဇ္ဇာရီမြူကို တစ်ထောင့် နှစ်ရာ ကိုးဆယ့်ခြောက်စိတ် စိတ်သော် ၃–စိတ် ပမာဏ ရှိ၏။ ရထရေဏုမြူကို လေးသောင်း ခြောက်ထောင် ခြောက်ရာ ငါးဆယ့်ခြောက်စိတ် စိတ်သော် ၃–စိတ် ပမာဏ ရှိ၏။

ကညစ်စာတစ်ခုကို တစ်သန်း ခြောက်သိန်း ခုနစ်သောင်း ကိုးထောင် ခြောက်ရာ တစ်ဆယ့်ခြောက်စိတ် စိတ်သော် ၃–စိတ်စာ ရှိ၏။ သန်းတစ်ခုကို တစ်ကုဋေ တစ်သန်း ခုနစ်သိန်း ငါးသောင်း ခုနစ်ထောင် သုံးရာ တစ်ဆယ့်နှစ်စိတ် စိတ်သော် ၃–စိတ်စာ ရှိ၏။ စပါးတစ်ခုကို အစိတ်ပေါင်း ရှစ်ကုဋေ နှစ်သန်း သုံးသိန်း တစ်ထောင် တစ်ရာ ရှစ်ဆယ့်လေးစိတ် စိတ်သော် ၃–စိတ်စာ ပမာဏ ရှိ၏။

ဤကား ဓာတုဝဝတ္ထာန်အဖွင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၎င်းအဖွင့် မဟာဋီကာ၊ ရုပ်ပိုင်းအဖွင့် အဘိဓမ္မာဝတာရဋီကာများကို အမှီပြု၍ ကလလရေကြည်၏ ပမာဏကို ရမ်းဆ မှန်းတမ်းရန် ငါတို့အလိုအားဖြင့် ဆိုလိုက်သော စကားရပ်ပေတည်း။ အချို့သူတို့ကား ပရမာဏုမြူသည်

http://www.dhammadownload.com



ကလာပ်တစ်ခုမကပေရာဟု ဆိုကြကုန်သေး၏။ မကသည်ဖြစ်စေ, ကသည်ဖြစ်စေ အကြမ်းအားဖြင့် မှန်းထားရန် ဝေဖန်၍ ပြလိုက်သည်။

ဤဆိုအပ်ခဲ့ပြီးသော ပမာဏတို့ကိုလည်း ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ခိုက်ကိုသာ ဆိုရင်းပေတည်း။ ပဋိသန္ဓေစိတ်၏ ဌီမှစ၍ကား ကြီးပွားသော အဖို့သို့ ရောက်လေ၏။ ထို့ကြောင့် ပဋိသန္ဓေ၏ ဥပါဒ်ကလာပ် ၃-စည်းတွင်ပါသော ဓာတ်မီးသုံးခုသည် ပဋိသန္ဓေ၏ ဌီသို့ ရောက်လျှင် ဥတုဇကလာပ် တစ်ခုစီ ပေါက်ပွား၏။ အသစ်၍ဥပါဒ်သော ကမ္မဇကလာပ် ၃-စည်းလည်း ရှိ၏။

## ကလာပ်စည်းတိုးပွားပုံ

ဌီခဏ၌ ကမ္မကလာပ်ပေါင်း ၃-စည်း၊ ဒသက ကလာပ်ပေါင်း ၆-စည်း၊ ပေါင်း ၉-စည်း။

ဘင်ခဏ၌ ဌီကဖြစ်ခဲ့သော ကမ္မဓာတ်မီး ၃-ခု၊ ဥတုဇဓာတ်မီး ၃-ခုတို့မှ ပေါက်ပွားသော ဥတုဇကလာပ်ပေါင်း ၆၊ အသစ်ဖြစ်သော ကမ္မဇကလာပ် ၃၊ ကလာပ်ဟောင်း ၆၊ ပေါင်း ဥတုဇကလာပ် ၉ ကမ္မဇကလာပ် ၉။

ပဌမ ဘဝင်၏ဥပါဒ်၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၉၊ ရုပ်ပွားဆဲ ကလာပ်ဟောင်း ၉၊ အသစ်ဖြစ်ဆဲ စိတ္တဇကလာပ် ၁၊ ကမ္မဇကလာပ် ၃၊ ဓာတ်မီးဟောင်း ၉-ခုမှ ပေါက်ဖွားသော ဥတုဇကလာပ်သစ် ၉၊ ပေါင်း ၃၁။

ဌီခဏ၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၁၈၊ ရုပ်ပွားဆဲ ကလာပ်ဟောင်း ၁၃၊ အသစ်ဖြစ်ဆဲ ကမ္မဇကလာပ် ၃၊ ရုပ်ပွားဆဲ ဓာတ်မီးဟောင်း ၁၃-မှ ပေါက်ပွားသော ဥတုဇကလာပ်သစ် ၁၃၊ ပေါင်း ၄၇။

http://www.dhammadownload.com



ဘင်ခဏာ၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၁၃၊ ရုပ်ပွားဆဲ ကလာပ်ဟောင်း ၁၆၊ ၎င်း ၁၆–မှပေါက်ပွားသော ဥတုဇကလာပ်သစ် ၁၆၊ ကမ္မဇကလာပ်သစ် ၃၊ ပေါင်း ၄၈။

ဒုတိယဘင်၏ ဥပါဒ်၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၄၇၊ ရုပ်ပွားဆဲ ကလာပ်ဟောင်း ၁၉၊ ၎င်း ၁၉–မှ ပေါက်ပွားသော ဥတုဇ ကလာပ်သစ် ၁၉၊ ကမ္မဇကလာပ်သစ် ၃၊ စိတ္တဇကလာပ်သစ် ၁၊ ပေါင်း ၈၉။ ။

ကမ္မဇဓာတ်မီးမှဆက်သော ဥတုဇကလာပ်စည်းသည် ၄–ဆက် ၅–ဆက်သာ ဆက်နိုင်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဆိုသောကြောင့် ပဋိသန္ဓေ၏ ဋ္ဌီ၌ဦးစွာပေါ်ခဲ့သော ဥတုဇကလာပ် ဆက်သည် ဒုတိယ ဘင်၏ ဥပါဒ်၌ ၅–ဆက်ပြည့်လေရကား ဤမှနောက်၌ အဆက်ပြတ်၏။

ဋ္ဌီ၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၆၆၊ ရုပ်ပွားဆဲ ကလာပ်ဟောင်း ၂၀၊ ၎င်း ၂၀–မှ ပေါက်ပွားသော ဥတုဇကလာပ်သစ် ၂၀၊ ကမ္မဇကလာပ် ၃၊ ပေါင်း ၁၀၉။ ။

ပဋိသန္ဓေ၏ ဘင်၌ပေါ်ခဲ့သော ဥတုဇကလာပ် စည်းသည် ၂–ဆက် ၃–ဆက်သာ ပွားနိုင်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဆိုသောကြောင့် ပဉ္စမဘင်၏ ဥပါဒ်၌ဖြစ်သော စိတ္တဇဓာတ်မီးအဆက်သည် ဤဒုတိယဘင်၏ ဋ္ဌီတွင် ၃–ဆက်ပြည့်လေရကား ဤမှနောက်၌ အဆက်ပြတ်၏။

ဘင်၌ ရုပ်ပွားပြီး ကလာပ်ဟောင်း ၈၆၊ ရုပ်ပွားဆဲ ကလာပ် ဟောင်း ၁၇၊ ၎င်း ၁၇–မှ ပေါက်ပွားသော ဥတုဇကလာပ်သစ် ၁၇၊ ကမ္မဇကလာပ်သစ် ၃၊ ပေါင်း ၁၂၃။ ။ ဤနည်းအတူ နောက်နောက် သော စိတ္တက္ခဏာတို့၌လည်း အတိုးအဆုတ်ကိုသိ၍ ရေတွက်လေ။

မိခင်ရောဝတီ

http://www.dhammadownload.com



(က) ကမ္မဇသြဇာမှ ၄–ဆက် ၅–ဆက်သာ ပွားသည်။

(ခ) စိတ္တဇသြဇာမှ ၂–ဆက် ၃–ဆက်သာ ပွားသည်။

(ဂ) အာဟာရဇသြဇာမှ ၁၀–ဆက် ၁၂–ဆက် ပွားသည်။

(ဃ) ဥတုဇသြဇာမှ ၁၀–ဆက် ၁၂–ဆက် ပွားသည်။

(င) အာဟာရဇဓာတ်မီးမှ အပွားကို အဋ္ဌကထာ၌ မဆို။ ၁၀–ဆက် ၁၂–ဆက်ပင်ဟု မဟာဋီကာ ဆို၏။

(စ) ဥတုဇဓာတ်မီးမှ ဥတုဇအပွားမှာ အပိုင်းအခြား မရှိ။

ယခုပွားခဲ့သောနည်း၌ ကမ္မဇကလာပ်မှာ ၃–စည်း ၃–စည်းသာ ဆိုခဲ့သောအရာ။ စိတ္တဇကလာပ်မှာ ၁–စည်း ၁–စည်းသာ ဆိုခဲ့သော အရာများကို ဇာတ်တူပေါင်း၍ ဆိုသည်ဟု ယူရမည်။ ။ ပဋိသန္ဓေစိတ်၏ ဌီမှစ၍ သတ္တဝါအမျိုး အားလျော်စွာ တိုးတက်ကြီးပွားမှုမှာ ဥတုဇ ကလာပ်, အာဟာရဇကလာပ်တို့၏ အမှုဖြစ်ပေသည်။ ။ ကမ္မဇရုပ်, စိတ္တဇရုပ်တို့မှာမူကား ဥတုဇကလာပ်, အာဟာရဇရုပ်တို့ ချဲ့၍ကျယ်သမျှ နေရာကို နှံ့အောင်ဖြစ်၍ လိုက်ရကုန်သည်။ ထို့ကြောင့် ဥတုဇကလာပ် ပွားတိုင်းပွားတိုင်း ကမ္မဇကလာပ်, စိတ္တဇကလာပ်တို့လည်း ပွား၍ ပွား၍ သွားတော့သည်ဟု မှတ်။

ဤတွင် ရုပ်ကလာပ်တို့၏ တိုးပွားပုံအကြောင်း ပြီး၏။

## ၄။ သတ္တာဟအကြောင်း
## ကလလရေကြည်အကြောင်း

ယခုအခါ သံယုတ္တနိကာယ်၌ လာသော သတ္တာဟအစဉ်ကို ပါဠိအနက်နှင့်တကွ ဆိုပေအံ့။

**ရူပံ နိဗ္ဗိဝတ္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံ နွယံ ဝိန္ဒတိ မံ သရီရံ။**

မိခင်ရောဝတီ

http://www.dhammadownload.com



**ကုတာဿ အင်္ဂယကနုပိဏ္ဍမေတိ၊ ကထံ နွယံ သဇ္ဇတိ ဂဗ္ဘသ္မိံ။**
**[ယက္ခသံယုတ် ဣန္ဒကသုတ် ပါဠိတော်၊ ဣန္ဒကဘီလူး အမေးဂါထာ။]**

ဇုဒ္ဓါ၊ တို့သည်။ ရူပံ၊ ရုပ်ကောင်ကို။ နိဇ္ဇီဝန္တိ၊ အသက်မရှိ အရှင်မဟုတ်ဟူ၍။ ဝဒန္တိ၊ ဟောကြကုန်၏။ ဝေံသတိ၊ ဤသို့ အရှင်မဟုတ်ခဲ့သော်။ ကထံ၊ အဘယ်သို့လျှင်။ အယံ၊ ဤသတ္တဝါစုသည်။ ဣမံသရီရံ၊ ဤရုပ်ကောင်ကို။ ဝိန္ဒတိနု၊ ရပါသနည်း။ အဿ၊ ထိုသတ္တဝါ ကောင်အား။ ကုတော၊ အဘယ်မှ။ အင်္ဂယကနုပိဏ္ဍံ၊ အရိုးအစု, အသည်း စိုင်များသည်။ ဧတိ၊ လာပါသနည်း။ ကထံ၊ အဘယ်သို့လျှင်။ အယံ၊ ဤသတ္တဝါကောင်စုသည်။ ဂဗ္ဘသ္မိံ၊ အမိဝမ်းတိုက်၌။ သဇ္ဇတိနု၊ ကပ်တွယ် ပါသနည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ မေးလျှောက်၏။

**[ရုပ်သည် အသက်လည်း မဟုတ်။ အသက်လည်း မရှိ။ အရှင် ပင် မဟုတ်။ နိဿတ္တနိဇ္ဇီဝ သဘောမျှသာ ဖြစ်သည်ဟု ဟောတော်မူ သည်ကို သဘောမကျနိုင်၍ မေးလေသည်။]**

**[ဘုရားအဖြေ။]**

**(က) ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။**
**အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။**
**ဃနာ ပသာခါ ဇာယန္တိ၊ ကေသာလောမာနခါ ပိ စ။**

**(ခ) ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။**
**တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရော။**

(က) ပဌမံ၊ ရှေ့။ ကလလံ၊ ကလလရေကြည်သည်။ ဟောတိ၊ ၏။ ကလလာ၊ ကလလရေကြည်မှ။ ပရံ၊ နောက်၌။ အဗ္ဗုဒံ၊ အမြှုပ်နှ သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်နှမှ။ ပရံ၊ နောက်၌။ ပေသိ၊ အမြှုပ်ရင့်သည်။ ဇာယတေ၊ ၏။ ပေသိ - ပေသိယာ၊

http://www.dhammadownload.com



အမြှုပ်ရင့်မှ။ ပရံ၊ နောက်၌။ ဃနော၊ သွေးခဲသည်။ နိဗ္ဗတ္တတိ၊ ၏။ ဃနာ၊ သွေးခဲမှ။ ပရံ၊ နောက်၌။ ပသာခါစ၊ ခက်မတို့သည်လည်း ကောင်း။ ကေသာစ၊ ဆံပင်တို့သည်လည်းကောင်း။ လောမာစ၊ မွေးညှင်းတို့သည်လည်းကောင်း။ နခါပိစ၊ ခြေသည်း, လက်သည်း တို့သည်လည်းကောင်း။ ဇာယန္တိ၊ ကုန်၏။

(ခ) အဿ၊ ထိုသူငယ်၏။ မာတာ၊ အမိသည်။ ယဉ္စအန္နံ၊ အကြင်ထမင်းကိုလည်းကောင်း။ ယဉ္စပါနံ၊ အကြင်အဖျော်ကိုလည်း ကောင်း။ ယဉ္စဘောဇနံ၊ အကြင်ဘောဇဉ်ကိုလည်းကောင်း။ ဘုဉ္ဇတိ၊ မျို၏။ တေန၊ ထိုအမိသည် မျိုအပ်သော အာဟာရဖြင့်။ မာတုကုစ္ဆိ ဂတော၊ အမိဝမ်း၌တည်သော။ သောနရော၊ ထိုသူငယ်သည်။ တတ္ထ၊ ထိုအမိဝမ်း၌။ ယာပေတိ၊ မျှနိုင်၏။ [ပါဠိတော်အနက်၊ နရော– ဟု ယှဉ်သည်အတိုင်း ပေးလိုက်သည်။]

ကလလရေကြည်၏ အဆင်းသဏ္ဌာန်သည်ကား အလွန်ကြည် လှစွာသော နှမ်းဆီပေါက်, ထောပတ်ကြည် အဆင်းသဏ္ဌာန် ရှိ၏။

**တိလတေလံ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။**

**ဧဝံဝဏ္ဏပဋိဘာဂံ၊ ကလလံ သမ္ဘဝုစ္စတိ။**

**(သံယုတ် အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ သမ္မော၊ ဝိသုဒ္ဓိမဂ်။)**

တိလတေလဿ၊ နှမ်းဆီ၏။ ဗိန္ဒုယထာ၊ သိုးမွေးဖျားတွင် စွဲတင်သော အပေါက်ကဲ့သို့လည်းကောင်း။ အနာဝိလော၊ မနောက် ကျုသော။ သပ္ပိမဏ္ဍောယထာ၊ ထောပတ်ကြည်ကဲ့သို့လည်းကောင်း။ ဧဝံဝဏ္ဏပဋိဘာဂံ၊ ဤသို့သော အဆင်းသဏ္ဌာန်ရှိသော ရုပ်အစုကို။ ကလလံ၊ ကလလဟူ၍။ သမ္ဘဝုစ္စတိ၊ ဆိုအပ်၏။

မိခင်ဧရာဝတီ

http://www.dhammadownload.com



နမ်းဆီပေါက်နှင့် သဏ္ဍာန်ကို ပြသည်။ ထောပတ်ကြည်နှင့် အဆင်းကို ပြသည်။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဋီမှစ၍ တိုးတက်ကြီးပွား၍ လာငြားသော်လည်း ဆီကြည်ပေါက်ငယ်, ဆီကြည်ပေါက်လတ်, ဆီကြည်ပေါက်ကြီး သဏ္ဍာန်နှင့် အကြိမ်များစွာ ချက်အပ်သော ထောပတ်၏ အပေါ်၌တက်သော အကြည်ရည်အဆင်းကဲ့သို့ ရ–ရက်ပတ်လုံး တစ်ခဏတစ်ခြား ကြီးပွားရင့်မာ၍နေသော ရုပ်ရည်ကြည်ကို ကလလရေကြည်ခေါ်သည်ဟုမှတ်။

ကလလရေကြည်အကြောင်း ပြီး၏။

## အဗ္ဗုဒမည်သော အမြှုပ်နှအကြောင်း

ကလလာ ဟောတိ အဗ္ဗုဒန္တိ တသ္မာ ကလလာ သတ္တာဟစ္စယေန မံသဓောဝနဥဒကဝဏ္ဏံ အဗ္ဗုဒံ နာမ ဟောတိ၊ ကလလန္တိ နာမံ အန္တရဓာယတိ။ ဝုတ္တမ္ပိစေတံ –

သတ္တာဟံ ကလလံ ဟောတိ၊ ပရိပက္ကံ သမူဟကံ။
ဝိဝဋ္ဋမာနံ တဗ္ဘာဝံ၊ အဗ္ဗုဒံ နာမ ဇာယတီတိ။

[သံယုတ် အဋ္ဌကထာ။]

ကလလာ ဟောတိ အဗ္ဗုဒန္တိ၊ ကလလာ ဟောတိ အဗ္ဗုဒံဟူသည်ကား။ တသ္မာကလလာ၊ ထိုကလလရေကြည်အခိုက်မှ။ ပရံ၊ နောက်၌။ သတ္တာဟစ္စယေန၊ ရ–ရက်ကိုလွန်သောအခါ၌။ မံသဓောဝ နဥဒကဝဏ္ဏံ၊ သားဆေးရည်ကဲ့သို့ နီပြေပြေ အဆင်းရှိသော။ အဗ္ဗုဒံနာမ၊ အမြှုပ်ကျဲမည်သည်။ ဟောတိ၊ ၏။ ကလလန္တိနာမံ၊ ကလလဟူသော အမည်သည်။ အန္တရဓာယတိ၊ ကွယ်လေ၏။ စ–သစ္စံ၊ ထိုစကားမှန်၏။ သတ္တာဟံကလလံ ဟောတိ။ လ။ ဇာယတီတိ၊ ဇာယတီဟူသော။ ဧတမ္ပိ၊ ဤစကားကိုလည်း။ ဝုတ္တံ၊ ဟောအပ်ပြီ။

http://www.dhammadownload.com



ပရိပက္ကံ၊ အစဉ်အတိုင်း ရင့်သည်ဖြစ်၍။ သမူဟကံ၊ မချဉ်, မပုပ်, မလှုပ်မပြောင်း ကောင်းစွာပေါင်းစု၍ တည်နေသော။ ကလလံ၊ ကလလရေကြည်သည်။ သတ္တာဟံ၊ ရ-ရက်ပတ်လုံး။ ဟောတိ၊ ၏။ သတ္တာဟစ္စယေန၊ ရ-ရက်ကို လွန်သောအခါ၌။ တဗ္ဗာဝံ၊ ထိုကလလ ရေကြည်အရည်အဖြစ်ကို။ ဝိဝဋ္ဋမာနံ၊ ပြောင်းရွေ့လဲလှယ်လျက်။ အဗ္ဗုဒံနာမ၊ အမြှုပ်ကျဲမည်သည်။ ဇာယတိ၊ ဖြစ်၏။ [ပါဠိရှိတိုင်း ပေးသည်။]

**ဝိဝဋ္ဋမာနန္တိ ပရိဏာမန္တံ၊ တဗ္ဗာဝန္တိ ကလလဘာဝံ၊ ကရဏေ စေတံ ဥပယောဂဝစနံ၊ တဗ္ဗာဝေန ပရိဏာမန္တန္တိ အတ္ထော။ နိဿက္ကေ ဝါ ဥပယောဂဝစနံ၊ တဗ္ဗာဝတော ကလလဘာဝတော ဝိပရိဏာမန္တံ အဗ္ဗုဒံ နာမ ဇာယတီတိ အတ္ထော-**

ဟူသော သံယုတ်ဋီကာအတိုင်းသော်လည်းပေး။

ဤအဗ္ဗုဒသတ္တာဟသို့ ရောက်လျှင်ပင် အမိ၏အစာသစ်အိမ်မှ စိမ့်သော ရသဓာတ်ရည်သည် ထိုအမြှုပ်န အဗ္ဗုဒနှင့်ရောနှောမိ၍ အာဟာရဇရုပ် ဖြစ်စပြုသည်ဟုမှတ်။ ရသဓာတ်ရသည် ဟူသည်ကား အစာသစ်အိမ်၌ ရောက်သော အရည်အဖတ်တို့ကို ကျိုချက်လေရာ သြဇာမရှိသော အဖတ်ကြမ်းစုသည် ကျင်ကြီးဖြစ်၍ အောက်သို့လျှောလေ၏။ သြဇာမရှိသော အရည်ကြမ်းစုသည် ကျင်ငယ်ဖြစ်၍ စည်ပေါင်းအိမ်၌စုလေ၏။ မျိုသော အစာ၏ အတွင်း၌ပါရှိသမျှသော အနှစ်သာရသြဇာ အဆီအစေးတို့သည် တစ်စု ဖြစ်ကုန်၏။ ထိုကို ရသဓာတ်ခေါ်သည်။ ထိုရသဓာတ်သည် ပါစကတေဇောခေါ်သော ဝမ်းမီး, ဥသ္မာခေါ်သော ကိုယ်စောင့်ဓာတ်မီးတို့၏ အဟုန်ကြောင့် တစ်ကိုယ်လုံးနှံ့အောင် ဆူဝေလေရာ ရသဟရဏီမည်သော သွေးကြောတို့မှ အစဉ်လျှောက်၍ တစ်ကိုယ်လုံး ပျံ့နှံ့လေ၏။

အဗ္ဗုဒမည်သော အမြှုပ်နအကြောင်း ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ပေသိမည်သော အမြှုပ်ခဲအကြောင်း

အဗ္ဗုဒါ ဇာယတေ ပေသီတိ တသ္မာပိအဗ္ဗုဒါ သတ္တာဟစ္စယေန ဝိလီနတိပုသဒိသာ ပေသိ နာမ သဉ္ဇာယတိ၊ သာ မရိစ ဖာဏိတေန ဒီပေတဗ္ဗာ။ ဂါမဒါရကာ ဟိ သုပက္ကာနိ မရိစာနိ ဂဟေတွာ သာဋကန္တေ ဘဏ္ဍိကံ ကတွာ ပီဠေတွာ မဏ္ဍံ အာဒါယ ကပါလေ ပက္ခိပိတွာ အာတပေ ဌပေန္တိ၊ တံ သုက္ခမာနံ သဗ္ဗဘာဂေဟိ မုစ္စတိ၊ ဧဝရူပါ- ပေသိ ဟောတိ၊ အဗ္ဗုဒန္တိ နာမံ အန္တရဓာယတိ။ ဝုတ္တမ္ပိ စေတံ-

သတ္တာဟံ အဗ္ဗုဒံ ဟောတိ၊ ပရိပက္ကံ သမူဟကံ။
ဝိဝဋ္ဋမာနံ တဗ္ဘာဝံ၊ ပေသိ နာမ ပဇာယတီတိ။

(သံယုတ် အဋ္ဌကထာ။)

အဗ္ဗုဒါ ဇာယတေ ပေသီတိ၊ ဟူသည်ကား။ တသ္မာပိအဗ္ဗုဒါ၊ ထိုအမြှုပ်န ဖြစ်သည်မှလည်း။ သတ္တာဟစ္စယေန၊ ရ-ရက်ကို လွန်သော အခါ၌။ ဝိလီနတိပုသဒိသာ၊ မီးဖြင့်ကြေ၍ အရည်ဖြစ်သော ခဲမဖြူနှင့် တူသော။ ပေသိနာမ၊ အမြှုပ်ရင့်မည်သည်။ သဉ္ဇာယတိ၊ ကောင်းစွာ ဖြစ်၏။ သာ၊ ထိုအမြှုပ်ရင့်ဖြစ်ပုံကို။ မရိစဖာဏိတေန၊ ငရုတ်, တင်လဲ ဖြင့်။ ဒီပေတဗ္ဗာ၊ ပြအပ်၏။ ဟိ၊ ချဲ့၍ဆိုအံ့။ ဂါမဒါရကာ၊ ရွာသူတို့၏ သားသူငယ်တို့သည်။ သုပက္ကာနိ၊ ကောင်းစွာမှည့်ကုန်သော။ မရိစာနိ၊ ငရုတ်သီးတို့ကို။ ဂဟေတွာ၊ ယူ၍။ သာဋကန္တေ၊ ပုဆိုးစွန်း၌။ ဘဏ္ဍိကံ၊ အထုပ်ကို။ ကတွာ၊ ပြု၍။ ပီဠေတွာ၊ ညှစ်၍။ မဏ္ဍံ၊ အရည်ကြည်ကို။ အာဒါယ၊ ယူ၍။ ကပါလေ၊ အိုးကင်း၌။ ပက္ခိပိတွာ၊ ထည့်၍။ အာတပေ၊ နေပူ၌။ ဌပေန္တိ၊ ထားကြကုန်၏။ တံ၊ ထိုငရုတ်ရည်သည်။ သုက္ခမာ-

http://www.dhammadownload.com



နံ၊ ခြောက်သည်ရှိသော်။ သဗ္ဗဘာဂေဟိ၊ အလုံးစုံသော အဖို့တို့မှ။ မုစ္စတိ၊ လွတ်၏။ ဝေရူပါ၊ ဤငရုတ်, တင်လဲခဲနှင့်တူသော။ ပေသိ၊ အမြှုပ်ခဲသည်။ ဟောတိ၊ ၏။ အဗ္ဗုဒန္တိ နာမံ၊ အဗ္ဗုဒဟူသော အမည်သည်။ အန္တရဓာယတိ၊ ကွယ်လေ၏။ စ–သစ္စံ၊ ထိုစကားမှန်၏။ သတ္တာဟံ အဗ္ဗုဒံဟောတိ။ လ။ ပဓာယတီတိ– ပဓာယတိ ဟူသော။ တေမွိ၊ ထိုစကားကိုလည်း။ ဝုတ္တံ၊ ဟောအပ်ပြီ။

ပရိကဏ္ဍံ၊ အစဉ်အတိုင်းရင့်ထသော။ သမူဟာကံ၊ မချဉ်, မပုပ်, မလှုပ်မပြောင်း ကောင်းစွာပေါင်းစုကာ တည်နေသော။ အဗ္ဗုဒံ၊ အမြှုပ်နုသည်။ သတ္တာဟံ၊ ရ–ရက်ပတ်လုံး။ ဟောတိ၊ ဖြစ်၏။ သတ္တာဟစ္စယေန၊ ရ–ရက်ကိုလွန်သောအခါ၌။ တဗ္ဗာဝံ၊ ထိုအမြှုပ်နုအဖြစ်ကို။ ဝိဝဋ္ဋမာနံ၊ လဲလှယ်ရွှေပြောင်းလျက်။ ပေသိနာမ၊ အမြှုပ်ရင့်မည်သည်။ ပဓာယတိ၊ ဖြစ်၏။ [ယင်းအမြှုပ်ရင့်ကိုပင် သားတစ်ဟူ၍လည်း အနက်ဆိုကြ၏။]

စတုတ္ထသတ္တာဟ၌ ဃနအဖြစ်သို့ရောက်မှ အခဲဖြစ်သည်။ တတိယသတ္တာဟ၌ တစ်ခဲနက်ခဲသော အခဲ မဟုတ်သေး။ ထိုသို့ မဟုတ်သော်လည်း ငရုတ်, တင်လဲဥပမာနှင့်အညီ ဖလာဗုမည်သော သားအိမ်လွှာမှ ကွာခြား၍ အခြေသိမ်းကား လုံးစုပါသဖြင့် အတစ်အတုံး ဆိုလောက်ပေရကား သားတစ်ဟူသော အနက်သည်လည်း သင့်လျော်ပါ၏။

**သာ ပေသိ ဂဏ္ဍာသယေ ကတ္တစိ အလဂ္ဂါ ယထာဝုတ္တ–မဏ္ဍော ဝိယ ပိဏ္ဍိဂတာ ဟုတွာ တိဋ္ဌတိ။ (ဋီကာ။)**

"**မံသပေသူပမာ ကာမာ**" ဟူသော ပုဒ်များ၌လည်း ပေသိသဒ္ဒါ သားတစ်ကိုပင် ဟောပေသည်။ သို့သော်လည်း အသားဆိုစလောက်

http://www.dhammadownload.com



အောင် တစ်ခဲနက် မဖြစ်သေး။ ဃနအဖြစ်သို့ ရောက်မှသာ တစ်ခဲနက် ဖြစ်သည်ဖြစ်၍ အမြှုပ်ရင့် အမြှုပ်ခဲဟု ဆိုခဲ့ပေသည်။ အဗ္ဗုဒမှာ သားဆေး ရည်ကဲ့သို့ နီပြေပြေအဆင်းရှိသည်ဟု ဆိုပြီးတစ်ချက်၊ ပေသိမှာ ငရုတ်, တင်လဲဥပမာဖြင့်ပင် နီသောအဆင်းကို သိအပ်သည် တစ်ချက်။ သို့ဖြစ်ပါ၍ ပေသိသည် ကြေသောခဲမဖြူနှင့် တူသည်ဟု ဆိုရာ၌ အဆင်းဖြူသည်ကို ယူခွင့်မရှိ။ သဏ္ဍာန်အနေ တူသည်ကိုသာယူ။ အဆင်းမှာ ချိပ်ရည် ကဲ့သို့ နီသည်သာ မှတ်။

**ဝိလီန တိပုသဒိသာ သဏ္ဌာနဝသေန၊ ဝဏ္ဏဝသေန ပန လာခါရတ္တာဝ ဟောတိ။ (ဋီကာ။)**

**ပေသိမည်သော အမြှုပ်ခဲအကြောင်း ပြီး၏။**

## ဃနမည်သော အသားစိုင်အကြောင်း

**ပေသိ နိဗ္ဗတ္တတိဃနောတိ တတော ပေသိတော သတ္တာ- ဟစ္စယေန ကုက္ကုဋဏ္ဍသဏ္ဌာနော ဃနော နာမ မံသပေသိ ပိဏ္ဍော နိဗ္ဗတ္တတိ၊ ပေသိတိ နာမံ အန္တရဓာယတိ။ ဝုတ္တမ္ပိ စေတံ –**

**(က) သတ္တာဟံ ပေသိ ဘဝတိ၊ ပရိပက္ကံ သမူဟကံ။**
**ဝိဝဋ္ဋမာနံ တဗ္ဘာဝံ၊ ဃနံ နာမ ပဇာယတိ။**

**(ခ) ယထာကုက္ကုဋိယာအဏ္ဍံ၊ သမန္တာပရိမဏ္ဍလံ။**
**ဧဝံ ဃနဿ သဏ္ဌာနံ၊ နိဗ္ဗတ္တံ ကမ္မပစ္စယာတိ။**
**(သံယုတ်အဋ္ဌကထာ။)**

ပေသိ နိဗ္ဗတ္တတိဃနောတိ၊ ဟူသည်ကား။ တတောပေသိတော၊ ထိုအမြှုပ်ရင့် အမြှုပ်ခဲဖြစ်ပြီးသည်မှ။ သတ္တာဟစ္စယေန၊ ၇-ရက်ကို

http://www.dhammadownload.com



လွန်သောအခါ၌။ ကုက္ကုဋ္ဌလ္လသဏ္ဌာနော၊ ကြက်ဥနှင့်တူသော သဏ္ဌာန်ရှိသော။ ဃနောနာမ၊ ဃနမည်သော။ မံသပေသိပိဏ္ဍော၊ အသားတစ်အသားခဲသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ပေသီတိနာမံ၊ အမြှုပ်ခဲမှု ပေသိဟူသော အမည်သည်။ အန္တရဓာယတိ၊ ကွယ်လေ၏။ စ–သစ္စံ၊ ထိုစကားမှန်၏။ သတ္တာဟံ ပေသိ ဘဝတိ။ လ။ ကမ္မပစ္စယာတိ၊ ပစ္စယာဟူသော။ ဝေမ္ပိ၊ ဤစကားကိုလည်း။ ဝုတ္တံ၊ ဟောအပ်ပြီ။

(က) ပရိပက္ကံ၊ ထသော။ သမူဟကံ၊ ထသော။ ပေသိ၊ သည်။ သတ္တာဟံ၊ ရ–ရက်ပတ်လုံး။ ဘဝတိ၊ ဖြစ်၏။ သတ္တာဟစ္စယေန၊ ရ–ရက်ကိုလွန်သောအခါ၌။ တဇ္ဈာဝံ၊ ထိုပေသိဆိုမြဲ အမြှုပ်ခဲ၏ အဖြစ်ကို။ ဝိဝဋ္ဋမာနံ၊ လျက်။ ဃန်နာမ၊ အသားခဲ မည်သည်။ ပဇာယတိ၊ ၏။

(ခ) ကုက္ကုဋ္ဋိယာ၊ ကြက်မ၏။ အဏ္ဍံ၊ ဥသည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိမဏ္ဍလံ၊ လုံးသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ ဧဝံ၊ ဤအတူ။ ကမ္မပစ္စယာ၊ ကံဟူသော အကြောင်းကြောင့်။ ဃနဿ၊ အသားခဲ၏။ သဏ္ဌာနံ၊ သဏ္ဌာန်သည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။

ဤဃနမှာ မံသပေသိပိဏ္ဍော ဟူ၍ ဆိုသောကြောင့်လည်း ပေသိမှာ အဗ္ဗုဒပေသိပိဏ္ဍော၊ အမြှုပ်တစ် အမြှုပ်ခဲဟူ၍ သိသာသည်။

**ဃနမည်သော အသားစိုင်အကြောင်း ပြီး၏။**

## ပသာခါမည်သော ခက်မငါးဖြာ အကြောင်း

**ဃနာ ပသာခါ ဇာယန္တိတိ ပဥ္စမေ သတ္တာဟေ ဒွိန္နံ ဟတ္ထ–ပါဒါနံ, သီသဿ စ အတ္ထာယ ပဉ္စပီဠကာ ဇာယန္တိ။ ယံ သန္ဓာယေ တံ ဝုတ္တံ–ပဉ္စမေ ဘိက္ခဝေ သတ္တာဟေ ပဥ္စပီဠ–ကာ ဇာယန္တိ သဏ္ဌန္တိ ကမ္မတောတိ။ (သံယုတ် အဋ္ဌကထာ။)**

မိခင်ရောဝတီ

http://www.dhammadownload.com



ဃနာပသာခါဇာယန္တီတိ၊ ဟူသည်ကား။ ပဌမေသတ္တာဟေ၊ ပဌမ သတ္တာဟ၌။ ဒွိန္နံဟတ္ထပါဒါနံ၊ ၂-ချောင်းသော လက်, ၂-ချောင်းသော ခြေတို့၏လည်းကောင်း။ သီသဿစ၊ ဦးခေါင်း၏လည်းကောင်း။ အတ္ထာယ၊ အကျိုးငှာ။ ပဉ္စပိဠကာ၊ ၅-ခုသော အဖုအတက်တို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ယံ၊ အကြင်သို့ ဖြစ်သည်ကို။ သန္ဓာယ၊ ရည်တော်မူ၍သာလျှင်၊ ပဌမေဘိက္ခဝေ။ လ။ ကမ္မတောတိ၊ ဟူသော။ တော်၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမေသတ္တာဟေ၊ ပဌမသတ္တာဟ၌။ ပဉ္စပိဠကာ၊ ၅-ခုသော အဖုအတက် တို့သည်။ ကမ္မတော၊ ကံကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သဏ္ဍန္တိ၊ ကောင်းစွာ တည်ကုန်၏။

ပသာခါမည်သော ခက်မငါးဖြာအကြောင်း ပြီး၏။

## ဆံပင်မွေးညှင်း ခြေသည်းလက်သည်းအကြောင်း

**ကေသာ လောမာ နခါပိစာတိ ဒွါစတ္တာလီသမေ**
**သတ္တာဟေ တောနိ ဟောန္တိ။ (သံယုတ်အဋ္ဌကထာ။)**

ကေသာလောမာနခါပိစာတိ၊ ဟူသည်ကား။ ဒွါစတ္တာလီသမေ၊ ၄၂-ခုမြောက်သော။ သတ္တာဟေ၊ ၌။ တောနိ၊ ထိုဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်းတို့သည်။ ဇာယန္တိ၊ ကုန်၏။

၉-လနှင့် ၁၇-ရက်ပြည့်ပြီးမှ ရောက်သော သတ္တာဟသည် ၄၂-ခုမြောက်သော သတ္တာဟမည်၏။ ဤစကားကိုလည်း အရိုးအစဉ် အားဖြင့် များရာသို့လိုက်၍ အဋ္ဌကထာဆိုသည် ယူရမည်။ အနည်းအား ဖြင့် ၇-လဖွား, ၈-လဖွား, ၉-လဖွားများလည်း ရှိသည်။ ဆံပင်လည်း ပါကြမည်ပင်။

http://www.dhammadownload.com



"**ယဥ္စသ ဘုဥ္စတိမာတာ**"ဟူသော နောက်ဂါထာ၏ အဖွင့်ကိုကား ရှေး၌ ဆိုခဲ့ပြီ။ ဆိုဖွယ်အထူးကား "**မာတုကုစ္ဆိဂတော နရော**" ရှိရာမှာ "**မာတုကုစ္ဆိဂတော တိရော**" ရှိလိုသည်။ တိရောသဒ္ဒါသည် "**တိရောပဗ္ဗတေ**"၌ ကဲ့သို့အတွင်းဟော၊ ထို့ကြောင့် "**မာတုကုစ္ဆိဂတော တိရောတိ မာတုကုစ္ဆိယာ အဗ္ဘန္တရေ ဂတော**"ဟု အဋ္ဌကထာ ဖွင့်ပေသည်။ ဝိသုဒ္ဓိမဂ် ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသအဖွင့် မဟာဋီကာ၌လည်း "**တိရောတိ တေနေဝ မာတုကုစ္ဆိဂတဘာဝေန တိရောက္ခော**"ဟု ဖွင့်ပေသည်။ သံယုတ်ဋီကာကြီးလည်း ထို့အတူ ဖွင့်ပေသည်။

တိရောမာတုကုစ္ဆိဂတော၊ အမိဝမ်းတွင်း၌တည်သော။ ဝါ၊ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌တည်သည်။ ဟုတ္ဝာ၊ ၍။ တိရော၊ မျက်ကွယ်ဖြစ်သော။ ။ ဤသို့ပေး။ (ရှေ့–အဋ္ဌကထာနည်း၊ နောက်–ဋီကာနည်း။)

ဤသို့လျှင် အမိ၏ အစာအိမ်အောက် အကြောဆုံသည် ရှိ၏၊ ထိုအကြောဆုံမှ ချက်ညှာရိုးသည် ပေါက်၏။ ပိန္နဲစသော သစ်ပင်မှ အပွင့်ရိုး, အပွင့်တံတက်ပြီးသော် ထိုအပွင့်တံတွင် အပွင့်ဖြစ်၍ ထိုအပွင့်တွင်း၌ ပွင့်ချပ်ဖုံးအုပ်လျက် ပိန္နဲစသော အသီးသည် ဖြစ်ပေသကဲ့သို့၊ ထိုချက်ညှာတံတွင် ပွင့်ချပ်, ပွင့်လွှာနှင့်တူသော ဇလာဗုမည်သော သားအိမ်လွှာသည် ဖုံးလျက် ထိုသားအိမ်ဟု ဆိုအပ်သော အိတ်တွင်းဝယ် သစ်သီးငယ်နှင့်တူစွာ ဖြစ်ပေါ်လာသော သတ္တဝါတို့၏ ဖြစ်ပုံအစဉ်သည်–

(၁) ရှေးဦးစွာ ကလလရေကြည် ရ–ရက်။

(၂) ၎င်းနောက် ၈–ရက်မြောက်သော နေ့မှစ၍ အမြှုပ်နှ အဗ္ဗုဒ ရ–ရက်။

(၃) ၎င်းနောက် ၁၅–ရက်မြောက်သော နေ့မှစ၍ ပေသိမည်သော အမြှုပ်ခဲ ရ–ရက်။

မိခင်ရောဝတီ

http://www.dhammadownload.com



(၄) ၎င်းနောက် ၂၂–ရက်မြောက်သော နေ့မှစ၍ ဃနမည်သော အသားခဲ အသားစိုင် ရ–ရက်။

(၅) ၎င်းနောက် ၂၉–ရက်မြောက်သော နေ့မှစ၍ ထိုအသားတုံးမှ ခက်မ ၅–ဖြာ ဖြစ်ရန်ဖို့ အဖုအတက်ငယ် ၅–ခုဖြစ်သည် ရ–ရက်။

ပေါင်း သတ္တာဟအားဖြင့် ၅–သတ္တာဟ၊ ရက်အားဖြင့် ၃၅–ရက် ဤကား ပါဠိတော် အဋ္ဌကထာ တိုက်ရိုက်လာသော သတ္တာဟ ၅–ခု၏ ဖြစ်ပုံအစဉ်တည်း။

ဤပါဠိတော် ဤအဋ္ဌကထာတို့၌ကား ခက်မ ၅–ဖြာဖြစ်ရာ ပဥ္စမ သတ္တာဟတွင်၍သာ အစီအစဉ်ကို ပြပြီးလျှင် ၎င်းနောက် ဆဋ္ဌ သတ္တာဟမှစ၍ ကေစတ္တာလီသမသတ္တာဟတိုင် ၃၆–သတ္တာဟတို့ကို ပေယျာလပြု၍ ဒွါစတ္တာလီသမသတ္တာဟ၌ဖြစ်သော ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်းတို့ကိုသာ အဆိုတိုက်ရိုက်လာပေသည်။ အလယ်၌ ၃၆–သတ္တာဟမှာ ဘယ်သင်း ဘယ်ဟာဖြစ်သည်ဟု မလာပေ။

ဤတွင် သံယုတ် ပါဠိတော်၊ အဋ္ဌကထာတို့၌လာသော
သတ္တာဟအကြောင်း ပြီး၏။

## ၅။ သတ္တာဟ ဝိနိစ္ဆယ
## အဘိဓမ္မာကျမ်းလာ သတ္တာဟအကြောင်း

ယခုအခါ အဘိဓမ္မာကျမ်းဂန်တို့၌ လာသော သတ္တာဟစကားကို ဆိုပေအံ့။ ။ ပဥ္စမသတ္တာဟ၌ ပေါ်စပြုကုန်သော ခက်မ ၅–ဖြာတို့သည် ဆဋ္ဌမသတ္တာဟ, သတ္တမသတ္တာဟ, အဋ္ဌမသတ္တာဟ, နဝမသတ္တာဟ, ဒသမသတ္တာဟ, ဧကာဒသမသတ္တာဟဟု ဆိုအပ်သော သတ္တာဟပေါင်း

http://www.dhammadownload.com



၆–သတ္တာဟ၊ ရက်ပေါင်း ၄၂–ရက်ပတ်လုံး တဖြည်းဖြည်း ကြီးပွား ရင့်မာကာ နေရကုန်၏။ ဤ ၄၂–ရက်အတွင်း၌ တစ်စုံတစ်ခု အထူး ဖြစ်လာသည်ဟု မရှိနိုင်သေး။

(၁) စက္ခုခေါ်ရသော ပသာဒဓာတ်ကြည် တည်နေရန် မျက်လုံး အိမ် မျက်လုံးသား။

(၂) သောတခေါ်ရသော ပသာဒဓာတ်ကြည် တည်နေရန် နားအိမ် နားသား။

(၃) ဃာနခေါ်ရသော ပသာဒဓာတ်ကြည် တည်နေရန် နှာခေါင်း အိမ် နှာခေါင်းသား။

(၄) ဇိဝှါခေါ်ရသော ပသာဒဓာတ်ကြည် တည်နေရန် ခံတွင်းလျှာ။

ဤအဆောက်အဦး ကြိယာကြီးတို့သည် ၄၂–ရက်ခန့်ကာလ ထူထောင်မှ ပြည့်စုံစွာ ရှိကြကုန်သတည်း။ ထိုအခါ သတ္တာဟအားဖြင့် ၁၁–သတ္တာဟ၊ ရက်အားဖြင့် ၇၇–ရက်ပြည့်၍ အဆုံးနေ့မှာမှ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ ဟူသော ကမ္မဇဓာတ်ကြည် ၄–ခုတို့သည် ဖြစ်ပေါ်လာကုန်သတည်း။ (ကထာဝတ္ထု အဋ္ဌကထာ၊ အာယတန ယမိုက်မူလဋီကာ။)

ပဋိသန္ဓိစိတ္တေန သဟေဝ ဩပပါတိကာနံ သဠာယတနံ ဥပ္ပဇ္ဇတိ။ ဂဗ္ဘသေယျကာနံ ပန အဗ္ဘန္တရိကာယတနေသု မနာ– ယတနကာယာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိယာ၊ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တံယေဝ, အညဿ ဝါ ကတတ္တာတိ အယံ သကာသမယေ ဝါဒေါ။ (အဋ္ဌကထာ။)

http://www.dhammadownload.com



အနက်ကား။ ။ ဩပပါတိကာနံ၊ ဥပပါတ်ပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟေဝ၊ အတူတကွသာလျှင်။ သဠာယတနံ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဟူသော အာယတန ၆-ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဂဗ္ဘသေယျကာနံပန၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အားမူကား။ အဇ္ဈတ္တိကာယတနေသု၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဟူသော အတွင်းအာယတန ၆-ပါး တို့တွင်။ မနာယတနကာယာတနာနေဝ၊ မနာယတန, ကာယာယတန ၂-ပါးတို့သည်သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏဌ်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ သေသာနိ၊ ကာယ, မန ၂-ပါးမှ ကြွင်းကုန် သော။ စတ္တာရိ၊ ၄-ပါးကုန်သော စက္ခု, သောတ, ဃာန, ဇိဝှါတို့သည်။ သတ္တသတ္တတိရတ္တိယာ၊ ရရ-ခုမြောက်သော ရက်ဌ်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန် ၏။ တာနိစခေါ၊ ထို ၄-ပါးတို့သည်လည်း။ ယေနကမ္မုနာ၊ အကြင် ကံဖြင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဟိတာ၊ ယူအပ်၏။ တသောဝ၀ါ၊ ထိုကံကိုသော်လည်းကောင်း။ အညဿဝါ၊ အခြားတစ်ပါးသော ကံကို သော်လည်းကောင်း။ ကတတ္တာ၊ ပြုအပ်ခဲ့ပြီးသည်၏ အဖြစ်ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ တ္တတိအယံ၊ ဤသည်ကား။ သကသမယေ၊ အရှင်မဟာကဿပ အစရှိသော မိမိတို့၏အယူဌ်။ ဝါဒေါ၊ ပြောရိုး ဆိုရိုးဖြစ်သော အမှန်မုချ နေရာကျစကားတည်း။

"သတ္တသတ္တတိရတ္တိယာ"ဟူသော ပါဠ်ဌ် ရတ္တိသဒ္ဒါသည် "ဒီဃ ရတ္တံ"ဟူသော ပါဠ်ဌ် ရတ္တိသဒ္ဒါကဲ့သို့ နာရီ ၆၀-ဖြင့် ရေတွက်အပ်သော ရက်သာမညကိုပင် ဟောသည်။ "ရတ္တိဒိဝံ"ဟူသော ပါဠ်ဌ် ရတ္တိသဒ္ဒါ ကဲ့သို့ ညဥ့်ဟူသော အနက်ကိုသာ ဟောသည်မဟုတ်။ ရရ-ရက် သတ္တာဟ ဖွဲ့သည်ရှိသော် ၁၁-သတ္တာဟ ဖြစ်သည်။ ထို ၁၁-သတ္တာဟ

http://www.dhammadownload.com



တွင် နောက်ဆုံးသတ္တာဟကား ကောဒသမသတ္တာဟပေတည်း။ ကောဒသမသတ္တာဟတွင် နောက်ဆုံးရက်၌ စက္ခု, သောတ, ဃာန, ဇိဝှါ ဟူသော ပသာဒ ၄-ပါးတို့ ဖြစ်ပေါ်ကြကုန်သည်။ ထိုသို့ ဖြစ်ပေါ်ခြင်းသည်လည်း ပဋိသန္ဓေအကျိုးကို ပေးသောကံကြောင့် ဖြစ်ပေါ်သည်လည်း ရှိ၏။ ပဝတ္တိအကျိုးကို ပေးသောကံကြောင့် ဖြစ်ပေါ်သည်လည်း ရှိ၏ ဟူလိုသည်။

အာယတနယမိုက် ဋီကာတို့၌ကား ရက်နှင့်မဆိုမူ၍ သတ္တာဟနှင့် ဆိုသောကြောင့် ကောဒသမ သတ္တာဟ တိုက်ရိုက်ပေါ်ပေသည်။ စပ်လျဉ်းရာ ဆိုရသည်ဖြစ်၍လည်း စက္ခုနှင့် ဃာနကိုသာ အဆိုပါသည်။ သောတနှင့် ဇိဝှါမှုကား အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးလေတော့သည်။

[ကျယ်မည်စိုး၍ မရေးပြီ။]

ဤကား သင်္ဂါယနာ သုံးတန်ပါသော မဟာအဋ္ဌကထာကြီး၊ အရှင်မဟာဗုဒ္ဓဃောသ စီရင်သော အဋ္ဌကထာသစ်၊ အဘိဓမ္မာ ယမိုက် ဋီကာကြီးတို့၌ တစ်သံတည်းလာသည်ဖြစ်၍ ဘုရားဟောနှင့်တူစွာ ယုံကြည်ရသော သတ္တာဟ အဆုံးအဖြတ်ပေတည်း။

## လက်သန်းဋီကာလာ သတ္တာဟအကြောင်း

ယခုအခါ လက်သန်းဋီကာတို့ နာနာဝါဒဆိုကြပုံကို ဆိုလိုက်အံ့၊ ထိုစက္ခု, သောတ, ဃာန, ဇိဝှါဟူသော ပသာဒ ၄-ပါးတို့သည် ရူပါရူပဝိဘာဂဆရာ, သစ္စသံခိပ် ဋီကာသစ်ဆရာတို့ အလိုအားဖြင့် သတ္တမသတ္တာဟ၌ ဖြစ်ပေါ်ကြကုန်သည်။

**ကလလာဝတ္ထာဒိဘူတေ ပသာခါဝတ္ထာပရိယန္တေ ပဉ္စသတ္တာ-**

**ဟေ ပသာခါနံ ပရိဏတာဝတ္ထာဘူတဆဋ္ဌသတ္တာဟဿ အတိ-**

**မိခင်ဧရာဝတီ**

http://www.dhammadownload.com



–ဣမ္မ သတ္တမေ သတ္တာဟေ စက္ခုသောတဃာနဇိဝှါ ဒသကာ ဥပ္ပဇ္ဇန္တိ။ (သစ္စသံခိပ် ဋီကာသစ်။)

ကမတော သတ္တသတ္တာဟေ၊ ဒသကာပိ စက္ခာဒယော။

[ရူပါရူပဝိဘာဂကျမ်း။]

ကလလရေကြည်ဖြစ်ရာ ပဌမသတ္တာဟမှစ၍ ခက်မ ၅–ဖြာ ဖြစ်ရာ ပဥ္စမသတ္တာဟတိုင် ၅–သတ္တာဟတို့ကိုလည်းကောင်း၊ ခက်မ ၅–ဖြာ ရင့်ရာ ဆဋ္ဌမသတ္တာဟကိုလည်းကောင်း လွန်ပြီးမှ သတ္တမသတ္တာဟ၌ စက္ခု, သောတ, ဃာန, ဇိဝှါတို့ အစဉ်အတိုင်း ဖြစ်ကြကုန်သည်။ [ပါဌ်ဩဿာက်အစိပ္ပါယ်။]

ခက်မ ၅–ဖြာတို့တွင် စက္ခု, သောတ, ဃာန, ဇိဝှါတို့၏ ဖြစ်ရာ ဦးခေါင်းအင်္ဂါသည် မျက်လုံးအိမ်, မျက်လုံးသားစသော အဆောက် အဦးကြီးများ နှင့်တကွ ပဥ္စမ, ဆဋ္ဌမ ၂–သတ္တာဟနှင့် ပြီးစုံပြီးစီးနိုင်ရာ သော ယုတ္တိလည်း မရှိ။ ပကတိပုထုဇဉ်တို့ အလိုအလျောက် သိနိုင် ကောင်းသော အခွင့်လည်း မဟုတ်ပေရကား ဤရူပါရူပ ဝိဘာဂစကား, သစ္စသံခိပ် ဋီကာသစ် စကားများကို အမှန်အားဖြင့် မယုံထိုက်။

[တစ်ရပ်။]

## ဋီကာကျော်လာ သတ္တာဟအကြောင်း

ထိုပသာဒ ၄–ပါးတို့တွင် စက္ခုသည် သတ္တမသတ္တာဟ၌ ဖြစ်သည်။ သောတသည် အဋ္ဌမသတ္တာဟ၌ ဖြစ်သည်။ ဃာနသည် နဝမသတ္တာဟ၌ ဖြစ်သည်။ ဇိဝှါသည် ဒသမသတ္တာဟ၌ ဖြစ်သည်။ (ဋီကာကျော်။)

http://www.dhammadownload.com



**ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ။ ကမေနာတိ စက္ခုဒသကပါတုဘာဝတော သတ္တာဟာတိက္ကမေန သောတဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသက န္တိဧဝံ အနုက္ကမေန။ အဋ္ဌကထာယမ္ပိ ဟိ အယမတ္ထော ဒဿိတောဝ။ (၎င်းပါဠိ။)**

အထက်၌ ဆိုခဲ့ပြီးသော အကြောင်းစုကြောင့်လည်းကောင်း၊ ကိုယ်တည်ရင်းဖြစ်သော အသားတုံးမှအစ ပေါ်ပေါက်ဖြစ်ပွား၍ သွားရသော ဦးခေါင်းမှာ အဖျားရင်းကျသော စက္ခုကအလျင် ၇-ရက်ကျရမည်။ ၎င်းနောက် ၇-ရက်မှ သောတ၊ ၎င်းနောက် ၇-ရက်မှ ဃာန၊ ၎င်းနောက် ၇-ရက်မှ ဇိဝှါဖြစ်ရမည်ဟု ဆိုခြင်းသည် အလျဉ်းပင် မသင့်လေသောကြောင့်လည်းကောင်း၊ တစ်ပြိုင်နက် ဖြစ်ပွား၍ သွားသော ဦးခေါင်းအင်္ဂါဝယ် ဘယ်နေရာက နုသေး၍ပသာဒရုပ် မပေါ်သာသေး၊ ဘယ်နေရာကသာ ရင့်နှင့်၍ ပသာဒရုပ် ပေါ်နိုင်သည်ဟူ၍လည်း ဆိုခွင့်မရှိသောကြောင့်လည်းကောင်း၊ ဤဋီကာကျော်စကားကိုလည်း အမှန်အားဖြင့် မယူအပ်။ [တစ်ရပ်။]

## သင်္ခေပဋီကာလာသတ္တာဟအကြောင်း

သင်္ခေပဋီကာ၌ကား - ဤဋီကာကျော်နည်းကို ရှေးဦးစွာ ပြပြီးလျှင် နောက်၌ အဘိဓမ္မာဋီကာနည်းဆို၍ တစ်ပုံပြပြန်သည်ကား -

၁-၂။ ကလလရေကြည် ၂-သတ္တာဟ,

၃-၄။ အမြှုပ် ၂-သတ္တာဟ,

၅-၆။ သားတစ် ၂-သတ္တာဟ,

၇-၈။ အခဲ ၂-သတ္တာဟ,

http://www.dhammadownload.com



၉-၁၀။ ခက်မ ၅-ဖြာ ၂-သတ္တာဟာ၊ ပေါင်း ၁၀-သတ္တာဟာရ၏။

၁၁။ ၎င်းနောက် ကောဒသမ သတ္တာဟ၌ စက္ခု,

၁၂။ ဒွါဒသမသတ္တာဟ၌ သော,ဝ,,

၁၃။ တေရသမသတ္တာဟ၌ ဃာန,

၁၄။ စုဒ္ဒသမသတ္တာဟ၌ ဇိဝှါဖြစ်သည် ဟူ၏။

အဋ္ဌကထာကြီး၊ ဋီကာကြီးများကို စေ့စေ့ငုငု မကြည့်ရှုပဲ ထင်မိထင်ရာ ဆိုမိသော စကားစုသာ ဖြစ်သည်။ "**ပဌမေ ဘိက္ခဝေ သတ္တာဟေ ပဉ္စ ပိဠကာ ဇာယန္တိ သဏ္ဌန္တိ ကမ္မတော**"-ဟူသော ပါဠိတော်များနှင့်လည်း အလွန်ဝေးကွာလေသည်။ ထို့ကြောင့် သခေ်ပဋီကာ စကားများကိုလည်း အမှားသက်သက်သာ မှတ်ရမည်။ [တစ်ရပ်။]

## နီးနှောတိုက်ဆိုင်ပြဆိုချက်

အဘိဓမ္မတ္ထဒီပနီဆရာ, အရပ်ရပ် သင်္ဂြိုဟ် အဓိပ္ပါယ်ဆရာ, အကောက်ဆရာတို့သည်လည်း ဋီကာကျော်၏ နောက်လိုက်သာ ဖြစ်ကြကုန်သည်။ အရပ်ရပ်သော ဋီကာတို့၌ စက္ခု, သောတ, ဃာန, ဇိဝှါတို့သည် ကောဒသမ သတ္တာဟ၌ ဖြစ်ကုန်သည်ဟူသော စကားကို မူလဋီကာဆရာ၏ ဋီကာဝါဒ ဖြစ်သည်ဟု ဆိုကြခြင်းသည်လည်း ကထာဝတ္ထုအဋ္ဌကထာကြီးကို သတိမရ၍ ဆိုကြခြင်းသာ ဖြစ်သည်။ ဋီကာဝါဒ မဟုတ်ပေ။ အဋ္ဌကထာ စကားရင်း ဖြစ်ပေသည်။ ထိုကြောင့် ကောဒသမ သတ္တာဟ၏ အဆုံးရက်၌ ဖြစ်သည်ဟူသော အဋ္ဌကထာကြီး အတိုင်းသာ ယုံကြည်လေးမြတ် မှတ်သားအပ်သည်။

ဤရက်အတွင်းမှာလည်း တစ်ပြိုင်နက်တည်း ဖြစ်သည်လည်း ရှိမည်။ စက္ခု, သောတ, ဃာန, ဇိဝှါတို့တွင် စချင်ရာကစ၍ ဖြစ်သည်

http://www.dhammadownload.com



လည်း ရှိမည်။ ထိုပသာဒတို့၏မှီရာ ကမ္မဇမဟာဘုတ်သည်သာ ပမာဏ ဖြစ်တော့သည်။ ၄–၅ဘနန္ဒ တည်ရှိကုန်သော ကမ္မဇ မဟာဘုတ်တို့သည် အကြောင်းတရား ညီညွတ်ကြကုန်သည်ဖြစ်၍ တစ်ပြိုင်နက် ကြည်နိုင်ကြ ကုန်သည်လည်း ရှိမည်။ အကြောင်းတရားစု မညီညွတ်ခဲ့၍ ကြည်မိ ကြည်ရာကသာ ကြည်၍ နောက်မိနောက်ရာ နောက်သည်လည်း ရှိမည်။ ဤသို့သော သဘော ထင်ရှားရှိလေသောကြောင့် ကထာဝတ္ထုအဋ္ဌကထာ ၌ အစဉ်ဟူသော အသံကို အမြွက်မျှ မဆိုပေသတည်း။ အာယတနဝိဘင်း အဋ္ဌကထာများ၌ကား အာယတနတို့၌ ဥပ္ပတ္တိက္ကမဟူသော အဖြစ်သည် မရကောင်းကြောင်းကို ဆိုခြင်းကြောင့်လည်း စက္ခု, သောတ, ဃာန, ဇိဝှါတို့၌ ဖြစ်စဉ်မထားသင့်ကြောင်းကို သိရလေသည်။

ထို့ကြောင့် သင်္ဂြိုဟ်၌ –

**တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခု ဒသကာဒီနိ ပါတုဘဝန္တိ။** ဟူ၍ –

**နာမစာရဒီကပ၌လည်း ကမတော သတ္တသတ္တာဟေ၊ ဒသကာပိ စက္ခာဒယော။** ဟူ၍ –

**ရူပါ ရူပဝိဘာဂ၌လည်း တေသံ ပန ပဝတ္တိကာလေ ကမေန စက္ခုဒသကသောတဒသက ဃာနဒသက ဇိဝှါဒသကာနိ ပါတုဘဝန္တိ။** ဟူ၍ –

**သစ္စသံခိပ် ဋီကာသစ်၌လည်း စက္ခာဒိ ဒသကာနိ စာတိ စက္ခုသောတဃာနဇိဝှါဒသကာနိစ ကမေန ဟောန္တီတိ ယောဇနာ–** ဟူ၍ ကမသဒ္ဒါနှင့် ဆိုကြသော စကားများကို အမှန်အားဖြင့် မယူအပ်။ သစ္စသံခိပ်ကျမ်း၊ ပရမတ္ထဝိနိစ္ဆယကျမ်း၊ နာမရူပ ပရိစ္ဆေဒကျမ်းတို့၌ကား ကမသဒ္ဒါ မပါ၊ မပါခြင်းသည်သာ ကောင်းမြတ်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ကာလေနာဟာရဇံ ဟောတိ၊ စက္ခာဒိဒသကာနိ စ။

(သစ္စသံခိပ်။)

တတော ပရံ ပဝတ္တိမှိ၊

ဝမှ မာနသာ ဇန္တုနော။

စက္ခုဒ္ဒသရကာဒယောစ၊

စတ္တာရော ဟောန္တိ သမ္ဘဝါ။ (ပရမတ္ထဝိနိစ္ဆယ။)

ဂဗ္ဘသေယျက သတ္တာနံ၊ တတော သေသာနိ သမ္ဘဝါ။

(နာမရူပပရိစ္ဆေဒ။)

အချို့သူတို့ကား သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာစသော သူတို့သည် ကျမ်းပြုပုဂ္ဂိုလ်တွေ ဖြစ်ကြပေ၍ ကထာဝတ္ထု အဋ္ဌကထာမျှကို မမြင်ကြပဲ ရှိကုန်မည်လော၊ မြင်ကြပေကုန်မည် ဖြစ်သည်။ မြင်လျက်နှင့် ဆိုကြပေကုန်သည်ကို ထိုသင်္ဂြိုဟ်, ဋီကာကျော် စသော ဆရာတို့၏ စကားကို အမှားမယူသင့်၊ ထိုဆရာတို့၏ အာဘော် သင့်လျော်သော ယုတ္တိကိုသာ ရှာရမည်။ ရှာ၍မရနိုင်လျှင် ထိုဆရာတို့၏ ဉာဏ်ကို မမှီသေး၍ မှတ်ရမည်ဟု ဆိုလေ့ရှိကြကုန်၏။ ထိုစကားသည် ကျမ်းကြီး ကျမ်းငယ်တို့ကို ခေါင်ခေါင်အားအား မချောက်ချားနိုင်၍ ကျမ်းဂန်ဆိုလျှင် ယုံကြည်ရမည် မှတ်ထားသော ယောကျ်ား, မိန်းမ မန္ဒပုဂ္ဂိုလ်အများတို့ ပြောရိုးပြောစဉ် စကားပင်တည်း။ [တစ်ရပ်။]

[ငါတို့နိုင်ငံဖြစ် ဆေးကျမ်းများ၌ကား သားငယ်မဖွားမီ အတွင်း၌ အလွတ်အလပ် သတ္တာဟဟူ၍ မရှိရအောင် ကေသာ, လောမာစသော ကောဋ္ဌာသတို့နှင့် အစဉ်ပြ၍ ထားကြကုန်၏။ ။ သတ္တဝါမှာ ဟဒယဝတ္ထုနေရာ အလျင်ဆုံး ဖြစ်ပြီးမှ အစဉ်အတိုင်း တိုးပွားပုံကို မမြော်လတ်ပဲ ရောက်တတ်ရာရာထားခြင်းသာတည်း။]

http://www.dhammadownload.com



ဤမျှသော စကားရပ်ဖြင့် အမိဝမ်း၌ ပဋိသန္ဓေ နေသည်မှစ၍ လ–အားဖြင့် ၁၀–လ၊ သတ္တာဟအားဖြင့် ၄၃–သတ္တာဟ၊ ရက်အားဖြင့် ၃၀၀–အရေအတွက်ရှိသော ဂဗ္ဘဝါသ ကာလအတွင်း၌ –

(၁) ပထမသတ္တာဟမှာ ကလလရေကြည်။

(၂) ဒုတိယသတ္တာဟမှာ အမြှုပ်ကျဲ။

(၃) တတိယသတ္တာဟမှာ အမြှုပ်ခဲ။

(၄) စတုတ္ထသတ္တာဟမှာ အသားခဲ။

(၅) ပဉ္စမသတ္တာဟမှာ ခက်မ ၅–ဖြာ။

(၆) ၎င်းနောက် ၆–သတ္တာဟမှာ ကိုယ်ထည်နှင့်တကွ ခက်မ ၅–ဖြာတို့၏ ကြီးပွားရာ။

(၇) ၎င်းနောက် ၆–သတ္တာဟတွင် နောက်ဆုံး သတ္တာဟ၏ နောက်ဆုံးရက်မှာ စက္ခု ဒသက ကလာပ်, သောတ ဒသက ကလာပ်, ဃာန ဒသက ကလာပ်, ဇိဝှါ ဒသက ကလာပ်။

(၈) ၎င်းနောက် ၃၁–သတ္တာဟကို လွန်၍ အနန္တရသတ္တာဟ၌ ကေသာ, လောမာ, နခါ–

ဟူ၍ ကေန်စွဲမှတ်ယုံကြည်အပ်သော သတ္တာဟဝိနိစ္ဆယကို နာနာဝါဒ နှင့်တကွ ပြခြင်းတည်း။

ဤတွင် သတ္တာဟဝိနိစ္ဆယ ပြီး၏။

## ၆။ ကလာပ်စည်းအကြောင်း

### ကလာပ်စည်းမာတိကာစဉ်

ယခုအခါ သတ္တဝါတစ်ကောင်လုံး၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြသော ကလာပ်တို့ကို အကျဉ်းအားဖြင့် ဆိုလိုက်အံ့။

မိခင်ရောဝတီ

http://www.dhammadownload.com



၁။ ဇီဝိတနဝက ကလာပ်,

၂။ စက္ခုဒသက ကလာပ်,

၃။ သောတဒသက ကလာပ်,

၄။ ဃာနဒသက ကလာပ်,

၅။ ဇိဝှါဒသက ကလာပ်,

၆။ ကာယဒသက ကလာပ်,

၇။ ဣတ္ထိဘာဝဒသက ကလာပ်,

၈။ ပုမ္ဘာဝဒသက ကလာပ်,

၉။ ဝတ္ထုဒသက ကလာပ်– ဟူ၍ ကမ္မဇကလာပ် ၉–စည်း။

၁။ သုဒ္ဓဋ္ဌက ကလာပ်,

၂။ ကာယဝိညတ္တိနဝက ကလာပ်,

၃။ ဝစီဝိညတ္တိ သဒ္ဒဒသက ကလာပ်,

၄။ လဟုတာဒိ ဧကာဒသက ကလာပ်,

၅။ ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်,

၆။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်– ဟူ၍ သင်္ဂြိုဟ်ဆရာတို့အလို စိတ္တဇကလာပ် ၆–စည်း၊ ၎င်း ၆–စည်းတွင် သဒ္ဒနဝကကလာပ်ကို ထည့်၍ သစ္စသံခိပ်အလို စိတ္တဇကလာပ် ၇–စည်း၊ ၎င်း ၇–စည်းတွင် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်ကိုထည့်၍ ငါတို့အလို စိတ္တဇကလာပ် ၈–စည်း။

၁။ သုဒ္ဓဋ္ဌက ကလာပ်,

၂။ သဒ္ဒနဝက ကလာပ်,

၃။ လဟုတာဒိ ဧကာဒသက ကလာပ်,

http://www.dhammadownload.com



၄။ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်,

ဟူ၍ ဥတုဇကလာပ် ၄-စည်း။

၁။ သုဒ္ဓဋ္ဌက ကလာပ်,

၂။ လဟုတာဒိ ကောဒသက ကလာပ်- ဟူ၍ အာဟာရဇ ကလာပ် ၂-စည်း

ပေါင်း သင်္ဂြိုဟ်အလို ၂၁-စည်း၊ သစ္စသံခိပ်အလို ၂၂-စည်း၊ ငါတို့အလို ၂၃-စည်း၊ ဤအလုံးစုံကို ကာမဘုံသားတို့၌ ရထိုက်၏။

ရူပ ၁၅-ဘုံသားတို့၌ကား -

၁။ ဇီဝိတနဝက ကလာပ်,

၂။ စက္ခုဒသက ကလာပ်,

၃။ သောတဒသက ကလာပ်,

၄။ ဝတ္ထုဒသက ကလာပ်- ဟူ၍ ကမ္မဇကလာပ် ၄-စည်း၊ သင်္ဂြိုဟ်အလို စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ ပေါင်း ၁၄-စည်း၊ သစ္စသံခိပ်အလို ၁၅-စည်း၊ ငါတို့အလို ၁၆-စည်း။

တစ်နည်း ငါတို့အလို ဆိုခဲ့ပြီးသော ကမ္မဇကလာပ် ၄-စည်း၊ လဟုတာဒိအထူးရှိသော စိတ္တဇကလာပ် ၄-စည်း၊ ဥတုဇကလာပ် ၂-စည်း၊ ပေါင်း ၁၀-စည်း။

မူလဋီကာအလို ထိုရူပ ၁၅-ဘုံသားတို့၌ -

၁။ ဇီဝိတဆက္က ကလာပ်,

၂။ စက္ခုသတ္တက ကလာပ်,

၃။ သောတသတ္တက ကလာပ်,

၄။ ဝတ္ထုသတ္တက ကလာပ်- ဟူ၍ ကမ္မဇကလာပ် ၄-စည်း။

http://www.dhammadownload.com



၁။ သုဒ္ဓပဋ္ဌက ကလာပ်,

၂။ သဒ္ဒဆက္က ကလာပ်,

၃။ ကာယဝိညတ္တိဆက္က ကလာပ်,

၄။ ဝစီဝိညတ္တိ သဒ္ဒသတ္တက ကလာပ်,

၅။ လဟုတာဒိအဋ္ဌက ကလာပ်,

၆။ သဒ္ဒလဟုတာဒိ နဝက ကလာပ်,

၇။ ကာယဝိညတ္တိ လဟုတာဒိ နဝက ကလာပ်,

၈။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ ဒသက ကလာပ်– ဟူ၍ စိတ္တဇကလာပ် ၈–စည်း။

၁။ သုဒ္ဓပဋ္ဌက ကလာပ်,

၂။ သဒ္ဒဆက္က ကလာပ်,

၃။ လဟုတာဒိ အဋ္ဌက ကလာပ်,

၄။ သဒ္ဒလဟုတာဒိ နဝက ကလာပ်– ဟူ၍ ဥတုဇကလာပ် ၄–စည်း၊ ပေါင်း ၁၆–စည်း။

အာဟာရဇ ကလာပ် ၂–စည်းကိုကား ရူပဘုံ၌ မရအပ်။ လက္ခဏာရုပ် ၄–ခု၊ ပရိစ္ဆေဒရုပ် ၁–ခု၊ ဤ ၅–ခုတို့ကို ကလာပ်စည်း၌ မသွင်းအပ်။

မာတိကာစဉ် ပြီး၏။

## ကလာပ်စည်းများကို ဝေဖန်ပြဆိုခြင်း

ယခုအခါ အစဉ်အတိုင်း စီစစ်၍ ပြပေအံ့။ ။ သဂြိုဟ်၌ ကာမဘုံသားတို့၌ ပဋိသန္ဓေအခိုက်၌လည်း ဇီဝိတနဝက ကလာပ်ကို

http://www.dhammadownload.com



အဆိုမပါ။ ပဝတ္တိအခါ၌လည်း **"စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ"**–ဟူ၍ စက္ခုဒသက ကလာပ်ကစ၍ သိမ်းလေသောကြောင့် အစအဦးလာသော ဇီဝိတနဝက ကလာပ် ကျန်ရှိပြန်သည်။ ထို့ကြောင့် ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကို မရအပ်ဟု ဆိုကြကုန်၏။ သင်္ဂြိုဟ်အလို ဆိုခွင့်ရှိပေ၏။ ထို့ကြောင့် သင်္ဂြိုဟ်ဆရာပင် စီရင်အပ်သော ပရမတ္ထဝိနိစ္ဆယကျမ်း၌ –

**သန္တိ သဗ္ဗာနိ ရူပါနိ၊ ကာမေသု စတုသမ္ဘဝါ။**

**ဇီဝိတနဝကံ ဟိတွာ၊ ကလာပါ ဟောန္တိ ဝီသတိ။**

**ဇီဝိတနဝကံ နာမ၊ ရူပလောကေ ဝိသံ သိယာ**– ဟူ၍ ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကြဉ်သော ကလာပ် ၂၀–သာရကြောင်း၊ ရူပဘုံ၌သာ ဇီဝိတနဝက ကလာပ် ဖြစ်ကြောင်းကို ဆိုလေသည်။

မဏိမဉ္ဇူဆရာတော်မူကား ကာမဘုံသား သန္တာန်တွင် ဝမ်းမီးဟု ဆိုအပ်သော ပါစကတေဇော ကောဋ္ဌာသမှာ ဇီဝိတနဝက ကလာပ်ရကြောင်းကိုဆိုပေ၏။ စင်စစ်ကေန် အမှန်မှတ်ဖို့မှာမူကား ထိုဝမ်းမီးဟု ဆိုအပ်သော ပါစကတေဇော်မီး၌လည်းကောင်း၊ **"အာယု ဥသ္မာ စ ဝိညာ ဏံ"**–ဟူသော သံယုတ်ပါဠိတော်ပါဋ္ဌ၌လာသော ကိုယ်စောင့်တရား ၃–ပါးတို့တွင် အကျုံးဝင်သော တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်နေသော ပကတိကိုယ်ငွေ့ဟု ဆိုအပ်သော ဥသ္မာအမည်ရှိသော ဇီဝိတနဝက ကလာပ်ကိုသာ ရအပ်ပါသတည်း။ ဤအကြောင်းတရားသည် နောက်၌ ထင်ရှားလာလတ္တံ့။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဋ္ဌိစ္စသမုပ္ပါဒ် နာမရူပပုဒ်အဖွင့်၌ စိတ္တဇသဒ္ဒနဝက ကလာပ်၊ ဥတုဇသဒ္ဒနဝက ကလာပ်ဟူ၍ နဝက ကလာပ် ၂–စည်းလာသည်ကိုယူ၍ သစ္စသံခိပ်၌

မိခင်ရောဝတီ

http://www.dhammadownload.com



စိတ္တဇသဒ္ဒနဝက ကလာပ်နှင့်တကွ ကလာပ်ပေါင်း ၂၂-စည်း လာပေသည်။

**ကလာပါ ဝီသတိ ဒွိဘိ။ (သစ္စသံခိပ်။)**

ဝစီဝိညတ်နှင့်ကင်း၍ဖြစ်သော ဤသဒ္ဒနဝက ကလာပ်သည် အဘယ်အခါ၌ ဖြစ်သနည်းဟူမူ အဋ္ဌသာလိနီဒွါရကထာ ဝစီဝိညတ္တိ ကထာ၌ မဟာအဋ္ဌကထာနည်းအားဖြင့်လာသော ဝိတက္ကဝိပ္ဖါရသဒ္ဒသည် သဒ္ဒနဝက ကလာပ်မည်၏။ တစ်နည်းကား။ လူအများ စည်းဝေးရာ အဝေးမှ ကြားရသော ပုဒ်, ဗျည်း, အက္ခရာသဒ္ဒါအနက် မထင်ရှားသော စိတ္တသမုဋ္ဌာနဖြစ်သော အုတ်အုတ်ကျက်ကျက် သံသည် ဝိညတ်ကင်းသော သဒ္ဒနဝက ကလာပ်သာ ဖြစ်သည်ဟု ဆိုကြကုန်၏။ (သစ္စသံခိပ် ဋီကာဟောင်း။)

ဝိတက္ကဝိပ္ဖါရသဒ္ဒ - ဟူသည်ကား သူတစ်ပါးတို့ကြားအောင် စကားပြောဆိုသည် မဟုတ်ပဲ ခံတွင်းထဲတွင်သာ အားကြီးစွာသော ဝိတက်၏ အဟုန်ကြောင့် ပြောဆိုယောင်ယောင်ဖြစ်သော စကား ပေတည်း။

မြို့ကြီး, ရွာကြီး, ပွဲကြီး, လမ်းကြီးရှိ၍ လူအများ စည်းဝေးရာ အဝေးမှ ကြားသောအသံသည် ဝေးသောသူမှာသာလျှင် ဝေးသောအတွက် ကြောင့် ပုဒ်, အက္ခရာမထင်လေသည်။ အနီးနေသော သူတို့မှာ ထင်လင်းပေသည် ဖြစ်သောကြောင့် ဝိညတ်နှင့်တကွသာ ဖြစ်သင့်လေ ရကား ထိုဆရာတို့စကားကို အမှန်မယူအပ်။

တစ်နည်း။ လက်ခုပ်တီးခြင်း, လက်ပမ်းပေါက်ခြင်း စသည်တို့၌ ထိုသဒ္ဒနဝက ကလာပ်ကို ရအပ်သည်။ (သစ္စသံခိပ် ဋီကာသစ်။) ထို လက်ခုပ်တီးခြင်း, လက်ပမ်းပေါက်ခတ်ခြင်း စသည်တို့၌ ဖြစ်သော

http://www.dhammadownload.com



အသံသည် စိတ္တဇပင် မဟုတ်။ စိတ္တပစ္စယ ဥတုဇသဒ္ဒသာ ဖြစ်ပေရကား ဤဋီကာကိုလည်း မမှတ်အပ်။

အက္ခရာမထင်သော ငိုသံ၊ ရယ်သံ၊ ချေသံ၊ ချောင်းဆိုးသံ၊ တောက်ခေါက်သံ၊ လေချွန်သံ၊ လန့်၍အော်သံ၊ အော့သံ၊ အန်သံ၊ ယောင်ယမ်းသံ၊ ကျင်နာ၍ ညည်းညူသံ၊ ရှူသံ၊ ရှိုက်သံ၊ မှုတ်သံ၊ ရှူပ်သံ စသည်များသည် စိတ္တဇသဒ္ဒနဝက ကလာပ်သာတည်း။ [ငါတို့ အလို။] ထွက်သက်၊ ဝင်သက်ဟူသော ရှူသံ၊ ရှိုက်သံ၌ စိတ္တဇသဒ္ဒနဝက ကလာပ်ရသည်ကို ဆိုသော ဋီကာများကို ထောက်သင့်ပါ၏။

**စိတ္တဇအေဿသပဿာသမှိ ကောဋ္ဌာသမှိ ဩဇာဋ္ဌမကဋ္ဌေ၀ သဒ္ဒေါ်စာတိ နဝ။** (သာရတ္ထဒီပနီဋီကာ။)

ထိုသဒ္ဒနဝက ကလာပ်သည်ပင် ကိုယ်စိတ်အထူး ခံ့ကျန်း၍ ငိုခြင်း၊ ရယ်ခြင်းစသည်ကို ပြုသောအခါ လဟုတာဒိကို ထည့်၍ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ဖြစ်ပြန်သည်။ ဥတုဇ၌ သဒ္ဒနဝကတွင် လဟုတာဒိကိုထည့်၍ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ဖြစ်သည်နှင့် အတူ မှတ်။ [ငါတို့အလို။]

ရူပဘုံ ၁၀-စည်းသာ ဟူရာ၌ ယုတ္တိကား -

**ရူပဿ ဒန္ဓတ္တကရ ဓာတုက္ခောဘ ပဋိပက္ခပစ္စယ သမုဋ္ဌာနော ရူပကာယော-**

အစရှိသော ရူပကဏ္ဍ အဋ္ဌကထာပါဠိနှင့်အညီ သပ္ပါယဥတု၊ သပ္ပါယစိတ္တ၊ သပ္ပါယအာဟာရကို မှီဝဲရ၍ အဇ္ဈတ္တဓာတ် ၄-ပါးတို့၏ အထူးညီမျှသာယာလှသောအခါ လဟုတာဒိသည် ဖြစ်၏။ အသပ္ပါယဥတုစသည်နှင့် တွေ့ရ၍ အဇ္ဈတ္တဓာတ် ၄-ပါးတို့ လှုပ်ရှားဖောက်ပြန်၍သောအခါ လဟုတာဒိ ဖြစ်ခွင့်မရ။ ထိုကဲ့သို့ ဓာတ် ၄-ပါးဖောက်ပြန်၍ ရူပကာယ

http://www.dhammadownload.com



မအီမသာရှိသော အခါ၌ကား လဟုတာဒိတ္တယ - မပါသော ရှေးကလာပ်စုသာ ဖြစ်သည်။ ဗြဟ္မာ့ဘုံမည်သည်ကား ဓာတ် ၄-ပါးတို့ လှုပ်ရှားဖောက်ပြန်ခြင်းဟူ၍ပင် ရှိကောင်းသည် မဟုတ်။ အခါခပ်သိမ်း အမြဲလျှင် သာယာညီညွတ်သော ရူပကာယသာ ဖြစ်ပေရာသည်။ ထို့ကြောင့် ဗြဟ္မာတို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သမျှသော စိတ္တဇရုပ်, ဥတုဇရုပ်တို့သည် ပေါ့ပါးခြင်းဟူသော လဟုတာဂုဏ်, နူးညံ့ခြင်းဟူသော မုဒုတာဂုဏ်, အမှုခံခြင်းဟူသော ကမ္မညတာဂုဏ်တို့နှင့် တရံတဆစ်မျှ ကင်းလွတ်ရသော အခွင့်မရှိကုန်။ ထို့ကြောင့် ဗြဟ္မာတို့၏ အဇ္ဈတ္တသန္တာန်၌ လဟုတာဒိတ္တယမှ ကင်းလွတ်သော စိတ္တဇကလာပ်, ဥတုဇကလာပ်ဟူ၍ မရှိပေရာ။ လဟုတာဒိတ္တယ မဖြစ်ကောင်းသော အဝတ်, ပုဆိုး, ဘုံဗိမာန်စသော ဗဟိဒ္ဓဥတုဇတို့၌သာ လဟုတာဒိ ကင်းသော ကလာပ် ရှိပေရာသည်။ [ငါတို့အကြံ။]

မူလဋီကာ ဆရာသည်ကား ဓမ္မဟဒယဝိဘင်း ပါဠိတော်မှာ ဗြဟ္မာတို့၏ ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ ရထိုက်သော အာယတနဓာတ်, အာဟာရတို့ကိုမေး၍ ဖြေတော်မူရာ ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ကဗဠီကာရာဟာရတို့ကို ပယ်၍ -

**ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဆ အာယတနာနိ ပါတုဘဝန္တိ၊ တယော အာဟာရာ ပါတုဘဝန္တိ-**

အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ရူပဘုံ၌ရထိုက်သော ကလာပ်ဟူသမျှတို့၌ ဂန္ဓ, ရသ, ဩဇာဟူသော ရုပ် ၃-ခုကို နုတ်၍ ဇီဝိတဆက္က, စက္ခုသတ္တက စသည်ဖြင့်သာ ကလာပ်တို့ကို ဖွဲ့စည်းလိုသည်။

ဤပါဠိတော်၌ ဖောဋ္ဌဗ္ဗာယတနသည်လည်း ပယ်နုတ်ရာပါသည်သာ ဖြစ်၏။ ထိုသို့ ဖြစ်သော်လည်း ပဋ္ဌာန်း၌ ရူပဘုံမှာ မဟာဘုတ်

http://www.dhammadownload.com



၄-ပါးကို ဟောတော်မူလျက် ရှိပြန်သောကြောင့်လည်းကောင်း၊ မဟာဘုတ် ၄-ပါးမရှိပေက ရူပကာယပင် ရှိကောင်းတော့သည် မဟုတ်လေသောကြောင့်လည်းကောင်း၊ မဟာဘုတ် ၄-ပါးမှာ ရှိပေသည်သာ အမှန်ဖြစ်၏။ ထိုသို့ ရှိပါသော်လည်း တွေ့ထိခြင်းဟူသော ဖောဋ္ဌဗ္ဗကိစ္စမတပ်ကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာယတနကို ပယ်ချလေသည်။

[ဋီကာဆရာအလို။]

ဖောဋ္ဌဗ္ဗာယတနနှင့် အတူပင် ရူပဘုံမှာ ဂန္ဓ, ရသ, ဩဇာတို့လည်း ဂန္ဓကိစ္စ, ရသကိစ္စ, ဩဇာကိစ္စ မတပ်ရသောကြောင့်သာ ပယ်ရပါရလေသည်။ အချင်းခပ်သိမ်း မရှိလေသောကြောင့် ပယ်ပေသည်မဟုတ်၊ ထို့ကြောင့် ရူပဘုံမှာ ဂန္ဓ, ရသ, ဩဇာတို့နှင့်တကွ ဇီဝိတနဝက, စက္ခုဒသက စသည်ဖြင့် အဋ္ဌကထာအရှင်တို့ ဖွဲ့စည်းသော အတိုင်းကိုသာ အမှန်ပြုအပ်၏။ (အနုဋီကာအလို။)

**[အကျယ်မှာဓမ္မဟဒယ ဝိဘင်း ပါဠိ, အဋ္ဌကထာ, ဋီကာ, အနုတို့၌ ရှုလေ။]**

ကလာပ်စည်းများကို ဝေဖန်ပြဆိုခြင်း ပြီး၏။

## ကလာပ်စည်း၌ မသွင်းရသော တရားများ

လက္ခဏာရုပ် ၄-ခု, အာကာသဓာတ်တို့ကို ကလာပ်စည်း၌ မသွင်းရာမှာ နှမ်းပုံနှမ်းစု၌ တစ်ခု, တစ်ခုသော နှမ်းစေ့တို့၏အဆုံးအကြားဖြစ်သော ပရိစ္ဆေဒသည် ရှိ၏။ ထိုပရိစ္ဆေဒကြောင့် တစ်ခု, တစ်ခုသော နှမ်းစေ့တို့၏ အပိုင်းအခြားကို သိရ၏။ ထို့အတူ လူသဏ္ဍာန်, နွားသဏ္ဍာန်စသည်ဖြင့် ပေါင်းစု၍နေသော ကလာပ်ခဲတို့၌ တစ်ခု, တစ်ခုသော ကလာပ်တို့၏ အပိုင်းအခြားဖြစ်သော ပရိစ္ဆေဒသည်

http://www.dhammadownload.com



ရှိ၏။ ထိုအပိုင်းအခြားသည် အာကာသဓာတ် မည်၏။ ထိုအာကာသဓာတ်သည် အဘယ်ကလာပ်ဖက်၌ အပါအဝင်ဖြစ်သည်ဟု ဆိုခွင့်မရှိ၊ ထို့ကြောင့် ကလာပ်စည်း၌ မသွင်းရလေသည်။

လက္ခဏရုပ် ၄-ခုတို့သည်ကား ကလာပ်တို့၏ ဥပါဒ်အခိုက်, ဋ္ဌီအခိုက်, ဘင်အခိုက်ကို မှတ်ကြောင်းမျှသာ ဖြစ်ကုန်သည်။ ထို့ကြောင့် ကလာပ်စည်း၌ မသွင်းရလေသည်။ (သင်္ဂြိုဟ်, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ။)

**ကလာပါနံ ပရိစ္ဆေဒ၊**
**လက္ခဏတ္တာ ဝိစက္ခဏာ၊**
**န ကလာပင်္ဂမိစ္စာဟု၊**
**အာကာသံ လက္ခဏာနိ စ။ ။ (ဋင်း။)**

ဤ၌ အာကာသဓာတ်မှာ သင့်မြတ်၏။ လက္ခဏရုပ် ၄-ခုမှာ ထိုအကြောင်းမသင့်၊ ကလာပ်တို့၏ အခိုက်အတန့်ကို မှတ်ကြောင်းသည် လက္ခဏရုပ် ဖြစ်သကဲ့သို့ ကလာပ်တို့၏ ဝိကာရသည် ဝိကာရရုပ် ဖြစ်သည်။ ထို့ကြောင့် ဝိကာရရုပ် ၅-ခုတို့သည်လည်း ကလာပ်၌ မဝင်သင့်သည် ဖြစ်ကုန်ရာသည်။ နေရာကျမှာမူကား ကေပ္ပါဒစသော သဟဝုတ္တိအင်္ဂါပင် မရှိကုန်ငြားသော်လည်း ဝိကာရရုပ် ၅-ခုတို့သည် ကလာပ်ကို ကွဲပြားအောင် အထူးပြုနိုင်ပေကုန်သည်။ လက္ခဏရုပ် ၄-ခုတို့မှာမူကား ကလာပ်တိုင်းမှာ ပါရလျက် ရှိလေသောကြောင့် ကလာပ်တို့ကို ကွဲပြားအောင် အထူး မပြုနိုင်ပေကုန်။ ထို့ကြောင့် ကလာပ်စည်း၌ မပါကုန်သည်။ [ငါတို့အလို။]

ကလာပ်စည်း၌ မသွင်းရသော တရားများ ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ကလာပ်စည်း၌ ပါဝင်သည့် ရုပ်များပွားနည်း

(ခေါက်၍မေးသော် **ရုပ်သေးတစ်ရာ ရ၏**)- ဟူသော ရှေးစကား၌ ရုပ်သေး ၁၀၀-တွက်နည်းကို ဓာတုကထာ၊ အနုဝဏ္ဏနာကျမ်း၊ သင်္ဂြိုဟ်နိသျှဟောင်း၊ အကောက်ဟောင်း၊ အဓိပ္ပါယ်ဟောင်းများ၌ တုံးမှာ သုဒ္ဓဋ္ဌက ကလာပ် ၈-ခု ရှိသည်။ ၎င်းကို လက္ခဏာရုပ် ၄-ခုနှင့် မြှောက်သော် ၃၂-ဖြစ်၏။ အဋ္ဌကကလာပ်ရင်း ရုပ် ၈-ခု၌ အကြား ၇-ခုသည် အာကာသဓာတ် ၇-ခု၊ ပေါင်းသော် ၃၉-ခု ဖြစ်၏။ အသစ်ဖြစ်လာသော သဒ္ဒနဝက ကလာပ်မှာလည်း ထို့အတူ မြှောက်ပွားလောင်းစွက်သော် ၄၄-ခု ဖြစ်၏။ ၂-စုပေါင်း ၈၃-ခု ဖြစ်၏။ ၎င်းတွင် မူလကလာပ်ရင်း ၂-ခုကို ရုပ် ၁၇-ခုပြု၍ထည့်သော် ရုပ်ပေါင်း ၁၀၀-ဖြစ်၏ဟု ဖြေကြကုန်၏။

ရှေး၌ဆိုခဲ့ပြီးသော စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ကလာပ်တို့တွင် ကာယဝိညတ္တိ နဝကကလာပ် စသည်တို့၌ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသော ဝိကာရရုပ်တို့ကို ကလာပ်တစ်ခုတွင် တစ်ခု၊ တစ်ခုသာ ရေတွက်ကုန်သည်။ စိတ္တဇမဟာဘုတ် ၄-ပါးဖြစ်၍ ကာယဝိညတ်သည် ၄-ခု၊ ဝစီဝိညတ်သည် ၄-ခု၊ လဟုတာဒိသည် ၄-ခု စသည်ဖြင့် မရေတွက်ကုန်။ ထို့အတူ လက္ခဏာရုပ်တို့သည်လည်း ကလာပ်တစ်ခုမှာ တစ်ခုစီသာ ရေတွက်သင့်ကုန်သည်။ ကလာပ်တစ်ခုလုံး၏ ဥပါဒ်သည် လက္ခဏာရုပ် တစ်ခု၊ ကလာပ်တစ်ခုလုံး၏ ဌီသည် လက္ခဏာရုပ် တစ်ခု၊ ကလာပ်တစ်ခုလုံး၏ ဘင်သည် လက္ခဏာရုပ် တစ်ခု၊ ဤသို့သာ ရေတွက်သင့်သည်။ (ဓာတုကထာဋီကာ။)

**အရူပါနံပန နိဗ္ဗတ္တိအာဒိဘူတာနိ ရူပကလာပ ဇာတိအာဒီနိ ဝိယ သဟုပ္ပန္နမာန စတုက္ခန္ဓကလာပ နိဗ္ဗတ္တိအာဒိဘာဝတော**

မိခင်ရောဝတီ

http://www.dhammadownload.com



**ဧကေကဘူတာနိ။ (၄င်း။)**

အာကာသဓာတ်မည်သည်လည်း ဆိုခဲ့ပြီးသည့်အတိုင်း ကလာပ်တို့၏ အပိုင်းအခြားသာဖြစ်၍ ကလာပ်တို့၏ ပြင်ဖက်၌သာ ရှိပေသည်။ တစ်ခုသော ကလာပ်၏အတွင်း၌ ရုပ်ချင်းချင်း ခြားကြသော အာကာသ ဟူ၍ပင် မရှိ။ ထို့ကြောင့် ပရမတ္ထ ဝိနိစ္ဆယကျမ်း၌လည်း လက္ခဏရုပ် ၄-ခု၊ အာကာသဓာတ်၊ ဤ ၅-ခုတို့ကို တစ်ခု, တစ်ခုသော ကလာပ်၌ ၅-ခု, ၅-ခုသာ အရုံထားလေသည်။

**လက္ခဏာ ကာသရူပါနိ၊ ကလာပေသု တဟိံ တဟိံ။**
**ပဥ္စပဥ္စေတိ ရူပါနိ၊ တိသတံသောဠသာဓကံ။ ။ (၄င်း။)**

ကလာပ်ပေါင်း ၂၁-စည်းတွင် အစိတ်စိတ်ဖြေသော် ရုပ်ပေါင်း ၂၁၁-ရသည်။ ကလာပ် ၂၁-တွင် တစ်စည်း, တစ်စည်း၌ ၅-ခုစီ ၅-ခုစီပြု၍ လက္ခဏ, အာကာသပေါင်း ၁၀၅-ခု၊ ၂-စုပေါင်း ၃၁၆- ဖြစ်၏။ ထို့ကြောင့် ထိုဓာတုကထာ၊ အနုဝဏ္ဏနာ စသော ကျမ်းတို့၌ ရုပ်ပွားနည်းများသည် ချိုးမွမ်းဖွယ် မရှိဟုမှတ်။

ကလာပ်စည်း၌ ပါဝင်သည့်ရုပ်များ ပွားနည်း ပြီး၏။

## ကလာပ်အပြား ရေတွက်နည်း

ယခုအခါ ကေသ, လောမ စသော မြေအစုသည် ၂၀၊ ပိတ္တ, သေမှစသော ရေအစု ၁၂၊ ပါစကတေဇောစသော မီးအစု ၄၊ ဥဒ္ဓင်္ဂမဝါတ စသော လေအစု ၆၊ ပေါင်း ၄၂-ခုသော အစုတို့၌ ရထိုက်သည် အားလျော်စွာ ဖြစ်ကြကုန်သော ရုပ်ကလာပ်တို့ကို အကျဉ်းဆိုအံ့။

၁။ အစာသစ်,

၂။ ကျင်ကြီး,

http://www.dhammadownload.com



၃။ ကျင်ငယ်,

၄။ ပြည်,

ဤ ၄-ကောဋ္ဌာသမှာ ဥတုဇအဋ္ဌကကလာပ် တစ်ခုစီသာရသည်။ ပါစကတေဇောမှာ ဇီဝိတနဝက ကလာပ်တစ်ခုသာရသည်။ ထွက်သက်, ဝင်သက်မှာ စိတ္တဇအဋ္ဌကကလာပ် တစ်ခုသာရသည်။ ။ (ကေဇ ၆-ခု ပြီး၏။)

၁။ ချေး,

၂။ မျက်ရည်,

၃။ တံတွေး,

၄။ နှပ်,

ဤ ၄-ကောဋ္ဌာသမှာ ဥတုဇအဋ္ဌက တစ်ခု၊ စိတ္တဇအဋ္ဌက တစ်ခုစီ ရသည်။ ။ (ဒွိဇ ပြီး၏။)

၁။ ဆံ,

၂။ အမွေး,

၃။ ခြေသည်း, လက်သည်း,

၄။ သွား,

၅။ အရေထူ,

၆။ အသား,

၇။ အကြော,

၈။ အရိုး,

၉။ ခြင်ဆီ,

၁၀။ အညှို့,

၁၁။ နှလုံး,

၁၂။ အသည်း,

၁၃။ အမြှေး,

၁၄။ အဖျဉ်း,

၁၅။ အဆုတ်,

၁၆။ အူမ,

၁၇။ အူသိမ်,

၁၈။ ဦးနှောက်,

၁၉။ သည်းခြေ,

၂၀။ သလိပ်,

၂၁။ သွေး,

၂၂။ အဆီခဲ,

၂၃။ အဆီကြည်,

၂၄။ အစေး,

http://www.dhammadownload.com



| | |
|---|---|
| ၂၅။ သန္တာပဓာတ်မီး, | ၂၉။ စုန်လေ, |
| ၂၆။ ဒါဟဓာတ်မီး, | ၃၀။ ဝမ်းတွင်းလေ, |
| ၂၇။ ဇရာဓာတ်မီး, | ၃၁။ အူတွင်းလေ, |
| ၂၈။ ဆန်လေ, | ၃၂။ အကြောလျှောက်လေ, |

ဤ ၃၂-ခုသော ကောဋ္ဌာသတို့သည် ကံ, စိတ်, ဥတု, အာဟာရစတုဇတို့တည်း။

ထိုတွင် မီး ၃-စု၊ လေ ၅-စုဟူသော ၈-စုတို့၌ စိတ္တဇ, ဥတုဇ, အာဟာရဇ အဋ္ဌက ၃-စုစီ၊ ဇီဝိတနဝက တစ်ခုစီ၊ ကြွင်းသော မြေ ၁၈-စု၊ ရေ ၆-စုဟူသော ၂၄-စုတို့၌ စိတ္တဇ, ဥတုဇ, အာဟာရဇ အဋ္ဌက ၃-စုစီ၊ ကာယဒသက, ဘာဝဒသက ၂-စုစီ၊ မံသ၌ စက္ခုဒသက, သောဒသက, ဃာနဒသက, ဇိဝှါဒသက, ဥတုဇ-စိတ္တဇ သဒ္ဒနဝက ၂-စုစီ၊ အဋ္ဌကပေါင်း ၁၀၉၊ နဝကပေါင်း ၁၁၊ ဒသကပေါင်း ၅၃၊ စုစုပေါင်း ၁၇၃၊ ရုပ်ပေါင်း ၁၅၀၁။

(က) တေပညာသဒသေကဋ္ဌ၊ နဝုတ္တရသတာနိ စ။
ဒသကာ နဝကာ စေဝ၊ အဋ္ဌကာ စ သိယုံ ကမာ။

(ခ) သေကပဥ္စသတံ ကာယေ၊ သဟဿဉ္စ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ပန္နံ ဓာတု ဘေဒတော။
(သစ္စသံခိပ်။)

(က-ခ) ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်စုံသော ဣန္ဒြေရှိသော။ ကာယေ၊ ကိုယ်၌။ ဓာတုဘေဒတော၊ ဓာတ် ၄-ပါးလွန်သော ကောဋ္ဌာသတို့၏ အပြားအားဖြင့်။ ကမာ၊ အစဉ်အတိုင်း။ တေပညာသ၊ ၅၃-ခုကုန်သော။ ဒသကာစ၊ ဒသက ကလာပ်တို့သည်လည်းကောင်း။ ဒသေကံ၊ ၁၁-ခုသော။ နဝကာစ၊ နဝက ကလာပ်တို့သည်လည်းကောင်း။ နဝုတ္တရသ

http://www.dhammadownload.com



တာနိ၊ ၉–ခုလွန်သော ၁၀၀–ကုန်သော။ အဋ္ဌကာစ၊ အဋ္ဌက ကလာပ်ရုပ်တို့သည်လည်းကောင်း။ သိယုံ၊ ဖြစ်ကုန်၏။ နိပ္ဖန္နံ၊ နိပ္ဖန္နဖြစ်သော။ တံရူပံ၊ ထိုရုပ်သည်။ သေဟာပဥ္စသတံ၊ ၅၀၁–ခုသည်လည်းကောင်း။ သဟာသံ၊ တစ်ထောင်သည်လည်းကောင်း။ ပဝတ္တတိ၊ ဖြစ်၏။

ဤအရာ၌ သန္တာပမီး, ဒါဟမီး, ဇရာဟူသော မီးအစု ၃–ခု၊ ဆန်လေ, စုန်လေ, ဝမ်းတွင်းလေ, အူမတွင်းလေ, အကြောလျှောက်လေ ဟူသော လေအစု ၅–ခု၊ ဤ ၈–ခုတို့၌ ဇီဝိတနဝက ကလာပ်ကို ရအပ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဟာဋီကာ၊ သစ္စသံခိပ်၊ ၎င်းဋီကာဟောင်း၊ ၎င်းဋီကာသစ်တို့၌ လာသောကြောင့် ဇီဝိတ နဝက ကလာပ်၏ ကာမဘုံ၌ ရထိုက်ကြောင်းကို သိအပ်၏။

ကလာပ်အပြား ရေတွက်နည်း ပြီး၏။

ဤတွင် ကလာပ်စည်း အကြောင်း ပြီး၏။

ဤတွင် ရုပ်တို့၏ဖြစ်စဉ်ကို ဆိုသောအခန်း ပြီး၏။

## (၃) ရုပ်တို့၏ ချုပ်ပြတ်စဲပုံ
## ရ။ ရုပ်ကလာပ်တို့၏ အတိုးအဆုတ် အရွယ်ဖြင့် ပိုင်းခြားပုံ

ယခုအခါ စတုဇရုပ်တို့၏ ချုပ်ရုပ်ပြတ်စဲပုံအစဉ်ကို ဆိုပေအံ့၊ ပဋိသန္ဓေ၏ ဌီခဏမှစ၍ မိမိတို့၏ အသက်တမ်းကို ၃–ဖို့ဖို့၍ –

(၁) ပထမအဖို့ ဆိုက်သည်တိုင်အောင် အာဟာရလျှင် အဖော်သဟဲရှိသော တစ်ကိုယ်လုံးရှိသော ဓာတ်မီးတို့သည် ဤ ကိုယ်ကောင်ကို တစ်နေ့တစ်ခြား တိုးပွားစေကုန်၏။ နယ်ချဲ့ကုန်၏။ သတ္တဝါမျိုးအားလျော်စွာ လုံးရပ်သဏ္ဌာန် ဖြစ်လာကုန်၏။ ဥတုဇရုပ် ချဲ့တိုင်း

http://www.dhammadownload.com



ချဲ့တိုင်းလည်း ကမ္မဇရုပ်, စိတ္တဇရုပ်တို့သည် အနံ့လိုက်၍ ဖြစ်ရကုန်၏။

(၂) ဒုတိယအရွယ် အလယ်ပိုင်းသို့ရောက်လျှင် အတိုးအဆုတ်မျှတကုန်၏။

(၃) တတိယအရွယ်သို့ တက်သောအခါမှစ၍ ထိုအာဟာရနှင့် တကွသော ဓာတ်မီးတို့၏ အစဉ်အတိုင်း အားနည်း၍ အတိုးကား နည်းပါး၊ အဆုတ်သာများသဖြင့် လုံးရပ်သဏ္ဍာန် တဖြည်းတဖြည်း သေးငယ်ကြုံလှီရလေ၏။

## အကျယ်ပြပုံ

ဤအကြောင်းကို ကောင်းကောင်း ထင်လင်းစေခြင်းငှါ အာယုကပ်တို့၏ ဆုတ်ပုံတက်ပုံနှင့်တကွ ပြဦးအံ့။ ။ ဗြဟ္မာ့ပြည်တိုင်အောင် တက်လေသော ကမ္ဘာပြုရေသည် အစဉ်အတိုင်းလျှော့ကျ၍ အောက်ဗြဟ္မာ့ပြည်၊ နတ်ပြည်တို့ တည်ထောင်ခဲ့၍ မနုဿပြည် တည်ရာအရပ်သို့ ရောက်သောအခါ ဗြဟ္မာတို့သည် စုတေ၍ လူဥပပါတ် ဖြစ်လာကြကုန်၏။ ထိုအ ခါ မြေ, မြင့်မိုရ်, စကြဝဠာတောင်, နေ, လ, နက္ခတ်, တာရာ ဟူ၍ မရှိသေး။ စကြဝဠာ ကုဋေတစ်သိန်းသည် ဟစ်ပြင်တည်းသော ရေအပြင်သာ ဖြစ်၏။ မှောင်အတိသာ ဖြစ်၏။

**ကောဒကီဘူတံ ခေါ ပန ဝါသေဋ္ဌ တေန သမယေန ဟောတိအန္ဓကာရော။** (သုတ်ပါထေယျ အဂ္ဂညသုတ် ပါဠိတော်။)

ထိုကမ္ဘာဦးသူ လူဥပပါတ်တို့သည်ကား –

(က) ဗြဟ္မာတို့ကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ် ရှိကုန်၏။

(ခ) ပကတိကိုယ်ရောင်တို့သည်လည်း နေရောင်, လရောင်ကဲ့သို့ ရှိကုန်၏။

http://www.dhammadownload.com



(ဂ) ဈာန်ကိုပွားများ၍ ဈာနပီတိကို အစာအာဟာရပြု၍ -

(ဃ) ကောင်းကင်ပြင်၌ ဣရိယာပုထ် လေးပါးတို့ဖြင့် ချမ်းသာစွာ နေကြကုန်၏။

(င) နှစ်ပမာဏအားဖြင့် အသင်္ချေ အသင်္ချေ မရေတွက်နိုင်အောင် ပင် ရှည်ကြာ၏။

**တေ စ ဟောန္တိ မနောမယာ ပီတိဘက္ခာ သယံပဘာ အန္တလိက္ခစာရိနော စ သုဘဋ္ဌာယိနော ဒီဃမဒ္ဓါနံ တိဋ္ဌန္တိ။ (ဋင်းပါဠိတော်။)**

ဤသူတို့ကား ဗြဟ္မာတို့ကဲ့သို့ အလွန်စင်ကြယ် ကြပေကုန်၏။ ကာလရှည်လတ်သော် စကြဝဠာကုဋေတစ်သိန်းနှင့်အမျှ တစ်ပြင်တည်း တည်သော ရေပေါ်၌ မဟာလှေကားပန်း အဆင်းကဲ့သို့, ထိန်ထိန် ဝါဝင်းသော အဆင်းရှိသော နတ်သြဇာကဲ့သို့, မွှေးကြိုင်သော အနံ့ရှိသော ပျားလဘို့အရသာကဲ့သို့ အလွန်ချိုမြိန်သော အရသာရှိသော မြေဆီ မြေလွှာသည် ရေအပြင်အားလုံးကို ဖုံးပိတ်၍ ပေါ်ပေ၏။

[ဝေရဉ္ဇကဏ္ဍ ပါဠိတော်များကိုထောက်သော် ထိုမြေဆီ မြေလွှာသည် ယခုလည်း မြေအောက်အပြင် ရေပေါ်တွင် ရှိသည်ဟု ယူအပ်၏။]

ထိုအခါ အချို့သော သူတို့သည် အဆင်း, အနံ့တို့၌ သာယာ သဖြင့် ထိုမြေဆီကို လက်ညှိုးဖြင့်ယူ၍ လျက်ကြကုန်၏။ အဆင်း, အနံ့တို့၌ သာယာသော တဏှာသည် ကမ္ဘာတွင် ကိလေသာ ဖြစ်ထွန်းရန်, အလုံးစုံ ဆုတ်ယုတ်ရန် အစပေတည်း။ ထိုမြေဆီသည် လျှာဖျား၌ တင်ကာမျှဖြင့်ပင် အကြောခုနစ်ထောင် စိမ့်၏။

http://www.dhammadownload.com



**ဓိဝါဂ္ဂေ ဠပိတမတ္တာယ သတ္တရသဟရဏီ သဟဿာနိ ဖရိတွာ မနာပါ ဟုတွာ တိဋ္ဌတိ။**

**(အဂ္ဂညသုတ် အဋ္ဌကထာ။)**

ထိုအခါ ထိုမြေဆီ၌တပ်သော တဏှာသည် တည်၏။ ထိုသူတို့ကို မြင်၍ အများလူတို့ပင် လျက်ကြကုန်၏။ နောက်အခါ လျက်ရုံနှင့် အာသာမပြေကြကုန်မူ၍ အလုပ်လွေ့ပြု၍ သုံးဆောင်ကြကုန်၏။ ကိုယ်ရောင် ကိုယ်ဝါတို့သည် တဖြည်းဖြည်း ဆုတ်ယုတ်လေကုန်၏။ ရှည်လတ်သော် ကိုယ်ရောင် ကိုယ်ဝါတို့သည် ကွယ်လေကုန်၏။ မြေအောက်၌ အနန္တစကြဝဠာတိုင်အောင် တစ်ပြင်တည်းတည်သော အထုယူဇနာ ၄–သိန်း ၈–သောင်းရှိသော ကမ္ဘာခံရေကား ရေငံတည်း။ ကမ္ဘာပြုမိုးရေကား ရေချိုတည်း။ ထိုရေချိုသည် ကုန်ခန်းမည်ပြုသောအခါ ရသပထဝီမြေဆီ ဖြစ်လာသတည်း။

**မဓုရောဒကံ ပရိက္ခယံ ပစ္ဆာမာနံ ဥပရိ ရသပထဝိံ သမုဋ္ဌာ-ပေတိ။ ။** **(ဝိသုဒ္ဓိမဂ်။)**

ပါဠိတော်၌ ဥပပါတ်လူတို့ ဖြစ်လာ၍ ကြာမြင့်မှ ရသပထဝီ မြေဆီ ဖြစ်လာသည်ဟူ၍ လာ၏။ ဝိသုဒ္ဓိမဂ်၌ကား မြေဆီဖြစ်ပြီးသော အခါမှ ဥပပါတ်လူတို့ ဖြစ်လာသကဲ့သို့ လာ၏။ မြေကြီးမှာမူကား အဘယ်အခါ ဖြစ်သည်ဟူ၍ တိုက်ရိုက်မလာ၊ ဝိသုဒ္ဓိမဂ်၌ကား မြေပေါ် ပြီးမှ မြေဆီဖြစ်သကဲ့သို့ လာ၏။ ပါဠိတော်၌ကား စကြဝဠာ ကုဋေ တစ်သိန်းတိုင်အောင် တစ်ပြင်တည်း တည်နေသော ရေပြင်ပေါ်မှာ ရသပထဝီ မြေဆီဖြစ်သည်ဟု လာ၏။ "ရသပထဝီ ဥဒကသ္မိံ သမတာနိ" **(ပါဠိတော်။)**

http://www.dhammadownload.com



ဤရှိရသပထဝီသည်ပင် အသချေ အသချေ မရေတွက်နိုင်အောင် ကြာမြင့်စွာ တိုးပွား၍ မဟာပထဝီ, မြင့်မိုရ်တောင်, စကြဝဠာတောင်, ဟိမဝန္တာတောင်စသော အဆောက်အဦးကြီးတို့ ဖြစ်လာသည်ဟုယူရန် ရှိသည်။ ထိုကမ္ဘာဦးသူတို့ ကိုယ်ရောင် ကိုယ်ဝါကွယ်ပရာတွင်မှ ကမ္ဘာ တန်းဆာ ဓမ္မတာအားဖြင့် တစ်ခု, တစ်ခုသော စကြဝဠာတိုက်၌ ဖြစ်မြဲ တိုင်းသော နေဗိမာန်, လဗိမာန်, နက္ခတ်, တာရာ အပေါင်းတို့သည် ပေါ်လာကုန်၏။

[ဝိသုဒ္ဓိမဂ်၌ကား တပေါင်းလပြည့်နေ့တွင် မြင့်မိုရ်တောင်, စကြဝဠာ တောင်, ဟိမဝန္တာတောင်, နေ, လ, နက္ခတ်, တာရာတို့သည် တစ်ပြိုင်နက် ပေါ်ကုန်သည်ဟူ၏။ ပါဠိတော်၌ မြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာများကို နေ, လ, နက္ခတ်, တာရာတို့နှင့် အတူပေါ်သည်ဟု မလာသောကြောင့် လည်းကောင်း၊ မြေနှင့်စပ်သော မြင့်မိုရ်, သတ္တရဘန်, စကြဝဠာ, ဟိမဝန္တာ များသည် မြေနှင့်သာ အဖြစ်အပျက် တွဲဖက်သင့်လေသောကြောင့်လည်း ကောင်း၊ နေ, လ, နက္ခတ်, တာရာတို့ မပေါ်မီပင် မြင့်မိုရ်, သတ္တရဘန်, စကြဝဠာ, ဟိမဝန္တာများတို့ ပေါ်စပြုကုန်သည်ဟု ယူရန်ရှိသည်။]

ဤ၌ ရသပထဝီ မြေဆီကို စားကြ၍ ကိုယ်ရောင်ကိုယ်ဝါ တဖြည်းဖြည်း ဆုတ်ယုတ်သည်ကို သိရသဖြင့် ထိုသူတို့၏ သဏ္ဌာန်ကို ပြုသော ဓာတ်မီးသည် တရွေ့ရွေ့အားအင် ဆုတ်ယုတ်၍ အသက်တမ်း လည်း တရွေ့ရွေ့ ဆုတ်ယုတ်သည်ကို သိအပ်လေသတည်း။ ပရမတ္ထဓမ္မ အရာ၌ သိမ်မွေ့သည်။ အလွန်သိမ်မွေ့သည်။ အလွန်ထက် အလွန်သိမ်မွေ့ သည်ကို အားရှိခေါ်သည်။ ကြမ်းသည်။ အလွန်ကြမ်းသည်။ အလွန်ထက် အလွန်ကြမ်းသည်ကို အားနည်းခေါ်သည်။ ထိုလူတို့သည် ပီတိဈာန်ကို အာဟာရပြုသောအခါ ဓာတ်မီးသည် လူ၌အထွဋ်အထိပ် သိမ်မွေ့သည်။

http://www.dhammadownload.com



မြေဆီကို စားကြသောအခါ အာဟာရကြမ်းသည်နှင့် ဓာတ်မီးလည်း အဆင့်ဆင့် ကြမ်းလေသည်။ ဓာတ်မီး အဆင့်ဆင့် အားပျော့လေသော ကြောင့် ဥတုဇရုပ်, အာဟာရဇရုပ်တို့၌ တည်ရသော ဇီဝိတိန္ဒြေ အစဉ်သည် တရွေ့ရွေ့ တိုရလေသည်။ အသချေ်ရှည်ကြီး, အသချေ်ရှည် ငယ်ဖြစ်၍ ကုန်တော့သည်။

ဤသို့ အသက်တမ်းရှည်သည်, တိုသည်၊ တက်သည်, ဆုတ်သည် ဟူရာတို့၌ ရှေးကံဟောင်းသည် ပဓာနမဟုတ်။ အဇ္ဈတ္တ ဩဇာ, ဗဟိဒ္ဓဩဇာဟူသော ဓာတ်ဆီနှင့် အဇ္ဈတ္တဓာတ်မီး, ဗဟိဒ္ဓဓာတ်မီး တို့သည်သာ ပဓာန ဖြစ်ကြပေကုန်သည်။ ထိုဓာတ်ဆီ ၂-မျိုး၊ ဓာတ်မီး ၂-မျိုးတို့ အဆင့်ဆင့် သိမ်မွေ့သဖြင့် အားအင်တိုးတက်၍သွားလျှင် အသက်တမ်း တိုးတက်သည်။ အဆင့်ဆင့် ကြမ်းတမ်းသဖြင့် အားအင် ဆုတ်ယုတ်၍သွားလျှင် အသက်တမ်း ဆုတ်ယုတ်သည်။ ဓာတ်ဆီ, ဓာတ်မီးတို့၏ အားရှိ, အားမဲ့ဖြစ်ရသည်မှာလည်း သတ္တဝါအများနှင့် ဆက်ဆံသော ဒုစရိုက်, သုစရိုက်သည်ပင် အကြောင်းရင်းပေတည်း။

သတ္တဝါအများ၌ ဖြစ်ကြသော ဒုစရိုက်ကံသည် မြေ, ရေ, တော, တောင်အစရှိသော ဩကာသလောကဓာတ်ကို ချောက်ချားခေါင်း ပါးစေနိုင်သည်။ အနည်းငယ်သော သူတော်ကောင်းတို့၏ သုစရိုက်မှု သည် မထွန်းကားနိုင်၊ ထို့အတူ သတ္တဝါအများ၌ ဖြစ်ကြသော သုစရိုက် ကံစုသည် ဩကာသလောကဓာတ်ကို ရွှမ်းစိုဆူဖြိုးစေနိုင်သည်။ အများ၏ အတွင်း၌ အနည်းငယ်မျှသော မသူတော်တို့၏ ဒုစရိုက်မှုသည် မထွန်း ကားနိုင်။

ချောက်ချားခေါင်းပါးကြသော ဩကာသလောကမှဖြစ်သော သစ်ပင်, ချုံနွယ်, မြက်, စပါး, ကောက်, ပဲမျိုးစသော သင်္ခါရလောက

http://www.dhammadownload.com



တို့သည်လည်း ချောက်ချားခေါင်းပါး ကုန်တော့သည်။ ချောက်ချားခေါင်းပါးသော ဩကာသလောက, သင်္ခါရလောကမှ ဓာတ်ဆီ, ဓာတ်မီးတို့နှင့် ကြီးပွားရသော လူဟူသော သတ္တလောကသည်လည်း ချောက်ချားခေါင်းပါးလေတော့သည်။ တိရစ္ဆာန်တို့လည်း လူအားလျော်စွာ အတိုး, အဆုတ် ဖြစ်လေတော့သည်။ နတ်, ဗြဟ္မာ, ငရဲ, ပြိတ္တာတို့မှာမူကား ဩကာသလောက, သင်္ခါရလောကမှ ဖြစ်သော ဓာတ်ဆီ, ဓာတ်မီးတို့ကို အားကြီးစွာ မမှီရမူ၍ ကံဟောင်းကိုသာ အားကြီးစွာ မှီရသည်နှင့် ထိုသူတို့၏ သဏ္ဍာန်ကို ဩကာသလောက, သင်္ခါရလောကတို့ များစွာ အထူးမပြုကုန်၊ ရွှမ်းစို ဆူဖြိုးသော ဖက်မှာလည်း ပြန်၍ သိပါလေ။

ဤကမ္ဘာဦးအခါ၌ အသက်အသင်္ချေ အကျိုးပေးမည့်ကံသည် တစ်ရာတမ်း, ဆယ်နှစ်တမ်းမှာမှ ပေးလေရမူ အသက်တစ်ရာ, အသက်ဆယ်နှစ်မျှသာ ရှည်စေနိုင်သည်။ တစ်ရာတမ်း, ဆယ်နှစ်တမ်း၌ အနှစ်တစ်ရာ, အနှစ်တစ်ဆယ် ရှည်စေနိုင်မည့် ကံသည် အသင်္ချေတမ်းမှာမှ ပေးလေရမူ အသက်အသင်္ချေ ရှည်စေနိုင်သည်။

ထို့အတူ အသင်္ချေတမ်း၌ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းအဖြစ်ကို ပေးမည့်ကံသည် ယခုပေးလေရမူ ယခုရှိကြသော မင်းများအနေသာ ပေးနိုင်သည်။ အသင်္ချေတမ်း၌ ကုဋေတစ်ရာ ကြွယ်ဝသော သူဌေးအဖြစ်ကို ပေးမည့်ကံသည် ယခုပေးလေရမူ စားရ, ဝတ်ရ မျှတနိုင်ရုံသာ ပေးနိုင်သည်။

ဤသို့လျှင် အများနှင့်ဆိုင်သော အသက်တမ်း, လုံးရုပ်သဏ္ဍာန်တို့၏ အတိုး, အဆုတ်များ၌ အသီးအသီးသော မိမိတို့၏ ရှေးကံဟောင်းသည် အရာမဟုတ်။ အစဉ်အဆက် အများလေ့ကျက်သော သုစရိုက်, ဒုစရိုက်မှုတို့၏ တိုးခြင်း, ဆုတ်ခြင်းလျှင် အရင်းရှိသော အဇ္ဈတ္တ, ဗဟိဒ္ဓ

http://www.dhammadownload.com



ဓာတ်ဆီ၊ အဇ္ဈတ္တ, ဗဟိဒ္ဓဓာတ်မီး ၂-ပါးတို့၏ အားတိုးခြင်း, အားဆုတ်ခြင်းသည်သာ ပမာဏ ဖြစ်ပေသတည်း။ ဤအကြောင်းကိုမူကား မြတ်စွာဘုရားတို့၏ အသက်တော် သဏ္ဌာန်တော်နှင့် မြတ်စွာဘုရားတို့၏ ကံတော်ကိုမြင်၍ ထင်ရှားသိသာပေသည်။

**ဝိပဿီအာဒယော ပန သဗ္ဗေပိ ဗောဓိသတ္တာ မေတ္တာပုဗ္ဗ-ဘာဂေန သောမနဿသဟဂတဉာဏသမ္ပယုတ္တအသင်္ခါရိကစိတ္တေန မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိံ ဂဏှိံသု၊ တေန စိတ္တေန ဂဟိတာယ ပဋိသန္ဓိယာ အသင်္ချေယျံ အာယု၊ တ္တတိ သဗ္ဗ-ဗုဒ္ဓါ အသင်္ချေယျာယုကာ၊ တေ ကသ္မာ အသင်္ချေယျံ န အဋ္ဌံသု။ ဥတုဘောဇနေဝိပတ္တိယာ။ ဥတုဘောဇနေဝသေန ဟိ အာယုဟာယတိပိ ဝဍ္ဎတိပိ။**

**(မဟာပဒါနသုတ်အဋ္ဌကထာ။)**

ဝိပဿီအာဒယော၊ ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဗောဓိသတ္တာ၊ တို့သည်။ မေတ္တာပုဗ္ဗဘာဂေန၊ မေတ္တာရှေ့၏ ရှေးအဖို့ဖြစ်သော။ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက စိတ္တေန၊ ဖြင့်။ မာတုကုစ္ဆိသ္မိံ၊ ၌။ ပဋိသန္ဓိံ၊ ကို။ ဂဏှိံသု၊ ယူကြကုန်ပြီ။ တေနစိတ္တေန၊ ထိုစိတ်ဖြင့်။ ပဋိသန္ဓိယာ၊ ကို။ ဂဟိတာယ၊ ယူအပ်သည်ရှိသော်။ အာယု၊ အသက်သည်။ အသင်္ချေယျံ၊ အသင်္ချေရှည်နိုင်၏။ တ္တတိ၊ ထို့ကြောင့်။ သဗ္ဗဗုဒ္ဓါ၊ အလုံးစုံသော မြတ်စွာဘုရားတို့သည်။ အသင်္ချေယျာယုကာ၊ အသင်္ချေအသက်ရှည်ရန် ရှိကြပေကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ အသင်္ချေယျံ၊ အနှစ်အသင်္ချေပတ်လုံး။ နအဋ္ဌံသု၊ မတည်နိုင်ကြပေကုန်သတည်း။ ဥတုဘောဇနေ ဝိပတ္တိယာ၊ ဥတုဟူသော ဓာတ်မီး ၂-ပါး, အစာအာဟာရတွင်ပါသော

http://www.dhammadownload.com



ဩဇာဟူသော ဓာတ်ဆီတို့၏ ချောက်ချားခေါင်းပါးခြင်းကြောင့်။ နအင်္ဂသု၊ မတည်နိုင်ကြကုန်။ ဟိ၊ ထိုစကားမှန်၏။ ဥတုဘောဇနဝသေန၊ ဥတု, ဘောဇဉ်တို့၏အစွမ်းကြောင့်။ အာယု၊ အသက်တမ်းသည်။ ဟာယတိပိ၊ တရွေ့တရွေ့ ဆုတ်လည်းဆုတ်၏။ ဝဍ္ဎတိပိ၊ တရွေ့တရွေ့ တက်လည်း တက်၏။

နောက်ကို သုစရိုက်, ဒုစရိုက်မှချီ၍ အကျယ်ကြီးလာပေ၏။ ဤအဋ္ဌကထာကြီးကို ထောက်၍ လူတို့၏ အသက်တမ်း, လုံးရုပ်သဏ္ဍာန်, အရောင်အဆင်းတို့၏ ဆုတ်ခြင်း, တက်ခြင်းဖြစ်ရသော အသီးအသီးသော မိမိတို့၏ ကံဟောင်းသည် ပမာဏမဟုတ်။ အဇ္ဈတ္တ, ဗဟိဒ္ဓဓာတ်ဆီ ၂-ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓဓာတ်မီး ၂-ပါးတို့သည်သာ ပမာဏဖြစ်ပေကုန်သည်။

ဓာတ်မီးပြသော ဥတုဇရုပ်သည် မီးစာနှင့် တူသည်။ ဓာတ်ဆီပြသော အာဟာရဇရုပ်သည် ရေနံဆီနှင့် တူသည်။ ကံဟောင်းပြသော ကမ္မဇရုပ်သည် မီးတောက်နှင့် တူသည်။ ၎င်းမီးတောက်၏ အသက်မှာ မီးစာနှင့်ရေနံဆီ ပမာဏဖြစ်သည်။ သုတ်ငြီကာကြီး၌ကား ဓာတ်ဆီ, ဓာတ်မီးရှန့်ကြမ်းသော အမိ, အဘတို့၏ ဗီဇနိယာမသဘောကို အကြောင်းပြု၍လည်း အသက်တမ်းကို ဆိုပေ၏။ ရောက်ရာအသက်တမ်းမှာပင် တမ်းမပြည့်ကြကုန်သည်လည်း ရှိသည်။ တမ်းကိုကျော်ကြကုကန်သည်လည်း ရှိသည်။ ။ ဤအကြောင်းများကို နောက်မှဆိုအံ့။

ဤကား ရသပထဝီဓာတ်မြေဆီကို စားကြကုန်၍ အသက်တမ်း ဆုတ်ယုတ်ကုန်သည်ဟူသော ကမ္ဘာ့တန်းဆာ ဓမ္မတာနှင့်စပ်၍ ရုပ်ကလာပ်တို့၏ အတိုးအဆုတ် အယုတ်အပွားကို ဆိုသော အခန်းပြီး၏။

http://www.dhammadownload.com



## ၈။ အမျိုး ၄–ပါး ဖြစ်ပေါ်လာပုံ
## မြေဆီမြေသင်းလွှာ စသည်အကြောင်း

နှစ်ပေါင်း အသေချေ အသင်္ချေ မြေဆီကိုစား၍ အဆင်းသဏ္ဍာန် အယုတ်, အလတ်, အမြတ်သုံးပါး ထင်ရှားလတ်သော် မထေမဲ့မြင် ပြုခြင်းဟူသော အတိမာနပါပတရားသည် အားကြီးစွာပေါ်လာ၍ ဖြဟ္မာ စိုရ်တရား ဆုတ်ယုတ်လေ၏။ မြေ, ရေ, လေ, လ, နေ, နက္ခတ်မှ ဖြစ်သော ဓာတ်မီးသည် ကြွမ်း၍ကြွမ်း၍ လာ၏။ ထိုအခါ မြေဆီသည် အပေါ်၌ တရွေ့တရွေ့ ခြောက်သွေ့ခက်မာ၍ သွားသဖြင့် စားခြင်း, မျိုခြင်းငှါ မတတ်ကောင်းပဲ ကွယ်ပလေ၏။

**တေသံ ဝဏ္ဏာတိမာနပစ္စယာ မာနာတိမာနဇာတိကာနံ ရသပထဝီ အန္တရဓာယတိ။** (အဂ္ဂညသုတ် ပါဠိတော်။)

မြေဆီကွယ်ပျောက်လေလျှင် မြေပေါ်၌ အလွှန်အဆင်း, အနံ့, အရသာကောင်းမြတ်သော မြေသင်းလွှာ ဖြစ်လာ၏။ ထိုမြေသင်းလွှာကို အာဟာရပြု၍ နှစ်ပေါင်း အသင်္ချေများစွာ နေကြရာ ထိုမြေသင်းလွှာသည် စားခြင်းငှါ မတတ်ကောင်းပဲ ကွယ်ပြန်လေ၏။ ပဒါလတာ မည်သော နွယ်ချိုသည် ဖြစ်ပေါ်လာ၏။ ထိုနွယ်ချိုကို အာဟာရပြု၍ နှစ်ပေါင်း အသင်္ချေများစွာနေကြရာ ထိုနွယ်ချိုသည် စားခြင်းငှါ မတတ်ကောင်းပဲ ကွယ်ပြန်လေသည်။ သလေးဆန်သီးသော သလေးတောသည် ဖြစ်ပေါ် လာ၏။ ရှေးဖြစ်သော မြေဆီ, မြေသင်း, နွယ်ချိုများမူကား နတ်ဩဇာ ကဲ့သို့ ဝမ်းမှာကြေပျောက်၏။ ဤသလေးဆန်မူကား မပျောက်၊ ကျင်ကြီး ကျင်ငယ်ကိစ္စ ဖြစ်လာ၏။

ထိုအခါမှ မိန်းမအဖြစ်နီးသော သူတို့အား ဣတ္ထိဘာဝ ဒသက ကလာပ်နှင့်တကွ ဣတ္ထိသဏ္ဍာန်သည် ဖြစ်ပေါ်လာ၏။ ယောကျာ်းအဖြစ်

http://www.dhammadownload.com



နီးသော သူတို့အား ပုဗ္ဗာဝဒသကက ကလာပ်နှင့်တကွ ပုရိသသဏ္ဍာန်သည် ဖြစ်ပေါ်လာ၏။ ထိုအခါမှစ၍ ဃရာဝါသကိစ္စသည် ဖြစ်လာ၏။ ကာလ ကြာမြင့်လတ်သော် သလေးဆန်တို့သည် တရွှေ့တရွှေ့ ကြမ်းတမ်း၍ လာသဖြင့် အခွံဖုံးလာကုန်၏။

အစာကို သုံးမှီကြသဖြင့် သလေးတောဝယ် လုလုယက်ယက် ရှိကြရာ အကန့်အကန့် ပိုင်းခြား၍ ဝေကြကုန်၏။ ဝေပြီးနောက် တစ်ယောက်၏ အခင်းမှာ တစ်ယောက်က ခိုးယူ၏။ ခိုးသောသူကိုဖမ်း၍ လက်ဖြင့်လည်းကောင်း, အုတ်ခဲဖြင့်လည်းကောင်း, တုတ်လုံးတံဖြင့် လည်းကောင်း ရိုက်ပုတ်ကြကုန်၏။ ဤအခါတွင် အဒိန္နာဒါန် ပေါ်၏။

လက်ဖြင့်ရိုက်ခြင်း, အုတ်ခဲဖြင့်ပစ်ခြင်း, တုတ်လုံးတံဖြင့် ရိုက်ခြင်း ဟူသော ကာယကံအမှုကြမ်း၊ ကဲ့ရဲ့ရှုတ်ချခြင်း, မုသားဆိုခြင်း အစရှိသော ဝစီကံအမှုကြမ်းတို့သည် ပေါ်လာကုန်၏။ သလေးစပါးတို့သည်လည်း စိုက်ပျိုးမှသာ ဖြစ်လာကုန်၏။ ဤအခါ ငါတို့ဘုရားလောင်းတော်ကြီး ကို မဟာသမ္မတမင်း သမုတ်ကြကုန်၏။ ထိုမဟာသမ္မတမင်းကြီး၏ အဆုံးမကို ခံယူကြရသဖြင့် အဒိန္နာဒါန်, မုသာဝါဒစသော ဒုစရိုက်ကြမ်း တို့သည် ငြိမ်းကြပြန်၏။

မင်းမျိုး မင်းနွယ်ဟူသော ခတ္တိယမဏ္ဍလ, တောထွက်၍ ဈာန်သမာပတ်နှင့် နေကြသော သူတော်ကောင်းနွယ်ဟူသော ဗြာဟ္မဏ မဏ္ဍလ, မိမိကိုယ်ပိုင်ဥစ္စာနှင့် လုပ်ကိုင်၍ အသက်မွေးကြသော အသည်မျိုး ဟူသော ဝေဿမဏ္ဍလ, အခစား အငှားအရမ်းလုပ်ကိုင်၍ အသက်မွေးကြသော သူဆင်းရဲမျိုးဟူသော သုဒ္ဒမဏ္ဍလ ဤအမျိုး ၄-ပါး သည်လည်း ဖြစ်လာ၏။

နောက်ကာလရှည်လတ်သော် ဈာန်သမာပတ်နှင့် နေနိုင်သော

http://www.dhammadownload.com



ဗြာဟ္မဏမျိုး ဆုတ်ယုတ်၍ ဈာန်သမာပတ် အလုပ်ကို မပြုနိုင်ကြပဲ ဗေဒင်ကျမ်းပြုအလုပ်နှင့် မြို့, ရွာ, နိဂုံးသို့ ကပ်၍နေကြသော ဗြာဟ္မဏ တို့သည်သာ ဖြစ်လာကုန်၏။ နောက်ကာလရှည်လတ်သော် သားမယား မွေးမြူသော ဂဟဋ္ဌဗြာဟ္မဏတို့သည် ဖြစ်လာကုန်၏။ ဤကား သုတ် ပါထေယျအဂ္ဂညသုတ်၌ ဟောတော်မူသော အစဉ်ပေတည်း။

**မြေဆီ မြေသင်းလွှာစသည်အကြောင်း ပြီး၏။**

## ဗြာဟ္မဏတို့၏အကြောင်း

ဤတွင် သုတ္တနိပါတ် ပါဠိတော် ဗြာဟ္မဏဓမ္မိယ သုတ်၌လာ သော ဗြာဟ္မဏတို့၏အကြောင်းကို ဆိုလိုက်ပေအံ့။ ရှေးအစ၌ တောထွက်၍ ဈာန်သမာပတ်အလုပ်နှင့်သာ နေကြကုန်သည်။ ကာလ ရှည်လတ်သော် သိက္ခာ သီလကိုသာ ထိန်း၍ ဗေဒင်ကျမ်းပြုအလုပ်နှင့် မင်းဆရာ, စိုးဆရာ, မြို့ဆရာ, ရွာဆရာဖြစ်ကြ၍ လူအပေါင်းတို့ကို ဒါနမှု, ဥပုသ်မှု, သီလမှု, ဗြဟ္မစိုရ်တရားတို့ဖြင့် ဆုံးမ၍ နေကြကုန် သည်။ ကာလရှည်လတ်သော် လေးဆယ့်ရှစ်နှစ်မျှသာ ငယ်ဖြူသိက္ခာကို ထိန်း၍ လေးဆယ့်ရှစ်နှစ်ကျော်လျှင် ဇာတ်တူသားမယားနှင့် နေကြကုန် သည်။ ထိုအခါ ယဇ်ခေါ်သော အလှူကြီးငယ်တို့၌ အသက်သတ်ခြင်း မရှိ။ အလွန်စင်ကြယ်ကြပေသည်။

ပါဠိတော် နောက်ပိုင်းကို အနက်ဆိုလိုက်အံ့။ ။ ယာသု၊ အကြင် နွားတို့၌။ ဩသဓာ၊ ငါတို့အသက်ရှည်နိုင်ရန် ထောပတ်, ဆီဦးဟူသော ဆေးတို့သည်။ ဇာယန္တိ၊ ဖြစ်ပေကုန်၏။ တောဂါဝေါ၊ ထိုနွားသတ္တဝါ တို့သည်။ နော၊ ငါတို့၏။ မာတာယထာ၊ အမိနှင့်လည်း တူမျှ၏။ ပိတာယထာ၊ အဘနှင့်လည်း တူမျှ၏။ ဘာတာယထာ၊ အစ်ကိုရင်း,

http://www.dhammadownload.com



ညီရင်းတို့နှင့်လည်း တူမျှ၏။ အဒ္ဓေဝါပိစ၊ တစ်ပါးလည်း ဖြစ်ကုန်သော။ ဉာတကာယထာ၊ ဘကြီး, ဘထွေးစသော ဆွေမျိုးတို့နှင့်လည်း တူမျှကုန်၏။ ပရမာမိတ္တာ၊ ခင်ပွန်းမြတ်လည်း ဖြစ်ပေကုန်၏။

တော၊ ထိုနွားတို့သည်။ နော၊ ငါတို့အား။ အန္နဒါစ၊ အစာထမင်းကိုလည်း ပေးကြပေကုန်၏။ ဗလဒါစ၊ ကိုယ်အား, ဉာဏ်အားကိုလည်း ပေးကြပေကုန်၏။ ဝဏ္ဏဒါစ၊ အဆင်းအရောင်ကိုလည်း ပေးကြပေကုန်၏။ သုခဒါစ၊ ချမ်းသာအမျိုးမျိုးကိုလည်း ပေးကြပေကုန်၏။ ဧတံ အတ္ထဝသံ၊ ဤသို့သော ကောင်းကျိုးကျေးဇူးအထူးထွေကို။ ဉတွာ၊ သိမြင်ကြကုန်၍။ တေ၊ ထိုရှေးသူဟောင်းတို့သည်။ အဿု၊ စင်စစ်။ ဂါဝေါ၊ နွားတို့ကို။ နဟနိံသု၊ သတ်ပုတ်ညှင်းပန်းခြင်းကို မပြုကြပေကုန်။

ကာလရှည်လတ်သော် သာကီဝင်နွယ်တွင် အစ ဥက္ကာမုခမင်း၊ ထိုမင်း၏ အဘကား တတိယ သြက္ကာကမင်း၊ ထိုမင်း၏ အနွယ်တွင် အစမင်းကား ဒုတိယ သြက္ကာကမင်း၊ ထိုမင်း၏ အနွယ်တွင် အစမင်းကား ပထမ သြက္ကာကမင်း၊ ထိုပထမဥက္ကာကရာဇ်မင်း လက်ထက်သို့ ကျရောက်လေသောအခါ ဥစ္စာစည်းစိမ်၌ မက်မောကုန်သော အဓမ္မပုဏ္ဏားတို့အား ကျွေးမွေးခြင်း၊ ရွှေ, ငွေ, ဥစ္စာ, ရတနာ, သမီးကညာ, နွား, ကျွဲ, ဆင်, မြင်းတို့ကို လှူခြင်းဟူသော ယဇ်အမှုသည် သေသည်၏ အခြားမဲ့၌ နတ်ပြည်, ဗြဟ္မာပြည်၌ လျင်စွာ ထုတ်ချောက် ရောက်စေတတ်သော ကောင်းမှုကြီးဖြစ်ကြောင်းကို ဗေဒင်ကျမ်းသစ် ပြုပြီးလျှင် ရှေးကျမ်းဟောင်းဆို၍ ထိုမင်းအား ဆက်ကြကုန်၏။

ယခုအခါ နွား, ကျွဲ, ကြက်, ဝက်စသော တိရစ္ဆာန်များသည် သစ်သီး, သစ်ရွက်ကဲ့သို့ လူတို့သုံးဆောင်ရန် ဖြစ်လာသည်။ ထို့ကြောင့် သတ်ပုတ်ညှင်းဆဲသော်လည်း အပြစ်မရှိဟု ဆိုအပ်သော အယူသည်

http://www.dhammadownload.com



ထိုကျမ်းသစ်မှဖြစ်သော မိစ္ဆာအယူပေတည်း။

**ယထာ အာပေါ စ ပထဝီ စ၊ ဟိရည့် ဓနဓာနိယံ။**

**ဓဝံ ဂါဝေါ မနုဿာနံ၊ ပရိက္ခာရော ဟိ ပါဏိနံ။**

(ပါဠိတော်။)

လူ့လောကကို ကြပ်မစောင့်ရှောက်ကြကုန်သော လောကပါလနတ်တို့သည် ထိုအခါမှစ၍ လူ့လောကကို စွန့်ကြကုန်၏။ ၉၈–ပါးသော ရောဂါဆိုး, အနာဆိုးတို့သည်လည်း ထိုအခါမှစ၍ လူ့လောက၌ ပေါ်လာကုန်၏။

**က။ တတော ဒေဝါ ပိတရောပိ စ၊ ဣန္ဒော အသုရရက္ခသာ။**

**အဓမ္မောဣတိ ပက္ကန္ဒုံ၊ ယံ သတ္ထံ နိပတိ ဂါဝေ။**

**ခ။ တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ အနသနံ ဇရာ။**

**ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌ နာဝုတိ အာဂမုံ။**

(ပါဠိတော်။)

က။ ယံ–ယဒါ၊ အကြင်အခါ၌။ ဂါဝေ၊ နွားတို့၏ကိုယ်၌။ သတ္ထံ၊ လက်နက်ကို။ နိပတိ၊ ကျစေ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒေဝါစ၊ ကာမာဝစရနတ်တို့သည်လည်းကောင်း။ ပိတရောပိစ၊ ဗြဟ္မာတို့သည်လည်းကောင်း။ ဣန္ဒောစ၊ သိကြားသည်လည်းကောင်း။ အသုရရက္ခသာစ၊ အသုရာ, ရက္ခိုဳသ်တို့သည်လည်းကောင်း။ လောကော၊ လူအပေါင်းသည်။ အဓမ္မော၊ တရားမကပ်ကြပြီ။ ဣတိ၊ ဤသို့ စိတ်ပျက်ကြကုန်သည်ဖြစ်၍။ ပက္ကန္ဒုံ၊ ဖဲသွားကြကုန်၏။

ခ။ ပုရေ၊ နွားသတ်ယောက်ျား နွားသားစားတို့ မပေါ်မီ ရှေးအခါ၌။ ဣစ္ဆာ၊ မရှိလျှင် လိုချင်ခြင်း ဒုက္ခ။ အနသနံ၊ မစားတည့်ရလျှင် စားချင်ခြင်း ဒုက္ခ။ ဇရာ၊ အိုချိန်တန်လျှင် အိုရခြင်း ဒုက္ခ။ ဣတိ၊

http://www.dhammadownload.com



သို့။ တယော–ရောဂါ၊ ရောဂါသုံးးပါးတို့သည်သာလျှင်။ အာသုံ၊ ရှိကြကုန်၏။ ပသူနံ၊ နွားတို့ကို။ သမာရဇ္ဇာဝ၊ သတ်ပုတ်ညှင်းပန်းကြမှသာလျှင်။ အဋ္ဌနဝုတိ၊ အနာမျိုး ၉၈–ပါးတို့သည်။ အာဂမုံ၊ လူ၌ပေါ်လာကုန်၏။

နွားသတ်ယောကျာ်း နွားသားစားတို့ ပေါ်လာသောအခါမှ ၉၈–ပါးသော အနာရောဂါတို့ ပေါ်လာကြောင်းကို ဟောတော်မူသဖြင့်လည်း ထိုအနာရောဂါတို့ကို ကုစားကြောင်းဖြစ်သော ဆေးကျမ်းများသည်လည်း ထိုမှစ၍ ဖြစ်သည်ဟု ယူသင့်၏။ ဤတရားကို ကြားနာရ၍ ငါတို့မုံရွာလေ့ကူး၌ နွားသားများကိုပင် ကြဉ်သူများ၏။

**[ဤကား ဗြဟ္မဏမဏ္ဍလဟု ဆိုအပ်သော ပုဏ္ဏားနွယ်မှ ဆုတ်ယုတ်ပုံကို ပြသော စကားရပ်တည်း။]**

**ဗြာဟ္မဏတို့၏အကြောင်း ပြီး၏။**

## မင်းမျိုး အသည်မျိုး သူဆင်းရဲမျိုးတို့အကြောင်း

ယခုအခါ မင်းမျိုး, အသည်မျိုး, သူဆင်းရဲမျိုးဟူသော အမျိုးသုံးပါးတို့၏ ဆုတ်ယုတ်ပုံကို အရင်းကချီ၍ ဆိုဦးအံ့။ ။ မဟာသမ္မတမင်းမှ စ၍ ရှေးရှေးသော မင်းတို့သည် ခိုးသူကိုမိလျှင် အရင်းအနှီးဥစ္စာပေး၍ လွှတ်မြဲတည်း။ ကာလကြာမြင့်လတ်သော် မင်း၏အထံမှ ဥစ္စာကို ရလိုသော သူတို့သည် သူ့ဥစ္စာကို ခိုးကြကုန်၏။ မင်းတို့လည်း ထိုအကြောင်းကိုသိ၍ နောက်သူခိုးကို ဆက်လာလေရာ ဥစ္စာမပေးပြီ။ သတ်လေ၏။ သတ်သောအခါမှစ၍ ဓားလက်နက်နှင့်တကွ ပါဏာတိ–ပါတမှု ပေါ်လာ၏။ ဤပါဏာတိပါတ ပေါ်သောအခါမှစ၍ အသက်တမ်း၏ ဆုတ်ယုတ်ခြင်းသည် အလွန်မြန်၍ လာ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ကာလရှည်လတ်သော် မုသာဝါဒသည် ပေါ်လာ၏။ ထို့နောက် ရှည်လတ်သော် ကုန်းချောသော ပိသုဏာဝါစာသည် အားကြီး၍လာ၏။ တစ်သောင်းတမ်းမှစ၍ ကာမေသုမိစ္ဆာစာရသည် အားကြီး၍လာ၏။ ငါးထောင်တမ်းမှစ၍ ဖရုသဝါစာ, သမ္ဖပ္ပလာပတို့သည် အားကြီး၍ လာကုန်၏။ နှစ်ထောင်ငါးရာတမ်းမှစ၍ အဘိဇ္ဈာ၊ ဗျာပါဒတို့သည် အားကြီး၍ လာကုန်၏။ တစ်ထောင်တမ်းမှစ၍ မိစ္ဆာဒိဋ္ဌိသည် အားကြီး၍ လာ၏။ ငါးရာတမ်းမှစ၍ အဓမ္မရာဂတရား, ဝိသမလောဘတရား, မိစ္ဆာဓမ္မတရားတို့သည် အားကြီး၍ လာကြကုန်၏။

**အဓမ္မရာဂေါတိ မာတာ မာတုစ္ဆာ ပိတုစ္ဆာ မာတုဘဂိနီ- တိ အာဒိကေ အယုတ္တဋ္ဌာနေ ရာဂေါ။ ဝိသမလောဘော- တိ ပရိဘောဂယုတ္တေသု ပိ ဒါရေသု အတိဗလဝလောဘော။ မိစ္ဆာပရေတောတိ ပုရိသာနံ ပုရိသေသု, ဣတ္ထီနံ ဣတ္ထီသု ဆန္ဒရာဂေါ။ ။** (အဋ္ဌကထာ။)

အဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာပရေတ တရားသုံးပါး၏ အထူးမှာ နှစ်ရာ့ငါးဆယ်တမ်းမှစ၍ အမိ၌ မလေးမြတ်ခြင်း၊ အဘ၌ မလေးမြတ်ခြင်း၊ သူတော်ကောင်းတို့၌ မလေးမြတ်ခြင်း၊ မိကြီး, မိထွေး, ဘကြီး, ဘထွေး, အရီးကြီး, အရီးထွေး, ဦးကြီး, ဦးထွေးတို့၌ မလေး မြတ်ခြင်းဟူသော ဤလေးပါးတို့သည် အားကြီး၍ လာကုန်သည်။ တစ်ရာတမ်း၌ ထိုတရားတို့သည် အတိုင်းထက်အလွန် အားကြီးကုန်၏။ သာသနာမရှိသော လူမျိုး၌ သုစရိုက်ဟူ၍ အနည်းငယ်သာ ရှိတော့သည်။ ဒုစရိုက်သာ ပြည့်တော့သည်။ သာသနာထွန်းရာ လူမျိုး၌ကား သုစရိုက် ဆယ်ပါး ထင်ရှားရှိပေ၏။ ဒုစရိုက်ဆယ်ပါးမှာ မိစ္ဆာဒိဋ္ဌိ မရှိပေ။

ဆယ်နှစ်တမ်းသို့ ရောက်သောအခါ၌ကား သုစရိုက်ဆယ်ပါး

http://www.dhammadownload.com



သည် လုံးလုံးကွယ်လေ၏။ ဒုစရိုက် ဆယ်ပါးသည်သာ ထွန်းကားလေ၏။ ထိုအခါ အမိဟူ၍, သားဟူ၍, အဘဟူ၍, သမီးဟူ၍ အထူးမရှိကြမူ၍ ဃရာဝါသ ကိစ္စမှာ ခွေး, ဝက်, ကြက်, ငှက်တို့နှင့် အတူသာ ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်ညှဉ်းပန်းလိုသော ဒေါသစိတ်သည် အခါခပ်သိမ်း တည်၏။ အစာအာဟာရမှာ လူးထမင်းသည် အမြတ်ဆုံး ဖြစ်သတည်း။ ထိုအခါ ကပ် ၃–ပါးသင့်၍ သေကြေပျက်စီးကြကုန်၏။

ဤကပ် ၃–ပါးသည် အဘယ်အခါမှစ၍ လောက၌ အားကြီးစွာ ပေါ်လာသနည်း ဟူမူကား –

အဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မပရေတဟူသော အယုတ်တရား ၃–ပါးတို့သည် အားကြီးစွာပေါ်လာသော် ငါးရာတမ်းမှစ၍ ပေါ်လာသည်။ ဘုရားလက်ထက်၌ ပုဏ္ဏားတစ်ယောက်သည် ဘုရားအား လျှောက်သည်။ ရှေးအခါ ဇမ္ဗူဒီပါကျွန်းသည် မြို့, ရွာ, နိဂုံးချင်း အခြားမလပ် ထူထပ်စည်ကားသည်ဟု ကြားဖူးပါသည်။ အကြောင်းအသို့ ပါနည်းဟု လျှောက်လေရာ –

**တေရဟိ ဗြာဟ္မဏ မနုဿာ အဓမ္မရာဂရတ္တာ ဝိသမလော–**

**ဘာဘိဘူတာ မိစ္ဆာဓမ္မ ပရေတာ–**

စသည်ရှိ၍ ကပ် ၃–ပါးကြောင့် မြို့ရွာနိဂုံးတို့ သုန်း၍ ကုန်ကြောင်းကို တိကင်္ဂုတ္တရ ပါဠိတော် ဗြာဟ္မဏဝဂ်၌ ဟောတော်မူသည်။

**လိုရင်းအနက်ကား။** ။ လူသတ္တဝါတို့သည် အဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မ အားကြီးကြကုန်သည်ဖြစ်၍ ရံခါရံခါ ရွာလျှင်ရွာချင်း, မြို့လျှင်မြို့ချင်း, ပြည်လျှင်ပြည်ချင်း တိုက်ခိုက်လုယက်သတ်ဖြတ်ကြကုန်သည်။ မကြာမကြာ အခါခါဖြစ်လာသော ဤသတ္တန္တရ

http://www.dhammadownload.com



ကပ်ကြောင့်လည်း မြို့, ရွာ, နိဂုံးအသုန်းများလေသည်။ ထိုပါပတရား ၃–ပါးကြောင့်ပင်လျှင် ဇမ္ဗူဒီပါအပြင်၌ မိုးခေါင်သဖြင့် ဝေါ်မွတ်သေကြေ ပျက်ပြုန်းသော ဒုဗ္ဘိက္ခန္တရကပ်ကြောင့်လည်း မြို့, ရွာ, နိဂုံးအသုန်းများ လေသည်။ ထိုပါပတရား ၃–ပါးကြောင့်ပင်လျှင် လူလောကကို မကြည် ညိုနိုင်ကြကုန်သော အအုပ်အချုပ် အကြီးအကဲဖြစ်ကုန်သော နတ်ဘီလူး တို့သည် များစွာသော သူရဲသံဘက်တို့ကို လွှတ်ကြကုန်၏။ မြို့နယ်, ရွာနယ်, တိုင်းနယ်, ပြည်နယ်တွင်းရှိသော နတ်တို့သည်လည်း မတား မဆီးမူ၍ မြို့, ရွာ, တိုင်း, ပြည်တို့ကို လွှတ်ထားကြကုန်၏။ ထိုသူရဲ သံဘက်တို့သည် မြို့တွင်း, ရွာတွင်း, တိုင်းတွင်း, ပြည်တွင်းသို့ ချင်းနင်း ဝင်ရောက်၍ အထူးထူးသော ရတ်တရက်နာတို့ကို ဖြစ်စေ၍ သေသော သူတို့၏ အအူအသည်းကို စားကြကုန်၏။ ဤသို့သော ရောဂန္တရကပ် ကြောင့်လည်း ဇမ္ဗူဒီပါ၌ မြို့, ရွာ, နိဂုံးတို့သည် အသုန်းများကုန်၏။

**တေသံ အဓမ္မရာဂရတ္တာနံ ဝိသမလောဘာဘိဘူတာနံ**

**မိစ္ဆာဓမ္မပရေတာနံ ယက္ခာဝါဠေ အမနုဿေ သြဿဇန္တိ။**

**တေန ဗဟူ မနုဿာ ကာလင်္ကရောန္တိ။** ။ (ဋင်းပါဠိတော်။)

အထက် လောကပါလ နတ်တို့သည် နွားသားကို စားကြသော ဥက္ကာကရာဇ်မင်း လက်ထက်မှစ၍ လူ့လောကကို စွန့်ထားကြကြောင်း မှာ ရှေး၌ဆိုခဲ့ပြီ။ ။ ဤသို့လျှင် ဤကပ် ၃–ပါးသည် ငါးရာတမ်းမှ စ၍ တရွေ့ရွေ့ ထူထပ်ကာလာသည်။ ဆယ်နှစ်တမ်းတွင် တစ်ကျွန်းလုံး အနှံ့ တစ်ပြိုင်နက်ဖြစ်၍ ပျက်ပြုန်းကြလေသည်။

ဤသည်ကား လူသတ္တဝါတို့၌ အသက်တမ်းနှင့်တကွ လုံးရပ် သဏ္ဌာန် အရောင်အဆင်း ဆုတ်ခြင်း တက်ခြင်း ဖြစ်ကြသည်မှာ အသီး အသီးသော မိမိ မိမိတို့၏ ရှေးကံဟောင်းနှင့် မဆိုင်ပေ။ မျက်မြင်လောက

http://www.dhammadownload.com



၌ အများအများ ပြကျင့်ကြသော ဒုစရိုက်, သုစရိုက်တရားတို့သည်သာ အရင်းဖြစ်ပေကုန်သည်။

ဤတရားတို့၏ အရှိန်အဝါကြောင့် မြေရေစသော ဩကာသ လောက၊ သစ်ပင်, ချုံနွယ်, ကောက်ပဲစသော သင်္ခါရ လောက၊ ဤ ၂-ပါးသော မှီရာလောကတို့၌ ဓာတ်ဆီဓာတ်မီးတို့၏ တရွေ့တရွေ့ အားအင်ကုန်ခန်းခြင်း၊ တရွေ့တရွေ့ အားအင်တိုးတက်ခြင်း၊ ထိုလောက ၂-ပါးတို့၌ရှိသော ဗဟိဒ္ဓဓာတ်ဆီဓာတ်မီးတို့၏ အားကိုအားပြု၍ အကောင်အထည် အစုအခဲဖြစ်နေသော တစ်ကိုယ်လုံး၌ရှိသော ကမ္မဇ ဓာတ်ဆီဓာတ်မီး, စိတ္တဇဓာတ်ဆီဓာတ်မီး, ဥတုဇ ဓာတ်ဆီဓာတ်မီး, အာဟာရ ဓာတ်ဆီဓာတ်မီးတို့၏ အားအင်ကုန်ခန်းခြင်း၊ အားအင် တိုးတက်ခြင်း၊ ထိုဓာတ်ဆီ ၅-မျိုး, ဓာတ်မီး ၅-မျိုးတို့ကို မှီတွယ်၍ ဖြစ်ရ တည်ရသော အသက်ဟူသော ဇီဝိတဓာတ်တို့သည်လည်း ထိုဓာတ်ဆီ ဓာတ်မီးတို့နှင့် အတူသာလျှင် တိုးလျှင်တိုးခြင်း၊ ရှည်လျှင် ရှည်ခြင်း ဖြစ်ရခြင်း၊ ထိုသို့ ဖြစ်ရခြင်းကြောင့် အသင်္ချေမှ ဆယ်နှစ်၊ ဆယ်နှစ်မှ အသင်္ချေဟူ၍ သတ္တလောက၏ ဆုတ်တုံတက်တုံ ဖြစ်ရခြင်း များကို ထင်လင်းစွာ ပြဆိုသော စကားရပ်ပေတည်း။

**ကျွန်းသူကျွန်းသား အများတို့ တစ်ဖွဲ့တစ်စည်းတည်း ဖြစ်ကြရသော သာဓာရဏ အခန်းပြီး၏။**

## ၉။ သက်တမ်းအတိုးအဆုတ် နေရခြင်းအကြောင်း

### အာယုကပ္ပယမရဏ

ယခုအခါရောက်ရာ အသက်တမ်းမှာပင် တမ်းမပြည့်ပဲ သေရခြင်း, တမ်းကိုကျော်အောင် နေရခြင်းများကို အကျဉ်းပြဆိုလိုက်အံ့။

မိခင်ရောဝတီ

http://www.dhammadownload.com



ကံပင် အားအင်ရှိသေးသော်လည်း တမ်းသို့လိုက်၍ သေရခြင်းဟူသော အာယုက္ခယမရဏ, တမ်းပင်ရှိသေးသော်လည်း ကံအားကုန်၍ သေရခြင်းဟူသော ကမ္မက္ခယမရဏ, တမ်းလည်းပြည့် ကံလည်းအားကုန် ၂-ပါးဆုံ၍ သေရခြင်းဟူသော ဥဘယက္ခယမရဏ, တမ်းလည်းရှိသေးလျက် ကံလည်း အားအင်တောင့်တင်းပါသေးလျက် ဥပစ္ဆေဒကကံ တစ်ပါးသည် အတင်းဖြတ်၍ သေရခြင်းဟူသော ဥပစ္ဆေဒကမရဏ ဟူ၍ သေရခြင်း ၄-ပါး။ ။ ရှေးသာဓာရဏ အခန်းတစ်ခန်းလုံးသည် အာယုက္ခယ အချက်ပင်တည်း။

အာယုက္ခယ၌ ကံပင်အားအင်ရှိပါသေးသော်လည်း အသက်တမ်းသို့လိုက်၍ သေရသည်ဟူသော စကားမှာ ဖြစ်မြဲတိုင်းသော ဓာတ်ဆီ ဓာတ်မီးအတိုင်းနှင့် အသက်ထက်ဆုံး သွားကြသော အများတို့ကို ဆိုရင်း ပေတည်း။

တစ်ရာတမ်းသူဖြစ်ပါလျက် လူ့ပြည်မှ ပြောင်းရွှေ့၍ ဘုမ္မစိုး ဗိမာန်၌နေရသဖြင့် အသက်ခုနစ်ရာရှည်ပေသော ဓမ္မပဒ အဋ္ဌကထာလာ ဝတ္ထုများကိုထောက်၍ အသက်ရှည်လှသော ကျွန်းတစ်ပါး, ဘုံတစ်ပါး ပြောင်းရွှေ့ပြန်လည်း မိမိဖြစ်ရာလောက၏ အသက်တမ်းထက်, ရှည်နိုင် ကြောင်းကို သိသာပေသည်။ [တစ်ရပ်။]

ဝိဇ္ဇာမယဝိဓိဖြင့် စီရင်လုပ်ဆောင်၍ ထမြောက်သော ပြဒါးဓာတ်ဆီ, သံဓာတ်ဆီ, ကျောက်ဓာတ်ဆီများကို သုံးဆောင်ဆက်လက်ပါလျှင်လည်း တစ်ရာတမ်းတွင် တစ်ထောင်မကပင် နေရပါ၏။

**သတ္တတေ၀ ဇရာယ ပဋိကမ္မံ ကာတုံ။ န ပန သတ္တတေ မရဏဿ ပဋိကမ္မံ ကာတုံ။ ။ (နေတ္တိပါဠိတော်။)**

http://www.dhammadownload.com



**ရသာယန ဘေသဇ္ဇံ ပန သုစိရမ္ပိ ကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကော တိယေဝ။ ။ (မဟာဋီကာ။)**

**အနက်ကား။** ။ ဇရာယ၊ အိုခြင်းအမှု၏။ ပဋိကမ္မံ၊ မအိုရအောင် ကြံဆောင်ကုစားခြင်း အမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာတေဝ၊ တတ်ကောင်းသည်သာလျှင်တည်း။ မရဏဿ ပန၊ သေခြင်း၏ကား။ ပဋိကမ္မံ၊ မသေရအောင် ကြံဆောင် ကုစားခြင်း အမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကတေ၊ မတတ်ကောင်း။

မသေရအောင် မတတ်ကောင်း ဟူသည်မှာ အမြဲနေရအောင် မတတ်ကောင်း ဆိုလိုသည်။ မအိုရအောင် တတ်ကောင်းပါ၏ ဟူသည်မှာ၊ မသေမီအတွင်း သွားကျိုးခြင်း, ဆံဖြူခြင်း, အရေတွန့်ခြင်း, နားလေးခြင်း, မျက်စိသီခြင်း, အားခွန်ဗလ လျော့ပါးခြင်းများကို သေခါနီးတိုင် မရှိရအောင် ကြံဆောင်ခြင်းငှါ တတ်ကောင်းပါ၏ ဆိုလိုသည်။ ဤစကားဖြင့်ပင် မနာရအောင်လည်း တတ်ကောင်း၏ဟူသော အနက်သည်လည်း ပြီးပါ၏။

ရသာယနဘေသဇ္ဇံပန၊ ရသဓာတ်ကို အရှည်ခိုင်ပွားစေနိုင်သော အာယုဝဍ္ဎန ဆေးဝါးများသည်ကား။ သုစိရမ္ပိကာလံ၊ အလွန်ရှည်ကြာသည် တိုင်အောင်လည်း။ ဇီဝိတံ၊ အသက်ကို။ ပဝတ္တေတုံ၊ တည်စေခြင်းငှါ။ သက္ကောတိယေဝ၊ တတ်နိုင်သည်သာတည်း။

အနောက်နိုင်ငံမှ ရောက်လာသော သာရကောမုဒိကျမ်း ရသာယနပိုင်းတွင်လာသော ဓာတ်ဆေးစုနှင့်တကွ လောကတွင် ရှိကြသော အာယုဝဍ္ဎန အစီအရင်ကြီးများကို ရသာယနဆေး ခေါ်သည်။ သို့သော်လည်း ဘုရားကဲ့ရဲ့တော်မူသော အလုပ်နှင့် အနှစ်တစ်ထောင် အသက်ရှည်ရသည်ထက် ဘုရားချီးမွမ်းသော အလုပ်နှင့် တစ်ရက်မျှ

http://www.dhammadownload.com



အသက်ရှည်ရခြင်းသည်သာ မြတ်လှစွာသတည်း။

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။**

(ဓမ္မပဒ။)

ယောစ၊ အကြင်သူသည်လည်း။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ တရားတော်ကို။ အပဿံ၊ မရှုပဲ။ ဝဿသတံ၊ အနှစ်တစ်ရာ။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုတရားမရှုပဲ အနှစ်တစ်ရာ အသက်ရှည်သောသူထက်။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ တရားတော်ကို။ ပဿတော၊ ရှုလျက်။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြတ်၏။

## ကမ္မက္ခယ မရဏ စသော ၃–မျိုး

ကမ္မက္ခယ၌ အသက်တမ်း မပြည့်မီပင် ကံကုန်မည်ရှိသော်လည်း စောစောကတင်ကူး၍ ဝုမှ ပစာယနစသော အမှုများကို ကောင်းကောင်း ပြုနိုင်ပေမူကား နည်းသောကံသည် အားရှိ၍လာသဖြင့် အရှည်တည်နိုင်ရာသေး၏။ ။ ဥဘယက္ခယမှာ သိနိုင်ရာပြီ။

ဥပစ္ဆေဒကကံသည် –

၁။ မိမိ၏ ဇနကကံထက် အားရှိသော ဥပစ္ဆေဒကကံ,

၂။ ဇနကကံနှင့် အားတူသော ဥပစ္ဆေဒကကံ,

၃။ ဇနကကံအောက် အားယုတ်သော ဥပစ္ဆေဒကကံ– ဟူ၍ ၃–ပါး။

အားရှိသော ဥပစ္ဆေဒကကံသည်လည်း –

၁။ သင့်ရုံအားရှိသော ဥပစ္ဆေဒကကံ,

http://www.dhammadownload.com



၂။ အလွန်အားကြီးသော ဥပစ္ဆေဒကကံ,

၃။ အလွန်ထက်အလွန် အားရှိသော ဥပစ္ဆေဒကကံ- ဟူ၍ ၃-ပါး။ [မှတ်၍ထား။]

## သမ္ပတ္တိ ဝိပတ္တိ ၂-မျိုး

ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ, ကာလသမ္ပတ္တိ, ပယောဂ သမ္ပတ္တိ ဟူ၍ သမ္ပတ္တိ ၄-ပါး။

ဂတိဝိပတ္တိ, ဥပဓိဝိပတ္တိ, ကာလဝိပတ္တိ, ပယောဂ ဝိပတ္တိ ဟူ၍ ဝိပတ္တိ ၄-ပါး။

ဒေဝဂတိ, မနုဿဂတိသည် ဂတိသမ္ပတ္တိ မည်၏။ အပါယ်ဂတိသည် ဂတိဝိပတ္တိ မည်၏။ အတ္တဘော၏ ပြည့်စုံခြင်းသည် ဥပဓိသမ္ပတ္တိ မည်၏။ အတ္တဘော၏ မပြည့်စုံခြင်းသည် ဥပဓိဝိပတ္တိ မည်၏။ ကပ် ၃-ပါးလွတ်ကင်းသော ကာလသည် ကာလသမ္ပတ္တိ မည်၏။ မလွတ်ကင်းသော ကာလသည် ကာလဝိပတ္တိ မည်၏။ အကျိုးစီးပွားဌ် လိမ်မာသော် ပယောဂသမ္ပတ္တိ မည်၏။ မလိမ်မာခြင်းသည် ပယောဂဝိပတ္တိ မည်၏။

သမ္ပတ္တိ ၄-ပါးသည် ကုသိုလ်ကံဟောင်းတို့ကို လွန်စွာချီးမြှောက်ထောက်ပံ့နိုင်၏။ အကုသိုလ် ကံဟောင်းတို့ကို ဝေးစွာ ကာဆီးနိုင်၏။ ဝိပတ္တိ ၄-ပါးသည် အကုသိုလ်ကံဟောင်းတို့ကို လွန်စွာ ချီးမြှောက်ထောက်ပံ့နိုင်၏။ ကုသိုလ်ကံဟောင်းတို့ကို ဝေးစွာကာဆီးနိုင်၏။

ဤကား ဝိဘင်းပါဠိတော်၌ ကုသိုလ်ကံ, အကုသိုလ်ကံ ၂-ပါးနှင့် သမ္ပတ္တိ ၄-ပါး, ဝိပတ္တိ ၄-ပါးတို့ကိုတွဲ၍ ကံအပြား ၁၆-ဖြစ်အောင် အကျယ်ဟောတော်မူသော အခန်းဝယ် အကျဉ်းလိုရင်းပေတည်း။ [မှတ်၍ထား။]

မိခင်ရောဝတီ

http://www.dhammadownload.com



အလွန်ထက် အလွန်အားကြီးသော ဥပစ္ဆေဒကကံ ဖြစ်ပေလျှင် ရှောင်၍ လွတ်ရာသော အခွင့်မရှိ၊ ဘုရားမှသော်လည်း မကယ်နိုင်။ အရှင်မောဂ္ဂလာန်နှင့် တတိယ ပါရာဇိက နိဒါန်း၌ လာသော ရဟန်းငါးရာတို့ကိုမျှော်၊ အသင့်အားရှိသော ဥပစ္ဆေဒကကံ, အလွန်အားရှိသော ဥပစ္ဆေဒကကံတို့ကိုကား ပယောဂသမ္ပတ္တိ အားကောင်းလှလျှင် ကာဆီးနိုင်ပါ၏။ ဒီဃာဝု သတို့သားကိုမျှော်။

## အကုသိုလ်ကံ ၈-မျိုး

အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ– စသည်လည်းကောင်း။

၁။ တတ္ထ တထာဂတော ပဇာနာတိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၂။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဥပဓိသမ္ပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၃။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ကာလသမ္ပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၄။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ပယောဂသမ္ပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၅။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။

၆။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဥပဓိဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။

၇။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ကာလဝိပတ္တိံ

http://www.dhammadownload.com



အာဂမ္မ ဝိပစ္စန္တိ။

၈။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ပယောဂဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ ။ (အကုသိုလ်ကံ ၈-မျိုး။)

## ကုသိုလ်ကံ ၈-မျိုး

၁။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဂတိဝိပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၂။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဥပဓိဝိပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၃။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ကာလဝိပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၄။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ပယောဂဝိပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ။

၅။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။

၆။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဥပဓိသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။

၇။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ကာလသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။

၈။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ပယောဂသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ ။ (ကုသိုလ်ကံ ၈-မျိုး။)

[အဘိဓမ္မာဉာဏဝိဘင်း ပါဠိတော်။]

http://www.dhammadownload.com



ရှေးရှေးဘဝ ကာလ၌ ပြုကျင့်ခဲ့သော အကုသိုလ်ကံသည် ယခု ကိုယ်တွင် ထင်ရှားရှိနေပါသော်လည်း သမ္ပတ္တိ ၄-ပါးတွင် တစ်ပါးပါး လက်ရှိဖြစ်နေသောကြောင့် အကျိုးမပေးရ။ သမ္ပတ္တိလက်လွတ်၍ ဝိပတ္တိ ၄-ပါးတွင် တစ်ပါးပါးတွေ့ခိုက်မှ အကျိုးပေးနိုင်သည်။ ရှေးရှေးသော ဘဝကာလ၌ ပြုလုပ်ခဲ့သော ဒါနသီလစသော ကုသိုလ်ကံသည် ယခု ကိုယ်တိုင် ထင်ရှားရှိနေပါသော်လည်း ဝိပတ္တိ ၄-ပါးတွင် တစ်ပါးပါး တွေ့ကြုံခိုက်ဖြစ်၍ အကျိုးပေးခွင့်မရ။ ဝိပတ္တိလက်လွတ်၍ သမ္ပတ္တိ ၄-ပါးတွင် တစ်ပါးပါး လက်ရှိကြုံမှ အကျိုးပေးနိုင်သည်။ [လိုရင်း အဓိပ္ပါယ်။]

ဤပါဠိတော်ဖြင့်ပင် အကျိုးပေးဆဲဖြစ်သော အကုသိုလ်ကံဟောင်းကို အားကြီးသော ပယောဂသမ္ပတ္တိနှင့် လုပ်ကြံလျှင် လွတ်ငြိမ်း၏။ အကျိုးပေးဆဲဖြစ်သော ကုသိုလ်ကံဟောင်းသည် အားကြီးသော ပယောဂဝိပတ္တိကို ပြုမိလိုက်စားမိလျှင် ဆုတ်ယုတ်ကွယ်ပျောက်၏ ဟူသော သဘောကိုလည်း သိသာသည်။

သမ္ပတ္တိ, ဝိပတ္တိ ၂-ဖက်ရောသော သူတို့မှာလည်း ပဋိသန္ဓေ အကျိုး, ပဝတ္တိအကျိုးကိုဆောင်သော ကံဟောင်းတို့၏ အားရှိအားမဲ့နှင့် ယခုတွေ့ရှိသော သမ္ပတ္တိ, ဝိပတ္တိ ၂-ပါးတို့၏ အားရှိအားမဲ့ကို တိုင်းထွာ၍ သိရမည်။

ပရိတ်မေတ္တာ, ဂါထာမန္တရား, ဆေးဝါးအင်းအိုင်, ပယောဂ, ယတြာမှုများသည်လည်း အင်အားနှင့်တန်ရုံသော ဥပစ္ဆေဒကများကို တားမြစ်နိုင်သော ပယောဂသမ္ပတ္တိစုပင်တည်း။

**တေနဟိ မဟာရာဇ ပရိတ္တဘေသဇ္ဇကိရိယာနိရတ္ထကာတိ**

**ယံ ဝစနံ၊ တံ မိစ္ဆာ ဘဝတိ။** **(မိလိန္ဒပဥှာပါဠိတော်။)**

မိခင်ရောဝတီ

http://www.dhammadownload.com



ဤပါဠိတော်များကို မသိကြကုန်သော သူတို့သည် ဂါထာ မန္တရားဆေးဝါးမှုများကို ကဲ့ရဲ့ကြကုန်၏။ ဤပယောဂသမ္ပတ္တိသည် အလွန်များပြား၏။ ကုသိုလ်မှုပင် ဖြစ်စေ, အကုသိုလ်မှုပင်ဖြစ်စေ ထိုထို အမှု၌ အမှုအားလျော်စွာ အကျိုးပြီးစီး ဖြစ်ထွန်းလေအောင် ကြံဖန် အားထုတ် လုပ်ဆောင်နိုင်သော အစွမ်းသတ္တိ ဗျတ္တိသည် ပယောဂ သမ္ပတ္တိမည်၏။ အကုသိုလ်မှုဖြစ်သော ပယောဂသမ္ပတ္တိမှာမူကား ယခု ဘဝတွင်ရှေသော အကျိုးဖြစ်သည်။ နောက်နောက် ဘဝ၌ကား နစ်မွန်း ဖို့သာတည်း။

ဇနကကံနှင့် အားအင်တူမျှသော ဥပစ္ဆေဒကကံစု, ဇနကကံ အောက် အားအင်နည်းသော ဥပစ္ဆေဒကံစုမှာမူကား အခွင့်ဆိုက်မှ ပေးနိုင် သည်။ မဆိုက်လျှင် မပေးနိုင်။ လျောက်ပတ်သည်ကို လွှတ်၍ မလျောက် ပတ်သော ဥတု, ကာလ, ဒေသဌာန, လုံ့လပယောဂ, အာဟာရ စသည်ကို မှီဝဲမိလျှင် အခွင့်ရ၏။ မမှီဝဲလျှင် မရ။ မလျောက်ပတ်သည် ကို မှီဝဲကြသည်မှာလည်း လောဘကြောင့်လည်း ရှိ၏။ ဒေါသကြောင့် လည်း ရှိ၏။ သဒ္ဓါပညာတို့ကြောင့်လည်း ရှိ၏။ သမ္မာဝါယာမကြောင့် လည်း ရှိ၏။ သဒ္ဓါပညာ ထက်သန်လှ၍ အဆမတန် ပြင်းထန်စွာ အားထုတ်သော ပရိယတ္တိအလုပ်, ပဋိပတ္တိအလုပ်များသည်လည်း ဥပပီဠကကံ, ဥပစ္ဆေဒကကံဟောင်းတို့ အခွင့်ရခြင်း၏ အကြောင်းပင် ဖြစ်သတည်း။ ထို့ကြောင့် အသက်ရှည်မှု, မာကျန်းမှုတို့မှာ ကောင်း ကောင်းလိမ်မာ၍ နေရာကျအားထုတ်နိုင်သော ဉာဏ်, ဝီရိယသည်သာ ပဓာနပေတည်း။

အချို့သော သူတို့ကား – ကံသာပဓာန ဖြစ်သည်။ ပဋိသန္ဓေ နေစဉ်ကပင် သေမည့်နေ့ရက်, သေမည့်အရပ် ဒေသပယောဂ သေချာ

http://www.dhammadownload.com



ပြီး ဖြစ်သည်။ ထို့ကြောင့် အစားမှား၍ သေသည်။ အသွားမှား၍ သေသည်။ အနေမှား၍ သေသည် စသည်ဖြင့် ပြောကြသမျှသည် အမှားသာ ဖြစ်သည်ဟု သန်သန် ယူကြကုန်၏။ ဉာဏ်, ဝီရိယများသည် ကံစီမံ၍ ကံတိုက်တွန်း၍ ဖြစ်ရသည်ဟု ယူကြကုန်၏။ ဉာဏ်မရှိသော သူတို့၏ အယူသာတည်း။ ဤအရာမှာ ငါတို့အထူး ပြောဖွယ်မရှိ။

## ဝေဒနာဖြစ်ခြင်း၏ အကြောင်း ၈–ပါး

မိလိန္ဒပဉှာပါဠိတော်မှာပင် ဝေဒနာဖြစ်ခြင်း၏ အကြောင်း ၈–ပါး, သေခြင်း၏ အကြောင်း ၈–ပါးတို့ကို သံယုတ်ပါဠိတော်၊ အင်္ဂုတ္တိုရ် ပါဠိတော်များအတိုင်း လာပေသည်။

၁။ **ဝါတသမုဋ္ဌာနံ**၊ လေဓာတ်ပျက်၍ နာခြင်းသေခြင်း တစ်ပါး,

၂။ **ပိတ္တသမုဋ္ဌာနံ**၊ သည်းခြေပျက်၍ နာခြင်းသေခြင်း တစ်ပါး,

၃။ **သေမှသမုဋ္ဌာနံ**၊ သလိပ်ပျက်၍ နာခြင်းသေခြင်း တစ်ပါး,

၄။ **သန္နိပါတိကံ**၊ သလိပ်, သည်းခြေ, လေ ၃–ပါးစုံပျက် သန္နိပါတ်ဆိုက်၍ နာခြင်းသေခြင်း တစ်ပါး,

၅။ **ဥတုဝိပရိဏာမဇံ**၊ ဥတုဖောက်ပြန် ပြောင်းလဲ၍ ဖြစ်သော နာခြင်းသေခြင်း တစ်ပါး,

၆။ **ဝိသမပရိဟာရဇံ**၊ မိမိကိုယ်ကို မသင့်တင့်စွာဆောင်ရွက်ခြင်းကြောင့်ဖြစ်သော နာခြင်းသေခြင်း တစ်ပါး,

၇။ **ဩပက္ကမိကံ**၊ မိမိလုံ့လ, သူတစ်ပါးလုံ့လနှင့် နာအောင်, သေအောင် တမင်အားထုတ်၍ နာခြင်းသေခြင်း တစ်ပါး,

မိခင်ရောဂတီ

http://www.dhammadownload.com



**၈။ ကမ္မဝိပါကဇံ၊ ဥပပီဠကကံ, ဥပစ္ဆေဒကကံတို့ အတင်း နှိပ်စက်၍ နာခြင်းသေခြင်း တစ်ပါး,**

ဤကား နာခြင်း သေခြင်း၏ အကြောင်း ၈-ပါးတည်း။ မိလိန္ဒပဉှာပါဠိတော်၌ ၉-ကြောင်းပေ ၈-အင်္ဂါတွင် တစ်ချက်၊ ည-အင်္ဂါတွင် တစ်ချက် အလွန်ကျယ်စွာ လာသည်။ လိုရင်းကိုသာ ရေးမည်။

ထို ၈-ပါးတို့တွင် ဩပက္ကမသည် အချို့ရေးကံကြောင့် ဖြစ်သည်။ အချို့ ရေးကံကြောင့် မဟုတ်။ ယခုအမှုသစ်ပင် ဖြစ်သည်။

**ဩပက္ကမိကာ မဟာရာဇ ဝေဒနာ အတ္ထိ ကိရိယာ။ အတ္ထိ ကမ္မဝိပါကာ။** (၎င်းပါဠိတော်။)

ကမ္မဝိပါကဇမှာမူကား ရှေးကံကြောင့်ဖြစ်သည် သက်သက်ပေတည်း။

**ကမ္မဝိပါကဇဝေဒနာ ပုဗ္ဗေ ကတေန ကမ္မေန ဥပ္ပဇ္ဇန္တိ။** (၎င်းပါဠိတော်။)

ကြွင်းသော ၆-ပါးတို့ကား ရှေးကံကြောင့် ဖြစ်ရသည် မဟုတ်။ ယခုဘဝမှု သက်သက်သာတည်း။

**အပ္ပံ ကမ္မဝိပါကဇံ၊ ဗဟုတရံ အဝသေသံ၊ တထာ ဗာလာ သဗ္ဗံ ကမ္မဝိပါကဇံယေဝါတိ အတိဓာဝန္တိ။** (၎င်းပါဠိတော်။)

ကမ္မဝိပါကဇံ၊ ကမ္မဝိပါကဇသည်။ အပ္ပံ၊ နည်း၏။ အဝသေသံ၊ အကြွင်းသည်။ ဗဟုတရံ၊ များ၏။ တထာ၊ ထိုသို့ရှေးကံမှ အလွတ်သာများပါကုန်လျက်။ ဗာလာ၊ အမိုက်တို့သည်။ သဗ္ဗံ၊ အလုံးစုံသော ဝေဒနာသည်။ ကမ္မဝိပါကဇံယေဝ၊ ကမ္မဝိပါကဇသာလျှင်တည်း။ ဣတိ၊ သို့။ အတိဓာဝန္တိ၊ တရားမှန်ကို ကျူးလွန်ကျော်နင်း၍ ယူကြကုန်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ရှေးကံကြောင့်မဟုတ်ပဲ ယခုဘဝမှုကြောင့် ဖြစ်ရသော ဩပက္ကမ နာခြင်းသေခြင်း မည်သည်ကား - ဒေါသကြောင့်, မာနကြောင့်, သောကကြောင့်, မိမိကိုယ်ကို မိမိသတ်ပုတ်ခြင်း, သတ်ခြင်း, မင်ကြောင် ပရဲထိုးခြင်း, လက်ဖွေ့လက်ပမ်းလုံးခြင်း, ခိုက်ရန်ဖြစ်၍ သတ်ပုတ်ခြင်း, စစ်ပွဲဖြစ်၍ သတ်ပုတ်ခြင်း, ရှက်လှ၍ စိတ်ပူပန်လှ၍ စိန်စား၍ သတ်ခြင်း, ဆွဲကြိုးချ၍ သတ်ခြင်း, သစ်ပင်ချောက်ကမ်းမှ ချခြင်းစသည်ဖြင့် နာခြင်း သေခြင်းများသည် ရှေးကံကြောင့် မဟုတ်။ ယခုပြုသော အမှုသစ်သာ ဖြစ်သတည်း။ ထိုအခါ၌ဖြစ်သော ဒုက္ခဝေဒနာမှုကား ရှေးကံ၏ အကျိုး စစ်ပင် ဖြစ်သည်မှန်ပေ၏။ ပုတ်ခြင်း, သတ်ခြင်းစသော အမှုများကား ရှေးကံပြု၍ ဖြစ်ရသည်မဟုတ်။ ယခုရှိသော ဒေါသ, မာနစသည်ပြု၍ သာ ဖြစ်ရသည်။

အညှိဖြစ်အောင် ယင်ကောင် မလုပ်တတ်။ အညှိရှိလာမှ နားတတ်သကဲ့သို့၊ ဤအတူ ရှေးကံမှုကား အမှုဖြစ်လာမှ အခွင့်သာ၍ အကျိုးပေးလေသည်။ အမှုမဖြစ်အောင် နေတတ်ပါလျှင် ထိုကံဟောင်း သည် အကျိုးပေးနိုင်သော အခွင့်မရှိ။ လောက၌ ဤကဲ့သို့သော သေခြင်း နာခြင်းသာ များလေသည်။ ကံအမှုကိုကံပင် တိုက်တွန်း၍ ဖြစ်လာရ သည်ကား တစ်ထောင်မှာ တစ်ယောက်သာ။

ဝိသမပရိဟာရဇ ဟူသည်ကား ချော်၍ ချွတ်၍ လွတ်၍ ကျွံ၍ မြင့်ရာမှ ကျခြင်း, လဲခြင်း, ကွဲခြင်း, တိုက်မိ ခိုက်မိခြင်း, စူးခြင်း, ရှခြင်း, မီးလောင်ခြင်း, ရေနစ်ခြင်း, ကစားမြူးထူး၍ ကျိုးခြင်း, ပဲ့ခြင်း, ရွဲ့ခြင်း, ကန်းခြင်း စသည်တို့တည်း။ [ဤ၌လည်း ဒုက္ခဝေဒနာမှာ ရှေးနည်းအတိုင်းဆိုလေ။]

http://www.dhammadownload.com



ဥတုဝိပရိဏာမဇ ဟူသည်ကား – မိမိနေရာအရပ်တွင်ပင် ဥတုပြောင်း ဥတုလဲ၊ ဥတုပျက်ကြ၍ ဖောက်ပြန်ခြင်း၊ မသွားတန်သော တစ်ရပ်တစ်ကျေး တစ်မြေတစ်ရေသို့ သွားမိရောက်မိ၍ ဖောက်ပြန်ခြင်း၊ နေပူသင့်၍၊ မီးပူသင့်၍၊ ရေချိုးမှား၍၊ မသင့်သော အစာကိုစား၍ ဖောက်ပြန်ခြင်း စသည်ဖြင့် ဖောက်ပြန်၍ နာခြင်းသေခြင်းများသည် ဥတုဝိပရိဏာမဇ မည်၏။ [ဤ၌လည်း ဒုက္ခဝေဒမှာ အညီရှိ၍ နားလာသော ယင်ကောင် ဥပမာအတိုင်းပင်တည်း။]

ရှေး ၄–ပါးတို့မှာ လေပျက်ရန်အခွင့်ကို ပြုမိ၍ လေပျက်လျက် နာခြင်း သေခြင်း, သည်းခြေပျက်ရန် အခွင့်ကို ပြုမိ၍ သည်းခြေပျက်လျက် နာခြင်း သေခြင်း, သလိပ်ပျက်ရန် အခွင့်ကိုပြုမိ၍ သလိပ်ပျက်လျက် နာခြင်း သေခြင်း, ၃–ပါးစုံပျက်ရန် အခွင့်ဆိုက်၍ နာခြင်းသေခြင်းများကို သိလေ။ ဒုက္ခဝေဒနာမှာ ယင်ကောင် ဥပမာအတိုင်း။

ဆိုဖွယ်အထူးကား – ထိုဥတုစသည်တို့၏ အားနှင့် ကုသိုလ်ကံဟောင်း၏ အားသည်တူ၍နေခဲ့အံ့၊ လူလိမ်မာလျှင် ကံကနိုင်၏။ မလိမ်မာလျှင် ဥတုစသည်က နိုင်၏။ ကံကအားကောင်းလှသောအခါ ကံကနိုင်၏။ ဥတုစသည်က အားကောင်းလှသောအခါ ဥတုစသည်က နိုင်၏။ ဥတုစသည်တို့ကနိုင်၍ အားတိုက်ဖိစီးခဲ့လျှင် ကုသိုလ်ကံဟောင်းသည် ပြတ်ချိန်မရောက်ပဲနှင့်ပင် ပြတ်ရ၏။

ဤအရာ၌ ဥတုစသည်တို့ကနိုင်၍ အားတိုက်ဖိစီးခဲ့လျှင် ကံဟောင်းသည် မပြတ်ချင်ပဲနှင့် ပြတ်ရသည်ဟူသော စကား၌ ထင်ရှားအောင် ဆိုဦးအံ့။

ပရိတ်မေတ္တာ, ဆေးဝါး မန္တရား, ပယောဂ, ယတြာများသည် ကုသိုလ်ကံ၏ စစ်ကူပေတည်း။ စစ်ကူကောင်းလျှင်လည်း ကံဟောင်းက

http://www.dhammadownload.com



နိုင်၏။ လောကီရသေ့တို့ ထားပေသော ဟောကိန်းအတွက်များမှာ ကောင်းကိန်းဖြစ်အံ့။ ကံဖက်ပေတည်း။ မကောင်းကိန်း ဖြစ်အံ့။ ဥတုစသည်တို့၏ ဖက်ပေတည်း။

အလွန်ထက်အလွန် အားကြီးလှသော ဥပစ္ဆေဒကကံကြီးကို ထား၍ တစ်ပါးသော အရာတို့၌ ဉာဏ်ဝီရိယသာ ပမာဏပေတည်း၊ အခါမလွန်မီ တင်ကူး၍ ကြံဖန်နိုင်သော ဉာဏ်ဝီရိယသည် ကုသိုလ်ကံဟောင်း၏ အတုမရှိသော သဟဲကြီးပေတည်း။

## ဒိဋ္ဌိ ၃-ပါးအထူး

ဤသို့လောက, ဓမ္မ, ကံ, ဉာဏ်, ဝီရိယတို့ကို စပ်ဖက်ညှိနှိုင်း၍ မမြင်နိုင်ကြသည်နှင့် အလုံးစုံသော ဆင်းရဲ, ချမ်းသာဟူသမျှတို့သည် ရှေးကံကြောင့်သာ ဖြစ်နိုင်ကုန်သည်ဟု အတင်းယူကြသော သူတို့သည် သဗ္ဗံပုဗ္ဗေကတဟေတု ဒိဋ္ဌိ၌ သက်ဝင်ကုန်၏။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ သံယုတ် ပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ အဘိဓမ္မာဝိဘင်းပါဠိတော်။)

**တီဏိမာနိ ဘိက္ခဝေ တိတ္ထာယတနာနိ။ ကတမာနိ တီဏိ။**

၁။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော။ ယံကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗန္တံ ပုဗ္ဗေကတ· ဟေတူတိ။

၂။ သန္တိ ဘိက္ခဝေ။ လ။ ဧဝံဒိဋ္ဌိနော။ ယံကိဉ္စာယံ ပုရိသ-ပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ-မသုခံ ဝါ၊ သဗ္ဗန္တံ ဣဿရနိမ္မာနဟေတူတိ။

၃။ သန္တိ ဘိက္ခဝေ။ လ။ ဧဝံဒိဋ္ဌိနော။ ယံကိဉ္စာယံ ပုရိသ-

http://www.dhammadownload.com



**ပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ–**
**မသုခံ ဝါ၊ သဗ္ဗန္တံ အဟေတု အပစ္စယာတိ။**
**(တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။)**

၁။ ဤလောက၌ ဖြစ်သမျှသော ဆင်းရဲ, ချမ်းသာ အပေါင်းသည် ရှေးကံဟောင်းကြောင့်သာ ဖြစ်နိုင်သည်။ ကံမှတစ်ပါး အကြောင်းမရှိဟူသော အယူသည် သဗ္ဗံပုဗ္ဗေကတဟေတု ဒိဋ္ဌိ မည်၏။

၂။ ဆင်းရဲ, ချမ်းသာ ဟူသမျှသည် ဗြဟ္မာဟူသော ထာဝရဘုရားဖန်ဆင်းမှ ဖြစ်နိုင်သည်ဟူသော အယူသည် ဣဿရနိမ္မာနဟေတု ဒိဋ္ဌိ မည်၏။

၃။ ဆင်းရဲ, ချမ်းသာဟူသမျှသည် အကြောင်းမရှိ ဖြစ်ချင်တတ်တိုင်း ဖြစ်လာသော အလေ့ပေါက်သာတည်းဟူသော အယူသည် အဟေတု မည်၏။ ဒိဋ္ဌိ ၃–ပါးအထူး။

## ရောဂါဖြစ်ကြောင်း ၈–ပါး

**၁။ ဝါတသမုဋ္ဌာနာနိ ခေါ သီဝက ဣဓေကစ္စာနိ ဝေဒယိ–**
**တာနိ ဥပ္ပဇ္ဇန္တိ။ သာမံ ပိ ခေါ စေတံ သီဝက ဝေဒိတဗ္ဗံ။**
**ယထာ ဝါတသမုဋ္ဌာနာနိ ဣဓေကစ္စာနိ ဝေဒယိတာနိ**
**ဥပ္ပဇ္ဇန္တီတိ။ လောကဿာပိ ခေါ စေတံ သီဝက သစ္စ–**
**သမ္မတံ။ ယထာ ဝါတသမုဋ္ဌာနာနိ ပိ ဣဓေကစ္စာနိ**
**ဝေဒယိတာနိ ဥပ္ပဇ္ဇန္တီတိ။ တတြ သီဝကယေတေ သမဏ**
**ဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော။ ယံကိဉ္စာယံ ပုရိသ–**
**ပုဂ္ဂလော ပဋိသံ ဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ–**
**မသုခံ ဝါ၊ သဗ္ဗန္တံ ပုဗ္ဗေကတဟေတူတိ။ ယဉ္စ သာမံ**

မိခင်ရောဝတီ

http://www.dhammadownload.com



ဉာတံ၊ တဥ္စ အတိဓာဝန္တိ။ ယဥ္စ လောကောသစ္စသမ္မတံ၊
တဥ္စအတိဓာဝန္တိ။ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ
တံ မိစ္ဆာတိ ဝဒါမိ။

၂။ ပိတ္တသမုဋ္ဌာနာနိ ပိ ခေါ သိဝက ဣဓေကစ္စာနိ ဝေဒယိ-
တာနိ ဥပ္ပဇ္ဇန္တိ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၃။ သေမှသမုဋ္ဌာနာနိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၄။ ဥတုသမုဋ္ဌာနာနိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၅။ သန္နိပါတိကာနိ ပိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၆။ ဝိသမပရိဟာရဇာနိ ပိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၇။ ဩပက္ကမိကာနိ ပိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

၈။ ကမ္မဝိပါကဇာနိ ပိ ခေါ။ လ။ တံ မိစ္ဆာ တိ ဝဒါမိ။

(သံယုတ်ပါဠိတော်။)

ဤ ၈-ပါးသော အကြောင်းတို့ကို အချို့သောကျမ်း၌ ဝေဒနာဖြစ်ခြင်း၏အကြောင်း ၈-ပါးဟူ၍ လာသည်။ အချို့သောကျမ်း၌ ရောဂါအနာဖြစ်ခြင်း၏ အကြောင်း ၈-ပါးဟူ၍ လာသည်။ မိလိန္ဒပဥှာ၌ကား သေခြင်း၏အကြောင်း ၈-ပါးဟူ၍ လာသည်။

ပါဠ်လျှောက် အဓိပ္ပါယ်အကျဉ်းကား။ ။ ဤလောက၌ ဝေဒနာတို့သည် ဤ ၈-ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ကို ငါဘုရားလည်း ကိုယ်တိုင်ခံစားရဖူးလှလေပြီ။ လောက၌ပညာရှိအပေါင်းလည်း အကြောင်း ၈-ပါးကြောင့် ဖြစ်သည်ဟူသောစကားကို အမှန်သမုတ်ကြပေ၏။ ထိုသို့ဖြစ်ပါလျက် အချို့သောသူတို့သည် ဝေဒနာဟူသမျှသည် ရှေးကံကြောင့်သာ ဖြစ်သည်ဟု ယူကြကုန်၏။ ထိုသူတို့သည် ငါဘုရား၏ဉာဏ်ကိုလည်း ကျူးလွန်ကုန်သည်။

မိခင်ရောဝတီ

http://www.dhammadownload.com



အမှန်ဟူ၍ သမုတ်အပ်သော လောကသမ္မုတိကိုလည်း ကျူးလွန်ကုန်သည်။ ထို့ကြောင့် ထိုသူတို့အယူစကားကို အမှားဖြစ်သည်ဟု- ငါဘုရား ဟောပေသည် ဟူလိုသည်။

## ကံ ဉာဏ် ဝီရိယ

ဤအရာ၌ နေရာကျ မှတ်ပုံကို ဆိုပေအံ့။ ။ နတ်ပြည် ၆-ထပ်, ဗြဟ္မာ ၂၀, အပါယ် ၄-ဘုံ, ဤဘုံ ၃၁-တို့၌ကား ပဋိသန္ဓေ အခါ၌ အကောင်အထည် ဖြစ်ရန်အမှု, ပဝတ္တိအခါ၌ ချမ်းသာဆင်းရဲ မှုများမှာ ကံသည်သာ ပြဋ္ဌာန်းသည်။ ဉာဏ်ဝီရိယ မပြဋ္ဌာန်း၊ ဉာဏ် ဝီရိယ ကူလိုလျှင် ကံပြု၍ ကူရမည်။ သိကြားမင်းသည် အရှင်မဟာ ကဿပအား ဆွမ်းလှူ၍ ကူသည်။ ပရဒတ္တုပဇီဝိပြိတ္တာမျိုး ဖြစ်ပေမူ၊ ဤဘဝဆွေမျိုးတို့က ပေးဝေသော ကုသိုလ်အဖို့ကို သာဓုခေါ်သော ကံသစ်ပြု၍ ကူရသည်။

စတုမဟာရာဇ်တွင် ပါဝင်သော ရှေးဘုန်း ရှေးကံနည်းလှသော ဝိနိပါတိက အသုရာခေါ်သော အစိမ်း, သူရဲ, တစ္ဆေ, မှင်စာစသောသူ၊ ရေတိရစ္ဆာန်, ကုန်းတိရစ္ဆာန် ဖြစ်သောသူတို့သည်ကား လုံ့လ ဝီရိယ မချရ။ လုံ့လ ဝီရိယနှင့် အားထုတ်နိုင်ပါမှ ခန္ဓာကိုယ်မျှတရန် ဖြစ်လာ သည်။ သို့သော်လည်း ဉာဏ်၏အစွမ်း, ဝီရိယ၏အစွမ်းမည်သည် ဆုံးခန်းမရှိ တွင်ကျယ်လာသည်သာ ဖြစ်ပေသောကြောင့် အထက်အထက် သော နတ်, ဗြဟ္မာတို့မှာလည်း ဖြစ်ထိုက်သော ဉာဏ်, ဝီရိယတို့နှင့် ကူပံ့ပါလျှင် ဖြစ်ထိုက်သော အကျိုးတိုးပွား စည်ပင်ရာပါ၏။

ခန္တီနှင့် ဉာဏ်ဝီရိယအရာမှာ သိကြားမင်းသည် လူလွန်ပေတည်း။ နောင်ဘဝ၌ ဆက်လက်ရန် ကံသစ်ထူထောင်မှု ဉာဏ်ဝီရိယမျိုး၊ မင်

http://www.dhammadownload.com



ဖိုလ်ရရန် ကံပါရမီ ဝသီဝါသနာ ဘာဝနာမှု အရပ်ရပ် လိမ်မာမှုဉာဏ် ဝီရိယမျိုးများမှုကား သတ္တဝါမှလျှင် ဘယ်အခါမှ လွတ်ကောင်းသော အခွင့်မရှိ။

လူ့ဘုံ၌ကား ပဋိသန္ဓေအခါ အယုတ်၊ အလတ်၊ အမြတ် ဖြစ်ကြရသည်မှာ ရှေးကံတစ်ခုသာတည်း။ ရှေးကံအားကောင်းလျှင် ကောင်းလိုက်၊ မင်းမျိုး, သူဌေးမျိုးမှာ ဖြစ်ရသည်။ ရှေးကံ အားနည်းလျှင် နည်းလိုက်၊ ဆင်းရဲမျိုးမှာ ဖြစ်ရသည်။ ပဋိသန္ဓေအခါ အယုတ်, အလတ်, အမြတ် ဖြစ်ဖို့မှာ ဉာဏ်ဝီရိယ မဝင်သာ။ ရှေးကံချ၍ ဖြစ်ရပြီးနောက် ဖြစ်မိဖြစ်ရာ အမျိုးဇာတိအားလျော်စွာ ရပြီးသော စည်းစိမ်ချမ်းသာကို စောင့်ရှောက်မှု, တိုးပွားစေမှု, မရသေးသော စည်းစိမ်ချမ်းသာကို ရအောင်ပြုမှု, အသက်ရှည်ဖို့ လိမ်မာရာသော အမှု, အနာကင်းဖို့ လိမ်မာရာသော အမှုများမှာမူကား ဉာဏ်ဝီရိယသာ ပဓာနပေတည်း။ လောကတိသ ရဟန်းတို့ကဲ့သို့ အလွန်အားကြီးလှသော ဥပပီဠက အကုသိုလ်ကံထူး ရှိသော သူတို့၌သာလျှင် လောကီချမ်းသာ အတွက်နှင့် ဉာဏ်ဝီရိယ မကယ်နိုင် ရှိလေသည်။

## ဉာဏ်ဝီရိယ ၃-မျိုး

ထိုဉာဏ် ဝီရိယသည်လည်း -

၁။ ဝဋ္ဋနိဿိတဉာဏ် ဝီရိယ,

၂။ ဝိဝဋ္ဋနိဿိတဉာဏ် ဝီရိယ,

၃။ ဥဘယနိဿိတဉာဏ် ဝီရိယ, ဟူ၍ ၃-ပါး ရှိလေသည်။

ထို ၃-ပါးတို့တွင် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကြီး မြင့်စည်ပင်ရန် အကျိုးငှါသာလျှင် ဖြစ်ပွားစေအပ်သော ဉာဏ်ဝီရိယသည်

http://www.dhammadownload.com



ဝဋ္ဋနိဿိတဉာဏ် ဝီရိယ မည်၏။

ထို ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့ကို ဖျက်ဆီးရန် အကျိုးငှါသာလျှင် ဖြစ်ပွားစေအပ်သော ဉာဏ်ဝီရိယသည် ဝိဝဋ္ဋနိဿိတဉာဏ် ဝီရိယ မည်၏။

၂-ဖက်ကိုပင်ငဲ့၍ ဤအမှုကြောင့် နိဗ္ဗာန်ကို ရပါလို၏။ မရသေးမီလည်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိနှင့် ပြည့်စုံပါလို၏ဟု ပြုအပ်သော ဉာဏ်ဝီရိယသည် ဥဘယနိဿိတဉာဏ် ဝီရိယ မည်၏။

ထို ၃-ပါးတို့တွင် ဝဋ္ဋနိဿိတဉာဏ် ဝီရိယ တစ်ဖက်သာ ကြီးကျယ်စွာသော လူမျိုးတို့သည် လောကီသမ္ပတ္တိကို အကြီးအကျယ် ဖြစ်ထွန်းအောင် ကြံနိုင်ကုန်၏။

ဝိဝဋ္ဋနိဿိတဉာဏ် ဝီရိယ တစ်ဖက်သာ ရှိကြကုန်သော လူမျိုးတို့သည် ရှိပြီးသော လောကီသမ္ပတ္တိကိုပင် တံတွေးပေါက်ကဲ့သို့ စွန့်နိုင်ကြ၍ ဝဋ်မှထမြောက်တည့်ရန် အခွင့်ကိုသာ ရှာကြကုန်၏။ ထို့ကြောင့် ထိုဝိဝဋ္ဋနိဿိတ ဉာဏ်ဝီရိယတစ်ဖက်သာ ရှိကုန်သော လူမျိုးတို့၏ လက်ရှိလောကီစည်းစိမ် ချမ်းသာများသည်လည်းကောင်း, ရှေးရှေးသော ဘဝတို့က ပြုခဲ့သော ကုသိုလ်ကံဟောင်းများသည်လည်းကောင်း, ယခုဘဝဖြစ်သော ကံသစ်များသည်လည်းကောင်း, မီးစာအမှိုက်ပုံတွေနှင့်သာ တူကုန်၏။ ထိုသူတို့၏ ဉာဏ် ဝီရိယများသည် ထိုအမှိုက်ပုံတွေအတွင်း၌ ကျသော မီးထုပ်တွေနှင့် တူကုန်၏။

**အတ္ထိကမ္မံ အကဏှံ၊ အသုက္ကံ၊ အကဏှအသုက္က ဝိပါကံ။**

**ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။**

**(စတုက္ကအင်္ဂုတ္တိုရ် ပါဠိတော်။)**

http://www.dhammadownload.com



ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ ၂-ဖက်ရှိကြသော လူမျိုးတို့သည်လည်း မိမိလက်ရှိ စည်းစိမ်ဥစ္စာ အကြံအဖန် ဉာဏ်ဝီရိယတို့ကို ၂-ဖက်မျှ၍ ပြုရကုန်သည်။ [တစ်ချက်။]

ထိုလူမျိုးတို့၌ တစ်ရာတွင် တစ်ယောက်, တစ်ထောင်တွင် တစ်ယောက်ပေါ်ပေါက်လာသော ကံကြီး, ဉာဏ်ကြီး, ဝီရိယကြီးနှင့် ပြည့်စုံသော ဘုန်းရှင်ကံရှင် သမ္ဘာရှင်တို့သည်လည်း ဝိဝဋ္ဋဓမ္မ၏ အရသာကို ကောင်းစွာမြင်နိုင်ကြကုန်သည် ဖြစ်၍ လောကီသမ္ပတ္တိအရာ၌ လျစ်လျူပြုခြင်းသာ များကြကုန်သည်။ [တစ်ချက်။]

ဤသို့သော အကြောင်းကြောင့် ၂-ဖက်မှီသော လူမျိုးတို့သည်လည်း လောကီသမ္ပတ္တိအဖို့မှာ အရှည်မခံ၊ တဖြည်းဖြည်း ဆုတ်ယုတ်မြဲသာတည်း၊ ဇမ္ဗူဒီပါတွင် အထွဋ်အထိပ်ဖြစ်သော မဇ္ဈိမဒေသမှစ၍ ဘုရားသာသနာအားကြီးစွာ ရောက်ခဲ့သော တိုင်းပြည်နိုင်ငံတို့ အစဉ်အတိုင်း ဆုတ်ယုတ်ခေါင်းပါး၍ လာသည်ကို မျှော်လေ။

ရှေးကံဟောင်းမှာမူကား ဉာဏ်ဝီရိယကောင်းလျှင် ကောင်းလိုက်အခွင့်သာပေသည်။ ဉာဏ်ဝီရိယမကောင်းလျှင် မကောင်းလိုက် အခွင့်ဝုပ်လေသည်။ ဉာဏ်ဝီရိယနှင့်ကင်း၍ ချော်လျှင် ချွတ်ချွတ် လွဲလွဲလမ်းလွှဲလမ်းမှာ လိုက်စားပြန်လျှင်လည်း ဗာရာဏသီ မဟာဓနသူဋ္ဌေးသားမှာကဲ့သို့ အားကြီးစွာသော ကံဟောင်းသည်ပင်သော်လည်း ဆုတ်ရသည်။ ယုတ်ရသည်။ ချုပ်ရဆုံးရလေသည်။ ထိုသူဋ္ဌေးသားသည် ယခုဘဝပင် ရဟန္တာဖြစ်နိုင်အောင် ပါရမီဖြည့်ပြီးသော သူပေတည်း။ လောဘကြူးသည့်အတွက်ကြောင့် မဂ်ဖိုလ်ကို မရသည့်အပြင် ရှိသမျှဥစ္စာစုကုန်ဆုံး၍ ခွက်လက်စွဲရသည်။ (ဓမ္မပဒ။)

လောဘကြူးခြင်းကြောင့်လည်း ကံဟောင်းဆုတ်ရ ချုပ်ရသည်။

မိခင်ရောဝတီ

http://www.dhammadownload.com



ဒေါသကြူးခြင်းကြောင့်လည်း ဆုတ်ရချုပ်ရသည်။ မောဟကြူးခြင်းကြောင့်၊ မာနကြူးခြင်းကြောင့် မနောပဒေါသိက နတ်တို့ကဲ့သို့၊ တ္တဿကြူးခြင်းကြောင့်၊ အပျော်ကြူးခြင်းကြောင့်၊ အစားကြူးခြင်းကြောင့်၊ ကစားကြူးခြင်းကြောင့် စိုးမင်းရာဇာနှင့် ဆန့်ကျင်သည်ကို လိုက်စားမိခြင်းကြောင့် သီလဝန်, ဂုဏဝန်များကို ပြစ်မှားကြူးခြင်းကြောင့် လူမှု, တန်းမှု, စွန့်ကြဲမှု၌ သဒ္ဓါကြူးခြင်းကြောင့် ကံဟောင်းဆုတ်ယုတ်သည်။

တိုင်းပြည် ထီးနန်း ဥစ္စာစည်းစိမ်များကို စွန့်လျက် တောထွက်၍ ဆင်းရဲငြိုငြင်ခံကြသော အရာ, အသက်ခန္ဓာအင်္ဂါကြီးငယ်ကို စွန့်ကြသော အရာများသည် သဒ္ဓါကြူး၍ ကံဟောင်းအကျိုး ဆုတ်ယုတ်ရခြင်း, ချုပ်ဆုံးရခြင်းပေတည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အလုံးစုံများကို ရှေးကံကြောင့်သာ ဖြစ်ရသည်ဟု အယူသန်သော သူတို့သည် သဗ္ဗပုဗ္ဗေကတဟေတုဒိဋ္ဌိ၌ သက်ဝင်ကုန်၏။ မိမိ၏ အဇ္ဈတ္တဓာတ်တို့နှင့် မသင့်သော အရပ်ဒေသ, ဥတု, သမယ, အာဟာရ, ပယောဂတို့ကို လောဘအတွက်နှင့်လည်းကောင်း၊ သဒ္ဓါဝီရိယအတွက်နှင့် မရှောင်လေပဲ မှီဝဲဆိုက်တိုက်ရသည် ဖြစ်၍ လေဓာတ်ပျက်သဖြင့် ဖျားခြင်း, နာခြင်း, သေဆုံးခြင်း၊ သည်းခြေဓာတ်ပျက်သဖြင့် ဖျားခြင်း, နာခြင်း, သေဆုံးခြင်း၊ သလိပ်ဓာတ်ပျက်သဖြင့် ဖျားခြင်း, နာခြင်း, သေဆုံးခြင်း၊ ၃-ပါးစုံပျက်သဖြင့် ဖျားခြင်း, နာခြင်း, သေဆုံးခြင်း၊ အမျှော်အမြင် အဆင်အခြင်ကင်းသဖြင့် မလိုက်တန်သောလမ်း, မသွားတန်သော အရပ်ဒေသ, မသွားတန်သော အခါကာလ, မပြုတန်သော အမှုများကို စိတ်ထင်တိုင်းပြုမိ၍ ဖျားခြင်း, နာခြင်း, သေဆုံးခြင်းဟသော အရာများသည်လည်း ရှေးကံဟောင်းကောင်းပါလျက် ပုဂ္ဂိုလ်မလိမ်မာတွက်နှင့် ကံမခံနိုင်၍ ဆုတ်ယုတ်

http://www.dhammadownload.com



ဆုံးပါးရလေသည်။

ထိုစကားမှန်၏။ သတ္တဝါ၏ ကိုယ်မှာ ကမ္မဇတစ်ခု, စိတ္တဇ တစ်ခု, ဥတုဇတစ်ခု, အာဟာရတစ်ခုဟူ၍ ရုပ် ၄-မျိုးရှိပေသည်။ ထို ၄-မျိုးတွင် ရှေးကံကြောင့်ဖြစ်သော ရုပ်သည် တစ်စုမျှသာ ပါသည်။ ယခုတွေ့ရှိသော စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့သာ များကုန်သည်။ ကံကြောင့်ဖြစ်သော ရုပ်သည် ကိုယ်တွင်မှီတွယ်၍ ထို ရုပ်တို့နှင့် ဖြစ်အတူ ပျက်အတူ ဖြစ်ရကုန်သည်။

ထိုရုပ်တို့တွင်လည်း ဥတုဇရုပ်စုမှာ အဇ္ဈတ္တ ဗဟိဒ္ဓဓာတ်မီး ညီညွတ်လျှင် ညီညွတ်ရသည်။ လှုပ်ရှားလျှင် လှုပ်ရှားရသည်။ ပျက်ပြား လျှင် ပျက်ပြားရသည်။ ရှေးကံဟောင်းနှင့် မစပ်ကြ။ အာဟာရဇရုပ်စု သည်လည်း အာဟာရဓာတ်ဆီ နှစ်ပါး လှုပ်ရှားပျက်ပြားလျှင် လှုပ်ရ ပျက်ရတော့သည်။ ကံဟောင်းနှင့် မစပ်ကြ။ စိတ္တဇရုပ်စုမှာလည်း စိတ်ကောင်းလျှင် ကောင်းရတော့သည်။ စိတ်မကောင်းလျှင် မကောင်းရ။ ကံဟောင်းနှင့်ပင် မစပ်ကြ။ ဤသို့လျှင် တစ်ကိုယ်လုံးကို ၄-ဖို့ဖို့သော် တစ်ဖို့သည်သာ ကံနှင့်ဆိုင်သည်။ ၃-ဖို့မှုကား ကံနှင့်မဆိုင်။ ကံနှင့် ဆိုင်သော တစ်ဖို့သည်လည်း ကံနှင့် မဆိုင်သော ၃-ဖို့ကို မှီတွယ်ရသည်။

ထို့ကြောင့် စိတ်, ဥတု, အာဟာရတို့ ဖောက်ပြန်၍ စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် ပျက်ပြားခဲ့လျှင် ကံသည်လည်း အကျိုးပေး ရန် ညီညွတ်သော ဌာနမရှိ၍ ယုတ်သိမ်းကွယ်ပရလေတော့သည်။ ဤကား မိမိ၏ ကံဟောင်းသည် မကုန်လိုသေးသော်လည်း မိမိပြုသော ဝိပတ္တိဒဏ်, ယခုဘဝတွင် တွေ့ရှိသော ဝိပတ္တိဒဏ်များကို မခံနိုင်၍ ကုန်ရသည်ကိုဆိုသော စကားရပ်တည်း။

http://www.dhammadownload.com



မိမိ၏ ရှေးကံဟောင်းသည် ကောင်းချင်ပါလျက် တစ်ရွာလုံး အတွက်, တစ်မြို့လုံးအတွက်, တစ်တိုင်းလုံးအတွက်, တစ်ပြည်လုံး အတွက်ကြောင့် မိုးကြီးခေါင်၍, ရေကြီးကြီး၍, လေကြီးလာ၍, မီးကြီး လောင်၍, မင်းဘေးကြီးသင့်၍, ကပ်ဥပဒ်ဘေးကြီးတိုက်၍ ရှောင်ခွင့် မသာ ပါရသည်များမှာလည်း အများအတွက်နှင့် ဖြစ်လာသော ဥပဒ်ဒဏ် ကို မိမိကံတစ်ခုအားနှင့် မခံနိုင်၍ ပါရလေသည်။

လူ့ဘုံ၌ ပဋိသန္ဓေမှ နောက်ပဝတ္တိအခါတွင် ကွက်ခြား၍ ဆိုခဲ့သမျှ အလုံးစုံသော အသက်ခန္ဓာ ဥစ္စာပစ္စည်း ပျက်ပြားဆုံးရှုံးရသော အမှု, ကံဟောင်းသည် မကုန်ချင်ပါသေးပဲနှင့် ယုတ်သိမ်းချုပ်ငြိမ်း ရသော အမှုခပ်သိမ်းသည် အခါကိုမလွန်မီ အခွင့်ကို မလွန်မီ မျှော်ခေါ်တင်ကူး၍ ရှောင်မှုရှားမှု စောင့်စည်း ထိန်းသိမ်းမှု ပြုစုကုစားမှုတို့၌ လုံလောက်အောင် ဖြစ်လာသော ဉာဏ်ဝီရိယတို့နှင့် ငြားခဲ့လျှင် အကုန်လွတ်ငြိမ်းရ၏။ ဤဉာဏ်ဝီရိယကို ပယောဂသမ္ပတ္တိ ဆိုပေသတည်း။ ဤဉာဏ် ဝီရိယသည် တစ်ယောက်အားကိုသာ ဆောင်နိုင်သည်လည်း ရှိသည်။ တစ်ကျိပ်အားကို, တစ်ရာအားကို, တစ်ထောင်အားကို, တစ်ရွာအားကို, တစ်မြို့အားကို, တစ်နိုင်ငံအားကို ဆောင်နိုင်သည်လည်း ရှိသည်။

ဒုန္နဘိဇာတ်၌ ဘုရားလောင်း ခြင်္သေ့မင်း၏ ဉာဏ်ဝီရိယသည် ဟိမဝန္တာ တောသုံးထောင်ရှိသော အသချေ်မကသော သတ္တဝါတို့၏ အကျိုးကို ဆောင်ပေသည်။ ထို့အတူ တစ်ယောက်၏ ဉာဏ်ဝီရိယသည် အင်အားရှိသလောက် အကျိုးကို ဖြစ်ထွန်းစေနိုင်သည်။ ထိုထက် နှစ်ယောက် ညီညာသော ဉာဏ်ဝီရိယသည် အားများစွာ ပါလေသည်။ ထို့ထက် ၃-ယောက် ညီညာသော ဉာဏ်ဝီရိယ, ထို့ထက် ၄-ယောက်, ထို့ထက် ၅-ယောက်, တစ်ကျိပ်, တစ်ရာ, တစ်ယောက်စသည်ဖြင့်

http://www.dhammadownload.com



အများညီညွတ်သော ဉာဏ်ဝီရိယသည် တိုင်းကိုကြံနိုင်သည်။ ပြည်ကို ကြံနိုင်သည်။ ဤကဲ့သို့သော အရာများမှာ ကံသည် ပမာဏမဟုတ်။ အများညီညွတ်သော ဉာဏ်ဝီရိယသည် ပဓာနပင်တည်း။

ဤစကားရပ် အလုံးစုံကိုလည်း ခပ်သိမ်းသော လူတို့နှင့် ဆက်ဆံသော အမှုသွားကို ပဓာနပြု၍ ဆိုပေသည်။ အကုသိုလ်အရာ၌ အလွန်ထက်အလွန် အားကြီးသော ကံရှိသော သူတို့ကိုလည်းကောင်း၊ ကုသိုလ်အရာ၌ အလွန်ထက်အလွန် အားကြီးသော ကံရှိသော သူတို့ကို လည်းကောင်း၊ ဤကဲ့သို့ တစ်ထောင်တွင်တစ်ယောက်၊ တစ်သောင်းတွင် တစ်ယောက်ဖြစ်သော သူများကိုမူကား ချန်ခဲ့ပေသည်။

## စောဒနာပြုဆိုချက်

ဤသို့လျှင် ရုပ်ကလာပ်တို့၏ တိုးပွားခြင်း, ဆုတ်ယုတ်ခြင်း တို့နှင့် စပ်လျဉ်းသည်ဖြစ်၍လည်းကောင်း၊

ဤလောက၌ သဗ္ဗပုဗ္ဗေကတဟေတုဒိဋ္ဌိ၌ သက်ဝင်သောသူ အများရှိနေကြသည်ကို တွေ့မြင်ရသည်ဖြစ်၍လည်းကောင်း၊

လူမျိုးတစ်ပါးတို့နှင့် ဘာသာစကားပြောဆိုကြရာ ဉာဏ်ဝီရိယ ကို လွှတ်ထား၍ ကံတစ်ခုတည်းနှင့် ပြောကြသဖြင့် မိမိဘာသာဖက်၌ လူမျိုးတစ်ပါး စိတ်သဘောကြေလည်အောင် မပြောနိုင်ပဲ၊ စောင်းမိ စောင်းရာ စိတ်ပါမာန်အိုက်နှင့်သာ ပြီးကြသည်များကို မျှော်မိပါသည် ဖြစ်၍လည်းကောင်း၊

ကံတစ်ခုကိုသာ သန်သန်ယူသော လူမျိုးများသည် ဉာဏ်ဝီရိယမှု တို့၌ တင်းတင်းကြပ်ကြပ် မပြုကြသဖြင့် စည်းစိမ်ချမ်းဝသာတို့မှ ဆုတ်ယုတ်စွန့်ပါးသည်ကို မြင်ရသည်ဖြစ်၍လည်းကောင်း၊

http://www.dhammadownload.com



အာယုကပ်ဟု ဆိုအပ်သော အသက်တမ်းတို့၏ ဆုတ်ယုတ်ပုံများကို တရားကိုယ်ရင်းနှင့်တကွ ခြားခြားနားနား မြင်ခဲ့ပေလျှင် လူ့ရွာ၌ အသက်တိုမှု, ရှည်မှုများမှာ ကံဟောင်းသည် ပမာဏ မဟုတ်လွန်း၊ အကြောင်းတစ်ပါး များစွာပင်ရှိပေသည်ဟု သဘောပေါက်၍-

**"မနုဿတ္တ ဒုလ္လဘဝယ်၊ အရတော်လှ ဤဘဝကို၊ ကမ္မဿကာ မဟူသာ တည်း၊ ပညာဝီရိယ ထိန်းကျောင်းမှသာ၊ သင့်မြတ်ရာသည်"**-ဟု နေရာကျသိမှတ်ကြစေ လိုသည်ဖြစ်၍ လည်းကောင်း ကမ္မာဦးမှစ၍ အာယုကပ် ဆုတ်ယုတ်ပုံနှင့်တကွ ရုပ်ကလာပ်တို့၏ အတိုးအဆုတ်များ ကို ဆိုထိုက်ပေသည်။ ။ ဆိုသော မူလပဏ္ဏာသပါဠိတော်၌ -

**ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ။ ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒါ ဘဝိဿန္တိ-**

ဟု ချီ၍ အကျယ်အပြော ဟောတော်မူသော သုဘသုတ်၊ ဥပရိပဏ္ဏာသတွင် ဟောတော်မူသော စူဠကမ္မဝိဘင်္ဂသုတ်၊ မဟာကမ္မဝိဘင်္ဂသုတ်၊ သုတ္တ နိပါတ်တွင် ဟောတော်မူသော ဝါသေဋ္ဌသုတ်၊ ထိုထို သုတ္တန်အရပ်ရပ်တို့၌ သုစရိုက်ကံ၏ အကျိုး, ဒုစရိုက်ကံ၏ အကျိုး, ဒါန၏အကျိုး, သီလဘာဝနာစသည်တို့၏ အကျိုး, အဘိဓမ္မာ ဓမ္မဟာဒယဝိဘင်း ပါဠိတော် စသည်များကို အဘယ်သို့ ဆိုမည်နည်း။

လောကဓာတ်သုံးရပ်မှာ ကံသာအမွန် ကံသာအချုပ် မဟုတ်ပါလောဟူမူ-

၃၁-ဘုံတွင် ပဋိသန္ဓေအားဖြင့် အယုတ်, အလတ်, အမြတ် ဖြစ်ကြရာ၌ ကံသာအမွန်, ကံသာအချုပ် ဖြစ်သည်။ လူ့ဘုံကို ထား၍ ဘုံ ၃၀-တို့၌ ပဋိသန္ဓေ, ပဝတ္တိနှစ်ပါးတို့၌ပင် ယေဘုယျအားဖြင့်

http://www.dhammadownload.com



ကံသည်သာ အမွန်ဖြစ်သည်။ လူ့ဘုံသည်မူကား ကံဘုံ, ဉာဏ်ဘုံ, ဝီရိယဘုံ ဖြစ်ပေသည်။ သုစရိုက်မှု, ဒုစရိုက်မှု အလွန်ထွန်းကားသော ဘုံ ဖြစ်ပေသည်။

ဘုရားပစ္စေကဗုဒ္ဓါ, အရိယာသာဝက ဘဝပါရဂူ အဖြစ်ကိုလည်း ကံဘုံ, ဉာဏ်ဘုံ, ဝီရိယဘုံ သုံးပါးစုံသော လူ့ဘုံ၌ လုပ်မှဖြစ်နိုင်သည်။ ကံဘုံစု၌ တည်၍ ဖြစ်အောင် မလုပ်နိုင်။ လူ့ဘုံ၌ တည်၍ ဉာဏ်ဝီရိယဖြင့် လုပ်ပေမူကား၊ သဗ္ဗညုတဉာဏ်သော်လည်း မလွတ်နိုင်။ လူဖြစ်ဖို့ကံ, နတ်ဖြစ်ဖို့ကံ, ဗြဟ္မာဖြစ်ဖို့ကံများမှာ ဆိုဖွယ်မရှိ။ အချို့ကား တရားကို ကျင့်မှ တရားဖြစ်သည်။ နောက်နောက် ဘုရားဖြစ်လိုသော် ရှေးရှေးဘုရား ထားခဲ့သော တရားကို ကျင့်ရသည်ဟု ပြောကြသည်။

ခရစ်ယာန်ဆရာတို့ကား အစဆုံးဘုရားမှာ ဘယ်သူထားသော တရားကို ကျင့်ရာမည်နည်း။ ထို့ကြောင့် အစအဆုံး မရှိသော ထာဝရ ဘုရားတစ်ဆူသာ ရှိသည်ဟူသော အယူသည်သာ သင့်သည်ဟု ကြံကုန်၏။

ဤစကားမှာ ကမ္ဘာလည်း အစမရှိ။ ဘုရားလည်း အစမရှိ။ ထို့ကြောင့် အစအဆုံး ဘုရားဟူ၍ပင် မရှိလေ။ သို့သော်လည်း နောက်နောက် ဘုရားဖြစ်လိုသော သူတို့သည် ရှေးရှေးဘုရားထားခဲ့သော တရားကို ကျင့်ကြသည်ပင် မဟုတ်ကုန်။ ဉာဏ်ဝီရိယတရားသည် အစမရှိသော အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှ မဆိတ်ပေ။ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကဖြစ်ဖို့ တရားမှာလည်း ဉာဏ်ရှိလျှင် ရှိတော့သည်။ ဉာဏ်သည်သာလိုရင်း။ ရှေးရှေးဘုရားကို မှီဖွယ် ကိစ္စမရှိ။

ထို့ကြောင့် ဉာဏ်ဝီရိယကို ဝါသနာနှင့်တကွ တစ်ဘဝထက် တစ်ဘဝ လိုက်စားတိုးပွား၍ သွားသဖြင့် ဘုရားလောင်း, ပစ္စေကဗုဒ္ဓါ လောင်း, သာဝကလောင်း ဖြစ်လောက်အောင် အားရှိသောအခါ

http://www.dhammadownload.com



အလောင်းအလျာ ဖြစ်တော့သည်။

နိယတဗျာဒိတ်ရလောက်အောင် အားအင်ရှိသောအခါ တွေ့ရာဘုရားမှာ နိယတဗျာဒိတ် ရကြသည်။ ငါတို့ဘုရားအလောင်းကို ဗျာဒိတ်ပေးကြကုန်သော ဒီပင်္ကရာစသော မြတ်စွာဘုရားတို့သည် နောင်ဘုရားဖြစ်လတ္တံ့ဟူသော ဗျာဒိတ်ကိုသာ ပေးကြကုန်သည်။ ဘုရားဖြစ်အောင် ဤတရား ဤတရားကို ကျင့်လော့ဟု တစ်ခွန်းမျှ မဟောကြကုန်။ ဟောမူ သိမည့်သူသည်လည်း နိယတဗျာဒိတ် မထိုက်သေး။ မိမိအလိုကို သိနိုင်ကျင့်နိုင်သော ဉာဏ်စွမ်း ဝီရိယစွမ်းရှိပြီးသော သူမှသာ နိယတဗျာဒိတ်ကို ရမြဲတည်း။

ဤအလုံးစုံသော စကားရပ်စုဖြင့် ဉာဏ်ဝီရိယတို့၏ အရာအချက်ကို ထင်လင်းစေခြင်းငှါ ဆိုလိုက်သည်။ ဒေသနာတော် အများလာရှိတိုင်း ကံအရာအချက်များလည်း ထင်ရှားလေတော့သည်။

သက်တမ်းအတိုးအဆုတ် နေရခြင်းအကြောင်း ပြီး၏။

## ၁၀–ခာတ်ဆီ ခာတ်မီးကို မှီ၍ သင်္ခါရဖြစ်ရှုပုံ လေအပြင်

ဤအရာ၌ ခာတ်ဆီ, ခာတ်မီးတို့ကို အမှီပြု၍ သင်္ခါရဓမ္မတို့၌ ထိုးထွင်း၍ သိရာသော အကြောင်းလမ်းများကို ဆိုလိုက်အံ့။ ။

အထက် အောက်အဖို့အားဖြင့် အကန့်ဌာနံမှစ၍ မဟာအဝီစိငရဲကြီး, ထို့အောက် ယူဇနာ တစ်သိန်းနှစ်သောင်း အထုရှိသော သိလာပထဝီကျောက်ဖျာ ကြီး၊ ထို့အောက် ယူဇနာ လေးသိန်းရှစ်သောင်း အထုရှိသော ရေပြင် ကြီး၊ ထို့အောက် ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသော လေပြင်ကြီး။ ဤမျှသော ဩကာသကို ခာတ်ဆီ ခာတ်မီးတို့သည်

http://www.dhammadownload.com



ဖန်ဆင်း တည်ထောင်အပ်၏။ ထိုမှ အောက်အဖို့သည် အနန္တကောင်းကင်နယ်သာ ဖြစ်၏။ ရုပ်ဟူ၍ အဏုမြူမျှ မရှိပြီ။ အကနိဋ္ဌဘုံမှ အထက်အဖို့သည် လည်း အနန္တကောင်းကင်နယ်သာ ဖြစ်၏။ ရုပ်ဟူ၍ အဏုမြူမျှ မရှိပြီ။

ဖိလာအဖို့အားဖြင့် အောက်လေအပြင်, ရေအပြင်တို့သည် အနန္တစကြဝဠာ တစ်ပြင်တည်းသာ ဖြစ်ကုန်၏။ သိလာ ပထဝီခေါ်သော ကျောက်ဖျာအပြင်လည်လည်း စကြဝဠာ သုံးခုဆိုင်မိရာ၌ ယူဇနာ ရှစ်ထောင် အပေါက်ရှိ၏။ မြင့်မိုရ်တောင်, သတ္တရဘန်တောင်, စကြဝဠာ တောင်တို့သည်လည်း ထိုသိလာပထဝီ၌ အမြစ်စိုက်ကုန်သည်။ ထို တောင်တို့သည်လည်း အောက်၌ ပံသုပထဝီ အခြားမရှိပြီ။

မြင့်မိုရ်တောင်သည် ရေထဲ၌ ရှစ်သောင်းလေးထောင် မြှုပ်သည် စကားမှာ အောက်မြေမှ ပေါ်ရာ သမုဒ္ဒရာစောက်နှင့်တိုင်း၍ ဟောသော စကားသာဟု ယူရမည်။

သိလာပထဝီခေါ်သော ကျောက်ဖျာအပြင်မှ ပေါ်တက်သည်ကို ဆိုမူကား မြင့်မိုရ်တောင်သည် ရေထဲ, မြေထဲသို့ မြုပ်သည်ကား ပံသု ပထဝီအထု ယူဇနာနှင့်အမျှ တစ်သိန်းနှစ်သောင်း မြုပ်သည်ဟု ဆိုရ ပေမည်။ သမုဒ္ဒရာသည် အောက်မြေပြင်ပေါ်၌ တည်၍ထားသကဲ့သို့ ဖြစ်သည်မဟုတ်။ အသုရာပြည်တည်ရာ အရပ်မူကား အထူးဖြစ်သော ဩကာသပေတည်း၊

ပံသုပထဝီမှာမူကား ကျောက်ခွက်အများ၌ အသီးအသီး ထည့်၍ ထားသော မြေညက်ကဲ့သို့ စကြဝဠာတစ်ခုစာအတွင်း၌သာ အသီးအသီး တည်ကြလေသည်။ စကြဝဠာတစ်ပါးနှင့်တစ်ပါး ပံသုပထဝီချင်း မစပ် ကြ။ ဆိုအပ်ခဲ့ပြီးသော စကြဝဠာအနန္တပင် တစ်ပြင်တည်းဖြစ်၍

http://www.dhammadownload.com



ဆောင်ပေသော လေအပြင်သည်လည်း ဓာတ်ဆီ, ဓာတ်မီးတို့ ဖန်ဆင်းတည်ထောင်ပေ၍ ယနေ့ထက်ထိ ဖြစ်ထွန်းကာ နေပေသည်။

ပဌာန်း၌ ဗဟိဒ္ဓဓာတ်ဆီသည် ဗဟိဒ္ဓဝတ္ထုဌြ ကျေးဇူးပြုကြောင်းကို မဟောပါသော်လည်း ဗဟိဒ္ဓဝတ္ထုတို့၌ အဆီအင်အား ကောင်းလျှင်ခိုင်ခံ့အားရှိသည်များကို မြင်ကြရသောကြောင့် ဗဟိဒ္ဓဓာတ်ဆီသည် လေ, ရေ, မြေစသော ဗဟိဒ္ဓဝတ္ထုတို့၌လည်း သုတ္တန်ဥပနိဿယနည်းအားဖြင့် ဓာတ်မီး၏ အားကြီးစွာသော အထောက်အပံ့ အဖော်အပဲ့ကြီးတစ်ခု ဖြစ်ကြောင်းကို သိရလေတော့သည်။

လောက၌ ဥဏှာတေဇောလွန်သော မီးကျိုးမှ အဆင့်ဆင့် ဖြစ်ပွားသော မီးတောက်ကို မီးတောက်ဟု ခေါ်ဝေါ်သည်။ ထိုမီးတောက်သည် အဆင့်ဆင့် မီးပွား၍ သွားသည်နှင့် အတူတူပင်။ ထိုလေအပြင်ကြီးသည်လည်း ဓာတ်မီးအပြင်ကြီးပင်ဖြစ်၍ အဆင့်ဆင့် မီးပွား၍နေသော မီးသားမီးမြေး မီးစုမီးခဲပင်တည်း။

မီးစာပင် ကောင်းသော်လည်း နမ်းဆီ, ရေနံဆီစသော အဆီရှိမှ မီးသည် အရှည်တည်နိုင်ပွားများနိုင်သကဲ့သို့၊ ထိုလေပြင်၌ ကလာပ်တိုင်းပါသော ဩဇာဟူသော ဓာယ်ဆီကြောင့်သာ ဓာတ်မီးသည်လည်း အရှည်တည်နိုင်ပွားများ နိုင်လေသတည်း၊

ထိုလေပြင်ကြီး၌ လေဓာတ်သည် ဓာတ်လွန်ဓာတ်ပေါ် ဖြစ်၏။ မီးဓာတ်သည် မပေါ်လွန်း, မငုပ်လွန်းသော မဇ္ဈတ္တဓာတ် ဖြစ်၏။ မြေဓာတ်, ရေဓာတ်များသည် ငုပ်ဓာတ်စုသာ ဖြစ်၏။ မြေဓာတ်သည် သဟဇာတ်တို့၏ တည်ရာကိစ္စမျှသာ ရှိ၏။ ရေဓာတ်သည် သဟဇာတ်ဓာတ်တို့၏ အဖွဲ့အစည်း ကိစ္စမျှသာ ရှိ၏။ မြေဓာတ်ကို ဉာဏ်ဖြင့် နုတ်ယူ၍ကြည့်လျှင် ထိုလေပြင်ကြီးသည် မီးတောက်သေကဲ့သို့ ချုပ်ပျောက်ခွင့်

http://www.dhammadownload.com



ထင်မည်။ ရေဓာတ်ကိုလည်း ထို့အတူ ဉာဏ်ဖြင့် နုတ်၍ရှု၊ ဤကဲ့သို့ ချည်း အရာအတိုင်းမှာပင် ပစ္စည်းကိုနုတ်၍ ကြည့်တတ်မှ တုစ္ဆသဘော, သုညသဘော ပေါ်လေသည်။

မီးစက်တို့ဖြင့် လှုပ်ရှားသွားလာ၍နေသော စက်ရုံကြီး, စက်သင်္ဘောကြီး, မီးရထားကြီးများကို မြင်ကြလေရာ အသက်ရှိသကဲ့သို့ ထင်မြင်ရသည်။ အချက်အလက်တို့ကို နေရာကျသိ၍ ဉာဏ်ဖြင့် နုတ်ကာ နုတ်ကာ ကြည့်ရှုပါလျှင် လှုပ်လှုပ်မြင်သမျှ အားလုံးသည် တုံးလုံးပုံလျက် သက်သက်အသေ ထင်မြင်ပေသည်။ ယင်းသို့ ထင်သည်ကို တုစ္ဆသုည ခေါ်သည်။

ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းများနှင့် ပစ္စည်းအမျိုးမျိုးတို့ကို ဟောတော်မူသည်မှာလည်း ပစ္စည်းအပြားကို သိစေလို၍ ဟောတော်မူရင်းပင် မဟုတ်။ ပစ္စည်းတရားကို နေရာကျသိ၍ နုတ်ကာနုတ်ကာ ရှုတတ်ပါမှ လောကဓာတ်အားလုံး၏ တုစ္ဆသဘော, သုညသဘောကို သိနိုင်မည်ဟု နှလုံးပြု၍ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆသုည အဖြစ်ကို သိစေလို၍သာ ဟောတော်မူရင်း ဖြစ်ပေသည်။ ဤကဲ့သို့သော သဘောကို မသိကြကုန်သော သူတို့သည် ပဋ္ဌာန်း ၂၄–ကျမ်းကို အသက်ထက်ဆုံး နှုတ်ဝယ်ငုံသော်လည်း ဤသတ္တလောက, သင်္ခါရလောက, ဩကာသလောက၏ တုစ္ဆအဖြစ်, သုညအဖြစ်, နိဿတ္တ, နိဇ္ဇီဝ, အနတ္တအသာရအဖြစ်များကို မရိပ်မိကြလေကုန်။

လေဓာတ်သည် သဟဇာတ်ဓာတ်တို့၏ အားခွန်ဗလပေတည်း။ ထို့ကြောင့် လေဓာတ်ကို နုတ်၍ရှုလျှင် လေအပြင်ကြီး ခဏခြင်း ကွယ်ရာ၌ ဆိုဖွယ်မရှိ။ မီးဓာတ်မှာမူကား သူမွေးဖွားမှ ဖြစ်ပွားရလေသော လေအပြင်ကြီး ဖြစ်ပေ၍ သူ့ကိုနုတ်၍ လေအပြင်မရှိပြီ။ ဩဇာဟူသော

http://www.dhammadownload.com



ခေတ်ဆီကို နုတ်၍ ရှုလျှင်လည်း ခေတ်မီးသေပျောက်သည်ကို မြင်လတ္တံ့။

ဤသည်ကား အထုအားဖြင့် ယူဇနာ ကိုးသိန်းခြောက်သောင်း၊ ဗီလာအားဖြင့် စကြဝဠာအနန္တ တစ်ပြင်တည်း ဖြစ်ပွားတည်နေသော လေပြင်ကြီး၌ ရိတ္တသဘော၊ တုစ္ဆသဘော၊ သုညသဘောတို့ကို အလင်းထင်ရှားအောင် ရှုနည်းပေတည်း။

အနိစ္စလက္ခဏာကို သန္တတိ ဖုံးလွှမ်းသည်။ သန္တတိကို ခွာ၍ရှုမှ အနိစ္စလက္ခဏာ ပေါ်သည်။ ဒုက္ခလက္ခဏာကို ဣရိယာပထ ဖုံးလွှမ်းသည်။ ဣရိယာပထကို ဖွင့်လှစ်၍ ကြည့်တတ်မှ ဒုက္ခလက္ခဏာ ပေါ်သည်။ အနတ္တလက္ခဏာကို ဃနဖုံးလွှမ်းသည်။ ဃနကို ဖွင့်လှစ်၍ ကြည့်တတ်မှ အနတ္တလက္ခဏာ ပေါ်သည်ဟု- လာသော (သမ္မော၊ ဝိသုဒ္ဓိမဂ်) တို့ကို မှီ၍ အနတ္တ၏ ပရိယာယ်ဖြစ်သော တုစ္ဆ၊ သုည၊ အသာရကို ပစ္စယသာမဂ္ဂီ ဖုံးလွှမ်းသည်ဖြစ်၍ ပစ္စယသာမဂ္ဂီကို ဉာဏ်ဖြင့် ပေါက်ခွဲမှုတ်လွှင့်၍ တုစ္ဆသဘောကို ရှုပုံနည်း အမြွက်ပေတည်း။

## အ ဖိအနှိုး ရှုနည်းအမြွက်

ငုပ်ခေတ်ကိုဖော်၍ရှုနည်း၊ ပေါ်ခေတ်ကို ငုပ်စေ၍ ရှုနည်းများကို ဆိုပေအံ့။

ဖယောင်းခဲ၌ရှိသော ရေဓာတ်သည် ငုပ်ခေတ်တည်း။ ထိုရေဓာတ်ကို ပေါ်စေလိုသည်ရှိသော် ဖိစီးလွှမ်းမိုး၍နေသော မြေဓာတ်ကို အားအင်ထုတ်၍ ငုပ်လေအောင် မီးဓာတ်တစ်ပါးဖြင့် ကင်၍သိရသည်။ ဤသို့ ရောက်လာရောက်လာသော ထိုမြေဓာတ်သည် မီးဓာတ်ဖိသဖြင့် အဆင့်ဆင့်ငုပ်လေ၍ ရေဓာတ်သည် အဆင့်ဆင့် ပေါ်၍လာ၏။ အရည်ကြည်ဖြစ်၏။ မီးဓာတ်ကို ခွာစေပြန်လျှင် တစ်ဖန် မြေဓာတ်က အားတိုက်

http://www.dhammadownload.com



ဖိစီးပြန်၍ ရေဓာတ်ငုပ်သဖြင့် အခဲဖြစ်ပြန်၏။ [မျက်မြင်]

ချိပ်ခဲ၌ရှိသော မြေဓာတ်ကား ဖယောင်းခဲ၌ရှိသော မြေဓာတ်အားရှိသည်ဖြစ်၍ အတန်အားရှိသော မီးဓာတ်နှင့်ဖိ၍ ဆုတ်ငုပ်သည်။ ရေဓာတ်သည်လည်း အတန်အားရှိသော မီးဓာတ်နှင့် နှိုးမှုထနိုင်သည်။ ခဲ၌ရှိသော မြေဓာတ်, ရေဓာတ်၊ ရွှေငွေ၌ရှိသော မြေဓာတ်, ရေဓာတ်၊ ကြေးနီ၌ရှိသော မြေဓာတ်, ရေဓာတ်၊ သံတွေခဲ၌ရှိသော မြေဓာတ်, ရေဓာတ်တို့ကို ဆုတ်အောင်, ငုပ်အောင် ဖိနည်း။ ထအောင်နှိုးနည်းများကိုလည်း သိလေ။ ဗဟိဒ္ဓက ခိုက်တိုက်သော ပယောဂမှုသည်သာ ပမာဏပေတည်း။

ပယောဂမှုက အားရှိလှလျှင် ဖိ၍ မပိသောဓာတ်, မဆုတ်မငုပ်သောဓာတ်ဟူ၍ မရှိ။ နှိုး၍မနိုးသောဓာတ်, မထသောဓာတ်ဟူ၍ မရှိ။ ဖိသောပယောဂမှု, နိုးသော ပယောဂမှုဟူသည်လည်း ဓာတ်အချင်းချင်းလည်း တိုက်ခိုက်၍ ဖိနိုင်နှိုးနိုင်ပါ၏။ ဂါထာမန္တာန် မန္တရား တန်ခိုး၊ နတ်နဂါး, သိကြား, ဗြဟ္မာတို့ ကမ္မဝိပါကဇ တန်ခိုး၊ ရသေ့ရဟန်းတို့၏ သီလတန်ခိုး၊ သစ္စာတန်ခိုး၊ အဘိညာ တန်ခိုးစသည်တို့တည်း။ မြတ်စွာဘုရားတို့၏ တန်ခိုးဖြင့် နှိုးပေမှုကား မြင့်မိုရ်တောင်ဖြစ်၍ နေသောမြေဓာတ်စုသော်မှလည်း ငုပ်ရမည်။ ရေဓာတ်စုသော်လည်း ထရ– ပေါ်ရမည်။ မြင့်မိုရ်တောင်သည် ရေယဉ်ဖြစ်၍ စီးသွားရမည်။ ဤကား အဘိအနှိုး၌နည်း အမြွက်ပေတည်း။

ဤလေအပြင်ကြီး၌ကား ဘုရားတန်ခိုးဖြင့် လေဓာတ်ကို နှိပ်၍ မြေဓာတ်ကို နှိုးခဲ့လျှင် မြေခဲမြေပြင်ကြီး ဖြစ်ပေမည်။ ရေဓာတ်ကို နှိုးပေလျှင် ရေအယဉ်ကြီးဖြစ်၍ စီးသွားပေမည်။ မီးဓာတ်ကို နှိုးပေလျှင် မီးတောက်အပြင်ကြီးဖြစ်၍ ကွယ်ပေမည်။

မိခင်ရောဝတီ

http://www.dhammadownload.com



ဤကား ၎ပ်ဓာတ်, ဝပ်ဓာတ်တို့ကို မြင်အောင် မရှုနိုင်သော သူတို့အား ထင်ရှားစွာပြ၍ ရှုနိုင်စေခြင်းငှါ ပြလိုက်သော ဓာတ်ဖော်နည်း ပေတည်း။ ဤနည်းသည် အင်္ဂုတ္တိုရ်ပါဠိတော်၌ လာသော အရှင် သာရိပုတ္တရာ ရှုနည်းပေတည်း။ ဤနည်းဖြင့် ဓာတ် ၄-ပါးကို ထင်ရှားစွာ မြင်အောင်ရှုပြီးမှ ရှေး၌ပြအပ်သော သုညတနည်းကို ရှုရသော် အလွန် ထင်ရှားပေလတ္တံ့။

## ရေအပြင်

အထုအားဖြင့် ယူဇနာ လေးသိန်းရှစ်သောင်း၊ အပြန့်အားဖြင့် စကြဝဠာအနန္တ တစ်ပြင်တည်း တည်နေသော ရေအပြင်ကြီး၌ကား ရေဓာတ်သည် ပေါ်ဓာတ်၊ မီးဓာတ်သည် အဇ္ဈတ္တဓာတ်၊ မြေဓာတ်, လေဓာတ်သည် ၎ပ်ဓာတ်၊ ရေသည် လှုပ်ရှားခြင်း ရှိငြားသော်လည်း အပလေတွန်း၍သာ လှုပ်ရသည်။ မိမိ၏သဟဇာတ် ကလာပ်၌ပါသော လေဓာတ်လွန်ကဲ၍ လှုပ်ရသည်မဟုတ်။ ထို့ကြောင့် ထိုရေပြင်မှာ လေဓာတ်ကို အ၎ပ်ဓာတ်ဆိုပေသည်။

နိုင်လောက်သော တန်ခိုးဖြင့် မြေဓာတ်ကို နှိုးလျှင် မြေပြင်, ကျောက်ပြင်ကြီးဖြစ်လာလတ္တံ့။ မီးဓာတ်ကို နှိုးလျှင် မီးတောက်အပြင် ကြီး ဖြစ်၍ ချုပ်လတ္တံ့။ လေဓာတ်ကို နှိုးလျှင် လေပွ၍လွင့်လတ္တံ့။ သဟဇာတ်ပစ္စည်းတို့ကို နုတ်ခွာ၍ကြည့်လျှင် တုစ္ဆသုညအဖြစ် ထင်ရှားလတ္တံ့။

## မြေအပြင်

ထိုအထက် သိလာပထဝီခေါ်သော ကျောက်ဖျာအပြင်၊ ထိုမှ ပေါ်သော မြင့်မိုရ်၊ သတ္တရဘန်၊ စကြဝဠာတောင်စုနှင့်တကွ လူတို့နေရာ

http://www.dhammadownload.com



ပံသုပထဝီအပြင်တို့၌ကား သိလာမြေ၊ ပံသုမြေဟူသော မြေဓာတ် ပေါ်သည်။ မီးဓာတ်လျစ်လျူရှိသည်။ ရေဓာတ်၊ လေဓာတ် ငုပ်သည်။ ပေါ်ဓာတ်တို့ကိုနှိပ်၍ ငုပ်ဓာတ်တို့ကို ဖော်၍ ရှုလေ။ ပစ္စယသာမဂ္ဂီတို့ကို နုတ်ခွာ၍ ရှုလေ။ သုညတ သဘောထင်ရှားလတ္တံ့။

ဤမြေဓာတ်နယ်ကား အကနိဋ္ဌဗြဟ္မာကြီးသဏ္ဌာန် နတ်ဝတ် ပုဆိုးဘုံဗိမာန် ဥယျာဉ်ပဒေသာပင် တိုင်အောင် မြေစုမြေခဲတွေသာ ဖြစ်ပေ၍ အကနိဋ္ဌမှ အောက်တစ်ပြင်ပေတည်း။ သတ္တလောကအားဖြင့် ကား အဝီစိငရဲကောင်မှစ၍ အထက် အကနိဋ္ဌဗြဟ္မာ့သဏ္ဌာန် တိုင်အောင် ဤအတွင်း၌ ပရမာဏမြူနယ် သေးငယ်လှစွာ သတ္တဝါကောင်ဖြစ်သော မြေခဲကြီးတိုင်အောင် မြေနယ်ပေတည်း။ သတ္တဝါအနန္တကို နှံ့နိုင်သမျှ နှံ့ပြားအောင် ထိုးချေ၍ ရှုလေ။

နည်းပြအံ့ - အကနိဋ္ဌဗြဟ္မာ့သဏ္ဌာန်၌ မြေဓာတ်ပေါ်၏။ မီးဓာတ်လျစ်လျူရှိ၏။ ရေဓာတ်ငုပ်၏။ လေဓာတ်မှာ လှုပ်ရှားသွားလာ သောအခါ ပေါ်၏။ ငြိမ်သက်စွာနေသောအခါ ငုပ်၏။ ရေဓာတ်ကိုနှိုး၍ ရှုလျှင် ရေအယဉ်ဖြစ်၍ စီးသွားလေအံ့၊ မီးဓာတ်ကို နှိုးလျှင် မီးတောက် မီးလျှံဖြစ်၍ ပျောက်လေအံ့၊ လေဓာတ်ကို နှိုးလျှင် ပွရွ၍လွင့်ပါးလေအံ့၊ ပစ္စယသာမဂ္ဂီကို နုတ်ခွာ၍ ကြည့်လျှင် သတ္တဝါမဟုတ်။ အသက်ရှည် မဟုတ်။ တုစ္ဆသုည သဘောထင်ရှားပေါ်လေအံ့။ စကြဝဠာအနန္တတွင် ကာမရူပ ရှိသမျှသော သတ္တဝါအနန္တတွေကို အကုန်ကြိတ်နယ်၍ ရှုလေ။ မိမိကိုယ်ကို ရှေးဦးတင်၍ ရှုရမည်။ အထူးမူကား ရူပဗြဟ္မာကောင် ဆိုရသော မြေခဲစုမှာ ဓာတ်မီး၏ သားမြေးစုသာတည်း။

ကာမသတ္တဝါကောင် ခေါ်ရသော မြေခဲတို့၌ကား ဓာတ်ဆီ၏ သားမြေး၊ ဓာတ်မီး၏ သားမြေးဟူ၍ ၂-ထွေပင် ရလေသည်။ ကာမ

http://www.dhammadownload.com



သတ္တဝါတို့မှာ မပြတ်မပြတ် ခါတ်ဆီလောင်း၍ လောင်း၍ပေးနိုင်မှ ခါတ်မီးတောက်နိုင်၍ အကောင်မပျက် အထည်မပျက် ဆက်လက်တည် နေနိုင်သည်။ လူသတ္တဝါများမှာ တစ်နေ့လျှင် ၂-ခါ ၂-ခါ ခါတ်ဆီ လောင်း၍ အသက်ကို ငင်ရသည်။ လောင်းချိန်ကျလျက် မလောင်းခဲ့လျှင် ထိုအချိန်ကစ၍ အဇ္ဈတ္တခါတ်နတို့သည် တစ်ကိုယ်လုံးမှာပင် ရေမှ ဆယ်သော ရေမြှုပ်စိုင်ကဲ့သို့ အစဉ်အတိုင်း တဖြုတ်ဖြုတ် ကြေပျက်၍ ခုနစ်ရက်တိုင်လျှင် ကမ္မဇခါတ်နကုန်၍ သေဆုံးရတော့သည်။ ထိုသို့ ဖြစ်ရန်အခွင့် ထင်ရှားရှိလေသောကြောင့် မြေတစ်ပြင်လုံးမှာပင် လယ်ခင်း, ယာခင်း, ဥယျာဉ်သစ်ပင်တို့ကို လုပ်ဆောင်၍ ရေကြောင်း, ကုန်းကြောင်း သွားလာ၍ အသက်မွေးမှုအမျိုးမျိုးတို့နှင့် ခါတ်ဆီဆက်လက်မှုကို ကြောင့် ကြစိုက်ရသည်။

စကြဝဠာအနန္တမှာပင် နေ့ရှိသမျှ ရှုရှု, ရှုရှုကြောင့်ကြစိုက်ကြ ရသော အမှုကို အရင်းပေါ်အောင် နေရာကျစစ်ဆေး၍ ကြည့်တတ်ပါလျှင် "**အနတ္တာ အသာရကဋ္ဌေန**" ဟူသော အနတ္တလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။

အသာရကဋ္ဌေန၊ မိမိ၏ပုဂ္ဂလိက အစွမ်းသတ္တိအားဖြင့် အစွန့် ရှည် ကြာခိုင်ခန့်မြဲစွာ တည်နေနိုင်သော အနှစ်အမာ မရှိခြင်းအနက် ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အနှစ်အမာ မရှိသောကြောင့်ပင်လျှင် ဇရာမီး, မရဏမီး ခဏခြင်း ဖိစီးလောင်ကျွမ်းကုန်ဆုံးသည်ဖြစ်၍ "**အနိစ္စံ ခယဋ္ဌေန**" ဟူသော အနိစ္စလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။ ဇရာမီး, မရဏမီး ခဏခြင်း ဖိစီးလောင်ကျွမ်းသဖြင့် ခဏခြင်း ခဏခြင်း ဟောင်းမြင်းရိရှား နွမ်းပါးညှိုးချုံး ပျက်ဆုံးကွယ်ပျောက်သည်ဖြစ်၍ ကြောက်ဖွယ် လန့်ဖွယ်

http://www.dhammadownload.com



တွေသော ဖြစ်လေရကား "ဒုက္ခဲဘယဋ္ဌေန"ဟူသော ဒုက္ခလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။

အနှစ်အမာမရှိ၍ မျက်တောင်တစ်ရက် လျှပ်တစ်ပြက်မျှ အသက်မရှည်နိုင်သော တရားစုသည် ဘယ်သူ့အလိုသို့ လိုက်ပါနိုင်မည်နည်း။ အလိုသို့ မလိုက်သောတရားစုကို ငါ့ကိုယ် ငါ့ကိုယ်ဟု အတွင်းထား၍ အားပြုခြင်းအမှုသည် ဟုတ်မှန်သော သဘောပင် မဟုတ်ပေ။ အနှစ်မရှိခြင်းသည် လက္ခဏာယာဉ် ၃-ပါး၏ အရင်းမူလပေတည်း။ ထို့ကြောင့် အနှစ်မရှိခြင်းဟူသော တုစ္ဆသုညသဘောကို အနုထက်အနု မြင်အောင် ရှုနိုင်ပါလျှင် လက္ခဏာယာဉ် ၃-ပါး ပေါ်လတ္တံ့။

## မျက်စိလည်သော ခရီးသွားဥပမာ

**ဥပမာကား** - ခရီးသွားမျက်စိလည် တစ်ယောက်သည် ညဉ့်အခါ ဂင်္ဂါမြစ်ရေ၌ မျော၍လာသော ဖော့ဒိုက်ကိုရ၍ တက်စီးလေရာ ညဉ့်အခါပင် သမုဒ္ဒရာပြင်သို့ ထွက်မျောရာပါလေ၏။ ထိုဖော့ဒိုက်ကြီးသည် သစ်ကြီးဝါးကြီးလည်း မပါ၊ ကြိုးလွန် ကြိမ်နွယ် အဖွဲ့အယှက်လည်း မရှိ၊ စုမိစုရာ ဆူးအမျိုးမျိုး, ခြောင့်အမျိုးမျိုးနှင့်ယှဉ်သော အမှိုက်စုသာဖြစ်၏။ တွေ့မိတွေ့ရာက ထွက်၍ပါလာသော အဆိပ်တန်သော ပိုးအမျိုးမျိုး, မြွေအမျိုးမျိုးနှင့်လည်း ပြည့်၏။ လေနှင့်, လှိုင်းနှင့်, ဝဲနှင့် တစ်ချက်တွေ့လျှင်ပင် တစ်ဖျင့်တစ်ပါး ပျက်ပြားလတ္တံ့သည်လည်း ဖြစ်၏။

ထိုသူသည် မဟာသမုဒ္ဒရာ၏ ဆားငံရေအတိဖြစ်၍ ကမ်းမရှိ၊ ကျယ်သည်, နက်သည်, ငါးလိပ်မကန်းစသော ဘေးအန္တရာယ် များပြားသည်ကိုလည်း မသိ။ ထိုသူသည်လည်း ညဉ့်မှောင်တွင်းဖြစ်၍ ထိုဖော့

http://www.dhammadownload.com



ဖောင်ကိုပင် သိကြားမင်းဖန်ဆင်းသော မဟာပစ္စရိဖောင်ကြီးနှင့်အတူ ထင်၍ ချမ်းမြေ့သဖြင့် ကျွန်းကောင်း၊ မြို့ကောင်းသို့ ဆိုက်ပေတော့အံ့ဟု အားရှိ၏။ ညဉ့်အခါတွင်း၌ပင်လျှင် လေဟုန်၊ လှိုင်းဟုန်၊ ဝဲဟုန်နှင့် တွေ့၍ ဖရိုဖရဲ တစ်ဖျင့်တစ်ပါး ပျက်ပြားလေရာ တွယ်တာရုံမျှ စမ်းရသဖြင့် ငါးလိပ်တို့၏ အစာဖြစ်လေ၏။

ဤဥပမာ၌ သာသနာတွင်းဝယ် လူအဖြစ်ကို ရသည်နှင့် ဂင်္ဂါမြစ်ကွေ၌ ဖော့ဒိုက်ကိုရသည်နှင့်တူ၏၊ ညဉ့်အမှောင်နှင့် အဝိဇ္ဇာတူ၏။ ညဉ့်မှောင်မရှိပေလျှင် ဖော့ဒိုက်ကြီး၏ ကြောက်လန့်ဖွယ်ကိုလည်းကောင်း၊ ကမ်းမရှိသော မဟာသမုဒ္ဒရာသို့ သွားရသော ဘေးကိုလည်းကောင်း၊ ဂင်္ဂါ၏ကမ်းကိုလည်းကောင်း မြင်ရ၍ ဖော့ဒိုက်ကို ကမ်းရှိရာသို့ အပါတွန်း၍ ရေဘေး ဖော့ဒိုက်ဘေးမှ လွန်တည့်ရန် ကြံဖန်အားထုတ်ပေလတ္တံ့။

၁။ ဂင်္ဂါကမ်းနှင့်နိဗ္ဗာန်။

၂။ မဟာသမုဒ္ဒရာနှင့် သာသနာပ သံသရာ။

၃။ ငါးလိပ်မကန်းနှင့် သံသရာဒုက္ခ။

၄။ ဖော့ဒိုက်နှင့် မိမိ၏ ဥပါဒါနက္ခန္ဓာငါးပါး။

၅။ ဖော့ဒိုက်၌ ဆူးငြောင့်စုနှင့် ရောဂါအနာမျိုး။

၆။ ဖော့ဒိုက်၌ ခိုကြသော အဆိပ်ထန်သော ပိုးမျိုး၊ မြွေမျိုးနှင့် တစ်ထောင်ငါးရာ ကိလေသာ။

၇။ ဖော့ဒိုက်ကြီး၏ အဖွဲ့အစည်း အားနည်းရောင့်ရဲ ပြိုကွဲလုလု နှင့် အနမတဂ္ဂ သံသရာတွင် ခန္ဓာငါးပါး၏ အသာရဌ။

၈။ လေဟုန်၊ လှိုင်းဟုန်၊ ဝဲဟုန်နှင့် လောက၌ရှိသော ဘေးစု။

၉။ ဖော့ဒိုက်ကို သိကြားဖန်ဆင်းသော ဖောင်ကြီးနှင့်အတူ ထင်သည်နှင့် မိမိခန္ဓာကို အမြတ်ထင်သော ပုထုဇဉ်။

မိခင်ရောဂတီ

http://www.dhammadownload.com



၁၀။ ဖောင်ကို အားကိုးမှား၍ ဖောင်သွားရာ သမုဒ္ဒရာပြင်သို့ ရောက်လေသည်နှင့် ယခုဘဝခန္ဓာကို ညှာတာ၍သေသည်၏ အခြားမဲ့၌ သာသနာပသို့ ရောက်သွားသောသူ။

၁၁။ ဂင်္ဂါမြစ်ကြီး ကမ်းအနီးဝယ် ရေပြင်လယ်၌ပင် ပျက်၍ သေသူနှင့် ယခုဘဝ ပုထုဇဉ်အနေသေသူ။

၁၂။ ကမ်းမမြင်ရာ သမုဒ္ဒရာအလယ်မှာ ဖောင်ပျက်၍ သေသူနှင့် သာသနာပ အနမတဂ္ဂ၌ သေကြသမျှ။

ထို့ကြောင့် ယခုဘဝကမ်းစနီးခိုက်တွင် မိမိခန္ဓာ၏ အသာရ နိဿာရ တုစ္ဆ သုညအဖြစ်များကို မြင်ကြ၍ ခန္ဓာအလိုသို့ မလိုက်ပဲ ခန္ဓာကိုသာ ကမ်းနီးရာသို့ အပါဆွဲရမည်။

ထင်းစကို စွဲ၍ တောက်ရသော မီးတောက်သည် ထင်းစထက်ပင် အနှစ်အမာနည်းလေသကဲ့သို့ ရုပ်ကိုစွဲ၍ ဖြစ်ရသော စိတ်စေတသိက်ဟူသော နာမ်တရားသည်လည်း ရုပ်ထက်ပင် အလွန်အနှစ်အမာ နည်းသည်ဟု သိလေ။

## တုစ္ဆသုညသဘော

တောတောင် သစ်ပင်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, တုစ္ဆသုညကို မြင်လိုလျှင် နှစ်စဉ်ရွာသော မိုးရေ, မိုးပေါက်ဟူသော ဓာတ်မီး, မြေ၌ မှီသော ဓာတ်မီးတို့ကို ဉာဏ်ဖြင့် နုတ်ပယ်၍ ရှု။

ယခုနှစ်တွင် စကြဝဠာ အနန္တတစ်ပြိုင်တည်း မိုးပြတ်ခဲ့အံ့။ နောက်ကို မိုးမရွာပြီဟူခဲ့အံ့၊ စကြဝဠာ အပြင်သည် နောက်နှစ်မှ စ၍ သစ်ရွက် သစ်ညွန့်ကုန်မည်။ မကြာမီ သစ်ပင်တောတောင် ခြောက်သွေ့ကုန်ခန်းမည်။

မိခင်ရေဝတီ

http://www.dhammadownload.com



ဗဟိဒ္ဓခာတ်ဆီကို နေ့စဉ်လောင်း၍ သည်ရက်မှနောက်ရက်, သည်လမှနောက်လ, သည်နှစ်မှနောက်နှစ်, သည်အရွယ်မှနောက်အရွယ် ရောက်အောင် ငင်နိုင်ပါမှ ပါနိုင်သော လူ, နွား, ကျွဲ, ဆင်, မြင်း, ငါး, လိပ်, မကန်းစသော အကောင်အထည်ဟု ဆိုအပ်သော ခာတ်မီး တောက် ခာတ်မီးခဲတို့သည်လည်း နောက်နှစ်မှစ၍ စကြဝဠာအနန္တ တစ်ပြင်လုံးအရိုးဖွေးဖွေးမျှ မကျန်အောင် ပျက်ဆုံးကုန်ခန်းမည်။ ကမ္ဘာ တည်သည်မှစ၍ လိုရာနှစ်သင်္ကရာဇ်တွင် ဖြတ်၍ကြည့်။ သတ္တဝါ တစ်ကောင်တွင်ကွက်၍ ကြည့်လိုမူကား မိမိကိုယ်ကို ကွက်၍ကြည့်။

ကလလသတ္တာဟဋ္ဌ ခာတ်မီးအစောင့်အရှောက်နှင့် လာခဲ့၍ အဗ္ဗုဒသတ္တာဟ, ပေသိသတ္တာဟသို့ ရောက်သောအခါ အမိမှဖြစ်သော ခာတ်ဆီသည် သူငယ်ကိုယ်သို့စိမ့်၍ ခာတ်ကိုပွားစေသည်။ ခာတ်ဆီနှင့် မန့်ပေမူ ထိုအခါတွင်ချုပ်မည်။ နေ့စဉ်အတိုင်း ယခုနေ့တိုင်အောင် ခာတ်ဆီလောင်းကာလောင်းကာ လာခဲ့ရသည်ကိုလည်း မြင်အောင်ကြည့်၊ မည်သည့်နေ့မှစ၍ မလောင်းပေလျှင် မည်သည့်နေ့တွင် သေမည်ဟု သေနေ့ကိုလည်း မြင်အောင်ကြည့်၊ နာရီတိုင်း ခဏတိုင်း သေနာရီ သေခဏချည်း မြင်အောင်ရှု။

အနမတဂ္ဂ သံသရာက လာခဲ့ရပုံကိုလည်း ရှု၊ နောက်ရက်, နောက်လ, နောက်နှစ်သို့ ရောက်ပါရအောင် လောင်းရပုံ၊ မလောင်းလျှင် ကုန်ဆုံးပုံကိုလည်း မြင်အောင်ရှု၊ ဝမ်းတွင်း၌ရောက်သော အစာနွမ်းသည်မှ စ၍ ခဏစဉ်အတိုင်း တစ်ကိုယ်လုံး၌ရှိသော ခာတ်နတို့၏ အစဉ်အတိုင်း ဖြုတ်ဖြုတ်ပျက်ပြုန်းသည်ကိုလည်း မြင်အောင်ရှု။

အစာသစ်, ခာတ်ဆီသစ် ထပ်ကာထပ်ကာ လောင်းပါသော် လည်း ခာတ်ဆီဟောင်း, ခာတ်မီးဟောင်း, ခာတ်မီး၏သားဟောင်း,

http://www.dhammadownload.com



မြေးဟောင်း, ရုပ်ဟောင်း, ကလာပ်ဟောင်းတို့သည် ထိုထိုဓာတ်ဆီဟောင်, ဓာတ်မီးဟောင်းတို့နှင့် အတူတကွပင် ကွယ်ပျက်ချုပ်ဆုံးကာ ပါလေကုန်၏။ ရှေးရှေးနေ့၌ မျိုးအပ်သော အစာ၌ပါသော ဗဟိဒ္ဓဓာတ်ဆီ, ဓာတ်မီး၊ သောက်အပ်သော ရေ၌ပါသော ဗဟိဒ္ဓဓာတ်ဆီ, ဓာတ်မီးစုသည် လည်းကောင်း၊ ဤဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့နှင့် ဖက်တွဲရမှ ထကြွ တောက်ထွန်း၍ မျက်လုံးခဲ, နားခဲ, အသည်းခဲ, အဆုတ်ခဲစသော ကလာပ်စုကလာပ်ခဲတို့ကို ဖန်ဆင်းကြသော ကမ္မဇဓာတ်ဆီဓာတ်မီး, စိတ္တဇဓာတ်ဆီ ဓာတ်မီး, ဥတုဇဓာတ်ဆီ ဓာတ်မီး, အာဟာရဓာတ်ဆီ ဓာတ်မီးဟူသော အဇ္ဈတ္တဓာတ်ဆီမျိုး, ဓာတ်မီး ၄-မျိုးတို့သည်လည်း ကောင်း၊ ထိုဗဟိဒ္ဓ, အဇ္ဈတ္တဓာတ်ဆီ ဓာတ်မီးတို့မှ ပေါက်ဖွားသော ရုပ်ကလာပ်စုသည်လည်းကောင်း၊ ဤအလုံးစုံတို့သည် နောက်နောက်သို့ သားမြေးမြစ်စွန်းမျှသာ ရောက်ကြကုန်သည်။

၆-သစ်, ၈-သစ်ခန့်သာရှိသော လျှော်တို့ကို အလံတစ်ရာရှည်သော ကြိုးကြီး လွန်ကြီးဖြစ်အောင် ကျစ်ရာ၌ ကြိုးကျစ်လိမ်မာလှသော ယောကျ်ားသည် မြုပ်သောအစ, စိုက်သောအစကို မပေါ်ရအောင် ကျစ်ပေသကဲ့သို့ နောက်နောက်နေ့တို့၌ အလျဉ်မပြတ်ရအောင် ထပ်ကာ ထပ်ကာ လောင်း၍လောင်း၍ သဏ္ဌာန်မပြတ် ဟန်ပန်မပျက်မီ ဆက်လက်ပါမှ ချုပ်လေကွယ်လေသော ကလာပ်ဟောင်းတို့ နေရာမှာ အစားစေ့ကာ အစဉ်ပါနိုင်လေသတည်း။ တစ်ရက်အတွင်းမှာလည်း ဉာဏ်မီသမျှ အနုစိတ်လေ။ အဟောင်းတို့ ချုပ်ပျက်ပုံနှင့် အသစ်တို့ ဖြစ်ပုံ ပေါ်ပုံများကို အမျှင်ပြတ်အောင် ခြားနား၍ရှု၊ ထိုသို့ ရှုမြင်ပေသော သူကိုပင်လျှင် –

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**

မိခင်ရောဝတီ

http://www.dhammadownload.com



**ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ–**

ဟူ၍ ဓမ္မပဒပါဠိတော်၌ ချီးမွမ်းတော်မူပေသည်။

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရားတို့၏ အသစ်အသစ် မစဲဖြစ်ပေါ်ခြင်း, အဟောင်းအဟောင်းမစဲ ချုပ်ကွယ်ခြင်းများကို။ အပဿံ–အပဿန္တော၊ မမြင်ဖူးရပဲ။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်၏။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အနှစ်တစ်ရာ ခန္ဓာမြင့်ရှည်နေရာသည်ထက်။ ဥဒယဗ္ဗယံ၊ ကို။ ပဿတော၊ အတပ်မြင်လျက်။ ကောဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်သာ။ သေယျော၊ မြတ်လှစွာ၏။

ဤဥဒယဗ္ဗယသဘောကို မြင်ရသောသူသည်သာ ဘုရားကိုတွေ့ရသော သူမည်၏။ ဥဒယဗ္ဗယကို မမြင်ဖူးရသော သူသည် ဘုရားကိုတွေ့ရသော သူမဟုတ်။

**ယော စေ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။**

**ယော ဓမ္မံ န ပဿတိ၊ သော မံ န ပဿတိ။ ။**

(ပါဠိတော်။)

ဤကား အာဟာရနှင့်စပ်၍ မိမိအဇ္ဈတ္တသန္တာန်၌ ဥဒယဗ္ဗယကို ရှုပုံတည်း။ အတိတ်သံသရာက လာခဲ့ရပုံကိုလည်း မြင်အောင်မျှော်လေ။ နောက်ရက်, နောက်လ, နောက်နှစ်သို့ သွားရလတ္တံ့သော ပုံကိုလည်း မြင်အောင်မျှော်လေ။ ရှိသမျှသတ္တဝါစုကိုလည်း မိမိသန္တာန်နှင့်အတူ မြင်အောင် ရှုလေ။ ဤအာဟာရနှင့်စပ်၍ ရှုနည်းသည် တစ်ဘဝ တစ်ဘဝတွင် ပဝတ္တိအခါ၌ သာရသည်။

ဘဝအသစ် ထူထောင်ရန်မှာမူကား ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်ကံစေတနာ၊ ပါဏာတိပါတ စသော အကုသိုလ်ကံ

http://www.dhammadownload.com



စေတနာသည် ဘဝသစ်, ဘဝသစ်ကို ပေါက်ဖွားစေနိုင်သော ဓာတ်မီးပေတည်း။ နန္ဒီရာဂခေါ်သော ဘဝတဏှာသည် ဓာတ်ဆီပေတည်း။ ဓာတ်ဆီလောင်း၍ပေးမှ ဓာတ်မီးတောက်၍ ဘဝသစ်ပေါ်နိုင်သည်။

အကုသိုလ်စေတနာဟူသော ဓာတ်မီးသည် အပါယ်ဘုံမှာ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

ကာမကုသိုလ် စေတနာဟူသော ဓာတ်မီးသည် လူ့ဘုံ, နတ်ပြည် ၆–ထပ်တို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

ရူပကုသိုလ်စေတနာ, အရူပကုသိုလ် စေတနာဟူသော အဆင့်ဆင့်သော ဓာတ်မီးတို့သည် ရူပ ၁၆–ဘုံ, အရူပ ၄–ဘုံတို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေနိုင်သည်။ အသစ်, အသစ်ဖြစ်သည်ကို သာယာသော ဘဝတဏှာကို ဓာတ်ဆီခေါ်ပေသည်မှာ **"တဏှာသိနေဟော"** ဟူသော ပါဠိနှင့်အညီတည်း။ ကံကိုဓာတ်မီးခေါ်သည်မှာ ထင်လွယ်ရန်ပေတည်း။

အနမတဂ္ဂ သံသရာတွင် လိုရာဘဝကိုမှတ်၍ ဓာတ်ဆီကိုနတ်၍ ဓာတ်မီးကို သတ်၍ရှု၊ ဘဝအသစ်မပေါ်ပဲ ချုပ်ကွယ်သော ဝယသဘော ထင်လင်းလတ္တံ့။

ဘဝတိုင်း အသစ်လောင်းရသော တဏှာဓာတ်ဆီနှင့် စေတနာဓာတ်မီးတို့၏ အချက်တွေကိုမြင်လျှင် ဘဝအသစ်အသစ် ဖြစ်ကာဖြစ်ကာ တက်၍လာသော ဉဒယသဘောကို မြင်ရလတ္တံ့။ ဘဝသစ် ထူထောင်မိလျှင် ကာမဘုံမှာ အာဟာရဓာတ်ဆီနှင့်စပ်၍ ရှု၊ ရူပ, အရူပဘုံမှာ ဖဿာဟာရ, ဝိညာဏာဟာရနှင့် စပ်၍ရှုလေ။

အတိတ်, အနာဂတ် သံသရာကို မဟာကမ္ဘာနှင့် အပိုင်း အပိုင်းဖြတ်၊ မဟာကမ္ဘာကို အသင်္ချေယျကပ်နှင့် အပိုင်းအပိုင်းဖြတ်၊ အသင်္ချေယျ

http://www.dhammadownload.com



ကပ်ကို အန္တရကပ်နှင့် အပိုင်းအပိုင်းဖြတ်၊ အန္တရကပ်ကို ထိုထို အသက်တမ်းဟူသော အာယုကပ်နှင့် ဖြတ်၊ အာယုကပ်တွင် ရောက်ရာ အသက်တမ်းကို နှစ်နှင့် အပိုင်းအပိုင်းဖြတ်၊ နှစ်ကို ဥတုနှင့်၊ ဥတုကို လနှင့်၊ လကို ပက္ခနှင့်၊ ပက္ခကို ရက်နှင့်၊ ရက်ကို ပဟိုရ်နှင့်၊ ပဟိုရ်နှင့် နာရီနှင့်၊ နာရီကို ပါဒ်နှင့်၊ ပါဒ်ဗီဇနာကို ပြန်နှင့်၊ ပြန်ကို အက္ခရာနှင့် အပိုင်းအပိုင်း ဖြတ်၊ လျက်ဖျစ်အတွက် လျှပ်တစ်ပြက်ခန့်မှာ ကုဋေ အရာမက အပိုင်းအပိုင်း ဖြတ်ရမည်ပင်၊ ဝိသုဒ္ဓိမဂ် နယဝိပဿနာတွင် လာသော အာဒါနနိက္ခေပစသော အစီအရင်နှင့်သော်လည်းဖြတ်။

ဤသည်ကား ခေတ်ဆီခေတ်မီးတို့ကို အမှီပြု၍ ရုပ်တရားတို့၌ ထိုးထွင်း၍ သိမြင်ရန် အကြောင်းအမြွက်ပေတည်း။

ရုပ်တရားတို့ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆသုညသဘောများကို ဆိုခဲ့ တိုင်းသော အစီအရင်ဖြင့် ထင်နိုင်မြင်နိုင်ပေမူကား ထိုရုပ်တရားတို့ထက် အဆများစွာ အားနည်းပါသော စိတ်စေတသိက်ဟူသော နာမ်တရားတို့၏ လည်း နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ သုညသဘောများသည် အလိုလိုထင်ရှား လာလတ္တံ့။

ရိလှ, ပုပ်လှစွာသေညာ အနာကြီး၏ တုစ္ဆသုညသဘောကို ထင်မြင်ပေလျှင် အနာကြီး၏အတွင်း၌ နာဖို့ကျင်ဖို့ နေသော ငန်းရှိန် ငန်းခိုး မန်းရှိန် မန်းခိုးတို့၏ တုစ္ဆသုညသဘောသည် ထင်ပေရာသကဲ့သို့ တည်း။ ဤကျမ်းသည် ရူပဒီပနီ ဖြစ်ပေ၍ နာမ်တရားတို့၏ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆသုညအနိစ္စ, ဒုက္ခ, အနတ္တသဘောများကို ဆိုခွင့်မသာ ရှိခဲ့သည်နှင့် လျစ်လျူရှုရသည်။

ခေတ်ဆီခေတ်မီးကိုမှီ၍ သင်္ခါရ၌ ရှုပုံပြီး၏။

ဤတွင် ရုပ်တို့၏ ချုပ်ရုပ်ပြတ်စပုံ ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## (၄) ရုပ်တို့၏ ချုပ်စဉ်

## ၁၁။ စတုဇရုပ် ချုပ်ပုံအကြောင်း

### ကမ္မဇရုပ်

ယခုအခါ လေးပါးသောအကြောင်း, ရှစ်ပါးသော အကြောင်း တို့တွင် တစ်ခုခုသော အကြောင်းကြောင့် သေတော့မည်ပြုရာ မရဏာ သန္နကာလ၌ ရုပ်ကလာပ်တို့၏ ဖြစ်ပုံ ချုပ်ပုံများကို ဆိုပေအံ့။

သတ္တဝါတို့၏ ရင်ချိုင့်အတွင်း၌ အညှို့ ၂–ခု၊ နှလုံးအိမ် တစ်ခု၊ အဆုတ်အိမ်တစ်ခု၊ အဖျဉ်းခေါ်သော နွားငယ်သဏ္ဍာန်တစ်ခု၊ အားလုံး၏ အောက်မှခံ၍နေသော အမြှေးလွှာကြီးတစ်ခု၊ သပွတ်ခါးသီးသဏ္ဍာန် ရှိသော သည်းခြေအိမ်တစ်ခု၊ အသံသရဏာသွေး အစုတစ်ခု ဤအလုံးစုံ တို့သည် ဆိုင်ရာဆိုင်ရာ ကိစ္စနှင့် တစ်ကိုယ်လုံးဝယ် အသုံးတွင်ကြ ပေကုန်သည်။

ဤတွင် နှလုံးအိမ်၌တည်သော ကမ္မဇရုပ်ဓာတ်မီးသည်သာ အချုပ်ဖြစ်သတည်း။ ယင်းဓာတ်မီးအခြေပျက်လျှင် နှလုံးသွေး အခြေ ပျက်သည်။ နှလုံးသွေးအားကြီး၍ အခြေပျက်၍ ခဲလွန်းသော်လည်း ကောင်း၊ ကျဲလွန်းသော်လည်းကောင်း၊ ပူလွန်းသော်လည်းကောင်း၊ အေးလွန်းသော်လည်းကောင်း၊ ခန်းခြောက်သော်လည်းကောင်း ဝိညာဉ် ချုပ်တော့သည်။

မီးစာမှ မီးတောက်, မီးတောက်မှ မီးရောင်သည် တိုက်ခန်း အတွင်း ပျံ့နှံ့တည်နေသကဲ့သို့ မီးစာနှင့်တူသော သကျည်း, မီးတောက်နှင့် တူသော ပါစကဓာတ်မီး, မီးရောင်နှင့်တူသော ဉသ္မာဓာတ်မီးသည် ရှိ၏။ ဤဓာတ်မီး ၂–ပါးတို့သည် တစ်ကိုယ်လုံးရှိသော သွေး, သည်းခြေ, သလိပ်, အဆီ, အစေးတို့ကို မသိုးမပုပ် မအူမလည်အောင် စောင့်ရှောက်

http://www.dhammadownload.com



ပေသည်ဖြစ်၍ ဤဥဿွာဟူသော ကိုယ်စောင့်ဓာတ်မီးသည်ပင် နှလုံးသွေးကိုလည်း စောင့်ရှောက်ပေ၏။

အသက်တမ်းနီး၍ ဇီရဏဓာတ်မီး အားကြီးစွာ လောင်သဖြင့် အပေါ်ရေ၊ အတွင်းရေ၊ ခြေဖျား၊ လက်ဖျားမှစ၍ တရွေ့တရွေ့ ခြောက်သွေ့ကုန်ခန်းလေ၏။ ခြောက်သွေ့လေရာ ခြောက်သွေ့ရာအရပ်၌ ကမ္မဇဓာတ်နတို့သည် ဆုတ်ယုတ် ချုပ်ကွယ်ပါများသည်နောက် နှလုံးအနီးအပါး အလယ်သားရှိ ဓာတ်နတို့ အကုန်ချုပ်ကွယ်၍ အထည်ခံဖြစ်သော ဥတုဇဓာတ်ကြမ်းခဲကြီးသည်သာ ကျန်ရှိသည်ကို သေသည်ဆိုသည်။

ပဋိသန္ဓေမှစ၍ ခဏငယ်ခဏငယ်တိုင်း အစဉ်စပ်ကာ အသစ်အသစ် ဥပါဒ်မြဲဖြစ်သော ဟဒယဝတ္ထု ကလာပ်စုသည် အကြင်ခဏငယ်မှာ ဥပါဒ်အဆုံး ကျ၏။ နောက်၌ထပ်၍ ဥပါဒ်သစ် မရှိပြီ။ ထိုခဏငယ်မှစ၍ ခဏငယ်ပေါင်း ၅၁–ချက်၊ စိတ္တက္ခဏပေါင်း ၁၇–ချက် စေ့ရာ ခဏငယ်တွင် ထိုဟဒယ ဝတ္ထုကလာပ်စုသည် ချုပ်လေ၏။ ထိုဟဒယဝတ္ထုရုပ်ချုပ်ခဲ့လျှင် ဝိညာဉ်သည်လည်း မှီရာမရှိသည်နှင့် စုတိဖြစ်၍ ချုပ်ရလေတော့သည်။

**စုတိစိတ္တော ပရိသတ္တရသမစိတ္တဿ ဌိတိကာလမုပါ–ဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ။** (သင်္ဂြိုဟ်။)

ဤကမ္မဇရုပ်အချုပ်မှာ အဆိုအကွဲအပြား မရှိကြ။

## စိတ္တဇ အာဟာရဇရုပ်

စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့၏ ချုပ်ပုံမှာရဟန္တာစုတိကိုသွတ်၍ဆိုအံ့။

စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်၏။ ရုပ်မည်သည်လည်း စိတ္တ–

http://www.dhammadownload.com



ကွဏာ ၁၇–ချက် အသက်စေ့မှ ချုပ်မြဲ ဓမ္မတာ၊ ထို့ကြောင့် စုတိစိတ် ကြောင့် ဖြစ်ရသော စိတ္တဇ အဋ္ဌကလာပ်ရုပ်စုသည် စုတိစိတ်ချုပ်ပြီးနောက် အသေကောင် သန္တာန်ဝယ် ခဏငယ် ၄၈–ခုစေ့မှ ချုပ်သည်ဟု သိအပ်၏။

ကမ္မဇရုပ် နောက်ဆုံး ဥပါဒ်သော သတ္တရသမ ဘဝင်စိတ်မှစ၍ ဆိုသော် ထိုဘဝင်စိတ်ကြောင့်ဖြစ်သော စိတ္တဇကလာပ်သည် စုတိစိတ် နှင့် ပြိုင်၍ ချုပ်သည်။

ငင်းနောက် သောဠသမ ဘဝင်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် သည် စုတိစိတ်နောင် အသေကောင် သန္တာန်ဝယ် ခဏငယ် ၃–ခု စေ့တွင် ချုပ်သည်။

ငင်းနောက် ပန္နရသမ ဘဝင်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် သည် စုတိစိတ်နောင် အသေကောင် သန္တာန်ဝယ် ခဏငယ် ၆–ခုစေ့ တွင် ချုပ်သည်။

ငင်းနောက် စုဒ္ဒသမ ဘဝင်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် သည် စုတိစိတ်နောင် အသေကောင် သန္တာန်ဝယ် ခဏငယ် ၉–ခုစေ့ တွင် ချုပ်သည်။ ဤသို့စသည်ဖြင့် ရှေး၌စိတ်တစ်ခု တစ်ခုဆုတ်၍ စုတိစိတ်နောင် အသေကောင် သန္တာန်၌ ခဏငယ် ၃–ခု, ၃–ခုတိုး၍ သွားလေ။

မရဏာသန္န ပဌမဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်သည် စုတိစိတ်နောင် အသေကောင် သန္တာန်ဝယ် ခဏငယ် ၄၅–ခုစေ့တွင် ချုပ်သည်။ စုတိစိတ်ကြောင့် ဖြစ်သော ရုပ်မှာဆိုခဲ့ပြီ။ အသေကောင် သန္တာန်ဝယ် စိတ်မရှိလေသောကြောင့် စိတ္တက္ခဏာနှင့် မပြောပ၊ ခဏငယ် နှင့် ပြောပေသည်။

အာဟာရဇရုပ်မှာမူကား – စိတ်ရှိသေးသမျှ ကာလပတ်လုံး

http://www.dhammadownload.com



ဖြစ်သင့်လေသေးသည်နှင့် စုတိစိတ်၏ ဌီ, ဘင်များမှာလည်း ဖြစ်ပါသေး၏။ ထို့ကြောင့် စုတိစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ချုပ်ပြီးသည်နောက် ခဏငယ်တစ်ခု, ခဏငယ် ၂-ခုနှောင်းပြီးမှ အာဟာရဇရုပ် ချုပ်သည်။ ရှေးသတ္တရသမဘာဝင်စိတ်မှစ၍ ချီလိုလျှင် ချီ၍ဆိုလေ။

စိတ္တဇရုပ်မှာ စိတ်၏ဥပါဒ် - ဥပါဒ်မှာသာ ဖြစ်ကောင်းလေသောကြောင့် အချုပ်ကိုဆိုရာ အသေကောင်သန္တာန်ဝယ် ခဏငယ် ၃-ခု, ၃-ခုတိုးရသည်။ အာဟာရဇရုပ်, ဥတုဇရုပ်တို့မှာ ခဏငယ်ချင်းစပ်အောင် ဖြစ်ပေသောကြောင့် အချုပ်ကို ဆိုရာမှာလည်း ခဏငယ်တစ်ခု, တစ်ခုစီသာ တိုးပါလေ။

**[ဤကား အဋ္ဌသာလိနီ အဋ္ဌကထာကြီး၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီး၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၊ အဘိဓမ္မာဝတာရ အဋ္ဌကထာလတ်၊ သင်္ဂြိုဟ်၊ ပရမတ္ထဝိနိစ္ဆယ၊ နာမရူပပရိစ္ဆေဒ အစရှိသော အဋ္ဌကထာငယ်၊ ထိုအဋ္ဌကထာတို့၏ အဖွင့်ဖြစ်သော အရပ်ရပ်သော ဋီကာဟောင်း, ဋီကာသစ်ဆရာတို့၏ အညီအမျှ သက်ဝင်ကြသော အယူပေတည်း။]**

## ဝီထိပုံစံ

ဝီထိပုံမှာမူကား အသစ်အသစ် ဖြစ်ပေါ်သည်ကို ဥပါဒ်ဆိုသည်။ ထိုဥပါဒ်ကို ဂဏန်းချက်နှင့် ပြမည်။ ၄-ဂဏန်းမြင်လျှင် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ် ၄-မျိုး ဥပါဒ်မှတ်။ ၃-ဂဏန်းမြင်လျှင် ကမ္မဇ, မပါပြီ။ စိတ္တဇ, ဥတုဇ, အာဟာရဇ ၃-မျိုး ဥပါဒ်မှတ်။ ၂-ဂဏန်းမြင်လျှင် ကမ္မဇ, စိတ္တဇ မပါပြီ။ ဥတုဇ, အာဟာရဇ ၂-မျိုး ဥပါဒ်မှတ်၊ ၁-ဂဏန်းမြင်လျှင် ဥတုဇတစ်ခုမှတ်။

http://www.dhammadownload.com



| | | | | | | | |
|---|---|---|---|---|---|---|---|
| ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| | | ၄၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် | ဘင် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ | ၃၂၂ |

| | | |
|---|---|---|
| ဓော | ဓော | စု |
| ၀၀၀ | ၀၀၀ | ၀၀၀ |
| ၃၂၂ | ၃၂၂ | ၁၁၁ |

## ရှင်းလင်းပြဆိုချက်

ဤဝီထိပုံကား – ဓောနောင် စုတိကျသော ဝီထိပုံတည်း။ ၄–ဂဏန်းခဏယ်၌ အသစ်ဥပါဒ်ကုန်သော စတုဇရုပ်တို့သည် စုတိ၏ ဘင်ခဏယ်၌ ချုပ်ကုန်သည်။

၎င်းနောက် ၂–ဂဏန်း ခဏယ်၌ အသစ်ဥပါဒ်ကုန်သော ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် စုတိ၏ ဘင် ခဏယ်နောက် ပထမ ခဏယ်၌ ချုပ်ကုန်သည်။

၎င်းနောက် ဒုတိယ ဂဏန်း ခဏယ်၌ အသစ်ဥပါဒ်ကုန်သော ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် စုတိ၏ ဘင်ခဏယ်နောက် ဒုတိယ ခဏယ်၌ ချုပ်ကုန်သည်။

၎င်းနောက် ၃–ဂဏန်း ခဏယ်၌ အသစ်ဥပါဒ်ကုန်သော

http://www.dhammadownload.com



စိက္ခဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် စုတိ၏ ဘင်ခဏငယ် နောက် တတိယ ခဏငယ်၌ ချုပ်ကုန်သည်။ ဂဏန်းကိုကြည့်၍ စုတိ၏ ဘင် တိုင်အောင် အစဉ်အတိုင်း သွားလေ။

လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် ကာလဝယ် စိတ်အကြိမ် ပေါင်း ကုဋေအသိန်းမက ဖြစ်နိုင်သည်ဟု သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာများ၌ လာသောကြောင့် ခဏငယ်တစ်ခုဟူသော ကာလ၏ ပမာဏကား မျက်တောင်တစ်ခတ် ကာလကို ကုဋေ ၃-သိန်းစိတ်၍ တစ်စိတ်စာ မျှသာ ရှိသည်ဟုမှတ်။

ထို့ကြောင့် စုတိ၏ဘင်နောက် အသေကောင် သန္တာန်ဝယ် ခဏငယ် ၄၈-ခုမျှ စိတ္တဇရုပ် ကျန်ရှိသည်အတွက်နှင့် သေသူမှာ စိတ္တဇရုပ် ရှိသင့်မည်လောဟု သဘောမထောင်ကြစေနှင့်၊ ဤအလုံးစုံသော အဓိပ္ပါယ် ကို မဏိမဉ္ဇူဆရာတော် နေရာချ၍ ပြပေပြီ။

**ကိန္တိ ကာလန္တိ ကိံသ္မိံန္တိကာလေတိ အတ္ထော။ ကောစ ကောစိကာလောတိ၊ စိတ္တဇရူပပဝတ္တိကာလဝသေန ခဏ-ဒ္ဒယကာလခဏဒ္ဒယာဓိကကေစိတ္တက္ခဏကာလ။ လ။ ခဏ ဒ္ဒယာဓိကပန္နရသစိတ္တက္ခဏကာလော ကောစိကာလောတိ ဝေဒိတဗ္ဗော။**

**အာဟာရဇရူပပဝတ္တိကာလဝသေန ပန ကေက္ခဏကာလ ခဏဒ္ဒယကာလ ကေစိတ္တက္ခဏကာလ ကေက္ခဏာဓိကကေ စိတ္တက္ခဏကာလ။ ပ။ သောဠသစိတ္တက္ခဏကာလော ကောစိကာလောတိ ဝေဒိတဗ္ဗော။ (မဏိမဉ္ဇူသာဋီကာ။)**

ဤပါဠိ၌မှာ "ခဏဒ္ဒယကာလ"ဆိုသည်ကား စုတိမှရှေး သောဠ-သမစိတ်ကြောင့် ဖြစ်ခဲ့သော စိတ္တဇရုပ်ကို ရည်၍ဆိုသည်။ ထိုစိတ္တဇရုပ်

မိခင်ရောဝတီ

http://www.dhammadownload.com



သည် စုတိစိတ်မှနောက်၌ ခဏယ် ၂–ခုမျှသာ ဌီအနေနှင့် တည်နိုင်သည်။ တတိယခဏယ်သို့ရောက်လျှင် ချုပ်ခဏ ဖြစ်လေတော့သည်။ "**ပဝတ္တိတွာ**" မဆိုသာပြီ။

အာဟာရဇရုပ်၌ စုတိမှ ရှေးသတ္တရသမစိတ်၏ ဘင်၌ဖြစ်ခဲ့သော အာဟာရဇရုပ်ကိုရည်၍ "**ကောဋ္ဌာ ကာလ**"ဆိုသည်။ ၎င်းအာဟာရဇရုပ်သည် စုတိ၏ ဘင်နောက် ခဏယ်တစ်ခုမျှသာ ဌီအနေနှင့် တည်ခွင့်ရလေသည်။ ဒုတိယခဏယ်မှာ ချုပ်ခဏယ် ဖြစ်လေတော့သည်။

ဋီကာကျော်၌ "**ကိဋ္ဌိ ကာလံ ပဝတ္တိတွာ**" အရကို ပြရသည် ဖြစ်၍ ဌီခဏကိုသာ ပြတော်မူပေသည်။ ဘင်ခဏမှာ "**ပဝတ္တိတွာ**" မဆိုရပေ။ စုတိစိတ်၏ ဌီ၌ဖြစ်သော အာဟာရဇရုပ်ကိုရည်၍ "**သောဠ–သစိတ္တက္ခဏကာလော**"ဟု ဆိုပေသည်။ ယင်းအလိုသော် စုတိ၏ ဘင်၌ အာဟာရဇရုပ် မဖြစ်ပြီဟု ကျ၏။ ငါတို့ကား ဖြစ်သေး၏ဟု ယူ၍ စိတ္တဇရုပ်ချုပ်ပြီးနောက် ခဏယ် ၂–ခုနှောင်းကို ဆိုပေသည်။ အကြွင်းမှာ သိနိုင်လောက်ပြီ။ [တစ်ရပ်။]

မူလဋီကာ ဆရာတော်မြတ်ကား စုတိစိတ်ဟူသမျှသည်ပင် ရုပ်ကို မဖြစ်နိုင်ဟု ဆိုပေသည်။ ယင်းအလိုသော် စုတိစိတ်၏ ရှေး အနန္တရစိတ်၏ ဥပါဒ်တွင်ရှေသော စိတ္တဇရုပ်အသစ် ဖြစ်တော့သည်ဟု ကျ၏။

စုတိစိတ်နောက် အသေကောင်ဝယ် ခဏယ် ၄၅–ချက်တွင် စိတ္တဇရုပ် ပြတ်၏။ အာဟာရဇရုပ်မှာ ခဏယ် ၁–ခု ၂–ခု တိုးလေ။ တစ်နည်း အာဟာရဇရုပ်မှာ စုတိ၏ဌီ, ဘင်တို့၌ပင် ဖြစ်ပါသေး၏ ဆိုလိုမူ ရှေးနည်းအတိုင်းပင် ချုပ်စေ၊ ဝိထိချုပ်မှာ သိသာလောက်ပြီ။

**ခိဏာသဝါနံ စုတိစိတ္တန္တိ ဝိသေသေတွာ ဝုတ္တံ။ ကာမာဝစရာနံ ပစ္ဆိမစိတ္တသ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ**

မိခင်ရောဝတီ

http://www.dhammadownload.com



**ကာမာဝစရာနံ ပဋိသန္ဓိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရ အရူပါ–ဝစရေ ပဋိသန္ဓိမာဘဝိကာနံ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပ–ပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ ဝစီ–သင်္ခါရော နိရုဇ္ဈိဿတိ၊ နော စ တေသံ ကာယသင်္ခါရော နိရုဇ္ဈိဿတီတိ ပန ဝစနတော အညေသမ္ပိ စုတိစိတ္တံ–ရူပံ နသမုဋ္ဌာပေတီတိ ဝိညာယတိ။ န ဟိ ရူပသမုဋ္ဌာပက–စိတ္တဿ ဂဗ္ဘ ဂမနာဒိဝိနိဗန္ဓာဘာဝေ ကာယသင်္ခါရသမုဋ္ဌာ–ပနံ အတ္ထိ၊ န စ ယုတ္တံ စုတော စ စိတ္တသမုဋ္ဌာနဥ္စဿ–ရူပံ ပဝတ္တတီတိ။ နာပိ စုတိစိတ္တံ ရူပံ နသမုဋ္ဌာပေတီတိ ပါဠိ အတ္ထီတိ။ ။ (ဓမ္မသင်္ဂဏီဋီကာ။)**

ဤဋီကာကို နောက်ဋီကာတို့ မပယ်နိုင်ကြ။

အဓိပ္ပါယ်မှာ– ထွက်သက် ဝင်သက်မရှိကောင်းသော ဗြဟ္မာ့ဘုံမှာ ဖြစ်၍ နိဗ္ဗာန်ယူလတ္တံ့။ ဤကာမဘုံသို့ တစ်ဖန် မလည်လတ္တံ့သော ကာမာဝစရ ရှာနလာဘီပုဂ္ဂိုလ်တို့အား စုတိစိတ်အခိုက်မှာ နောင်ချုပ်လတ္တံ့သော ထွက်သက် ဝင်သက်မရှိဟု ဟောတော်မူသောကြောင့် ရဟန္တာ မဟုတ်သော ပုဂ္ဂိုလ်တို့၏ စုတိသည်လည်း ရုပ်ကို မဖြစ်စေနိုင်ဟု သိသာပေသည်။

## ထွက်သက် ဝင်သက်

ပါဠိတော်၌ ထွက်သက် ဝင်သက်ကိုသာ ဟောပါသည်။ တစ်ခြားသော စိတ္တဇရုပ်တို့ကို မဟောပါဟူငြားအံ့၊ ထွက်သက်ဝင်သက်ကို ဟောလျှင်ပင် တစ်ခြားသော စိတ္တဇရုပ်တို့ကိုလည်း ဟောခြင်းကိစ္စ

http://www.dhammadownload.com



ပြီးသင့်တော့သည်။ အဘယ့်ကြောင့်နည်း ဟူမူ၊ ထွက်သက် ဝင်သက် မရကောင်းသောဌာန ခုနစ်ပါးကို ချန်လှပ်၍ တစ်ခြားတစ်ပါးသော ဌာနတို့၌ ထွက်သက် ဝင်သက်နှင့် တစ်ခြားတစ်ပါးသော စိတ္တဇရုပ်တို့ အထူးမရှိသင့်ကုန်၊ ဤလည်း တစ်ကြောင်း, စုတိကျပြီးနောက် သေပြီးသော အလောင်းကောင်မှာ စိတ္တဇရုပ် တည်သေးသည်ဟု မတော်တန်သည်လည်း တစ်ကြောင်း၊ စုတိစိတ်သည် ရုပ်ကို ဖြစ်စေပါ၏ဟု ဟောတော်မူသော ပါဠိတော် တစ်တိုတစ်စ မရှိပေသည်လည်းတစ်ကြောင်း။ ဤအကြောင်းများကြောင့်ပေတည်း။ [ပါဠိလျှောက် အဓိပ္ပါယ်။]

ခုနစ်ပါးသော ဌာနဟူသည်ကား -

၁။ အမိဝမ်းတွင်း ဥဒ္ဓွတွင်း၌ တည်ခိုက်တစ်ပါး,

၂။ ရေ၌ကိန်းသော သူတစ်ပါး,

၃။ တွေဝေမိန်းမော မျော၍နေသော သူတစ်ပါး,

၄။ သေသော သူတစ်ပါး,

၅။ စတုတ္ထဈာန် ဝင်စား၍နေသော သူတစ်ပါး,

၆။ ရူပအရူပ ဗြဟ္မာတစ်ပါး,

၇။ နိရောဓသမာပတ် ဝင်စား၍နေသော သူတစ်ပါး,

ဤ ခုနစ်ပါးတည်း။

ဤခုနစ်ပါးတွင် သေသောသူ, နိရောဓသမာပတ် ဝင်စားသော သူတို့မှာ ထွက်သက် ဝင်သက်လည်း မဖြစ်၊ တစ်ပါးသော စိတ္တဇရုပ်လည်း မဖြစ်၊ ကြွင်းသော ၅-ဌာနတို့မှာ ထွက်သက်ဝင်သက်သာ မဖြစ်သည်၊ တစ်ပါးသော စိတ္တဇရုပ်မှာ ဖြစ်သည်သာ။

http://www.dhammadownload.com



## မူလဋီကာအဆို

ဤမူလဋီကာအယူ၌ ဆိုဖွယ်ရှိသည်ကား ထွက်သက် ဝင်သက် မည်သည် အလွန်ရုန့်ရင်းသော စိတ္တဇရုပ်ပေတည်း။ တစ်ခြား တစ်ပါးသော စိတ္တဇရုပ် သာမညတို့နှင့် မတူပေ။ ထို့ကြောင့်ပင်လျှင် မိန်းမော သူ၏ အလွန်အားနည်းသော စိတ်သည်လည်းကောင်း၊ စတုတ္ထဈာန် ဝင်စားသူ၏ အလွန်သိမ်မွေ့သော စိတ်သည်လည်းကောင်း၊ အလွန် သိမ်မွေ့သော အတ္တဘောရှိသော ဗြဟ္မာတို့၏စိတ်သည်လည်းကောင်း၊ ထွက်သက် ဝင်သက်ကို မဖြစ်စေ၊ တစ်ခြားတစ်ပါးသော စိတ္တဇရုပ် သာမညကိုကား ဖြစ်စေ၏။ အမိဝမ်း၌လည်းကောင်း, ဥဒ္ဒတွင်း၌ ဝင်သက် မဖြစ်သည်။ တစ်ခြားတစ်ပါးသော စိတ္တဇရုပ်မှာ ဖြစ်သည်သာ၊ ဤသို့ ထူးကြသည်လည်း တစ်ကြောင်း။

တွေဝေမိန်းမော မျော၍နေသောသူမှာပင် ထွက်သက်ဝင်သက် ဖြစ်ခွင့်မရပေ။ စုတေဆဲသူမှာမူကား ဆိုဖွယ်ပင်မရှိ။ တစ်ခြားတစ်ပါး သော စိတ္တဇရုပ် သာမညမှာမူကား တွေဝေမိန်းမော နစ်မျော၍ နေသော သူမှာရသကဲ့သို့ စုတေဆဲဖြစ်သော စုတိစိတ်၏ ဥပါဒ်မှာလည်း မရ မဆိုသာ၊ ဤသို့သော အကြောင်းကြောင့်လည်းကောင်း၊ စုတေအခါ၌ ထွက်သက် ဝင်သက်ကိုသာ ယူသင့်သည်၊ တစ်ခြားတစ်ပါးသော စိတ္တဇရုပ်များကို မယူသင့်။ [တစ်ရပ်။]

စုတိကျပြီးနောက် သေပြီးသော အသေကောင်မှာ စိတ္တဇရုပ်တည် သေးသည်ဟု မတော်တန်ဟူရာမှာလည်း မရဏာသန္န ဇောစိတ်ကြောင့် ဖြစ်ရသော စိတ္တဇရုပ်များသည် စုတိကျပြီးနောက် အသေကောင်မှာပင် အနည်းငယ်မျှ ရုပ်သက်စေ့ရုံ တည်ရကုန်သကဲ့သို့ စုတိစိတ်ကြောင့် ဖြစ်သော ရုပ်များသည်လည်း ရုပ်သက်စေ့ရုံ တည်ရပါသည်ကို အဘယ်

http://www.dhammadownload.com



အပြစ်ရှိပေအံ့နည်း။

စုတိစိတ်သည် ရုပ်ကိုဖြစ်စေ၏ဟု ဟောတော်မူသော ပါဠိတော် တစ်တိုတစ်စ မရှိဟူသော အကြောင်းမှာလည်း စုတိစိတ်သည် ရုပ်သာမညကိုပင် မဖြစ်စေနိုင်ဟု ဟောတော်မူသော ပါဠိတော်သည်လည်း တစ်တိုတစ်စမျှ မရှိပေ။ ဤသို့သော အကြောင်းယုတ္တိများကြောင့် ဋီကာဆရာ၏ အယူကို ကြည်ဖြူစွာ မမှတ်အပ်ဟု ဆိုခွင့်ရှိချေသည်။

သာရတ္ထဒီပနီဋီကာ တတိယပါရာဇိကနိဒါန်းအဖွင့်၌ ထွက်သက်ဝင်သက်တို့သည် စုတိမှ ရှေးသောဋ္ဌသမစိတ်နှင့်အတူ ဥပါဒ်၍ စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကုန်သည်ဟု ဆို၏။

> **ယေန စုတိစိတ္တေန သဒ္ဓိံ ပုရတော သောဠသမေန စိတ္တေန သဒ္ဓိံ ဥပ္ပဇ္ဇိတွာ စုတိစိတ္တေန သဟ နိရုဇ္ဈန္တိ။ တ္ထမေ စုတိ· ပရိနာမကာနာမ။** ။ တစ်ရပ်။
>
> **စုတိစိတ္တဿာတိ ပုရတော သောဠသမဿ စိတ္တဿ ဥပ္ပါ– ဒက္ခဏေ ဥပ္ပါဒံ အာဝိဇ္ဇယတော ဥပ္ပါဒေါပိ နေသံ ပါကဋော ဟောတိ။** ။ ၎င်းပါဌ်တစ်ရပ်။

ဤဋီကာကြီးအလို စုတိစိတ်မှ ပြန်၍ရေသော် သောဠသမဘဝင်မှစ၍ မရဏာသန္နစိတ်များသည် ရုပ်ကို မဖြစ်စေနိုင်။ အနုဋီကာဆရာတော်မြတ်ကား အလုံးစုံသော စုတိစိတ်သည်သာ ရုပ်ကို မဖြစ်စေနိုင်သည် မဟုတ်သေး။ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော ဘဝင်စိတ်မှစ၍ မရဏာသန္နစိတ်ဟူသမျှသည်ပင် ရုပ်ကို မဖြစ်စေနိုင်၊ ၁၈–ချက်မြောက်သော စိတ်၏ဥပါဒ်တွင်ရှေ့သော စိတ္တဇရုပ်အသစ်ဖြစ်တော့သည်။ ယင်းစိတ္တဇရုပ်သည်လည်း စုတိ၏ ရှေးအနန္တရစိတ်နှင့် ချုပ်သည်။ အာဟာရဇရုပ်မှာ ထိုအဋ္ဌာရသမ စိတ်၏ ဥပါဒ်၊ ဌီ၊

http://www.dhammadownload.com



ဘင်တွင်ရှေသာ ဖြစ်တော့သည်ဟူ၍လည်းကောင်း၊ တစ်နည်းမှာ စုတိ၏ ဦ, ဘင်မှာပင် အသစ်ဖြစ်ပေါ်သေး၏ဟူ၍လည်းကောင်း ဆိုခွင့်အများပင် ရှိသည်။ ။ ဝိထိချုပ်မှာ သိနိုင်လောက်ပြီ။

ယဿ ကာယ သင်္ခါရော နိရုဇ္ဈတိ၊ တဿ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာတိ၊

ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာတိစ။ ပ။

ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော စ န နိရုဇ္ဈတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတီတိ အာဒိဝ- စနတော စ ပစ္ဆိမစိတ္တဿ ပုရတော သောဠသမေန စိတ္တေန တတော ဩရိမေန ဝါ သဒ္ဓိံ အဿာသပဿာသာ န ဥပ္ပဇ္ဇန္တီ တိ သိဒ္ဓံ။ ယဒိ ဥပ္ပဇ္ဇေယျုံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော န နိရုဇ္ဈတီတိ န ဝဒေယျ။

ဝုတ္တဉ္စေတံ–တသ္မာ ဟေဋ္ဌိမကောဋိယာ စုတိတော ပုရိမေန သတ္တရသမစိတ္တေန ဥပ္ပန္နာ အဿာသပဿာသာ စုတိယာ ဟေဋ္ဌာ ဒုတိယေန စိတ္တေန သဒ္ဓိံ နိရုဇ္ဈတိ။ တေန ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတီတိ စုတိ စိတ္တဿ အနန္တရပစ္စယဘူတဿာပိ စိတ္တဿ ကာယသင်္ခါရ သမုဋ္ဌာပနတာ ဝုတ္တာ။ အထဝါ ယဿ စိတ္တဿာတိ ယေန သဗ္ဗပစ္ဆိမော ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တံ စိတ္တံ ဝုတ္တန္တိ ဂဟေတဗ္ဗံ၊ န ပစ္ဆိမ စိတ္တဿ အနန္တရဘူတံ။

အန္တရာတိ ကာယသင်္ခါရုပ္ပါဒန အနန္တရံ ဝိနာ။ ယတော ပဋ္ဌာ ကာယသင်္ခါ ရုပ္ပါဒနေန အနန္တရာတိတံ ဟုတွာ ပစ္ဆိမံ

http://www.dhammadownload.com



**စိတ္တံ ဥပ္ပဇ္ဇိဿတီတိ အတ္ထော။ ကသ္မာ။ တ္တတရေသံ ဝစီ-သင်္ခါရော စ နိရုဇ္ဈတိ ကာယသင်္ခါရော စ နိရုဇ္ဈတိ။ ကာယသင်္ခါရော စ နိရုဇ္ဈိဿတီတိ ဝုတ္တတ္တာ။ အညထာ ပစ္ဆိမစိတ္တ တော ပုရိမတတိယစိတ္တသမင်္ဂီနံ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ အာပဇ္ဇတီတိ။ (အနုဋီကာ။)**

ဤဋီကာမှာ ထွက်သက် ဝင်သက်ကိုသာ ဆိုပါသော်လည်း စိတ္တဇရုပ်သာမန်နှင့် စပ်ရင်းဖြစ်ပေ၍ စိတ္တဇရုပ် အကုန်ကိုပင် ထွက်သက် ဝင်သက်နှင့်အတူ ယူကြကုန်၏။

**ယဒဂ္ဂေန တံ ကာယသင်္ခါရံ န သမုဋ္ဌာပေတိ၊ တဒဂ္ဂေန သေသရူပမ္ပိ န ဇနေတိ။ (အဘိဓမ္မာဝတာရ ဋီကာ။)**

**အပရေ ပန အာစရိယာ စိတ္တဇရူပံ စုတိစိတ္တတော ပုရေတရ-မေဝ ဝေါစ္ဆိဇ္ဇတီတိ ဝဏ္ဏေန္တိ။ ။ (ဋီကာကျော်။)**

## မဏိမဉ္ဇူအဆို

မဏိမဉ္ဇူဆရာကား "**အပရေပနအာစရိယာ**" အရကို မူလဋီကာ ဆရာကိုယူ၏။ အနုဋီကာဆရာကိုသာ ယူသင့်သည်။ ဆရာဓမ္မပါလအလို စိတ္တဇရုပ်သည်လည်း စုတိနှင့်ပြိုင်၍ ချုပ်သည်ဟု သင်္ခေပဋီကာဒီပနီတို့၌ ဆို၏။ ။ ရမ်းကြသည်။ ။ ငါတို့အလိုကား ဤအနုဋီကာမှာလည်း ထွက်သက် ဝင်သက်ကိုသာ ဆိုရချေရှိသည့်အတိုင်း ထွက်သင်ဝင်သက်ကိုသာ ယူလိုသည်။ [တစ်ရပ်။]

စုတိစိတ်မှ ပြန်ရေသော် ၁၇-ခုမြောက်သော စိတ်မှစ၍ မရဏာသန္နစိတ်စုသည် ရုပ်ကို မဖြစ်စေတတ်၊ ၁၇-ခုသောစိတ်၏ ဥပါဒ်တွင် ရှေ့သာစိတ္တဇရုပ်အသစ် ဖြစ်တော့သည်။ ယင်းစိတ္တရုပ်သည်လည်း စုတိ၏

http://www.dhammadownload.com



ရှေးတတိယစိတ်နှင့် ပြိုင်၍ ချုပ်သည်။ စုတိ၏ အနန္တရစိတ်သို့ပင် မရောက်။ (ကေဆရာ။)

**ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတီတိ ဧတ္ထ ယဿာတိ ကာမာဝစရပစ္ဆိမစိတ္တဿ အနန္တရပစ္စယဘူတံ စိတ္တံ သန္ဓာယ ဝုတ္တန္တိ၊ တဿ ဥပ္ပါဒက္ခဏေပိ ဥဒ္ဓံ ကာယသင်္ခါရာဘာဝေန ဟေဋ္ဌိမကောဋိယာ စုတိတော တတိယ စိတ္တေနေဝ သဟ နိရုဇ္ဈတိ၊ ဒုတိယစိတ္တံ န ပါပုဏာတီတိ ကေ။ ။**

**(အဘိဓမ္မာ ဝတာရဋီကာ၊ မဏိမဉ္ဇူသာဋီကာ။)**

ဤကေ ဆရာတို့လည်း ပါဠိတော်၌ ထွက်သက်ဝင်သက်ကို ဟောတော်မူပါသည်ကို စိတ္တဇရုပ် သာမန်ကိုလည်း ထွက်သက် ဝင်သက်နှင့်အတူပြု၍ ယူကြ ကုန်သည်။ ငါတို့မနှစ်မြို့။ ။ ဝိထိချပ်မှာ သိနိုင်ကောင်းပြီ။ [တစ်ရပ်။]

စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်မှစ၍ မရဏာသန္နစိတ်စုသည် ရုပ်ကို မဖြစ်စေတတ်၊ ၁၈–ခုမြောက်သော စိတ်၏ ဥပါဒ်တွင်ရှေ့သော စိတ္တဇရုပ်အသစ် ဖြစ်တော့သည်။ ယင်းစိတ္တဇ ရုပ်သည်လည်း စုတိ၏ ရှေးဒုတိယစိတ်နှင့်ပြိုင်၍ ချုပ်သည်။ စုတိစိတ်သို့ ပင် မရောက်။ (အပရေဆရာ။)

**ယဿ ကာယသင်္ခါရော န နိရုဇ္ဈတိ၊ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ ပဉ္စေ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော စ န နိရုဇ္ဈတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတီတိ ပစ္ဆိမစိတ္တဿ ဝဇ္ဇိတတ္တာ စုတိတော ဒုတိယစိတ္တေနာပိ သဟာနိရုဇ္ဈတီတိ အပရေ။ ။ (အဘိဓမ္မာဝတာရ ဋီကာ၊ မဏိမဉ္ဇူ သာဋီကာ။)**

ဤအပရေဆရာတို့၏ အယူကိုလည်း ထွက်သက်ဝင်သက်ကို

http://www.dhammadownload.com



ဟောသောပါဠိတော်ကို ထောက်၍ဆိုသောကြောင့် ရိုသေစွာ မှတ်ခြင်းငှါ မသင့်။ ။ [တစ်ရပ်။]

စုတိစိတ်မှ ပြန်၍ရေသော် ၃၂-ခုမြောက်သော စိတ်မှစ၍ စိတ္တဇရုပ် အသစ်ဖြစ်ခြင်း မရှိပြီ။ ၃၃-ခုမြောက်သော စိတ်နှင့်သာ ဖြစ်တော့သည်။ ထိုစိတ်နှင့်ဖြစ်သော စိတ္တဇရုပ်ဝသည် ပစ္ဆိမသောဠသကမှ ရှေးဦးစွာပင် ချုပ်လေသည်။ (ဆရာတို့။)

**ကုတော ပန ပဋ္ဌာယ စိတ္တဇရူပံ နုပ္ပဇ္ဇတီတိ ယတော ပဋ္ဌာယ ကာယသင်္ခါရော နုပ္ပဇ္ဇတိ။ ကဒါ စ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ။ စုတိတော ပုဗ္ဗေ ဒွတ္တိံသမစိတ္တက္ခဏတော ပဋ္ဌာယ နုပ္ပဇ္ဇတိ။ တေတ္တိံသမ စိတ္တက္ခဏေ ဥပ္ပန္နံ ပစ္ဆိမသောဠသကတော ပုရေတရမေဝ နိရုဇ္ဈတီတိ ဝဒန္တိ။ (အဘိဓမ္မာဝတာရဋီကာ၊ မဏိမဉ္ဇူသာဋီကာ။)**

ဤဆရာတို့လည်း ထွက်သက် ဝင်သက်ကိုပင် ထောက်ကြကုန်သည်။ ဤဆရာတို့အယူသည် အထောက်အထားလှလှ မရှိ။

**ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ-** ဟူသောပါဠိ၌ "**ယဿ စိတ္တဿ**"၏ အဖွင့်ဖြစ်သော **အထဝါ ယဿ စိတ္တဿာတိ ယေန သဗ္ဗပစ္ဆိမော ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တံ စိတ္တံ ဝုတ္တန္တိ ဂဟေတဗ္ဗံ-** အစရှိသော အနုဋီကာကို မှီ၍ ဆိုရိပ်ရှိသည်။ ဆိုသော်လည်း ယမိုက်တောက် အသစ်, အဟောင်းတို့၌ ဤဝါဒအတိုင်း ဆိုရိုးပြုကြကုန်သည်။ ယမိုက်ဂဏ္ဌိများ၌လည်း ဤဗာတ္တိံသမဝါဒကိုပင် နိယမဓမ္မတာ ပြု၍ ဆုံးဖြတ်ကြကုန်သည်။

မိန်းမောရာ၌ပင် ထွက်သက်ဝင်သက်ပြတ်ကြောင်းကို အဋ္ဌကထာ အရပ်ရပ်တို့၌ လာပေသည်။ မျက်မြင်သိရပေသည်။ သေ၍ချုပ်ခါနီး၌

http://www.dhammadownload.com



ကား ဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် ထွက်သက်ဝင်သက်အချုပ်မှာ မူကား "တေတ္တိံသမ"ဟု ဆိုအပ်သော ၃၃-ခုမြောက်သော စိတ်မှ ရှေး၌ချုပ်သည်ပင် ဆိုသော်လည်း မလွန်နိုင်။ အဘယ့်ကြောင့်နည်းဟူမူ၊ သေခါနီးချုပ်ခါနီးတွင် မျက်တောင်တစ်ခတ်ခန့်မျှ မိန်းမောလျှင်ပင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမက ရှိမည်။ ၃၃-ချက်မျှသည် မပြောလောက်သေး၊ ပကတိပုထုဇဉ် လူသာမန်တို့မည်သည်လည်း သေခါနီးချုပ်ခါနီးတွင် မျက်တောင်တစ်ခတ်ခန့်မျှ မမိန်းမောပဲ ချုပ်သောသူဟူ၍ ရှိမည်ဝေးစွ။

ဋီကာတို့၌ ၁၇-ချက်မှစ၍, ၁၈-ချက်မှစ၍, ၁၉-ချက်မှစ၍, ၃၃-ချက်မှ စ၍ဟု ဆိုကြခြင်းသည် စုတိနှင့်နီးစွာ အဆုံးကိုသာ ဆိုကြပေကုန်သည်။ ရှေ့သို့ တိုးလိုမူကား စုတိမှပြန်၍ရေသော် စိတ္တက္ခဏတစ်ရာမှစ၍, နှစ်ရာမှစ၍, သုံးရာမှစ၍, လေးရာမှစ၍, ငါးရာမှစ၍, တစ်ထောင်မှစ၍ စသဖြင့် ၁-နာရီခန့်ကျအောင် ၂-နာရီခန့်ကျအောင်ပင် တိုးသာပါ၏။ လောက၌လည်း မျက်မြင်ရှိကြသည်ပင်၊ ထို့ကြောင့်ပင်လျှင် ဋီကာတို့၌ "**ပစ္ဆိမကောဋိယာယောဇ္ဇိမကောဋိယာ**"- ဟူ၍ ဆိုပေကုန်သည်။ ဤအဓိပ္ပါယ်ကို မျှော်၍လည်း ယမိုက်ကောက်, ယမိုက်ဂဏ္ဌိတို့၌ "အဆုံးစွန်အသဿာသပဿာသနှင့် တကွဖြစ်သော စိတ်မှသည် စုတိတိုင်အောင်"-ဟု ကောက်ကြလေကုန်သည်။

ဤထွက်သင်ဝင်သက်ကို ဟောသောပါဠိတော်ကို ထောက်၍ စိတ္တဇရုပ်သာမည တို့၏ ချုပ်ပုံကို ဆုံးဆုံးဖြတ်ဖြတ် ဆိုကြသော အမှုကို မူကား မယုံကြည်သာ၊ ရှေးဦးဆုံးဆိုခဲ့သော အဋ္ဌကထာအတိုင်းကိုသာ ယုံကြည်ရမည်။

သေပြီးသော အသေကောင်ဝယ် စိတ္တဇရုပ် ကျန်ရှိသည်များကိုလည်း အမှုမပြုလောက်၊ ခဏငယ် ၄၈-ခုခန့်ကို မဆိုထားလင့်၊ ခဏငယ်

http://www.dhammadownload.com



တစ်သောင်းပင် တည်ရစ်သော်လည်း မျက်တောင်တစ်ခတ်ကာလတွင် အစိတ်တစ်ရာစိတ်၍ တစ်စိတ်စာမျှ မရှိသေး။ ခဏငယ်ပေါင်း ကုဋေ ၃–သိန်းခန့်မှာမှ မျက်တောင်တစ်ခတ်မျှသာ ရှိလေသည်။

**အစ္ဆရာသင်္ဃာတက္ခဏေ ကောဋိသတသဟဿသင်္ခါ ဝေဒနာ ဥပ္ပဇ္ဇန္တိ။** (အဋ္ဌကထာ။)

ဥပပါတ်ဖြစ်သော နတ်တို့၌လည်း စုတိစိတ်ချုပ်သည်နောက် စိတ္တဇရုပ်, အာဟာရဇရုပ်တို့မှာ ခဏငယ် ၄၈–ခု, ၄၉–ခု, ၅၀–မျှတွင် ပြတ်ကုန်၏။ ဥတုဇရုပ်မှာမူကား ခဏတစ်ရာ, ခဏတစ်ထောင် စသည် တိုင်အောင်ပင်သွား၍ ပြတ်သည်ဟု ယူရမည်။ ထို့ကြောင့် အဋ္ဌကထာ များ၌ မီးတောက်သေပုံနှင့် ဥပမာပြုလေသည်။ စုတိ၏ ဘင်တွင် အကုန်လုံး ချုပ်သည်ဟု မဆိုအပ်။

ဋီကာကျော်၊ အဘိဓမ္မာဝတာရဋီကာစသော ဋီကာတို့၌ကား စုတိစိတ်နှင့်တစ်ပြိုင်နက် ချုပ်ကြကြောင်းကို ဆို၏။ "**မရဏကာလေ ပန ဗြဟ္မာနံ သရီရနိက္ခေပါဘာဝတော သဗ္ဗေသံပိ တိသမုဋ္ဌာနာနိ, ဒွိသမုဋ္ဌာနာနိ စ သဟေဝ နိရုဇ္ဈန္တိ။**" (၎င်း။)

ထိုသို့ စုတိစိတ်နှင့်ပြိုင်၍ တိဇ, ဒွိဇရုပ်တို့တစ်ပြိုင်နက် ချုပ်ရိုး ဓမ္မတာမှန်ခဲ့သော် ထိုနတ်, ဗြဟ္မာတို့၏ မရဏာသန္နစိတ်, စုတိစိတ်များ ကိုလည်း ရုပ်ကိုမဖြစ်စေတတ်သော စိတ်၌ အဋ္ဌကထာဆရာတို့ ဆိုရမည်။ ထိုသို့ကား မဆိုပေကုန်။ မဆိုသောကြောင့် ထိုမရဏာသန္နစိတ်, စုတိစိတ် များသည်လည်း ရုပ်ကို ဖြစ်စေသေး၏ဟု ယူရမည်ကေန် ဖြစ်သည်။ ယူရလျှင်လည်း အဘယ်မှာ တိဇရုပ်, ဒွိဇရုပ်တို့သည် တစ်ပြိုင်နက် ချုပ်နိုင်ကုန်တော့အံ့နည်း။ တစ်ပြိုင်နက်မချုပ်ပဲ ရှေ့နောက်ချုပ်ကြကုန် သော်လည်း အလောင်းကောင် ကျန်ရှိအောင် မနေကုန်သောကြောင့်

http://www.dhammadownload.com



မျက်မြင်အားဖြင့် မီးတောက်ကြီးတစ်ပြိုင်နက် ငြိမ်းသကဲ့သို့ တစ်ပြိုင်နက်ပင် ငြိမ်းသည်ထင်ရကုန်သည်။ ထို့ကြောင့် ဋီကာတို့စကားကို မယူအပ်။

**စတုရေပ်ချုပ်ပုံ အကြောင်း ပြီး၏။**

**ဤတွင်ရုပ်တို့၏ ချုပ်စဉ် ပြီး၏။**

## နိဂုံး

**တရာဏီယေ မဟာဂါမေ၊**

**အရညေ ဝသတာ မယာ။**

**ကထိတာ ရူပဒ္ဒဝတ္ထိ၊**

**ဂေါဓေ ဘုမ္မိခိပေ မဂေ။**

တရဏီယေ၊ သဘော်လှေဖြင့်။ အကြေအညာ၊ စုန်ဆန်ကာလျှင်၊ ဥစ္စာရှာမီး၊ လှေသူကြီးတို့၏ ပျော်မွေ့နေထိုင်ရာဖြစ်၍ လှေကူးအမည်ရှိသော။ ဝါ။ သမ္မာဒိဋ္ဌိအစရှိသော အရိယမဂ္ဂင်၊ ဖောင်လှေယာဉ်ဖြင့်၊ ရေယဉ်ထဲနက်၊ ဝဲဂယက်မှ၊ ကူးတက်လွန်မြောက်ရာဖြစ်၍ လှေကူးအမည်ရှိသော။ မဟာဂါမေ၊ ရွာမြတ်၌။ အရညေ၊ ကုလလေးတာပြန်ငါးရာမျှ၊ အကွာထောင့်သန်း၊ ငှက်မင်းနန်းဝယ်၊ ရပ်ချမ်းသိုက်မြိုက်၊ တောကျောင်းတိုက်၌။ ဝသတာ၊ ကောဇာသက္ကရာဇ် ၁၂၄၈–ဝယ်၊ တိုက်သစ်တည်ကာ၊ နေထိုင်ပါသော။ မယာ၊ လယ်တီတောကျောင်း ဆရာငါသည်။ ဂေါဓေ၊ ဂေါဇာသက္ကရာဇ်သည်။ ဘုမ္မိခိပေ၊ ၁၂၅၄–ခု။ မဂေ၊ နတ်တော်လပြည့်ကျော် ၈–ရက်သည်။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ရူပဒ္ဒဝတ္ထိ၊ ရုပ်တရားတို့၏ ဖြစ်ပျက်မှုကို ပြရှာဖြစ်သော စကားရပ်ကို။ ကထိတာ၊ ရေးသားဆိုအပ် အပြီးသတ်သတည်း။

**ရူပဒီပနီကျမ်း ပြီးပြီ။**

မိခင်ရောဝတီ

http://www.dhammadownload.com



## ဝန်ထောက်မင်း ဦးရွှေစံအောင် လျှောက်ထားစာ

ဘုရားတပည့်တော် မောင်ရွှေစံအောင် ရှိခိုးလျှောက်ထားပါသည်

ကျေးဇူးရှင်ဘုရား . . .

"တေနာဟ ကေဥ္စိ သတ္တံ န ဒုတိယ မတ္တီတိ"–

ဟူ၍ ဝိသုဒ္ဓိမဂ် ဋီကာ ဥပသမာနုဿတိအဖွင့်တွင် ပါရှိပါကြောင်း။

မြစ်ရေယဉ်ကဲ့သို့ တစ်သန်တည်း စီးလျက်နေသော ရဟန္တာ၏ ပရမတ္ထခန္ဓာအစဉ်တစ်ခုကို အပြင်ဖက်ကနေ၍ ရှုသောဉာဏ်အား ၎င်း ခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သော တရားဟု ထင်လိမ့်မည်။ မြစ်ထဲ၌ စီးနေသော ရေတစ်ပေါက်သည် တစ်နေရာမှ တစ်နေရာသို့ ရွေ့သည်တွင် ပထမနေရာ၌ဖြစ်သော ရေပေါက်သည် ဒုတိယနေရာသို့ ရောက်သော် ရှေးရေပေါက်ချုပ်၍ နောက်ရေပေါက် ဥပါဒ်သည်ဟု ပြောဆိုရဘိသကဲ့သို့၊ ခန္ဓာအစဉ်ကိုလည်း ပရမတ္ထတရားသို့ အစဉ်မပြတ် ပြောင်းလဲရွေ့သွားနေသည်တွင် ရှေးခဏ၌ ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးမှ နောက်ခဏ၌ တရားသစ်ဥပါဒ်သည်ဟု ပြောဆိုကြ၏။

ဤအရာ၌ သမန္တရပစ္စည်းဆက်ပုံကို ကောင်းစွာနားလည်လျှင် ဥပါဒ်, ဌီ, ဘင်ဟူသော အခိုက်အတန့် ခဏငယ်တို့သည်လည်း မဟာကာလကြီးကို စိတ်ဖြင့်ခွဲစိတ်၍ ရအပ်သော ကာလပညတ်ပင် ဖြစ်ကြောင်းကို သိရလတ္တံ့။ ဤသို့ ပညတ်ဖြင့်တင်၍ ဥပါဒ်သည်ဟု ဆိုရသောကြောင့် ခန္ဓာအစဉ်ကို ဇာတိဓမ္မဟူ၍လည်းကောင်း, ဝိပရိဏာမ ဓမ္မဟူ၍လည်းကောင်း ခေါ်ဝေါ်ရပြန်၏။ ထို့ကြောင့် ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် သင်္ခတဓမ္မဟူ၍ လည်းကောင်း, ပစ္စည်းတို့နှင့် စပ်လျက်ဖြစ်မည်ဟု ထင်မြင်ရသောကြောင့် သပစ္စယဓမ္မဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုရပြန်၏။ ၎င်းပရမတ္ထ

http://www.dhammadownload.com



ခန္ဓာသည် သံဝိဇ္ဇမာန တရားဖြစ်သောကြောင့် ကောင်းစွာဖြစ်ဆဲ ဖြစ်သော ပစ္စုပ္ပန္နဓမ္မဟု ထင်ရမည်။

သို့ရာတွင် ထိုခန္ဓာအစဉ်ကိုပင် အတွင်းကနေ၍ ဝါ၊ ထိုးထွင်း၍ သိသော ပဋိဝေဓဉာဏ်အား အဇာတိ, အဝိပရိဏာမ, အသင်္ခတ, အပစ္စယ, ကာလဝိမုတ်ဟု ထင်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာတစ်ပါးသည် ဖိုလ်ဝင်၍ နိဗ္ဗာန်ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက် ကာလပညတ်, အာကာသပညတ်စသော ပညတ်ဟူသမျှ ကိုလွှတ်၍၊ ဝါ၊ လွန်၍ အတွင်းကနေ၍ သိလိမ့်မည်။ ဤသို့ မိမိ အာသဝေါကုန်ပြီးသော ခန္ဓာကို မိမိအတွင်းကဝင်၍ ဝါ၊ ထိုးထွင်း၍ သိသည့်အခိုက် သင်္ခါရ၏ အကြောင်းနိမိတ် တစ်စုံတစ်ရာကို အာရုံ မပြုပေပြီ။

ထို့ကြောင့် အပြင်ကသိမှု, အတွင်းကသိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုးကို လိုက်၍ ပရမတ္ထတရားတစ်ခုတည်းပင် သင်္ခတ, အသင်္ခတ ဟု ပရိယာယ်နှစ်မျိုးကို ရသည်။ ထိုနည်းအတူ နိဗ္ဗာန်သည် တစ်ခုသော တရားဖြစ်ပါလျက် သိပုံနှစ်မျိုးကိုလိုက်၍ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိ သေသနိဗ္ဗာန်ဟု ပရိယာယ်နှစ်မျိုး ထွက်ပြန်သည်။ ထို့ကြောင့် ပရိယာယ် ဝေဝုစ်ကိုလွှတ်၍ ပရမတ်ဆတ်ဆတ်ကို ပြောဆိုရမည်ဆိုလျှင် ရဟန္တာ၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်။ ဤသို့ ယူမှသာလျှင် –

(က) **နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ** – ဟူ၍ ဝိသုဒ္ဓိမဂ် ဋီကာ၌ လာသော စကားရပ်။

(ခ) **နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသ္မိံယေဝ ပညပေသိ** – ဟူ၍ သာရတ္ထဒီပနီ၌လာသော စကားရပ်။

မိခင်ရောဝတီ

http://www.dhammadownload.com



(ဂ) **အညေ ခန္ဓာ၊ အညံ နိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ၊ နဟေဝံ ဝတ္တဗ္ဗေ** - ဟူ၍ ကထာဝတ္ထု၌ လာသော စကားရပ်။

(ဃ) **တ္တမသ္မိံယေဝ ကဠေဝရေ ဗျာမမတ္တေ သမနကေ သဝိညာဏကေ လောကဉ္စေဝ ပညပေမိ၊ လောကသမုဒယဉ္စ၊ လောကနိရောဓဂါမိနိပဋိပဒဉ္စ**- ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌လာသော စကားရပ်တို့နှင့် ညီညွတ်မည်။ ၎င်းစကားတို့၌ သဥပါဒိသေသ နိဗ္ဗာန် ဟူ၍ မဆိုပဲ နိဗ္ဗာန်ဟူ၍သာ ဆိုသည်။ ထို့ကြောင့် ပရိယာယ်နိဗ္ဗာန် တစ်စိတ်ဒေသကိုသာ မမှတ်သင့်။

ဤသို့ ယူသည်ရှိသော် အနုပါဒိသေသ နိဗ္ဗာန်၌ ခန္ဓာရှိရာ ရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ဟူသောစကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။ ဆန့်ကျင်မည် မထင်၊ အဘယ့်ကြောင့်ဆိုသော် ခန္ဓပရိနိဗ္ဗာန် ဟူသောစကားသည် အပြင်ဖက်က သိကြရှုကြသော သူအပေါင်းအတွက် ပြောဆိုသော စကားဟု မှတ်ရန်ရှိ၏။ အပြင်ဖက်က သိရှိရကြပြီးသော ဥပမိဟု ဆိုအပ်သော ခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း အလွန်သိမ်မွေ့နက်နဲလှ၍ အတွင်းကသာ သိထိုက်သိအပ်သော သန္တိဝဏ္ဏ ခန္ဓာနှ၏အစဉ်သည်ကား ထင်ရှားရှိသည်သာဟု ယူရန်သင့်၏။ ဤသို့ ထင်ရှားရှိသော်လည်း ခန္ဓာဟူသော ပညတ်ဟောင်းကို စွန့်၍ "ရူပါဒိသင်္ခါ ဝိမုတ္တ"- ဟု မြတ်စွာဘုရားကိုယ်တော်မြတ်သည် ကောသလမင်းကြီးအား ဟောတော်မူလေသည်။ ဤသို့ဟောခြင်းမှာ အပြင်ဖက်က သိသော သူတို့အဖို့ ဖြစ်ပေသည်။

"**ရူပသင်္ခါဝိမုတ္တ**"ဆိုသော်လည်း အနုဋီကာဆရာက "**နိဗ္ဗာနံ သုခုမရူပဂတိကန္တိ ဝိညာယတိ**"ဟု ဆိုသောကြောင့် "**သညာသင်္ခါ ဝိမုတ္တ။ လ။ ဝိညာဏသင်္ခါဝိမုတ္တ**" ဟုဆိုသော်လည်း မူလယမိုက်

http://www.dhammadownload.com



အဋ္ဌကထာ ဆရာအလိုအားဖြင့် "**နာမမမ္မာတိ စတ္တာရော အရူပိနော ခန္ဓာနိဗ္ဗာနဉ္စ**"-ဟု ဆိုသောကြောင့် နိဗ္ဗာန်ကို နာမ်ဖက်သို့ဆွဲ၏။ ထို့ကြောင့် ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိသော၊ ဝါ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အသင်္ခတဓာတ် ပရမတ္ထ တရားကို နိဗ္ဗာန်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်၏ပရိယာယ် အသွယ်သွယ်ဖြင့် တန်ဆာဆင်၍ အပြင်ဖက်က သိကြသော ပုထုဇဉ် လောကီသားတို့အဖို့ ဟောရပေသည်။

ဤသို့ဆိုအပ်ပြီးသော သန္တိဝန္တခန္ဓာအစဉ်သည် သဿတလည်း မဟုတ်, ဥစ္ဆေဒလည်း မဟုတ်ဖြစ်ပါလျက် အဘယ့်ကြောင့် သဿတ ဝါဒ-ဟု ဆရာတို့ ဆိုကြပြန်သနည်း ဟူမူ အတွင်းကဝင်၍ သိသောသူ၏ အသိဉာဏ်မှာ ဥပါဒ်, ဌီ, ဘင်ဟူသော ပညတ်မထင်သော်လည်း အစဉ် မပြတ်ဖြစ်ဖြစ်နေသောကြောင့် "**ဓုဝန္တိ နိဗ္ဗာနသ္သေဝ အဓိဝစနံ ဘဝိတုံ အရဟတိ**"ဟူသော သဒ္ဒနီတိဆရာ စကားအရ ဓုဝ-ဟု ခေါ်ထိုက်သည်။ ဤသို့ အတွင်းအပြင် သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သင်္ခတ, အသင်္ခတဟု နှစ်မျိုးကွဲနေပုံကို ယူလျှင် သင့်မည်, မသင့်မည်ကို သိလိုပါ သည် ဘုရား။

❀ ❀ ❀

http://www.dhammadownload.com



# နိဗ္ဗာနပဋိသံယုတ္တကထာ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးတွင် အကြီးအချုပ် ဖြစ်တော်မူသော လယ်တီဆရာတော်ထံမှ ပေးစာ။

### ပထမပုစ္ဆာအဖြေ

မောင်ရွှေစံအောင် လျှောက်လွှာပါ "**တေနာဟ ကေဥိသန္တံ န ဒုတိယမတ္ထီတိ**– ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ ဥပသမာနုဿတိ အဖွင့် စာမျက်နှာနံပါတ် ၂၉၂–စာကြောင်းရေ ၁၃–၌ အဓိပ္ပါယ်ကား – တဏှာ၏အကြွင်းမကျန်မရှိ ချုပ်ငြိမ်းခြင်းတစ်ခုသာလျှင် ဒုက္ခ၏ ချုပ်ငြိမ်းခြင်း အမှန်အစစ် ဖြစ်၏။ ဤမှတစ်ပါး တိတ္ထိဆရာတို့ ဟောအပ်သော ၂–ခုမြောက်ဖြစ်သော ဒုက္ခချုပ်ငြိမ်းခြင်း အမှန်အစစ်မည်သည် မရှိဟု ဆိုလိုသည်။

### ဒုတိယပုစ္ဆာအဖြေ

ပြင်သိ, အတွင်းသိဟူသော သိခြင်းနှစ်ပါး၌ –

၁။ ပြင်သိ ဆိုသည်ကား – ပုထုဇဉ်အဖို့၌ တည်ရှိကြကုန်သော

http://www.dhammadownload.com



ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ အနုဗောဓဉာဏ်ကို ဆိုသတည်း။ အနုဗောဓဉာဏ် ဆိုသည်ကား မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ပဋိဝေဓခေါ်သော ထိုးထွင်းခြင်းသို့ မရောက်မီရှေးအဖို့၌ လက္ခဏာရေး ၃–ပါးကို အာရုံပြု၍ဖြစ်သော ဝိပဿနာဉာဏ် ၃–ပါးကို အနုဗောဓ ခေါ်သည်။

၂။ အတွင်းသိ ဆိုသည်ကား – မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ထိုးထွင်း၍ သိခြင်းသို့ရောက်သော အရိယာပုဂ္ဂိုလ်၏ ပဋိဝေဓဉာဏ်ကို ဆိုသတည်း။ အရိယာပုဂ္ဂိုလ်တို့သည် အရိယာမဂ်ဉာဏ်၏ ခဏ၌ သစ္စာ ၄–ပါးကို ထိုးထွင်း၍ သိခြင်းတည်းဟူသော ပဋိဝေဓဉာဏ်သို့ ရောက်ကြလေကုန်၏။ ထိုတွင် –

(၁) ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား– ဒုက္ခသစ္စာကို ဖုံးလွှမ်းလျက် ရှိနေသော မောဟတရားကို ပယ်သတ်ခြင်းတည်း။

(၂) သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား– တဏှာကို ပယ်ခြင်းတည်း။

(၃) နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား– ထိုတဏှာ၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကို အာရုံပြုခြင်းတည်း။

(၄) မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်း ဆိုသည်ကား– မဂ္ဂင် ၈–ပါးတို့ကို တစ်လုံးတစ်စည်းတည်း ဖြစ်ပေါ်စေခြင်းတည်း။

ဤသို့ ကိစ္စ ၄–ပါးသည် မဂ်ခဏ၌ တစ်ပြိုင်နက် တစ်ချက်တည်း

http://www.dhammadownload.com



ပြီးစီး၍ သွားသည်ရှိသော် ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုခဏမှစ၍ သစ္စာ ၄–ပါးကို ဖုံးလွှမ်းတတ်သော အမိုက်တရားသည် ပျောက်ကင်း၍ ထို ပုဂ္ဂိုလ်မှာ သစ္စာ ၄–ပါးတရားတို့သည် အခါခပ်သိမ်း အထင်အလင်း ဖြစ်၍ တည်လေကုန်၏။ ထိုပုဂ္ဂိုလ်သည် ဘယ်အခါမဆို အလိုရှိသော အခါ အလိုရှိသောသစ္စာကို လွယ်ကူစွာ အာရုံပြု၍ ကြည့်ရှုနိုင်၏။ ဤသို့ဖြစ်သည်ကို သစ္စာ ၄–ပါးကို ထိုးထွင်း၍ သိခြင်းဟု ဆိုသတည်း။

## မျက်စဉ်းဆေး ဥပမာ

**ဥပမာကား။** ။ တစ်ယောက်သော သူမှာ မျက်စိ ၂–ဖက်တို့၌ တိမ်သလာတွေ ဖုံးလွှမ်း၍နေ၏။ တစ်ခုသော အဆင်းကိုမျှ မမြင်ရရှိနေ၏။ တစ်ရံသောအခါ ထိုသူမှာ ဝိဇ္ဇာမယ ပညာလမ်းမှဖြစ်သော အလွန် ကောင်းမြတ်သော မျက်စဉ်းဆေးတစ်ခုကို ရလေ၏။ ထိုသူသည် အိပ်ရာ၌ လျောင်း၍ ထိုမျက်စဉ်းကို မျက်စိနှစ်ဖက်၌ခတ်၍ အိပ်လေ၏။ ထိုသူသည် မျက်စိနာဒုက္ခဖြင့် နေ့ရက်များစွာ မအိပ်ရရှိသည်နှင့် ထိုမျက်စဉ်းအတွက် ချမ်းသာသုခရသဖြင့် အိပ်စက်၍ အပျော်ကြီးပျော်လေ၏။

ထိုမျက်စဉ်း၏ အာနိသင်ကြောင့် တိမ်သလာတို့သည် ခဏခြင်း အကုန်ကင်းပျောက်၍ မျက်စိတို့သည် မိမွေးတိုင်း ဖမွေးတိုင်း အလင်းရကုန်၏။ ထိုသူသည်မူကား အိပ်ပျော်ကြူးသည်ဖြစ်၍ နံနက်မိုးသောက်မှ နိုးလေ၏။ မျက်လုံးတို့သည်မူကား ထိုညဦးသန်းခေါင် မတိုင်မီကပင် အလင်းရကြကုန်၏။ အလင်းရသည်နှင့် တစ်ပြိုင်နက်၊ ထိုသူသည် သူအများကဲ့သို့ အဆင်းတို့ကို မြင်စွမ်းနိုင်သော အဖြစ်သို့ ရောက်လေ၏။ ထိုသူ မျက်စိမြင်ပြီဟူ၍ ဆိုထိုက်လေ၏။ အိပ်ပျော်၍ နေသည့်အတွက်ကြောင့်မူကား ဘယ်အဆင်းကိုမျှ အာရုံမပြုရသေး။

http://www.dhammadownload.com



ဤဉပမာအတိုင်း မှတ်လေ။

ထိုအတွင်းသိ, အပြင်သိနှစ်ပါးတွင် အပြင်သိခေါ်သော အနုမာနဉာဏ်၏ သိခြင်းသည် ခန္ဓာတို့၏ ဖြစ်မှု, ရင့်မှု, ပျက်မှုတို့ကို ပဋိဝေဓဉာဏ် ပေါက်ရောက်နိုင်ရန် လျော်ကန်စွာမျှသာ သိနိုင်လေ၏။ ဟုတ်မှန်သည့်အတိုင်း အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်မည် မဟုတ်သေး။ အတွင်းသိခေါ်သော ပဋိဝေဓဉာဏ်၏ သိခြင်းသည်ကား ခန္ဓာတို့၏ ဖြစ်မှု, ရင့်မှု, ပျက်မှုတို့ကို ဟုတ်မှန်သလောက် အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်လေ၏။

ထို့ကြောင့် မြစ်ရေအယဉ်ကဲ့သို့ တစ်သွင်တည်း စီးလျက်နေသော ရုပ်ခန္ဓာ၏ ပရမတ္ထခန္ဓာ အစဉ်တစ်ခုကို အပြင်ကနေ၍ရှုသော ပုထုဇဉ် ဉာဏ်အား ၎င်းခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သော တရားဟု လျော်ကန်စွာ ထင်မြင်လေ၏။

အတွင်းကနေ၍ ရှုသော အရိယာဉာဏ်အား ထိုခန္ဓာသည် ခဏတ္တယသို့ ရောက်မှုနှင့်တကွ အလင်းပေါက်အောင် ထိုးထွင်း၍ သိမြင်လေ၏။

ထို့အတူ မြစ်ရေ၌ စီးသွားသော ရေပေါက်ဉပမာကဲ့သို့ ထိုခန္ဓာ အစဉ်၌လည်း ပရမတ္ထတရားတို့ အစဉ်မပြတ် ပြောင်းလဲရွေ့သွားနေသည် တွင် ရှေးခဏ၌ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးမှ နောက်ခဏ၌ တရားသစ် ဉပါဒ်သည်ဟု ဝိပဿနာ ယောဂီပုထုဇဉ်တို့၏ဉာဏ်တွင် အကြမ်းအားဖြင့်သာ ထင်မြင်နိုင်၏။ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်၌သာ လျှင် ရှေးခဏ၌ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးသည်မှ နောက်ခဏ၌ တရားသစ်ဉပါဒ်သည်ဟု ဟုတ်မှန်သည့်အတိုင်း အလင်း ပေါက်အောင် ထိုးထွင်း ထင်မြင်နိုင်လေ၏။

မိခင်ရေဝတီ

http://www.dhammadownload.com



## တတိယပုစ္ဆာအဖြေ

ငင်းနောက် "ဤအရာ၌ ဥပါဒ်, ဌီ, ဘင်ဟူသော အခိုက်အတန့် ခဏယ်တို့သည်လည်း မဟာကာလကြီးကို စိတ်ဖြင့် ခွဲစိတ်၍ရအပ်သော ကာလပညတ်ပင် ဖြစ်ကြောင်းကို သိရလတ္တံ့"- ဟူသော စကား၌ -

ဥပါဒ်, ဌီ, ဘင်ဟူသော အခိုက်အတန့် ခဏယ်တို့သည် အသီးအသီး ပရမတ္ထတရားအထူးကို အစွဲပြု၍ ခေါ်ဝေါ်ရသော ကာလပညတ်တရားတို့ပေတည်း။ ထိုတွင် -

(က) ပရမတ္ထတရားအထူး ဆိုသည်ကား - စ၍ ဖြစ်ပေါ်မှုကို ဇာတိဟု ခေါ်၏။ စ၍ ဖြစ်ပေါ်မှုသည်ကား - ပရမတ္ထတရား အထူးပေတည်း။ ဇာတိဆိုသည်ကား - နာမပညတ် အထူးပေတည်း။

(ခ) ဖြစ်ပေါ်ပြီးလျှင် ချုပ်ခြင်းသို့ မရောက်မီ တည်နေမှုကို ဌီဟု ခေါ်၏။ တည်နေမှုသည်ကား - ပရမတ္ထတရား အထူးပေတည်း။ ဌီဆိုသည်ကား - နာမပညတ် အထူးပေတည်း။ ဤတည်နေမှု၌ ရင့်ခြင်း တည်းဟူသော ဇရာတရားကို ပရမတ္ထတရား အထူးဟုယူလေ။

(ဂ) တည်နေမှုအဆုံး၌ ချုပ်ပျက် ကွယ်ပျောက်ခြင်းသို့ ရောက်သည်ကို ဘင်ဟုခေါ်၏။ ချုပ်ပျက် ကွယ်ပျောက်ခြင်းသည်ကား - ပရမတ္ထတရား အထူးပေတည်း။ ဘင်ဆိုသည်ကား - နာမပညတ် အထူးပေတည်း။

ဤသို့လျှင် ဥပါဒ်, ဌီ, ဘင်ဟူသော နာမပညတ်, ခဏယ် ဟူသော ကာလပညတ်တို့သည် ဇာတိ, ဇရာ, မရဏဟူသော ပရမတ္ထ တရားအထူးတို့ကို အစွဲပြု၍ ခေါ်ဝေါ်ပိုင်းခြားကြရကုန်၏။ ဤအရာ၌ လည်း ပုထုဇ္ဇဉ်တို့သည် ထိုဇာတိ, ဇရာ, မရဏတို့ကို အကြမ်းအားဖြင့်

http://www.dhammadownload.com



သာ မြင်နိုင်ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့သည်သာလျှင် ထိုဇာတိ, ဇရာ, မရဏတို့ကို မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် များစွာ မြင်နိုင်ကြကုန်၏။

## စတုတ္ထပုစ္ဆာအဖြေ

ငင်းနောက် "ပညတ်ဖြင့်တင်၍ ဥပါဒ်သည်ဟု ဆိုရသောကြောင့် ခန္ဓာအစဉ်ကို "ဇာတိဓမ္မ" ဟူ၍လည်းကောင်း၊ ဌီ, ဘင်တို့ဖြင့် ရင့်ရော်ပျက်စီးသည်ဟု ဆိုရသောကြောင့် "ဝိပရိဏာမဓမ္မ" ဟူ၍လည်းကောင်း၊ ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်၍ ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် "သင်္ခတဓမ္မ" ဟူ၍လည်းကောင်း၊ ပစ္စည်းတို့နှင့် စပ်လျက် ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် "သပစ္စယဓမ္မ" ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုရပြန်၏ ဟူသော စကား၌ –

ခန္ဓာအစဉ်၌ အသစ်အသစ် ဖြစ်ပေါ်ခြင်းတည်းဟူသော ပရမတ္ထသဘောသည် ဧကန္တရှိသည်ဖြစ်၍ ထိုသဘောအားလျော်သော ဥပါဒ်ဟူသော ပညတ်, ဇာတိဓမ္မဟူသော ပညတ်တို့သည် ဉာဏ်၌ ပေါ်လာရကုန်၏။ ထို့အတူ ထိုခန္ဓာအစဉ်၌ ရင့်ရော်ပျက်စီးခြင်းဟူသော ပရမတ္ထသဘောသည် ဧကန္တရှိသည်ဖြစ်၍ ထိုသဘောအားလျော်စွာ ဝိပရိဏာမဓမ္မဟူသော ပညတ်သည် ဧကန္တ ဉာဏ်၌ ပေါ်လာရ၏။ ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်၍ ဧကန္တစင်စစ် ဖြစ်သည်ဖြစ်၍ ထိုသဘောအားလျော်စွာ "သင်္ခတဓမ္မ" ဟူ၍လည်းကောင်း၊ "သပစ္စယဓမ္မ" ဟူ၍လည်းကောင်း ခေါ်ဆိုရပြန်၏။

http://www.dhammadownload.com



## ပဥ္စမပုစ္ဆာအဖြေ

ငှင်းနောက် ''ပရမတ္ထခန္ဓာသည် သံဝိဇ္ဇမာနတရား ဖြစ်သော ကြောင့် ကောင်းစွာဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မဟု ထင်ရမည်''- ဟူသော စကား၌ -

သံဝိဇ္ဇမာနဟူသော ဝေါဟာရသည် ကောင်းစွာဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မကိုသာ ဆိုလိုရင်း မဟုတ်။ အတိတ်, အနာဂတ်ဖြစ်သော ကာလသုံးပါး၌ပင် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသည်ကို ဆိုသော ဝေါဟာရဖြစ်သည်။

## ဆဋ္ဌမပုစ္ဆာအဖြေ

ငှင်းနောက် ''ထိုခန္ဓာအစဉ်ကိုပင် အတွင်းကနေ၍ ဝါ၊ ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်အား အဇာတိ, အဝိပရိဏာမ, အသင်္ခတ, အပစ္စယ, ကာလဝိမုတ်ဟု ထင်လိမ့်မည်''- ဟူသော စကား၌ -

ဗာလပုထုဇဉ်တို့၏ စိတ်မှာသာ သန္တတိပညတ် ဖုံးလွှမ်းမှုကြောင့် အဇာတိ, အဝိပရိဏာမ, အသင်္ခတ, အပစ္စယဟု ထင်ရ၏။ အရိယာတို့၏ ဉာဏ်၌မူကား ထိုသန္တတိပညတ်ကို ဖောက်ထွင်းနိုင်သော ပဋိဝေဓ သို့ရောက်သည်ဖြစ်၍ ထိုခန္ဓာအစဉ်သည် အမြဲလျှင် ဇာတိဓမ္မ, ဝိပရိ ပဏာမဓမ္မ, သင်္ခတဓမ္မ, သပစ္စယဓမ္မဟု ဟုတ်မှန်တိုင်း ထင်ရ၏။

## သတ္တမပုစ္ဆာအဖြေ

ငှင်းနောက် ''အဘယ့်ကြောင့်ဆိုသော် ရဟန္တာတစ်ပါးသည် ဖိုလ်ဝင်၍ နိဗ္ဗာန်ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက်

http://www.dhammadownload.com



ကာလပညတ်, အာကာသပညတ်စသော ပညတ်ဟူသမျှကို လွတ်၍၊ ဝါ၊ လွန်၍ အတွင်းကနေ၍ သိလိမ့်မည်၊ ဤသို့ မိမိ အာသဝေါကုန်ပြီးသော ခန္ဓာကို အကြောင်းနိမိတ် တစ်စုံ တစ်ရာကို အာရုံမပြုပေပြီ"– ဟူသောစကား၌ –

ဖိုလ်ဝင်သော ရဟန္တာသည် ဖိုလ်ဝင်စားဆဲခဏ၌ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ အရဟတ္တဖိုလ်ကို အာရုံမပြု။ နိဗ္ဗာန်သည်ကား အသင်္ခတ တရားတည်း။ အရဟတ္တဖိုလ်သည်ကား စိတ်, စေတသိက် တရားအစု ဖြစ်သော သင်္ခတတရားပေတည်း။ ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ ကာလ ပညတ်, အာကာသပညတ်စသော ပညတ်ဟူသရွေ့တို့ကိုလည်းကောင်း, အရဟတ္တဖိုလ်စသော ခန္ဓာဟူသော သင်္ခတပရမတ်တရားတို့ကိုလည်း ကောင်း လွတ်၍၊ ဝါ၊ လွန်၍ ပဋိဝေဓဉာဏ်ဖြင့် နိဗ္ဗာန်ကိုသာ အာရုံ ပြုလေ၏။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ်ဝင်စား ဆဲခဏ၌ မိမိခန္ဓာမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏။ မိမိ ခန္ဓာကို အာရုံမပြု။

## အဋ္ဌမပုစ္ဆာအဖြေ

ငင်းနောက် "အပြင်ကသိမှု, အတွင်းကသိမှုဟု ဆိုအပ် သော သိပုံနှစ်မျိုးကို လိုက်၍ ပရမတ္ထတရား တစ်ခုတည်းပင် သင်္ခတ, အသင်္ခတဟု ပရိယာယ်နှစ်မျိုးကို ရသည်"– ဟူသော စကား၌ –

အပြင်သိမှု, အတွင်းသိမှု နှစ်ပါးကို ရှေး၌ထင်ရှားစွာ ပြဆိုခဲ့ပြီ။ ထိုသိမှုနှစ်ပါးသည် သင်္ခတရားတို့ကို လျော်ကန်စွာသိမှု, ထိုးထွင်း၍ သိမှု ဤမျှသာ ခြားနားကြကုန်သည်။ ထို့ကြောင့် ပရမတ္ထတရား

http://www.dhammadownload.com



တစ်ခုသည် သိပုံနှစ်မျိုးကို လိုက်၍ သင်္ခတရား၊ အသင်္ခတရားဟု ပရိယာယ် နှစ်မျိုးမရှိ။ သင်္ခတတရားမျိုးသည် ဘယ်အခါမှာမှ အသင်္ခတ ဟူသော ပရိယာယ်ကို မရနိုင်။ အသင်္ခတတရားမျိုးသည်လည်း ဘယ်အခါ မှာမှ သင်္ခတဟူသော ပရိယာယ်ကို မရနိုင်လေ။ အဘယ့်ကြောင့် ဤသို့ ဆိုနိုင်ပါသနည်းဟူမူ၊ ဓမ္မသင်္ဂဏီ ဒုကမာတိကာ၌ –

၁။ သပစ္စယာဓမ္မာ၊

၂။ အပစ္စယာဓမ္မာ– ဟူ၍လည်းကောင်း၊

၁။ သင်္ခတာဓမ္မာ၊

၂။ အသင်္ခတဓမ္မာ– ဟူ၍လည်းကောင်း နှစ်ဖို့နှစ်စုသာ လာရှိချေ သည်။ သင်္ခတ၊ အသင်္ခတ နှစ်မည်ရသော တတိယအဖို့ အစု မလာချေ။

**"အဘိဓမ္မေ အဘာဝေါပိ နိဿော ယေဝ သဗ္ဗထာ"**–

ဟူသော ဋီကာကျော်စကားနှင့်အညီ အဘိဓမ္မာတွင် တစ်စုံတစ်ခုသော နေရာမှာမှ မဟောသည်ရှိသော် ထိုတရားသည်မရှိပြီဟု မြစ်ပယ်ခြင်း ဖြစ်လေသောကြောင့် သင်္ခတ၊ အသင်္ခတနှစ်မည်ရသော တစ်ခုသော တရားမျှ မရှိဟု မြစ်ပယ်အပ်လေသည်။ သုတ္တန်၌လည်း –

**ဒွေမာ ဘိက္ခဝေ ဓာတုယော သင်္ခတာ စ ဓာတု အသင်္ခတာ စ ဓာတု။ ဣမာ ခေါ ဘိက္ခဝေ ဒွေ ဓာတုယော–**

ဟူ၍ နှစ်ဖို့နှစ်စုသာ လာရှိချေသည်။ သင်္ခတ၊ အသင်္ခတ နှစ်မည်ရသော တတိယအဖို့ဟူ၍ မလာချေ။ ဤအရာ၌ ကထာဝတ္ထု ပါဠိတော် ပုဂ္ဂလကထာကြီး ရှိလေပြီ။

http://www.dhammadownload.com



## နဝမပုစ္ဆာအဖြေ

ငင်းနောက် "ပရိယာယ်ဝေဝုစ်ကို လွှတ်၍ ပရမတ် ဆတ်ဆတ်ကို ပြောဆိုရမည်ဆိုလျှင် ရဟန္တာ၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်"– ဟူသော စကား၌ –

ပရိယာယ်ဝေဝုစ် ဆိုသည်ကား – အပြင်သိတွင် ပြဆိုခဲ့သော ဥပါဒ်, ဌီ, ဘင်ခဏာငယ်အစဉ် ဇာတိဓမ္မ, ဝိပရိဏာမဓမ္မ, သင်္ခတဓမ္မ, သပစ္စယဓမ္မတို့ကို ဆိုလိုသည်။

ပရမတ်ဆတ်ဆတ် ဆိုသည်ကား – အတွင်းသိတွင် ပြဆိုခဲ့သော အဇာတိ, အဝိပရိဏာမ, အသင်္ခတ, အပစ္စယ, ကာလဝိမုတ်တို့ကို ဆိုလို၏။

ဤအဖြေတွင် ရှေ့၌ရှင်းလင်းခဲ့ပြီးဖြစ်၍ ရဟန္တာ၏ ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာမဟုတ်ဟု ထင်ရှားလေပြီ။

## ဒသမပုစ္ဆာအဖြေ

ငင်းနောက် "ဤသို့ယူမှသာလျှင် –

(က) **နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ** – ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ၌လာသော စကားရပ်။

(ခ) **နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သံရိရသ္မိံယေဝ ပညပေသိ** – ဟူ၍ ကထာဝတ္ထုဋ္ဌ၌လာသော စကားရပ်။

(ဂ) **အညေ ခန္ဓာ၊ အညံ နိဗ္ဗာနံ၊ အညော ပုဂ္ဂလော တိ၊ နဟောဝံ ဝတ္တဗ္ဗေ** – ဟူ၍ ကထာဝတ္ထုဋ္ဌ၌လာသော စကားရပ်။

(ဃ) **တ္တမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမ–**

မိခင်ရောဝတီ

http://www.dhammadownload.com



**နစော လောကဥ္စ ပညပေမိ လောကသမုဒယဥ္စ လောက နိရောဓဥ္စ လောကနိရောဓဂါမိနိဥ္စပဋိပဒံ** – ဟူ၍ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌လာသော စကားရပ် တို့နှင့် ညီညွတ်မည်'' ဟူသော စကား၌ –

(က) ခန္ဓာသည်ပင်လျှင် နိဗ္ဗာန်, နိဗ္ဗာန်သည်ပင်လျှင် ခန္ဓာ ဟူခဲ့သည်ရှိသော် "**နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ**''ဟူသော မိမိကိုးကားရင်း ဝိသုဒ္ဓိမဂ်ဋီကာနှင့်ပင် မညီညွတ်လေ။ မညီညွတ်ပုံကား – **ကာယပဋိ– ဗဒ္ဓ** –ဟူသော စကားမျိုး၌ –

၁။ "ကာယ''ဟူသော စကားဖြင့် ခြေ, လက်စသော ကိုယ်အင်္ဂါ ကို ယူရမည်။

၂။ "ကာယပဋိဗဒ္ဓ''ဟူသော စကားဖြင့် ကိုယ်အင်္ဂါ မဟုတ်သော ကိုယ်အင်္ဂါနှင့်စပ်သော အဝတ်သက်န်းစသည်ကို ယူရသည်။

ထို့အတူ ဤ၌လည်း "**ခန္ဓပဋိဗဒ္ဓမေဝ**''ဟူသော စကားဖြင့် ခန္ဓာမဟုတ်သော ခန္ဓာနှင့်စပ်သော တရားကို နိဗ္ဗာန်ဟု ယူရသည်။ ခန္ဓာနှင့် စပ်သောတရား ဆိုသည်ကား – အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း, တဏှာ၏ချုပ်ငြိမ်းခြင်း, ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း, နာမ်ရုပ်တရား တို့၏ ချုပ်ငြိမ်းခြင်းဟူသော စကားမျိုး၌ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန် ကို အဝိဇ္ဇာ, တဏှာ, ကိလေသာ, နာမ်ရုပ်ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ သိရ, ပြောဟောရသောကြောင့် "**နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ**''ဟူသော စကားကို ဆိုပေသတည်း။ ထိုစကားဖြင့်ပင်လျှင် ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ထင်ရှားလေသတည်း။

(ခ) **နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသ္မိံယေဝ ပညပေသိ** – ဟူသော ဒုတိယစကားသည်၊ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော

မိခင်ဇရာဝတီ

http://www.dhammadownload.com



ပထမစကားနှင့် တစ်ထပ်တည်းပင်တည်း။

(ဂ) **အညေ ခန္ဓာ၊ အညံ နိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ၊ နဟေဝံ ဝတ္တဗ္ဗေ** – ဟူသော တတိယစကားမှာလည်း အညေခန္ဓာ၊ အညံ နိဗ္ဗာနံ– ဟူသော စကားနှစ်ရပ်ကား အမှန်ပင် ဖြစ်၏။ အညော ပုဂ္ဂလော– ဟူသော စကားသည်ကား အမှန်မဟုတ်။ ထို့ကြောင့် "**နဟေဝံဝတ္တဗ္ဗေ**"ဟု ပယ်ချက်ထွက်ရလေသတည်း။ ထို့ကြောင့် ရဟန္တာ၏ ခန္ဓာသည် နိဗ္ဗာန်မဟုတ်။ နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိနှင့် မဆန့်ကျင်လေ။

(ဃ) **ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောက နိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ** – ဟူသော စတုတ္ထစကားမှာလည်း "**ဣမသ္မိံယေဝ ကဠေဝရေ**"ဟူသော အာဓာရပုဒ်နှင့် လောကဉ္စဟူသော ပုဒ်, လောကသမုဒယဉ္စဟူသောပုဒ်, လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ ဟူသော ပုဒ်တို့သည် အပေါင်းအစိတ်, အာဓာရ, အာဓေယ် ဖြစ်ကြကုန်၏၊ လောကနိရောဓဉ္စ ပုဒ်သည်ကား ခန္ဓပဋိဗဒ္ဓမေဝ ဟူသောပုဒ်၌ ပြဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း, တဏှာ၏ ချုပ်ငြိမ်းခြင်း စသည်ဖြင့် ခန္ဓာနှင့်စပ်လျက်ရှိသောကြောင့် "**ဣမသ္မိံယေဝ ကဠေဝရေ လောကနိရောဓဉ္စ ပညပေမိ**"ဟူ၍ ဟောတော်မူပေ၏။ ထို့ကြောင့် ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိတော်နှင့် မဆန့်ကျင်လေ။

http://www.dhammadownload.com



## ကောဒသမပုစ္ဆာအဖြေ

ငင်းနောက် "ငင်းစကားတို့၌ သဉပါဒိသေသ နိဗ္ဗာန်ဟူ၍ မဆိုပဲ နိဗ္ဗာန်– ဟူ၍သာ ဆိုသည်။ ထို့ကြောင့် ပရိယာယ် နိဗ္ဗာန် တစ်စိတ်တစ်ဒေသကိုသာ မမှတ်သင့်" ဟူသော စကား၌– ပရိယာယ်နိဗ္ဗာန် တစ်စိတ်တစ်ဒေသ ဆိုသည်ကား – သဉပါဒိ သေသနိဗ္ဗာန်ကို ဆိုလို၏။ ထိုသဉပါဒိသေသ နိဗ္ဗာန်သည် ပရိယာယ် နိဗ္ဗာန်မဟုတ်။ မုချဆတ်ဆတ် ပရမတ်နိဗ္ဗာန်ပင် ဖြစ်သတည်း။ ဖြစ်ပုံ ကား – အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာစသော ကိလေသာတို့၏ ချုပ်ငြိမ်း ခြင်းသည် ပရိယာယ်ချုပ်သည် မဟုတ်။ တစ်ဖန် ဖြစ်ပေါ်ခြင်း အကြွင်း အကျန်မရှိသော ပရမတ္ထချုပ်ကြီးပင် ဖြစ်သတည်း။ ထိုနိဗ္ဗာန် တစ်စိတ် တစ်ဒေသကို မမှတ်သင့်၊ အနုပါဒိသေသနိဗ္ဗာန်နှင့်တကွ အကုန်လုံးကို "**နိဗ္ဗာန်**" ဆိုသည်ဟု မှတ်သင့်သည်ဟု ဆိုလို၏။

ထိုစကားမှန်လှပေ၏။ ရဟန္တာ၏ ခန္ဓပရိနိဗ္ဗာန်စံပြီးသည်မှ နောက်၌ အနန္တရဘဝမှစ၍ နောက်အနမတဂ္ဂ သံသရာ၌ အနာဂတ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်လည်း ထိုရဟန္တာ၏ သန္တာန်တွင် အဝိဇ္ဇာ ချုပ်ငြိမ်းမှုနှင့် တစ်ခုတည်းပင် ဖြစ်လေသောကြောင့် ထိုအနုပါဒိသေသ နိဗ္ဗာန်ကို ပြောဆိုရာ၌လည်း အဝိဇ္ဇာ, တဏှာ, ကိလေသာ, နာမ်ရုပ် ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ပင် ပြောဆိုရလေသတည်း။ နောင် အနာဂတ်ကိုမျှော်၍ ပြောရာ၌လည်း အနန္တရဘဝမှစ၍ နောင်ဘဝ အဆက်ဆက်တို့သည် ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ အကြွင်းအကျန် မရှိ ချုပ်ငြိမ်းလေကုန်၏ဟု ဘဝအဆက်ဆက် ဟူသော ခန္ဓာနှင့် စပ်လျဉ်း၍ ပြောဆိုရလေသတည်း။

ဤသို့ ပြောဆိုမှု၌ ခန္ဓာနှင့်အမြဲ စပ်လျဉ်းလျက် ရှိသောကြောင့်–

မိခင်ရောဝတီ

http://www.dhammadownload.com



(က) နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ – ဟူသော စကား၊

(ခ) နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော – ဟူသော စကားတို့ကို ဆိုကြပေကုန်၏။

ခန္ဓပရိနိဗ္ဗာန် စံပြီးသည်မှနောက်၌ ကိလေသာ အာသဝေါကုန်ပြီးသော ထိုရဟန္တာ၏ အလွန်သိမ်မွေ့သော ခန္ဓာအစဉ်သည် နောင်အနမတဂ္ဂ သံသရာနှင့်အမျှ အနုပါဒိသေသ နိဗ္ဗာန်နှင့်အတူတကွ နိစ္စဓုဝအဖြစ်ဖြင့် ပါရှိ၍ နေသောကြောင့် ဆိုသည်မဟုတ်ပေ။ ဤမျှသော စကားရပ်တို့ဖြင့် –

ဤသို့ ယူသည်ရှိသော် အနုပါဒိသေသနိဗ္ဗာန်၌ ခန္ဓာရှိရာရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ဟူသော စကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။ ဆန့်ကျင်မည် မထင်။ အဘယ့်ကြောင့်ဆိုသော် ခန္ဓပရိနိဗ္ဗာန် ဟူသောစကားသည် အပြင်ဖက်က သိကြရှုကြသော သူအပေါင်းအတွက် ပြောဆိုသော စကားဟု မှတ်ရန်ရှိ၏။ အပြင်ဖက်က သိရှိရကြပြီးသော ဥပစာ– ဟု ဆိုအပ်သော ခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း အလွန်သိမ်မွေ့နက်နဲလှ၍ အတွင်းကသာ သိအပ်သိထိုက်သော သန္တိဝန္တခန္ဓာန၏ အစဉ်သည်ကား ထင်ရှားရှိသည်သာဟု ယူရန် သင့်၏– ဟူသောစကားတို့ကို ဖြေဆိုခြင်းကိစ္စ ပြီးလေ၏။

## ဒွါဒသမပုစ္ဆာအဖြေ

ငင်းနောက်၌ "ရူပသင်္ခါဝိမုတ္တော ခေါ မဟာရာဇတထာဂါတော အပ္ပမေယျော ဂမ္ဘီရော၊ သေယျထာပိ မဟာသမုဒ္ဒေါ၊ ဝေဒနာ သင်္ခါဝိမုတ္တော။ လ။ သညာသင်္ခါဝိမုတ္တော။ လ။

မိခင်ရောဝတီ

http://www.dhammadownload.com



သင်္ခါရ သင်္ခါဝိမုတ္တော။ လ။ ဝိညာဏသင်္ခါဝိမုတ္တော။ လ။ သေယျထာပိ မဟာသမုဒ္ဒေါ”ဟူသော ကောသလသံယုတ် ပါဠိတော်၌ အဓိပ္ပါယ်ကား –

ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ သတ္တဝါဟူသော ပညတ်သည် သဘောအားဖြင့် ရှိသည်မဟုတ်။ သဘောအားဖြင့်ရှိသော် ပရမတ္ထတရားကို အမှီပြု၍ သိအပ်ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာ ဖြစ်၏။ ထိုပညတ်သည်လည်း ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဖို့၌ သင်္ခတဖြစ်သော ရုပ်, နာမ်ခန္ဓာတို့၏ အပေါ်၌သာလျှင် ထင်မြင်နိုင်၏။ ပညတ်နိုင်၏။ ခန္ဓပရိနိဗ္ဗာန်စံပြီးသည်နောက် အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်ကား အလွန်သိမ်မွေ့သော တရားဖြစ်ချေ၍ ထိုတရား၏ အပေါ်၌ မထင်မြင်နိုင်။ မပညတ်နိုင်။

မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသောသူသည် ထောက်ရာတည်ရာဟူ၍ တစ်စုံတစ်ခုမျှ မရနိုင်သကဲ့သို့ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သော သတ္တဝါသည် ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်၏ တည်ရာမှီရာ တစ်စုံတစ်ခုသော ထောက်ရာ တည်ရာကို မရလေပြီ။ နိဗ္ဗာန်သည် မဟာသမုဒ္ဒရာသဖွယ် နက်နဲသကဲ့သို့ ထိုပညတ်သည်လည်း မဟာသမုဒ္ဒရာဖွယ် နက်နဲလေ၏။ ထို့ကြောင့် အပ္ပမေယျောဂမ္ဘီရော သေယျထာပိ ဟူ၍ ဟောတော်မူသည်ဟု မှတ်ရမည်။ ပြင်ဖက် သိသော သူတို့အဖို့ဟု မမှတ်ရာ။

နိဗ္ဗာန် သုခုမရူပဂတိကန္တိ ဝိညာယတိ ဟူသော အနုဋီကာပါဌ်မှာလည်း နိဗ္ဗာန်ကို သုခုမရုပ် ၁၆–ခုနှင့် ဓမ္မာယတန, ဓမ္မဓာတ်၌ အကျုံးဝင်ခြင်း တူသောကြောင့် “**သုခုမရူပဂတိကံ**”ဟု ဆိုလိုသည်။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သောရုပ်နှင့် အလားတူသောကြောင့် ဆိုသည်မဟုတ်။

http://www.dhammadownload.com



နိဗ္ဗာန်ကို နာမ်ဟု ခေါ်ရသည်မှာလည်း စိတ်နာမ်, စေတသိက်နာမ်မျိုးဖြစ်၍ ခေါ်ရသည်မဟုတ်။ ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ထိ၍ သိနိုင်သော တရားမျိုးမဟုတ်။ အမည်နာမကို အစဉ်မှီးလျက် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ၍ ခေါ်လေသည်။

## တေရသမပုစ္ဆာအဖြေ

ငင်းနောက် "ထို့ကြောင့် ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိသော ဝါ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အသင်္ခတဓာတ် ပရမတ္ထတရားကို နိဗ္ဗာန် ဟူ၍ ၎င်းနိဗ္ဗာန်၏ ပရိယာယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ အပြင်ကသိကြသော ပုထုဇဉ် လောကီသားတို့အဖို့ ဟောရပေသည်" ဟူသော စကား၌ –

နိဗ္ဗာန်သည် ရုပ်နာမ်ကြမ်းလည်း မဟုတ်။ ရုပ်နာမ်အလားလည်း မရှိ။ ရုပ်နာမ်ကြမ်းတို့နှင့် အလွန်ဝေးကွာသော သဘောရှိ၏။ ခန္ဓာဟူ၍လည်း မဆိုအပ်။ ခန္ဓာအလားလည်း မရှိ။ ခန္ဓာအလားနှင့် အလွန်ဝေးကွာသော သဘောရှိ၏။ ရုပ်နာမ်အလားရှိသော, ခန္ဓာအလားရှိသော အသင်္ခတဓာတ် ပရမတ်ဟူ၍လည်း မရှိ။ ငင်းနိဗ္ဗာန်ကို ပရိယာယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ ဟောတော်မူခြင်းသည် အပြင်ဖက်က သိကြသော ပုထုဇဉ်လောကီသားတို့အဖို့ ဟောရသည်မဟုတ်။ "**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**"ဟူသော တရားဂုဏ်တော်ပုဒ်နှင့်အညီ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့နှင့်တကွ ပဋိဝေဓဉာဏ်သို့ ပေါက်ရောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့၏အဖို့ ဟောရပေသည်။

http://www.dhammadownload.com



## စုဒ္ဒသမပုစ္ဆာအဖြေ

ငင်းနောက် "ဤသို့ ဆိုအပ်ပြီးသော သန္တိဝန္တ ခန္ဓာအစဉ်သည် သင်္ခတလည်းမဟုတ်, ဥစ္ဆေဒလည်း မဟုတ်ဖြစ်ပါလျက် အဘယ့်ကြောင့် သင်္ခတ, မဝဟု ဆရာတို့ ဆိုကြပြန်သနည်း" ဟူမူ၊ အတွင်းက ဝင်၍ သိသောသူ၏ အသိဉာဏ်မှာ ဥပါဒ်, ဌီ, ဘင်ဟူသော ပညတ်မထင်သော်လည်း အစဉ်ဖြစ်ဖြစ်နေသော ကြောင့် "**ခုဝန္တိ နိဗ္ဗာနသေဿ အဓိဝစနံ ဘဝိတုံ အရဟာတိ**"- ဟူသော သဒ္ဒနီတိ ဆရာစကားအရ မဝဟု ခေါ်ထိုက်သည်"- ဟူသော စကား၌ -

သန္တိဝန္တအစဉ် ဆိုသည်ကား - မိမိ၏ အလိုအားဖြင့် အနုပါဒိသေသ နိဗ္ဗာန်၌ တည်ရှိသော, အလွန်သိမ်မွေ့သော, ရုပ်ဝိသေသ, နာမ်ဝိသေသ ဟူသော ခန္ဓာအစဉ်ကို ဆိုလို၏။ ထိုခန္ဓာအစဉ်သည် ဝဋ္ဋဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းဟူသော သန္တိဂုဏ်နှင့် ပြည့်စုံသောကြောင့် သန္တိဝန္တခန္ဓာ မည်၏။ ထိုခန္ဓာသည်ပင်လျှင် နိဗ္ဗာန် ဖြစ်၏။ ထိုခန္ဓာသည်ပင်လျှင် ပရိနိဗ္ဗုတပုဂ္ဂိုလ်လည်း ဖြစ်၏ဟု ဆိုလိုသည်။

ဤစကား၌ အမှန်အားဖြင့် -

(က) ဝဋ္ဋဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းဟူသော သန္တိသဘောသည်သာလျှင် အသင်္ခတနိဗ္ဗာန် အမှန်ဖြစ်၏။

(ခ) ထိုနိဗ္ဗာန်မှာ တည်ရာမှီရာ ခန္ဓာဟူ၍ တစ်စုံတစ်ခုမျှ မရှိပြီ။

(ဂ) ခန္ဓာမရှိသည့်အတွက်ကြောင့် ပရိနိဗ္ဗုတဟူ၍လည်း ခေါ်စရာ ပညတ် မရှိပြီ။

အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည်လည်းကောင်း, ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်လည်းကောင်း ကျန်ရှိသည်ဆိုငြားအံ့၊ သင်္ခတဒိဋ္ဌိ

မိခင်ရောဝတီ

http://www.dhammadownload.com



အမှန် ဖြစ်၏။ သဿတဒိဋ္ဌိ ဆိုသည်ကား - ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံးခြင်းမရှိမူ၍ အနုပါဒိသေသ နိဗ္ဗာန်ဖက်သို့ ကူးပြောင်းတည်နေသည်ဟု ယူခြင်းသည် သဿတဒိဋ္ဌိ မည်၏။

[ဤလျှောက်လွှာ၌ "အတွင်းကဝင်၍ သိသောသူ၏ အသိဉာဏ်တွင် ထင်မြင်ချက်" ဆိုသမျှသည် သဿတဒိဋ္ဌိ အခြင်းအရာချည်းပေတည်း။]

ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်ကား - ခန္ဓပရိနိဗ္ဗာန် မစံမီရှေးအဖို့၌ ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍ စွဲယူခဲ့ပြီးလျှင် ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏ဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

## သဿတ, ဥစ္ဆေဒ, မဇ္ဈိမပဋိပဒါ ၃-ပါးအထူး

ဤအရာ၌ -

၁။ သဿတဒိဋ္ဌိ,

၂။ ဥစ္ဆေဒဒိဋ္ဌိ ဟူသော အယုတ်တရား နှစ်ပါးနှင့်,

၃။ သမ္မာဒိဋ္ဌိ ဟူသော မဇ္ဈိမပဋိပဒါတို့၏ အထူးကို ပြဆိုရာ၏။

အထူးဆိုသည်ကား - ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီရှေးကာလ၌ ခန္ဓာကိုပင် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍ ပုဂ္ဂိုလ်သည် အမှန်ရှိ၏, သတ္တဝါသည် အမှန်ရှိ၏, အတ္တသည် အမှန်ရှိ၏ဟု ခိုင်မြဲစွာ ယူကြသော သူတို့၏ အယူမှာ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်လျက် သဿတဒိဋ္ဌိသော်လည်း ဖြစ်ရမည်။ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရမည်။ ထိုအယုတ်တရား ၂-ပါးဟူသော လမ်းလွဲလမ်းများကို ဘယ်လိုနည်းနှင့်မှ

http://www.dhammadownload.com



မရှောင်သာပြီ။

အဘယ့်ကြောင့်နည်းဆိုသော် – ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလက ပင် ခန္ဓာကိုယ်ကို ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍ ပုဂ္ဂိုလ်သည် အမှန်ရှိ၏, သတ္တဝါသည် အမှန်ရှိ၏, အတ္တသည် အမှန်ရှိ၏ဟု ခိုင်မြဲစွာ ယူခြင်း ဟူသော အတ္တဒိဋ္ဌိကြီး အရင်းခံရှိနေသောကြောင့်တည်း။ ထိုအတ္တဒိဋ္ဌိ အရင်းခံရှိနေသော သူတို့မှာ သေသောအခါနှင့်စပ်လျက် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂–ပါးတွင် တစ်ပါးပါးသို့ ရောက်လေတော့သည်။ ထို့ကြောင့် ကထာဝတ္ထု ပါဠိတော်၌–

**ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္တမှီတိ၊ အာမန္တာ၊ ပရိ နိဗ္ဗုတော ပုဂ္ဂလော သဿတောတိ၊ နဟေဝံ ဝတ္တဗ္ဗေ–** ဟူ၍လည်းကောင်း,

**နတ္ထတ္တမှီတိ၊ အာမ န္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံ ဝတ္တဗ္ဗေ–** ဟူ၍လည်းကောင်း

အစွန်း ၂–ဖက် မလွတ်နိုင်ချက်ကို ဟောတော်မူပေ၏။

## မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိ

ခန္ဓပရိနိဗ္ဗာန် မစံမီရှေးကာလကပင် ထိုခန္ဓာသည် ပုဂ္ဂိုလ် သတ္တဝါမဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တလည်းမဟုတ်။ သဘာဝဓမ္မ သက်သက်သာ ဖြစ်၏။ ထိုခန္ဓာမှအလွတ် ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, အတ္တဟူ၍ သဘောအားဖြင့် မရှိပြီဟု သိမြင်သော ဉာဏ်သည် သမ္မာဒိဋ္ဌိ မည်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ် အမြင်ရှိသော သူတို့မှာ အတ္တဒိဋ္ဌိ အရင်းခံ မရှိသည်အတွက်ကြောင့် ခန္ဓပရိနိဗ္ဗာန်နှင့်စပ်၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ သို့ရောက်ဖွယ် မရှိပြီ။ မဇ္ဈိမပဋိပဒါ၌ တည်လေ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



မဇ္ဈိမပဋိပဒါ ဆိုသည်ကား – အဝိဇ္ဇာရှိသည်ရှိသော် သင်္ခါရစသော ဝဋ်တရားတို့သည် ဘဝအဆက်ဆက် ဆက်လက်ဖြစ်ပွား၍သာ နေကုန်၏။ ဥစ္ဆေဒသို့ရောက်သည်မရှိ။ အရဟတ္တမဂ်သို့ရောက်၍ အဝိဇ္ဇာ အကုန်ချုပ်ငြိမ်းလျှင် သင်္ခါရစသော ဝဋ်တရားတို့သည် ထိုဘဝမှ နောက်၌ ဖြစ်ပေါ်ခြင်း မရှိကြကုန်ပြီ။ ဤကား မဇ္ဈိမပဋိပဒါ လမ်းပေတည်း။

ဤမဇ္ဈိမပဋိပဒါလမ်း၌ အတ္တဒိဋ္ဌိဟူသော အရင်းခံမရှိသည် အတွက်ကြောင့် သေကြသောအခါနှင့် စပ်လျဉ်း၍လည်းကောင်း, ခန္ဓ ပရိနိဗ္ဗာန်စံမှုနှင့် စပ်လျဉ်း၍လည်းကောင်း, သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဟူသော အကိုင်းအခက် ဒိဋ္ဌိ ၂–ပါး ဖြစ်ပွားဖွယ် မရှိပြီ။ ဤအချက်၌ ကြွင်းကျန်သော စကားရပ်မှာ အထူးဖြေဆိုဖွယ် မရှိလှပြီ။

## ပန္နရသမပုစ္ဆာအဖြေ

"ဤသို့အတွင်း, အပြင် သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သင်္ခတ, အသင်္ခတဟု နှစ်မျိုးကွဲနေပုံကို ယူလျှင် သင့်မည်, မသင့်မည်"ဟူသော နောက်ဆုံးစကား၌ –

ပရမတ္ထဓမ္မ တစ်ခုတည်းသည်ပင်လျှင် အပြင်သိအစွမ်းဖြင့် သင်္ခတဖြစ်၏။ အတွင်းသိအစွမ်းဖြင့် အသင်္ခတ ဖြစ်၏ဟု ဆိုလို၏။

အမှန်မှာမူကား – ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အပြင်မှသိကြသော လောကီဘုံသားတို့၏ ဖက်၌သာ ဥပါဒ်, ဌီ, ဘင်ကို မမြင်နိုင်ကြသည်ဖြစ်၍ နိစ္စသညာစသော ဝိပလ္လာသတရားတို့၏ ဖုံးလွှမ်းမှုကြောင့် အသင်္ခတ အရိပ်အသွင် ထင်မြင်ကြလျက် ရှိ၏။ နိစ္စသညာ ဆိုသည်ကား – ဤ သတ္တဝါတို့မှာ မွေးတစ်နေ့, သေတစ်နေ့ဟု အဆိုရှိကြ၏။ မွေးတစ်နေ့ ဆိုသည်ကား – တစ်သက်လုံးတွင် အစဆုံး

http://www.dhammadownload.com



နေ့၌ ဖြစ်ပေါ်ပေါက်ပွားမှု တစ်ကြိမ်သာ ရှိ၏။ သေတစ်နေ့ ဆိုသည်ကား– ထိုဘဝတွင် နောက်ဆုံးနေ့တစ်နေ့၌ သေဆုံးမှု တစ်ကြိမ်သာ ရှိ၏။ ထိုမွေးနေ့ သေနေ့နှစ်ပါးတို့၏ အကြား၌ နှစ်အသချေ်ပင်ရှည်သော်လည်း အသစ်အသစ် ဖြစ်ပေါ်ပေါက်ပွားမှု ဟူ၍လည်း မရှိပြီ။ သေဆုံးမှု ဟူ၍လည်း မရှိပြီဟူ၍ ယခုလောကတွင် ဗဟုသုတ မရှိသော သူအများတို့ မှတ်ထင်သိမြင်၍ နေကြသော အရာသည် နိစ္စသညာ, နိစ္စစိတ္တ, နိစ္စဒိဋ္ဌိမှုပေတည်း။ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝများသည် ပညတ်မျိုးဖြစ်၍ အသင်္ခတ တစ်မျိုးပေတည်း။

ခန္ဓာကို ပုဂ္ဂိုလ်ဟူ၍ စွဲလမ်းခြင်းသည် သင်္ခတဖြစ်သော ခန္ဓာကို အသင်္ခတဖြစ်သော ပုဂ္ဂိုလ်ပြုလုပ်၍ ယူခြင်းဖြစ်၏။ ထို့အတူ ခန္ဓာကို သတ္တဝါဟူ၍, အတ္တဟူ၍, ဇီဝဟူ၍ စွဲလမ်းခြင်းသည် သင်္ခတဖြစ်သော ခန္ဓာကို အသင်္ခတဖြစ်သော သတ္တဝါ, အတ္တ, ဇီဝဟု စွဲလမ်းခြင်း ဖြစ်၏။ ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အတွင်းမှာသိကြသော ဝိပဿနာယောဂီဖြစ်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်တို့ဖက်၌မူကား ဥပါဒ်, ဌီ, ဘင်တို့ကို အလင်းမြင်နိုင်ကြကုန်သည် ဖြစ်၍ နိစ္စသညာစသော ဝိပလ္လာသတရားတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန် အားဖြင့် ပယ်ရှားနိုင်ခြင်းကြောင့် သင်္ခတ အသွင်အလင်း ထင်မြင်ကြလျက် ရှိ၏။

ဤသို့လျှင် ဥပါဒ်, ဌီ, ဘင်တို့နှင့် အစဉ်အဆက် ဖြစ်တုံပျက်တုံနေကြသော ခန္ဓာတရားတို့သည် ဝိပလ္လာသ အပြည့်အစုံရှိသော ပုထုဇဉ်တို့၏ ထင်မြင်ချက်၌သာ အသင်္ခတ အရိပ်အသွင် ရှိနေကြကုန်၏။ မိမိတို့၏ သဘာဝအားဖြင့်မူကား ဘယ်အခါမှာမှ အသင်္ခတ မဖြစ်နိုင်ကြကုန်။ အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်နှင့် ပြည့်စုံသော၍

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့၏ ဉာဏ်၌မူကား ပုဂ္ဂိုလ်, သတ္တဝါစသော အသင်္ခတအရိပ်အသွင် ထင်ချက် မရှိကြကုန်ပြီ။ အခါခပ်သိမ်း ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ဆုံးခြင်းဟူသော ဇာတိမီး, ဇရာမီး, မရဏမီး အမြဲတောက်လောင်၍ နေသော သင်္ခတအရိပ်အသွင် ထင်ရှားလျက် ရှိနေကြကုန်၏။

ထို့ကြောင့် အတွင်းအပြင် သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သင်္ခတ, အသင်္ခတနှစ်မျိုး ကွဲရိုးမရှိ။ မိမိတို့၏ သဘာဝအားဖြင့်သာလျှင် ခန္ဓာတရားတို့သည် သင်္ခတသာအမှန် ဖြစ်ကုန်၏။ ဘယ်အခါမှာမှ အသင်္ခတအဖြစ်သို့ မရောက်ကြကုန်။ ခန္ဓာတရားတို့နှင့် သဘောအားဖြင့် အလွန်ဝေးကွာလျက် ရှိသော ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်တရားသည်မူကား နိစ္စဓုဝအားဖြင့် အသင်္ခတအဖြစ်၌သာ အမြဲတည်၏။ ဘယ်အခါမှာမှ သင်္ခတအဖြစ်သို့ မရောက်လေပြီ။

ဤအရာ၌ ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ဖက်၌ ခန္ဓာဟူသော ရုပ်တရား နာမ်တရားမရှိကြောင်းကို ဤပါဠိတော်တို့ဖြင့် ပြဆိုရာ၏။

ဝေဋ္ဌ ခေါ ဘော ဘိက္ခု ပဉ္ဟော ပုစ္ဆိတဗ္ဗော။

(က) တတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ကတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ကတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတီတိ။ ။
တတြ ဝေယျာကရဏံ ဘဝတိ။

(ခ) ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။ ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

မိခင်ရောဝတီ

http://www.dhammadownload.com



**ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။ ။**

ဟူသော ဒီဃနိကာယ် သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်။

**အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ၊ န အာပေါ၊ န တေဇော၊ န ဝါယော၊ န အာကာသာနဉ္စာယတနံ၊ န ဝိညာဏဉ္စာယတနံ၊ န အာကိဉ္စညာယတနံ၊ န နေဝသညာ နာသညာယတနံ၊ နာယံ လောကော၊ န ပရလောကော၊ န ဥဘောစန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ၊ န ဂတိံ၊ န ဌိတိံ၊ န စုတိံ၊ န ဥပပတ္တိံ၊ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏ မေဝတံ၊ ဧသေဝန္တော ဒုက္ခဿာတိ–**

ဟူသော ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ် တဒါယတနသုတ်။

ဤပါဠိတော်များကို ထောက်၍ နိဗ္ဗာန်၌ အလွန်သိမ်မွေ့သော ခန္ဓာအလားရှိသော တစ်စုံတစ်ခုသော တရားမရှိပြီဟု သိအပ်၏။

ကေဝဋ္ဋသုတ်ပါဠိ၌ အနက်ကား။ ။ ဘိက္ခု၊ ရဟန်း။ သော ပဉှော၊ ဤပြဿနာကို။ ဝေဒ္ဓဗ္ဗော၊ ဤသို့လျှင်။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။

(က) ကတ္ထ၊ အဘယ်၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ်သည်လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည်လည်းကောင်း။ ဝါယောစ၊ လေဓာတ်သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်သနည်း။ ကတ္ထ၊ အဘယ်၌။ ဒီဃဉ္စ၊ အရှည်သည်လည်းကောင်း။ ရဿဉ္စ၊ အတိုသည်လည်းကောင်း။ အဏုံစ၊ အသေးသည်လည်းကောင်း။ ထူလဉ္စ၊ အကြီးသည်လည်းကောင်း။ သုဘဉ္စ၊ တင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ အသုဘဉ္စ၊ မတင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်သနည်း။

http://www.dhammadownload.com



ကတ္ထ၊ အဘယ်၌။ နာမဥ္စ၊ နာမ်ခန္ဓာသည်လည်းကောင်း။ ရူပဥ္စ၊ ရုပ်ခန္ဓာသည်လည်းကောင်း။ အသေသံ၊ အ ကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။

တတြ၊ ထိုအမေး၌။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

(ခ) ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝိညာဏံ၊ အရိယာတို့၏ ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ ဟုညွှန်းပြစရာ ဥပမာလည်း မရှိ။ အနန္တံ၊ ဖြစ်ခြင်း ပျက်ခြင်း မရှိသည် ဖြစ်၍ ရှေ့အစွန်း, နောက်အစွန်းလည်း မရှိ။ သဗ္ဗတောပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းတောက်ပလျက် ရှိ၏။ ဧတ္ထ၊ ဤတရားသဘော၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ်သည်လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည်လည်းကောင်း။ ဝါယောစ၊ လေဓာတ်သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်။ ဧတ္ထ၊ ဤတရား၌။ ဒီဃဉ္စ၊ အရှည်သည်လည်းကောင်း။ ရဿဉ္စ၊ အတိုသည်လည်းကောင်း။ အဏုံစ၊ အသေးသည်လည်းကောင်း။ ထူလဉ္စ၊ အကြီးသည်လည်းကောင်း။ သုဘဉ္စ၊ တင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ အသုဘဉ္စ၊ မတင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်။ ဧတ္ထ၊ ဤတရား၌။ နာမဉ္စ၊ နာမ်ခန္ဓာသည်လည်းကောင်း။ ရူပဉ္စ၊ ရုပ်ခန္ဓာသည်လည်းကောင်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်၏။ ဝိညာဏဿ၊ ပဋိသန္ဓေဝိညာဏ်၏။ နိရောဓေန၊ ဖြစ်ပေါ်ခြင်း မရှိသောအားဖြင့် ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ ဤဝိညာဏ်၏ ဖြစ်ပေါ်ခြင်းမရှိ ချုပ်ခြင်းဟူသော နိဗ္ဗာန်၌။ ဧတံ၊ ဤရေဓာတ်, မြေဓာတ် အစရှိသော အလုံးစုံသည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်းလေ၏။ ဣတိ၊

http://www.dhammadownload.com



ဤသို့။ ဝေယျာကရဏ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

(က) ဤပါဠိတော်၌ နိဗ္ဗာန်မှာ ရေဓာတ်, မြေဓာတ်, မီးဓာတ်, လေဓာတ်များသည် ထောက်ရာတည်ရာမရ ဆိုသောကြောင့် အလုံးစုံသော ရုပ်ဟူသမျှသည် နိဗ္ဗာန်မှာမရှိဟု သိအပ်၏။

(ခ) နိဗ္ဗာန်မှာ အရှည်, အတို, အကြီး, အငယ်, တင့်တယ်သော ဝတ္ထု, မတင့်တယ်သော ဝတ္ထုများသည် ထောက်ရာ တည်ရာမရဆိုသောကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝစသော ပညတ်များသည်လည်း နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။

(ဂ) နိဗ္ဗာန်မှာ နာမ်ခန္ဓာ, ရုပ်ခန္ဓာများသည် အကြွင်းမရှိ ချုပ်ငြိမ်းသည်ဟု ဆိုခြင်းကြောင့် ရုပ်ကြမ်း, နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်, နာမ်အလားရှိသော အလွန်သိမ်မွေ့သော တရားအကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အလွန်သိမ်မွေ့သော တရားအကြွင်းအကျန် ဟူ၍လည်း နိဗ္ဗာန်မှာ မရှိဟု ဆိုအပ်၏။

ချုပ်ခြင်းဟူသော နိရောဓသည် နှစ်မျိုးရှိ၏။

(၁) အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ပေါ်ပြီးသော တရား၏ ပျက်ဆုံးခြင်းဟူသော ဘင်္ဂနိရောဓလည်း တစ်ပါး။

(၂) အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်ခြင်း ဟူ၍ပင် မရှိခြင်းတည်းဟူသော အနုပ္ပါဒနိရောဓလည်း တစ်ပါး။

ထိုတွင် ဝိညာဏဿနိရောဓေန – ဟူသော ပါဌ်၌ ဘင်္ဂနိရောဓကို မလိုအပ်၊ အနုပ္ပါဒနိရောဓကိုသာ လိုအပ်၏။ ဤပါဠိတော်၌ ဝိညာဏသဒ္ဒါနှစ်ချက်ပါသည်တွင် ရှေ့ဝိညာဏသဒ္ဒါ၌ အာရုံကို သိခြင်းဟူသော အနက်ကို မယူအပ်။ အရိယာတို့၏ ဉာဏ်ဖြင့် အထူးသိအပ်၏ဟူသော

http://www.dhammadownload.com



အနက်ကိုသာ ယူအပ်၏။

**ဥဒါန်းပါဠိ၏ အနက်ကား။** ။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုသို့သဘောရှိသော မှီခိုရာ, ခိုကိုးရာ တရားအထူးသည်။ အတ္ထိ၊ ရှိ၏။ ယတ္ထ၊ အကြင်တရား၌။ ပထဝီ၊ မြေဓာတ်သည်လည်း။ နေဝအတ္ထိ၊ မရှိ။ အာပေါ၊ ရေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ တေဇော၊ မီးဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ ဝါယော၊ လေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန နာမက္ခန္ဓာ ၄-ပါးသည်လည်း။ နအတ္ထိ၊ မရှိ။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန နာမက္ခန္ဓာ ၄-ပါးသည်လည်း။ နအတ္ထိ၊ မရှိ။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန နာမက္ခန္ဓာ ၄-ပါးသည်လည်း။ နအတ္ထိ၊ မရှိ။ နေဝသညာနာသညာယတနံ၊ နေဝသညာ နာသညာယတန နာမက္ခန္ဓာ ၄-ပါးသည်လည်း။ နအတ္ထိ၊ မရှိ။ အယံလောကော၊ ဤပစ္စုပ္ပန် လောက မည်သည်လည်း။ နအတ္ထိ၊ မရှိ။ ပရလောကော၊ တမလွန် လောက မည်သည်လည်း။ နအတ္ထိ၊ မရှိ။ ဥဘော၊ နှစ်ပါးကုန်သော။ စန္ဒိမသူရိယာ၊ လ, နေတို့သည်လည်း။ နသန္တိ၊ မရှိကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ အပိ၊ စင်စစ်။ တတြ၊ ထိုတရားအထူး၌။ အာဂတိံ၊ တစ်ခြား တစ်ပါးမှ လာရောက်ခြင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ နေဝ ဝဒါမိ၊ မဟော။ ဂတိံ၊ ထိုမှ ဘဝတစ်ပါးသို့လားခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။ ဌိတိံ၊ ထိုတရား၌ တည်နေခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။ စုတိံ၊ ထိုမှဘဝတစ်ပါးသို့ ရွေ့ရှားခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။ ဥပပတ္တိံ၊ ထိုမှရွေ့ရှား၍ ဘဝတစ်ပါးသို့ ကပ်ရောက်ခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။ တံ၊ ထိုတရားအထူးသည်။ အပ္ပတိဋ္ဌံ၊ မဟာသမုဒ္ဒရာ ကဲ့သို့ ထောက်တည်ရာလည်း မရှိ။ အပ္ပဝတ္တံ၊ အစဉ်မပြတ်ဖြစ်, ဖြစ်နေ

http://www.dhammadownload.com



ခြင်းလည်း မရှိ။ အနာရမ္မဏာမေဝ၊ စိတ်, စေတသိက်တရားတို့ကဲ့သို့ တစ်ခြားတစ်ပါးသော တရားကို အာရုံပြုခြင်း မရှိသည်သာလျှင်တည်း။ သေဝ–သောဝေ၊ ဤတရားအထူးသည်သာလျှင်။ ဒုက္ခသ၊ သံသရာဝဋ္ဋဒုက္ခ၏။ အန္တော၊ အဆုံးတရားပေတည်း။ [အဓိပ္ပါယ်သိသာပြီ။]

## နိဂုံးချုပ်အဖြေ

လျှောက်လွှာ၌ "ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ် အလားရှိသော ၊ဝါ၊ ခန္ဓာဟု မဆိုအပ်သော်လည်း ခန္ဓာအလား ရှိသော အသင်္ခတဓာတ် ပရမတ်ကို နိဗ္ဗာန်ဟူ၍ ယောရပေသည်"– ဟူသော စကားသည် –

အဘိဓမ္မာနှင့် ဆန့်ကျင်၏၊ ဆန့်ကျင်ပုံကား – အဘိဓမ္မာ၌ ရူပိနောဓမ္မာ၊ အရူပိနောဓမ္မာ–ဟူ၍ ရုပ်ဟုတ်, မဟုတ်နှစ်ဖို့နှစ်စုသာ လာသောကြောင့် ရုပ်ကြမ်းမဟုတ်သော်လည်း ရုပ်ကြမ်းအလားရှိသော နေဝရူပိ နာရူပိဟူသော တတိယ ကောဋ္ဌိမရှိကြောင်းကို သိအပ်၏။

စိတ္တာဓမ္မာ, နောစိတ္တာဓမ္မာ ဟူ၍လည်းကောင်း၊ စေတသိကာဓမ္မာ, နောစေတသိကာဓမ္မာ ဟူ၍လည်းကောင်း၊ စိတ်ခန္ဓာဟုတ်, မဟုတ်၊ စေတသိက်ခန္ဓာဟုတ်, မဟုတ်နှစ်ဖို့နှစ်စုသာ လာသောကြောင့် နာမ်ခန္ဓာကြမ်း မဟုတ်သော်လည်း နာမ်ခန္ဓာအလားရှိသော နေဝစိတ္တနာစိတ္တ, နေဝစေတသိကနာစေတသိက–ဟူသော တတိယကောဋ္ဌိ မရှိကြောင်းကို သိအပ်၏။

ဤတွင်ရွှေကား မောင်ရွှေစံအောင်၏ လျှောက်လွှာကို ဖြေဆိုချက် ပြီး၏။

[ဤဖြေဆိုချက်နှင့် မကျေမလည်ရှိသေးလျှင် ထပ်မံ၍လျှောက်။]

မိခင်ရောဝတီ

http://www.dhammadownload.com



## သတိပေးချက်

ဤကဲ့သို့ နက်နဲသော တရားအချက်ကြီးများကို ဆုံးဖြတ်ရာ၌ အစွန်အဖျားဖြစ်သော ဋီကာစကား အတိုအနှောင်းများကို အားကိုးအားထား မပြုရာ၊ ပါဠိတော်ကြီးများကိုသာ အားကိုးအားထား ပြုရာ၏။

**နိဗ္ဗာနဝိသဇ္ဇနာ ပြီး၏။**

**ဤတွင်ရှေ့ကား အာနာပါနဒီပနီ၊ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်၊ ရူပဒီပနီ၊ နိဗ္ဗာနဝိသဇ္ဇနာ ၄–ကျမ်းတွဲ ပြီး၏။**

❄ ❄ ❄ ❄ ❄

http://www.dhammadownload.com


**ဆရာတော် ရေးပြသမျှ ဒေးရသည်ချည်းမင်**

**ဆရာတော်၏ စာအုပ်မှန်သမျှ အနှစ်သာရ ပြည့်ဝသည်**

(ဒေါက်တာ မင်းတင်မွန်ရေး သာသနာ့ တံခွန်စံပြပုဂ္ဂိုလ်ထူး စာအုပ်မှ)

ကျမ်းပြုအကျော် သပြေကန် ဆရာတော်ကြီး၏

❋ ပရိတ်ကြီး နိဿယသစ်

❋ စေတီနှင့်ရှိသေမှု

❋ သပြေကန်တရားပေါင်းချုပ် အမှတ် (၁)

ရှားပါး အဖိုးတန်စာအုပ်များ မရမရှိလိုက်ရလေအောင်

မိခင်ရောဝတီ စာအုပ်တိုက်မှ

စီစဉ်ဖြန့်ချိလိုက်ပါပြီ။ ☎ ၀၁ – ၇၀၁၄၃၁

ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ

စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

http://www.dhammadownload.com

# မိခင်ရောဝတီ စာအုပ်တိုက်တွင် ဝယ်ယူရရှိနိုင်သော စာအုပ်ကောင်းများ

- ✲ လယ်တီဆရာတော် — အနတ္တဒီပနီ
- ✲ လယ်တီဆရာတော် — ဗောဓိပက္ခိယဒီပနီ
- ✲ လယ်တီဆရာတော် — ကမ္မဋ္ဌာန်းကျမ်းကြီး

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

- ✲ နှစ်ဖက်လှ ဦးကျော်လွင် — ဇယမင်္ဂလာရန်ကင်းဂါထာများ
- ✲ နှစ်ဖက်လှ ဦးကျော်လွင် — ပုတီးသမိုင်းနှင့်ပုတီးစွမ်းရည်အမျိုးမျိုး
- ✲ နှစ်ဖက်လှ ဦးကျော်လွင် — ကျန်းမာရေးအတွက် မြတ်ဗုဒ္ဓ၏ ဟောကြားချက်များ
- ✲ နှစ်ဖက်လှ ဦးကျော်လွင် — ဘာဝနာ ပုတီးစိပ်နည်း

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

- ✲ ရွှေဂါစိုး — ကံခရီးသွား
- ✲ ရွှေဂါစိုး — စိန္တာမဏိကျင့်ဝတ်ရတနာ
- ✲ မိခင်ရောဝတီ — ဘုရားရှိခိုးအမျိုးမျိုး
- ✲ မိခင်ရောဝတီ — ဓမ္မရသစာပေါင်းချုပ်

ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ
စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။